
www.burmeseclassic.com

ရင်သွေးဟူက၊ ချစ်မဝတည်း၊ မိဘသည်းချာ၊ ရတနာတည်း။
ငယ်စဉ်တောင်ကျေး၊ နထွတ်ထွေးက၊ လူရေးလူရာ၊ သင်အပ်စွာ၏။
ငယ်စဉ်ခါက၊ မဆုံးမသော်၊ မိဘတလည်၊ ရန်သူမည်၏။

# ဒေါက်တာမင်းတင်မွန်

# လိမ္မာယဉ်ကျေး တို့ရင်သွေး

## ယဉ်ကျေးမှုသင်တန်းကိုင်စာအုပ်



တတိယအကြိမ်

ဒေါက်တာမင်းတင်မွန် ● လိမ္မာယဉ်ကျေး တို့ရင်သွေး

www.burmeseclassic.com

www.burmeseclassic.com

ယနေ့ရင်သွေးငယ်များသည် မိဘပြည်သူတို့၏ ရင်နှစ်သည်းချာ ရတနာများ
နိုင်ငံတော်၏ အနာဂတ် ကြယ်ပွင့်ကလေးများဖြစ်ကြ၏။
ယနေ့ရင်သွေးငယ်များလိမ္မာယဉ်ကျေးကြပါမှ အနာဂတ် ပြည်ထောင်စုကြီးသာယာဝပြောလိမ့်မည်။
ရင်သွေးငယ်တို့ လိမ္မာယဉ်ကျေးဖို့အရေး ... မိဘဆရာပြည်သူတို့ ပျိုးထောင်ပေး။

မြတ်ဆန္ဒ
ရင်သွေးငယ်တိုင်း ယဉ်ကျေးလိမ္မာရမည်။
ရင်သွေးတို့ကမ္ဘာ ငြိမ်းအေးသာယာရမည်။
ရင်သွေးတို့ခေတ် ဆန်းသစ်ဝေဆာရမည်။

ကမ္ဘာ့အလှဆုံး မြန်မာ့ယဉ်ကျေးမှုကို မြတ်နိုးယုယ ထိန်းသိမ်းကြ။

# ဒေါက်တာမင်းတင်မွန်

## လိမ္မာယဉ်ကျေး တို့ရင်သွေး



design:minthitsa

www.burmeseclassic.com

www.burmeseclassic.com

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

* ရင်သွေးဟူက၊ ချစ်မဝတည့်၊ မိဘသည်းချာ၊ ရတနာတည်း။
* ငယ်စဉ်တောင်ကျေး၊ နုထွတ်ထွေးက၊ လူရေးလူရာ၊ သင်အပ်စွာ၏။
* ငယ်စဉ်ခါက၊ မဆုံးမသော်၊ မိဘတလည်၊ ရန်သူမည်၏။

# လိမ္မာယဉ်ကျေး တို့ရင်သွေး

**ဒေါက်တာမင်းတင်မွန်** စီစဉ်သည်။

## ရင်နှစ်သည်းချာ ပန်းပမာ

* ဥယျာဉ်တွင်းက၊ ပန်းအလှ၊ ဖူးစငုံစ ယုယကြ။
* နေခြည်ပက်ဖြန်း၊ ရေကိုဖြန်း၊ စိုလန်းပါမှ ဖူးပွင့်ကြ။
* မြေကိုလည်းထွင်၊ ဩဇာတင်၊ ပြုပြင်ပေးမှ အားသစ်ကြွ။
* ဖူးပွင့်ဝေဝေ၊ သင်းပျံ့စေ၊ ရှုလေတိုင်းပ ရွှင်လန်းရ။
* ရင်နှစ်သည်းချာ၊ ပန်းပမာ၊ ဝေဆာဖြိုးကြွ ပွင့်တိုင်းလှ။

## မြတ်ဆန္ဒ

ရင်သွေးငယ်တိုင်း ယဉ်ကျေးလိမ္မာရမည်။
ရင်သွေးတို့ကမ္ဘာ ငြိမ်းအေးသာယာရမည်။
ရင်သွေးတို့ခေတ် ဆန်းသစ်ဝေဆာရမည်။

www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်** - [၃၂၀၀၄၉၀၆၀၁]
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - [၃၂၀၁၅၁၀၆၀၃]

●

**ပုံနှိပ်ခြင်း**

၂၀၀၆-ခုနှစ်၊ ဧပြီလ၊ တတိယအကြိမ်၊ အုပ်ရေ-၅၀၀

●

**ထုတ်ဝေသူ**

မင်းတေဇာမွန်၊ ရတနာမင်းစာပေ (၃၄၅၅)
တိုက်-၁၅၊ အခန်း-၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။

●

**အတွင်းစာသားနှင့်မျက်နှာဖုံးပုံနှိပ်သူ**

ဦးတင်မောင်ဝင်း၊ သင်းလဲ့ဝင်းပုံနှိပ်တိုက် (၀၅၉၄၆)
အမှတ်(၁)ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်
ဒဂုံမြို့နယ်၊ ရန်ကုန်။

●

**ဖြန့်ချိရေး**

မြမွန်ရတနာစာပေ
တိုက်-၁၅၊ အခန်း-၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၁-၃၈၅၂၆၁၊ ၀၉၈၀-၂၂၅၁၆

●

တန်ဖိုး - ၆၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# စကားဦး

## အနာဂတ် ကြယ်ပွင့်ကလေးများ

သားသမီးရင်သွေးငယ်များသည် မိဘတို့၏ ရင်နှစ်သည်းချာများ ဖြစ်ကြ၏။ နိုင်ငံတော်၏ အနာဂတ်ကြယ်ပွင့်ကလေးများလည်း ဖြစ်ကြ၏။

မိဘတို့သည် မိမိတို့၏ ရင်သွေးငယ်များကို ကြီးပွားချမ်းသာစေလိုလျှင် ငယ်စဉ်ကတည်းက လိမ္မာယဉ်ကျေးအောင် သွန်သင်ဆုံးမပေးရမည်။ မသွန်သင် မဆုံးမဘဲနှင့် အလိုလို လိမ္မာရေးခြားရှိလာလိမ့်မည်ဟု လုံးဝမမျှော်လင့်ရှိမရ။ ရွှံ့တုံးကို ပုံမသွင်း မပြုပြင်ဘဲနှင့် အိုးကောင်းတစ်လုံးဖြစ်လာလိမ့်မည်ဟု မမျှော်လင့်နိုင်သကဲ့သို့တည်း။

လူသည် အရိုင်းဘဝမှ အယဉ်ဘဝသို့ ကူးပြောင်းလာရာတွင် နှစ်ထောင်ပေါင်းမြောက်များစွာ ကြာညောင်းခဲ့သည်ကို သတိပြုပါ။ ထို့ကြောင့် ကလေးငယ်တို့ကို သူတို့ဘာသာ အမှန်နှင့် အမှားကို ခွဲခြားသိရှိလာလိမ့်မည်ဟု လွှတ်ထားလျှင် အလွန်မှားသွားလိမ့်မည်။

လူ့ဘဝကို စိတ်က ဦးဆောင်သည်၊ စိတ်ကို လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ စသည့် အဆိုးတရားတို့က ခြယ်လှယ်ခွင့်ရနေကြသည်။ ဤအဆိုးတရားတို့၏ ခြယ်လှယ်မှုကြောင့် စိတ်သည် အဆိုးနှင့် အကောင်း၊ အကျိုးနှင့် အကြောင်းတို့ကို မခွဲခြားနိုင်ဘဲ အဆိုးဘက်သို့သာ ဦးတည်သွားနေ၏။

ထို့ကြောင့် ရေသည် မြင့်ရာမှ နိမ့်ရာသို့ စီးဆင်းသလို စိတ်ဦးဆောင်သော ကလေးငယ်များသည် ဒုစရိုက်တရားများဘက်သို့သာ ဦးတည်သွားကြလိမ့်မည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



* ငယ်သော်ကသား၊ ကြီးသော်ကကျား၊
* ငယ်သော်ကသမီး၊ ကြီးသော်ကမီး၊
* ငယ်စဉ်ခါက၊ မဆုံးမသော်၊ မိဘတလည်၊ ရန်သူမည်၏။

သတိထားပါ၊ သမိုင်းမှတ်တမ်းများကို လှန်လှောဖို့မလို၊ မျက်မှောက်တွင် အထင်အရှား ဖြစ်၏။

## ပြည်သူ့အရေးနှင့် နိုင်ငံ့အရေး

မိဘများအတွက် ဘာအရေးကြီးဆုံးလဲ၊ မိမိတို့၏ အသက်တမျှ ချစ်မဝသည့် သားသမီးငယ်များ ဘေးရန်ကင်းပြီး ချမ်းသာကြီးပွားကြဖို့ပဲ မဟုတ်လား။

လူ့အဖွဲ့အစည်းအတွက် နိုင်ငံတော်အတွက် ဘာအရေးကြီးဆုံးလဲ၊ ဝပြောသာယာဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ရန် နိုင်ငံသားကောင်း သမီးကောင်းရတနာများ ပေါ်ထွန်းလာဖို့ပဲ မဟုတ်လား။

ထို့ကြောင့် ရင်သွေးငယ်များ ယဉ်ကျေးလိမ္မာဖို့အရေးသည် မိဘတို့၏အရေး၊ နိုင်ငံတော်၏အရေးဖြစ်သည်။

ပုလုကွေးလေး တို့ရင်သွေးငယ်များ၏ အသိဉာဏ်သည် အလွန်နုနယ်သေးမွားလှသည်ဟု မအောက်မေ့နှင့်။ ကလေးငယ်များ၏ သိမှတ်နိုင်သော စွမ်းရည်သည် လူကြီးများ၏ သင်ယူနိုင်သော စွမ်းအားထက်ပင် သာလွန်သေး၏။

အဘယ်ကို ထောက်ရှု၍ ဤသို့ ဆိုနိုင်သနည်း။ သုံးနှစ်သား ကလေးငယ်တစ်ယောက်ကို အင်္ဂလိပ်မိသားစု၌ထားလျှင် တစ်နှစ်အတွင်း ထိုကလေးသည် အင်္ဂလိပ်စကားကို ကောင်းစွာ ပြောလိမ့်မည်၊ တရုတ်မိသားစု၌ထားလျှင် တရုတ်စကားကို ပီသစွာ ပြောလိမ့်မည်၊ ဂျပန်မိသားစု၌ထားလျှင် ဂျပန်စကားကို ကျကျနန ပြောလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုစာသင်ကျောင်းများ၌ အင်္ဂလိပ်စာကို မူလတန်းမှ စ၍ တက္ကသိုလ်ဘွဲ့ရသည်အထိ သင်ကြားပေးပါလျက် အင်္ဂလိပ်စကားကို ရေလည်ကျနစွာ ပြောဆိုနိုင်ပါရဲ့လား။

ထို့ကြောင့် သာသနာပြုပုဂ္ဂိုလ်တစ်ဦးက ကြွေးကြော်သည်၊ "ကလေးတစ်ယောက်ရဲ့ ပထမ(၇)နှစ်ကို ငါတို့အား ပေးပါ။ ခုနစ်နှစ်အရွယ်ထိ ဘာသာရေး အသိတရားတွေကို သင်ကြားဆုံးမပြီးရင် သူ့ရဲ့ အနာဂတ်အတွက် ငါတို့ဘာမှ မစိုးရိမ်တော့ဘူး"

နီတိကျမ်းများ၌လည်း ဥပမာဖြင့် ညွှန်ပြထား၏။ အိုးမဖုတ်မီ အိုးပေါ်မှာ တံဆိပ်ရိုက်နှိပ်ထားလျှင် အိုးကွဲသည့်တိုင်အောင် ထိုတံဆိပ် တည်မြဲနေမည်ဖြစ်၏။

ထို့အတူ ကလေးငယ်ရွယ်နုနယ်စဉ်အခါမှာ ဘာသာရေး အမှန်တရားတို့ကို အသိပေးထားမည်ဆိုလျှင် သေသည့်တိုင်အောင် ထိုအမှန်တရားအသိတို့က စိတ်ထဲ စွဲမြဲနေမည်ဖြစ်သည်။

BURMESE CLASSIC .com

### ဘာသာစိတ်

အိုးမဖုတ်ခင် အိုးလုပ်စဉ်ဝယ်
အိုးတွင်နှိပ်ခတ် တံဆိပ်မှတ်ကား
မပြတ်မစဲ အိုးပင်ကွဲလည်း
အမြဲတစေ တည်ရှိနေသို့
ထွေထွေသွေးသား ကလေးများ၌
ဘုရားတံဆိပ် ဘာသာစိတ်ကို
ခတ်နှိပ်နိုင်မှ သက်ဆုံးကျအောင်
ဗုဒ္ဓဝါဒီ စွဲ၍တည်မည်
ကိုယ်စီခတ်နှိပ်စေသတည်း။

အရှင်စန္ဒကာဘိဝံသ

www.burmeseclassic.com

www.burmeseclassic.com



## အသိမှန်မှ နိုင်ငံဝပြော

နုနယ်သည့်ကလေးငယ်တို့၏စိတ်တွင် အမှန်တရားထင်အောင် တံဆိပ်မရိုက်နှိပ်နိုင်လျှင် အယူမှားတွေ စွဲမြဲသွားလိမ့်မည်။ ထိုစွဲမြဲသွားသော အယူမှားများကို ပယ်ဖျက်ရန်အလွန်ခက်ခဲသွားလိမ့်မည်။

**မဟာဂန္ဓာရုံဆရာတော်အရှင်ဇနကာဘိဝံသက** ရှေးဦးမဆွကပင် သတိပေး နှိုးဆော်ခဲ့သည်–

၁။ "တရားစစ်မှန်ကျင့်ကြံကြမှ၊ ချမ်းသာသုခရနိုင်မယ်၊
တရားတုတွေကျင့်နေကြလို့၊ ဆင်းရဲဒုက္ခရောက်ရတယ်၊
ယခုတစ်ဖန် အမှန်လမ်းသို့၊ အမြန်လှမ်းဖို့ချိန်ခါကွယ်၊
ဒါမှတိုင်းပြည်... ဘာသာရေးကြောင့် သာယာအေးဆေး ရှိလိမ့်မယ်။
ရှိမယ်... ရှိမယ်... ။"

၂။ "ကလေးအရွယ် လိမ္မာနှင့်ပါမှ၊ ကြီးရင်က လိမ္မာမည်၊
မလိမ္မာပြည်ထောင်စုကြလျှင်၊ ကောင်းမှုမတည်၊
ကလေးတို့နေပြည်၊ တည်စေဖို့ စိတ်စော၊
နံနက်မင်္ဂလာနှင့် နေ့မကွာ ညဥ့်ပါသုံးလို့ရယ်၊
ပြုံးကြစေသော"

ကလေးတို့ကို မည်သူတွေ သင်ပြပေးကြမည်နည်း။

* လက်ဦးဆရာ၊ မည်ထိုက်စွာသား၊ ပုဗ္ဗာစရိယ၊ မိနှင့်ဘ။ ထို့ကြောင့် အိမ်တွင် မိဘတို့က ဦးစွာ သင်ကြားပေးရမည်။ ကျောင်းရောက်လျှင် ဆရာဆရာမတို့က ဆက်လက်သင်ပြပေးရမည်။
* သားသမီးမကောင်း၊ မိဘခေါင်း၊

www.burmeseclassic.com

www.burmeseclassic.com



* တပည့်မကောင်း၊ ဆရာ့ခေါင်း။ ခေါင်းရှောင်လို့မရ၊ နိုင်ငံတော်၏ အဓိကတာဝန်ဖြစ်သည်။

## အနန္တ ကျေးဇူးရှင်ဟူသည်မှာ

မိဘတို့ကို အနန္တ ကျေးဇူးရှင်ဟု ခေါ်ဆိုရသည်မှာ သားသမီးတို့ကို ပြုစုကျွေးမွေးစောင့်ရှောက်ရုံမျှဖြင့် ခေါ်ရသည်မဟုတ်၊ "မကောင်းမြစ်ထား ကောင်းရာညွှန်လတ်"ဟု မိဘကျင့်ဝတ်တွင် လာသည့်အတိုင်း မိဘသည် မကောင်းမှုများကို တားမြစ်၍ ကောင်းမှုကောင်းရာများကို ညွှန်ပြပေးရမည်။ ဘာသာရေး အသိ မှန် ကို ပေးစွမ်းနိုင်ရမည်။ ဤအဖိုးတန်ဆုံး ဘဝအသိမှန်ကို ပေးစွမ်းနိုင်မှ အများဆုံး ကျေးဇူးပြုရာရောက်သဖြင့် အနန္တ ကျေးဇူးရှင်ဟု ခေါ်ဆိုထိုက်ပါသည်။

**"အာစရိယဂုဏောအနန္တော"** ဟု "ဆရာ့ကျေးဇူးမြင်းမိုရ်ဦး"ဟု ဆိုသည်မှာလည်း လောကီဘာသာရပ်အသိလောက် သင်ပြပေးခြင်းကြောင့်မဟုတ်၊ "အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"ဟူသည့် ဆရာကျင့်ဝတ်ငါးမါးကို ကျေပွန်စွာ ဖြည့်ကျင့်နိုင်ပါမှ အနန္တ ကျေးဇူးရှင်အဆင့်သို့ ရောက်နိုင်ပါသည်။

သိသင့်သည့် အတတ်ပညာများတွင် မှန်ကန်စွာ နေထိုင်မှု အတတ်ပညာ၊ ပြေပြစ်စွာ ဆက်ဆံမှုအတတ်ပညာတို့သည် ထိပ်ဆုံးက လာရမည်ဖြစ်သည်။

"ပဲ့ပြင်ဆုံးမ"ဆိုသည်မှာဒုစရိုက်ရှောင်၊ သုစရိုက်ဆောင်စေ၍ လိမ္မာယဉ်ကျေးအောင် ပဲ့ပြင်ဆုံးမပေးရမည်။

"ဘေးရန်ဆီးကာ"ဆိုသည်မှာ လူမိုက်ဘေးရန်၊ အရက်သေစာ မူးယစ်ဆေးဝါး ဘေးရန်၊ အပါယ်ဘေးရန်တို့ကို ကြိုတင်ကာကွယ် တားဆီးပေးရမည်။

www.burmeseclassic.com

www.burmeseclassic.com



အချုပ်ကို စိစစ်လိုက်လျှင် မိဘနှင့် ဆရာသမားတို့သည် သားသမီးတပည့်တို့အား မိစ္ဆာဒိဋ္ဌိ–အယူအမြင်များကို ရှောင်ရှားစေ၍ သမ္မာဒိဋ္ဌိ–အယူအမြင်မှန်ကို စွဲမြဲစွာ ယူနိုင်ရန် သင်ကြားပေးကြရမည်။

မိစ္ဆာဒိဋ္ဌိသည် အများဆုံး အကျိုးယုတ်မှုကို ဖြစ်စေသလို သမ္မာဒိဋ္ဌိသည် အများဆုံး အကျိုးရှိမှုကို ဖြစ်စေ၏။ အတိုင်းအတာ အကန့်အသတ်မရှိ အကျိုးရအောင် ညွှန်ပြရှက်ဆောင်ပေးနိုင်ပါမှ "**အနန္တ ကျေးဇူးရှင်**"ဘွဲ့ထူးကို ရရှိနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် မိဘနှင့် ဆရာသမားတို့သည် မိမိတို့ကိုယ်တိုင်က သမ္မာဒိဋ္ဌိအယူမှန်များကို သိနားလည်အောင် ဆည်းပူးလေ့လာပြီး သားသမီးတပည့်တို့အား သင်ပြပဲ့ပြင်ပေးရန် အားသွန်ခွန်စိုက် ကြိုးပမ်းကြရမည်။

## ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပါ

ကလေးသူငယ်တို့သည် ပတ်ဝန်းကျင်မှ အမြဲ "**အတုမြင် အတတ်သင်**"ယူနေကြသည်။ ထို့ကြောင့် မိဘနှင့် ဆရာသမားတို့သည် စံနမူနာပြ ပုဂ္ဂိုလ်များအဖြစ် နေထိုင်ပြခြင်းဖြင့် ပတ်ဝန်းကျင်ကောင်း ကို ဖန်တီးပေးရမည်။

ကလေးသူငယ်တို့သည် မိမိတို့ အချင်းချင်းမှလည်း အတုမြင် အတတ်သင်နေကြရာ၊ လူ့ကျင့်ဝတ်–ကျောင်းစည်းကမ်းတို့နှင့်အညီ ကလေးတို့ ပြုမူနေထိုင်ကြရန် အမြဲတစေ ဂရုစိုက်ကာ ထိန်းသိမ်း ပေးရမည်။

ယခုခေတ်တွင် ရေဒီယို၊ ကက်ဆက်၊ ရုပ်မြင်သံကြားစက်နှင့် ဗွီဒီယိုရုံတို့သည် တောရွာကျေးလက်အနှံ့ ပြန့်ကျဲလျက်ရှိရာ ပြည်တွင်းပြည်ပ အမူအကျင့်ဆိုး၊ ပတ်ဝန်းကျင်ဆိုးတို့နှင့် ကလေးတို့ မကြာခဏ ရင်ဆိုင်တိုးနေကြရသည်။ ဤပတ်ဝန်းကျင်ဆိုးတို့ကို

www.burmeseclassic.com

www.burmeseclassic.com



တားဆီးရန် အထူးအရေးကြီးပါသည်။

**မန်လည်ဆရာတော်ဘုရားကြီး**က မဃဒေဝလင်္ကာသစ်၌–

"ဝိညာဉ်မဲ့ဘိ၊ စိတ်ရှိသတ္တဝါ၊ မဟုတ်စွာသေး၊
တမာခွေးတောက်၊ မြစ်လျှောက်ရောယှက်၊ တူနှောဖက်၍၊
သရက်ချိုမြ၊ ဘန္ဓရလျက်၊ ကွယ်ပအပြီး၊
အခါးသီး၏၊ မနီးစတောင်း၊ မပေါင်းစထိုက်၊
သူမိုက်ဟူသည်၊ ကျင့်မှုနှီးနှော၊ ဖြစ်တတ်သောကြောင့်၊
ဆိပ်မျိုးရည်သည်၊ များကြည်ငါးပုပ်ပမာကည်း"

ဟူ၍ မနီးစပ်သင့်သောအရာနှင့် မနီးစပ်စေရန် ညွှန်ပြထား၏။

အရသာချိုမြသော ဘန္ဓရသရက်ပင်သည် တမာပင်၊ ခွေးတောက်ပင်တို့နှင့် အမြစ်ချင်းရောယှက်မိသဖြင့် အသီးများ ခါးကုန်သည်။ "တံငါနားနီးလျှင် တံငါ၊ မုဆိုးနားနီးလျှင် မုဆိုး"ဖြစ်ရိုး ဓမ္မတာအတိုင်း လူမိုက်နှင့် ပေါင်းသင်းမိလျှင် လူကောင်းသည်လည်း မိုက်မဲသွားလိမ့်မည်။

"ငါးတစ်ကောင်ပုပ်သော် တစ်လှေလုံးပုပ်သည်။
တစ်ယောက်မကောင်းသော် အားလုံးပျက်စီးသည်။
တစ်ယောက်ကောင်းသော် အပေါင်းချမ်းသာသည်။
တရားသိသော် အများကို မြင်နိုင်သည်"

(ပေါက္ကံမောင်ရှို)

## အဖိုးတန်ဆုံး အမွေအနှစ်

လောက၌ ဘုရား–တရား–သံဃာ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် သတ္တဝါအများ အကျိုးစီးပွားဖြစ်ထွန်းရန်အတွက် ဖြစ်သည်။ အပါယ်လေးဘုံသို့ မလားရောက်ရဘဲ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာကို ရရှိအောင် အကျိုးဆောင်ပေးရန်အတွက် ဖြစ်သည်။

သို့ဖြစ်၍ နိုင်ငံ့ရင်သွေးများကို အဖိုးတန်ဆုံး အမွေကို ပေးဆောင်ကြပါစို့၊ တစ်သံသရာလုံးချမ်းသာစေမည့် သာသနာ့ အမွေအနှစ်ကို လက်ဆင့်ကမ်း ကြပါစို့။ ဗုဒ္ဓဘာသာသည် သမ္မာဒိဋ္ဌိ အယူမှန်ကို သင်ပြပေးသော ဘာသာဖြစ်သည်။

အဖိုးတန်ဆုံး သာသနာ့အမွေအနှစ်ကို ဖြန့်ချိပေးနိုင်ရန် ရည်သန်လျက် စာရေးသူသည် နိုင်ငံတစ်ဝန်းလုံးရှိ အမြို့မြို့အနယ်နယ် သို့လှည့်လည်၍ ဗုဒ္ဓတရားတော်များနှင့် ဗုဒ္ဓအဘိဓမ္မာသင်တန်းတို့ကို အမြင်သစ်စနစ်သစ်ဖြင့် စိတ်ဝင်စားဖွယ်ကောင်းအောင် သင်ကြား ပို့ချပေးခဲ့သည်။ အလယ်တန်းကျောင်း, အထက်တန်းကျောင်းများ၌ လည်း ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် စာရိတ္တပညာတို့ကို မနေမနား ဟောကြားပေးခဲ့သည်။

**စာရေးသူ**၏ အဘိဓမ္မာသင်တန်းများတွင် သင်တန်းသား ၁၀၀၀ကျော်အထိ စံချိန်တင် တက်ရောက်ခဲ့သည့် **ဖန်းမော်မြို့**က ၁၉၉၅ခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် ရင်သွေးငယ်များအား ယဉ်ကျေးမှုသင်တန်းပို့ချပေးရန် စာရေးသူကို ဖိတ်ခေါ်လာသည်။ စာရေးသူ၏ တရားပွဲများတွင် လူ ၃၀၀၀ ကျော်အထိ တက်ရောက် ကာ စံချိန်တင်ခဲ့သည့် **ပစ္စက္ကူမြို့**ကလည်း အဘိဓမ္မာသင်တန်းအပြင် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းကိုပါ ပို့ချပေးရန် ပန်ကြားလာသည်။

ထို့ကြောင့် စာရေးသူသည် ရင်သွေးငယ်များ လိမ္မာယဉ်ကျေး အောင် ကိုယ်စွမ်း, ဉာဏ်စွမ်းရှိသမျှ သင်ကြားပို့ချပေးရလိမ့်မည်။ သို့ဆိုလျှင် စာရေးသူ စိတ်တိုင်းကျ သင်တန်းကိုင်စာအုပ်ပြုစုရန် လိုအပ်လာသည်။ သင်တန်းကိုင်စာအုပ်ရှိမှ သင်ကြားမှု လျင်မြန် ထိရောက်မည်။

စာရေးသူသည် တက္ကသိုလ်များနှင့် ကောလိပ်များ၌ ၃၆–

www.burmeseclassic.com



နှစ်ကျော် တာတုဗေဒပညာကို သင်ကြားပို့ချပေးရာတွင် တပည့်အပေါင်းတို့ လွယ်လွယ်ရှင်းရှင်းနှင့် စိတ်ဝင်စားစွာ မှတ်သိနိုင်အောင် သင်ကြားပေးခဲ့သည်။

ဗုဒ္ဓအဘိဓမ္မာကို သင်ကြားပေးရာ၌လည်း ခက်ခဲသည့် သင်္ဂြိုလ် ၉-ပိုင်းကို ၄-ရက်တည်းဖြင့် အပြည့်အစုံ အသုံးချမှုများနှင့်တကွ သိပ္ပံအမြင်၊ ခေတ်အမြင်တို့နှင့် ယှဉ်လျက် လွယ်လွယ်ရှင်းရှင်းဖြင့် သဘောပေါက်သွားနိုင်အောင် နည်းသစ်ထွင်ကာ သင်ကြားပေးခဲ့ပြီး သင်ကြားပေးဆဲလည်း ဖြစ်သည်။

ယခုယဉ်ကျေးမှု သင်တန်းကိုလည်း အကောင်းဆုံးဖြစ်အောင် သင်ကြားပေးလိုသဖြင့် အကောင်းဆုံးသင်တန်းကိုင် စာအုပ်ကို ဦးစွာ ရေးသားပြုစုရပေမည်။

## ယဉ်ကျေးမှုသင်တန်းစာအုပ်

* ရင်သွေးငယ်များ တကယ်ယဉ်ကျေးလိမ္မာလာရမည်၊
* သူတို့၏ နှလုံးသားဝယ် ဘာသာရေး အသိမှန်များ စွဲမြဲသွားရမည်၊
* မြန်မာ့ယဉ်ကျေးမှုကို လူငယ်တို့ နှစ်သက်မြတ်နိုးလာရမည်၊
* အမျိုး, ဘာသာ, သာသနာကို စောင့်ထိန်းသူများ ဖြစ်လာရမည်၊
* နိုင်ငံ့သားကောင်း သမီးကောင်းရတနာများ ပေါ်ထွန်း လာရမည်။

ဤရည်ရွယ်ချက်များ အောင်မြင်ရန် သင်တန်းကိုင်စာအုပ်ကို ပြုစုရမည်၊ ကလေးများ [illegible] ဖတ်ရှုရန် [illegible]ကူ ရှင်းလင်းရမည်၊

www.burmeseclassic.com



ကျက်မှတ်စရာကဗျာလင်္ကာများလည်း ခပ်များများ ပါရမည်၊ သရုပ်ဖော်ပုံဝတ္ထုကောင်းများလည်း ပါဝင်ရမည်။ အကြောင်းအကျိုး ညွှန်ပြသည့် စာမျိုးလည်း ဖြစ်ရမည်၊ ဘာသာရေး အနှစ်သာရများစွာ ပါရမည်။

ဤ ရည်မှန်းချက်များဖြင့် ပြုစုအပ်သော **"လိမ္မာယဉ်ကျေးတို့ရင်သွေး"** စာအုပ်နှင့် **"ယဉ်ကျေးလိမ္မာ ရင်သွေးကမ္ဘာ"** အိတ်ဆောင်စာအုပ်တို့ ပေါ်ထွက်လာပါပြီ။ ဤစာအုပ်တို့ကို ပြုစုရေးသားရာ၌ အောက်ပါကျမ်းစာအုပ်များကို မှီငြမ်းကိုးကားပါသည်။

၁။ ပိဋကတ်မြန်မာပြန်ကျမ်းစာအုပ်များ၊

၂။ ဗုဒ္ဓဘာသာတရားတော် (အခြေခံဆင့်)၊ သာသနာရေးဝန်ကြီးဌာန၊

၃။ ဗုဒ္ဓဘာသာလက်စွဲကျမ်း (ပထမတွဲ)၊ သာသနာရေးဦးစီးဌာန၊

၄။ ဗုဒ္ဓဘာသာကောင်းတစ်ယောက်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊

၅။ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ ကျမ်းစာအုပ်များ၊

၆။ အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်းတိပိဋကဓရ ဆရာတော်၏ ကျမ်းစာအုပ်များ၊

၇။ ချမ်းမြေ့ဆရာတော်အရှင်ဇနကာဘိဝံသ၏ "အခြေပျိုး ဗုဒ္ဓဘာသာ"၊

၈။ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲသင်ခန်းစာ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊

၉။ ယဉ်ကျေးမှုသင်တန်း၊ ဦးပညာသာမိ (မာဂဓီ–သာသည်)

www.burmeseclassic.com

www.burmeseclassic.com



၁၀။ အလိမ္မာဝတ်ရွတ်စဉ်၊ သစ်ဆန်းလွင်၊ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း၊

၁၁။ စာရေးသူ၏ မြတ်ဗုဒ္ဓ၊ မြတ်ဓမ္မ၊ မြတ်သံဃာ၊ မြတ်သရဏဂုံ စာအုပ်များ။

ဤစာအုပ်ကို "ယဉ်ကျေးမှုသင်တန်း"များတွင် ကျေကျေနပ်နပ် ထိထိမိမိ အသုံးချနိုင်ကြမည်ဖြစ်သည်။ ဤစာအုပ်ပါ ကဗျာလင်္ကာများ ရွတ်ဆိုပုံကို စံနမူနာပြုနိုင်ရန် အသံသွင်းထားပါဦးမည်။

'ယဉ်ကျေးမှုသင်တန်း'၊ 'ဗုဒ္ဓအဘိဓမ္မာသင်တန်း'၊ 'ဗုဒ္ဓဓမ္မ ဟောပြောပွဲ'၊ 'စာရိတ္တပညာ ဟောပြောပွဲ'တို့အတွက် စာရေးသူအား ဖိတ်ကြားနိုင်ပါသည်။ အချိန်ညှိနိုင်း၍ အလျဉ်းသင့်သလို သင်ကြားပို့ချပေးပါမည်။

**ပန်းတိုင်းပွင့်၍ ပွင့်သောပန်းတိုင်း လန်းပါစေ။**

၁၆-၃-၉၅ **ဒေါက်တာမင်းတင်မွန်**

**မှတ်ချက်။** ။ဒေါက်တာမင်းတင်မွန်၏ ယဉ်ကျေးမှုသင်တန်း C-60 တိတ်ခွေ ၃ ခွေ၊ စာရိတ္တပညာ ဟောပြောပွဲတိတ်ခွေ ၂ ခွေနှင့် ဗုဒ္ဓအဘိဓမ္မာသင်တန်းတိတ်ခွေ ၂၆ ခွေတို့ကို အလိုရှိသူများ ကုန်ကျငွေသက်သာစွာဖြင့် ရရှိအောင် ဆောင်ရွက်ပေးနေပါသည်။

**မြမွန်ရတနာစာပေ**

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## စကားဦး

အနာဂတ်ကြယ်ပွင့်ကလေးများ ၃
ပြည်သူ့အရေးနှင့် နိုင်ငံ့အရေး ၄
အသိမှန်မှ နိုင်ငံဝပြော ၆
အနန္တ ကျေးဇူးရှင်ဟူသည်မှာ ၇
ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပါ ၈
အဖိုးတန်ဆုံး အမွေအနှစ် ၉
ယဉ်ကျေးမှုသင်တန်းစာအုပ် ၁၁

## အပိုင်း(၁)
## ယုံကြည်ကိုးကွယ်မှု

ရင်နှစ်သည်းချာ ၂၃
လိမ္မာရေးခြား ၂၄
ယဉ်ကျေးသိမ်မွေ့ ၂၆
မြန်မာ့ယဉ်ကျေးမှု ၂၈
ပွင့်သည့်ပန်းတိုင်း လန်းပါစေ ၃၁
မေတ္တာပို့က ရွှင်လန်းရ ၃၁
အနန္တ ငါးဖြာ ပူဇော်ပါ ၃၂
အနန္တ ကျေးဇူး ဂုဏ်ကွန့်မြူး ၃၂
အနန္တ တာဝန် တို့အမိန့်ခံ ၃၃
ရတနာမြတ်သုံးပါး ဟူသည်ကား ၃၃
ရတနာသုံးပါး ဦးထိပ်ထား ၃၅
ဘုရားဂုဏ်တော် ၉-ပါး ၃၆



www.burmeseclassic.com

www.burmeseclassic.com



ဘုရားဂုဏ်တော် အနက်အဓိပ္ပာယ် ၃၆
ဘုရားဂုဏ်တော် လိုရင်းအဓိပ္ပာယ် ၃၈
ဘုရားဂုဏ်တော်ကဗျာ ၃၉
ဗုဒ္ဓါနုဿတိပွားများဘိ ၄၀
ဘုရားဂုဏ်တော် ပွားများခြင်းအကျိုး ၄၁
ဘုရားပွင့်ပေါ်သည့်အကျိုး ၄၂
တရားဂုဏ်တော် ၆-ပါး ၄၃
တရားဂုဏ်တော် အနက်အဓိပ္ပာယ် ၄၃
တရားဂုဏ်တော် လိုရင်းအဓိပ္ပာယ် ၄၄
တရားဂုဏ်တော်ကဗျာ ၄၅
ဓမ္မာနုဿတိ ၄၆
တရားဂုဏ်တော် ပွားများခြင်းအကျိုး ၄၇
သံဃာဂုဏ်တော် ၉-ပါး ၄၇
သံဃာဂုဏ်တော် အနက်အဓိပ္ပာယ် ၄၈
သံဃာဂုဏ်တော် လိုရင်းအဓိပ္ပာယ် ၅၀
သံဃာဂုဏ်တော်ကဗျာ ၅၁
သံဃာနုဿတိ ၅၂
သံဃာဂုဏ်တော် ပွားများခြင်းအကျိုး ၅၄
ရတနာမြတ်သုံးမျိုး အစဉ်ရှိခိုး ၅၄
အိပ်ရာဝင်ထ ရွတ်ဆိုကြ ၅၅
ရတနာမြတ်သုံးပါးကို ရှိခိုးပူဇော်ရသောအကျိုး ၅၆
အပါယ်မကျအောင်ကယ်မဆောင် ၅၉
သရဏဂုံတည်မှ မြင့်မြတ်လှ ၆၆
သရဏဂုံအဓိပ္ပာယ်အကျယ်ဖွင့် ၆၆
ကိုးကွယ်မှန်မှ ချမ်းသာရ ၆၇

www.burmeseclassic.com

www.burmeseclassic.com




အယူမှန်ကန် စိတ်မြဲမြံ အမိဋ္ဌာန်ပြုကြ ၆၉
သရဏဂုံအကျိုး လွန်ဖွံ့ဖြိုး ၆၉
သရဏဂုံအကျိုးပြကဗျာ ၇၁
သေသောက်ကြူး သရဏဉပါသကာ ၇၁
ဒမိဠတံငါသည်ဘဝမှ နတ်ဘဝသို့ ၇၂
သရဏဂုံလုလင်၏ အံ့ဖွယ်ရာ သံသရာ ၇၂


## အပိုင်း (၂)
## သီလခန်း


လက်စုံမိုး၍ ရှိခိုးကန်တော့ခြင်း ၇၄
အဓိပ္ပာယ်ရှင်းလင်းချက်များ ၇၅
အပါယ် ၄-ပါး ၇၆
ကပ်သုံးပါး ၇၇
ရပ်ပြစ် ၈-ပါး ၇၇
ရန်သူမျိုး ၅-ပါး ၇၈
ဝိပတ္တိတရား ၄-ပါး ၇၈
ဗျသနတရား ၅-ပါး ၇၈
ကန်တော့ခြင်း၏ အကျိုး ၇၉
ငါးပါးသီလ ခံယူဆောက်တည်ကြ ၈၂
ကိုယ်ကျင့်တရား အလေးအနက်ထား ၈၄
သိကြားမင်းရှိခိုးသူ ၈၆
သီလစောင့်ထိန်းခြင်း၏ အကျိုး ၅-ပါး ၈၆
သီလဂုဏ်ကျေးဇူးကဗျာ ၈၇
သတ္တဝါများကို ချစ်ခင်ကြင်နာပါ ၈၇


www.burmeseclassic.com

www.burmeseclassic.com



သူ့အသက်သတ်ခြင်းအပြစ်နှင့် ရှောင်ကြဉ်ခြင်းအကျိုး ၈၈
သူ့ဥစ္စာခိုးခြင်းအပြစ်နှင့် ရှောင်ကြဉ်ခြင်းအကျိုး ၈၉
သူ့သားမယားပြစ်မှားခြင်းအပြစ်နှင့် ရှောင်ကြဉ်ခြင်းအကျိုး ၉၀
လိမ်ပြောခြင်း၏အပြစ်နှင့် ရှောင်ကြဉ်ခြင်းအကျိုး ၉၁
သေရည်သောက်ခြင်း၏အပြစ်နှင့် ရှောင်ကြဉ်ခြင်းအကျိုး ၉၃
သီလမြဲက ငယ်ကမသေ ၉၅
ကမ္ဘာကသိပါစေ ဝင့်ကြွားကြလေ ၉၆
ငါးပါးသီလ အစိဋ္ဌာန် ၉၆
သီလ ၂-မျိုး ၉၇
သားသမီးကျင့်ဝတ် ၅-ပါး ၉၇
မိဘကျင့်ဝတ် ၅-ပါး ၉၇
တပည့်ကျင့်ဝတ် ၅-ပါး ၉၈
ဆရာ့ကျင့်ဝတ် ၅-ပါး ၉၈
လင်ကျင့်ဝတ် ၅-ပါး ၉၉
မယားကျင့်ဝတ် ၅-ပါး ၉၉
မိတ်ဆွေကျင့်ဝတ် ၅-ပါး ၁၀၀
အလုပ်ရှင်ကျင့်ဝတ် ၅-ပါး ၁၀၀
အလုပ်သမားကျင့်ဝတ် ၅-ပါး ၁၀၀
နာယကကျင့်ဝတ် ၆-ပါး ၁၀၁

## အပိုင်း (၃)
### ဒါနခန်း

ဒါနကောင်းမှုနေ့စဉ်ပြု ၁၀၂
ဆွမ်းတော် ကပ်လှူခြင်း ၁၀၄
ဆွမ်းလှူရခြင်း၏ အကျိုး ၅-ပါး ၁၀၅

www.burmeseclassic.com

www.burmeseclassic.com



ရေချမ်းကပ်လှူခြင်း ၁၀၅
ရေလှူရခြင်း၏ အကျိုး ၁၀–ပါး ၁၀၅
ပန်းနံ့သာကပ်လှူခြင်း ၁၀၆
ပန်းလှူရခြင်း၏ အကျိုး ၃–ပါး ၁၀၆
ဆီမီး (လျှပ်စစ်)တော်ကပ်လှူခြင်း ၁၀၆
မီးလှူရခြင်း၏ အကျိုး ၂–ပါး ၁၀၆
တံမြက်လှည်းခြင်း၏ အကျိုး ၅–ပါး ၁၀၇
ပိဏ္ဍပါတ်ဆွမ်းလောင်းခြင်း ၁၀၇
မရှိသည်ကို မသိရသော အလှူအကျိုး ၁၀၈
ရေအလှူကြောင့် ချမ်းသာကြ ၁၀၉
ပန်းအလှုဗိမာန်ရှင်များ ၁၁၂
ဆီမီးအလှူရှင်များ ၁၁၃

## အပိုင်း(၄)
## ဘာဝနာခန်း

မေတ္တာပွားများ ပို့သခြင်း ၁၁၅
အရပ် ၁၀–မျက်နှာ မေတ္တာပွားပို့နည်း ၁၁၅
မေတ္တာသုတ်တော်လာ မေတ္တာပွားပို့နည်း ၁၁၈
မေတ္တာပွားပို့မှု၏အကျိုး ၁၁–ပါး ၁၁၉
ရတနာမြတ်သုံးပါးကို ကျင့်ဝတ်ဖြင့် ပူဇော်ခြင်း ၁၂၀
ဆုတောင်းခြင်း ၁၂၀
အမျှဝေခြင်း ၁၂၁
ဗြဟ္မစိုရ်တရားနှင့်အညီ ဆက်ဆံရေး ၁၂၂
ဗုဒ္ဓဘာသာတစ်နေ့တာလုပ်ငန်း ၁၂၃
နေ့စဉ်ကျင့်ရန် တို့အစိဋ္ဌာန် ၁၂၅

www.burmeseclassic.com



သစ္စာလေးပါး မြတ်တရား ၁၂၇
ရုပ်နာမ်နှစ်ပါး ပွားများဆင်ခြင်ရန် ၁၂၈
လက္ခဏာရေး ၃–ပါး ၁၂၈

## အပိုင်း (၅)
## ဗုဒ္ဓဝင်စန်း

ဗုဒ္ဓဖြစ်စဉ် ဗုဒ္ဓဝင်အကျဉ်း ၁၃၀
ပါရမီ ၁၀–ပါး ၁၃၀
စရိယာ ၃–ပါး ၁၃၂
စွန့်ခြင်းကြီး ၅–ပါး ၁၃၂
ဝိဇ္ဇာဉာဏ်၃–ပါး ၁၃၄
အနှိုင်းမဲ့ ကျေးဇူးရှင်ကြီး ၁၃၅
အကျဉ်းမှတ်ရန် နေ့မြတ် ခုနစ်တန် ၁၃၆
လယ်တီဆရာတော်၏ ခုနစ်နေ့ ဘုရားရှိခိုး ၁၃၇
ရှိခိုးဆုတောင်း ၁၃၉
စေတီ ၄–မျိုး ၁၃၉

## အပိုင်း (၆)
## ကံ၊ ကံ၏အကျိုး

ကံနှင့် ကံ၏အကျိုး ၁၄၀
ကံဆိုတာ ဘာလဲ ၁၄၁
မကောင်းမှု–ဒုစရိုက် ၁၀–ပါး ၁၄၃
ကောင်းမှု–သုစရိုက် ၁၀–ပါး ၁၄၄
အကုသိုလ်အရင်းအမြစ် ၃–ပါး ၁၄၅
ကုသိုလ်အရင်းအမြစ် ၃–ပါး ၁၄၅

www.burmeseclassic.com

www.burmeseclassic.com




ဒုစရိုက် ၄၀၊ သုစရိုက် ၄၀ ၁၄၆
ပုညကြိယဝတ္ထု ၁၀–ပါး ၁၄၆
သူတော်ကောင်းဥစ္စာ ၇–ပါး ၁၄၈
သူတော်ကောင်းတရား ၇–ပါး ၁၄၈
ကံ၏အကျိုးဆိုတာ ဘာလဲ ၁၄၉
အကျိုးပေးရာဘုံကို လိုက်၍ ကံ ၄–မျိုးကွဲပြားပုံ ၁၅၀
အကျိုးပေးချိန်ကိုလိုက်၍ ကံ ၄–မျိုး ကွဲပြားပုံ ၁၅၂
သဘာဝနိယာမ ၅–မျိုး ၁၅၃
သမ္မာဒိဋ္ဌိအယူမှန် ၁၅၄
မိစ္ဆာဒိဋ္ဌိ–အယူမှား ၄–မျိုး ၁၅၅
သမ္မာဒိဋ္ဌိ–အမြင်မှန် ၁၀–ချက် ၁၅၇
လူချင်းတူလျက် ဘာကြောင့်အဆင့်အတန်းကွဲပြားရသလဲ ၁၅၉
ကံစီမံလို့ လူတန်းစားကွဲပြားရသည် ၁၆၀
ကံ, ဉာဏ်, ဝီရိယ ကြီးပွားရေးဝါဒ ၁၆၁
နေ့ခင်းကြောင်တောင် လူသတ် ပစ္စည်းလုယက်မှု ၁၆၃
ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ၁၆၅


## အပိုင်း (၇)
## မင်္ဂလာတရားတော်


မင်္ဂလသုတ် ပါဠိတော် ၁၆၆
မင်္ဂလသုတ် အဓိပ္ပာယ် ၁၆၇
၃၈–ဖြာ မင်္ဂလာကဗျာများ ၁၇၂
လူမိုက်လက္ခဏာ ၁၇၆
သူတော်ကောင်းလက္ခဏာ ၁၇၇
အယုတ်နှင့်အမြတ်ခွဲခြားမှတ် ၁၇၇


www.burmeseclassic.com

www.burmeseclassic.com




| | |
|---|---|
| ကမ္ဘာစောင့်တရား(၂)ပါး | ၁၇၇ |
| ကိုယ်ပေါင်းစိတ်ခွာ | ၁၇၈ |
| အယုံမလွယ်နှင့် | ၁၇၈ |
| အတ္တသမ္မာ ပဏိဓိစ မင်္ဂလာ | ၁၇၉ |
| စိတ်ကိုနိုင်အောင်ထိန်း | ၁၈၀ |
| စိတ်ကိုဆုံးမလျှင် ချမ်းသာ၏ | ၁၈၀ |
| တကယ်လှချင်လျှင် | ၁၈၁ |
| ရုပ်အလှ၊ နာမ်အလှ | ၁၈၁ |
| စက်လေးပါးအမည်ရသည့်မင်္ဂလာများ | ၁၈၁ |
| သုတနှင့် ပညာ | ၁၈၂ |
| ပညာ၏ တန်ဖိုး | ၁၈၃ |
| စည်းကမ်းသည် လူ့တန်ဖိုး | ၁၈၃ |
| ကောင်းသောစကား | ၁၈၄ |
| ချိုသာယဉ်ကျေး အောင်လိမ့်မနှေး | ၁၈၅ |
| မိဘလုပ်ကျွေး သားယဉ်ကျေး | ၁၈၆ |
| မင်္ဂလာလေ့ကျင့်ခန်း လက်တွေ့စမ်း | ၁၈၇ |
| ပျက်ကွက်သည့်မင်္ဂလာ ဖော်ပြပါ | ၁၈၉ |
| ပညာဆည်းပူးချိန် လိုက်နာထိုက်သော မင်္ဂလာများ | ၁၉၀ |
| ပညာသင်ပြီးသောအခါ လိုက်နာထိုက်သည့် မင်္ဂလာများ | ၁၉၀ |
| သင်္ဂဟတရား(၄)ပါး | ၁၉၁ |
| မျက်မှောက်ကြီးပွားကြောင်း သမ္ပဒါ ၄-ပါး | ၁၉၂ |
| မျက်မှောက်ပျက်စီးကြောင်းတရား ၄-ပါး | ၁၉၂ |
| တမလွန်ကြီးပွားချမ်းသာကြောင်းတရား ၄-ပါး | ၁၉၂ |
| စီးပွားပျက်ကြောင်း တရား ၆-ပါး | ၁၉၃ |
| ကျောင်းသားကောင်း | ၁၉၃ |


www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း (၈)
## ဂါထာမန္တန်များ


| | |
|---|---|
| ဂုဏ်တော်ပါဠိများ | ၁၉၄ |
| နမောတဿ ဂါထာ | ၁၉၄ |
| သဝေထိုးမပါ ကိုးဂါထာ | ၁၉၅ |
| ပဋ္ဌာန်း ၂၄-ပစ္စည်း ပါဠိတော် | ၁၉၅ |
| အဋ္ဌာနမေတ် ဗုဒ္ဓမန္တန်တော် | ၁၉၇ |
| သဗ္ဗဇယ မင်္ဂလာဂါထာ | ၁၉၈ |
| သိဒ္ဓိမင်္ဂလာဂါထာ | ၁၉၉ |
| ဣစ္ဆာသယ ၄-ဂါထာ | ၁၉၉ |
| သမ္ဗုဒ္ဓေကပ်ကျော်မန္တန်တော်ကြီး | ၂၀၀ |
| အနန္တငါးဖြာ ရှိခိုးဝန္ဒနာ | ၂၀၁ |
| မြတ်ဆုတောင်းနှင့် အမျှဝေ | ၂၀၂ |


www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၁)
# ယုံကြည်ကိုးကွယ်မှု

### ရင်နှစ်သည်းချာ

မိဘတို့သည် သားသမီးများကို အလွန်ချစ်ကြ၏၊ အသက်တမျှ ချစ်ကြ၏၊ ရင်သွေးရင်နှစ်ပမာ မြတ်နိုးကြ၏။

ထို့ကြောင့် သားသမီးတို့ကို ရင်သွေးငယ်များ၊ ရင်နှစ်သည်းချာများဟူ၍ တင်စားကာ ခေါ်ဆိုကြ၏။

ကလေးသူငယ်အားလုံးသည် ပြည်သူတို့၏ ရင်သွေးငယ်များဖြစ်ကြ၏၊ နိုင်ငံတော်၏ ရင်နှစ်သည်းချာများဖြစ်ကြ၏။

မိဘပြည်သူတို့အဖို့ သားသမီးတို့၏ ရုပ်သွင်သည် သီတာရေစင်နှင့် တူသည်၊ စန်းလသော်တာနှင့်တူသည်။

**"သားတို့ရုပ်ရည်၊ သီတာမည်သည်၊ ရေကြည်ချမ်းမြ၊**
**တစ်ပေါက်ကျက၊ မိဘတို့ဝမ်း ငြိမ်းစတမ်း"**

သားသမီးတို့၏ တီတီတာတာပြောဆိုသော စကားသံ၊ ကစားမြူးထူးသောအသံတို့သည် စမ်းကျရေသံပမာ ဥဩငှက်ငယ်၏ သံချိုတေးပမာ သာယာစိမ့်အေးလှသည်။

သားသမီးတို့၏ ပူပူဆာဆာ ဆောင့်ဆောင့်အောင့်အောင့်

www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုသံ၊ ရန်ဖြစ်သံ၊ ငိုကြွေးသံတို့ကား ၄က်ဆိုးအော်သံများပမာ မိဘတို့၏ ရင်ကို ပူလောင်စေကြသည်၊ ထိတ်လန့်စေကြသည်။

မိဘတို့သည် သားသမီးများကို အလွန်ချစ်မြတ်နိုးကြသည်နှင့် အညီ သားသမီးတို့ကို ဘေးရန်ကင်းပြီး ချမ်းသာစေလိုကြသည်၊ ကြီးပွားတိုးတက်ပြီး ကောင်းစားစေလိုကြသည်။

ဆင်စီးပြီး မြင်းရံသည်ကို မြင်လိုကြသည်။

သားသမီးများ ဘေးရန်ကင်းပြီး ချမ်းသာကြဖို့အတွက် ကြီးပွားတိုးတက်ပြီး ကောင်းစားဖို့အတွက် အသိအလိမ္မာရှိရမည်။

အသိအလိမ္မာရှိအောင် သင်ကြားညွှန်ပြရန်မှာ မိဘတို့မှာ ပထမတာဝန်ရှိသည်၊ ဆရာသမားတို့မှာ ဒုတိယတာဝန်ရှိသည်၊ ပြည်သူနှင့် နိုင်ငံတော်မှာ တတိယတာဝန်ရှိသည်။ တာဝန်ရှိသူတို့ အားလုံး တာဝန်ကျေကျေ လုပ်ဆောင်ကြပါမှ ရင်သွေးငယ်များ လိမ္မာရေးခြားပြီး နိုင်ငံတော်ကြီးသာယာဝပြောလိမ့်မည်။

**"လက်ဦးဆရာ၊ မည်တိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိနှင့်ဘ"**
**"ငယ်ကပညာ၊ မသင်လာ၊ ကြီးခါက်လှ ဆင်းရဲရ"**
**"အသိအလိမ္မာ၊ စာတွင်လာ၊ သင်ပါမှတ်ပ ကျင့်သုံးကြ"**

မိဘဆရာတို့ သင်ကြားညွှန်ပြသည်ကို သင်အံလေ့လာ လိုက်နာကျင့်သုံးရန်မှာ ကလေးတို့၏ တာဝန်ဖြစ်သည်။ တာဝန်ကျေကျေ သင်အံလိုက်နာကျင့်သုံးမှ လူကောင်းလူတော်များဖြစ်ပြီး တကယ်ကြီးပွားချမ်းသာလာကြမည်။

## လိမ္မာရေးခြား

မိဘတို့သည် သားသမီးများအား လိမ္မာရေးခြားရှိစေလိုသည်။ လိမ္မာရေးခြားရှိသော ရင်သွေးငယ်များကို ပြည်သူတို့ချစ်မြတ်နိုး ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'လိမ္မာရေးခြား'သည်ဆိုခြင်းမှာ အရေးအရာကိစ္စများကို ပိုင်းခြားသိပြီး လိုက်လျောညီထွေ ပြုမူတတ်ခြင်းကို ဆိုလိုသည်။ "အကြောင်းအကျိုး, အကောင်းအဆိုးတို့ကို ခွဲခြားသိရှိပြီး ကောင်းအောင်ပြုမူနေထိုင်တတ်ခြင်း"ကို ဆိုလိုသည်။

မိဘတို့သည် သားသမီးတို့အား ကောင်းစားစေလိုသောစေတနာဖြင့် သွန်သင်ဆုံးမကြသည်။ မိဘတို့ သွန်သင်ဆုံးမသည်ကို နာခံယူခြင်းသည် လိမ္မာသည်မည်၏။

ဆရာ၊ ဆရာမတို့သည် တပည့်များတတ်သိနားလည်ပြီး ကြီးပွားတိုးတက်ဖို့အတွက် ပညာသင်ကြားပေးကြသည်။ ဆရာ ဆရာမတို့ သင်ပြပေးသည်ကို လိုက်နာ၍ ပညာတတ်အောင် ဆည်းပူးလေ့လာခြင်းသည် လိမ္မာသည်မည်၏။

ကျောင်းအုပ်ဆရာကြီးသည် ကျောင်းသူကျောင်းသားအားလုံး အေးချမ်းသာယာစွာ ပညာဆည်းပူးနိုင်ရန် စည်းကမ်းများ ထုတ်ပြန်ထား၏၊ ထိုစည်းကမ်းများကို လိုက်နာခြင်းသည် လိမ္မာသည်မည်၏။

နိုင်ငံတော်အစိုးရသည် ပြည်သူတို့ အားလုံး ချမ်းသာပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက် လမ်းစည်းကမ်းများ၊ ရပ်ရွာစည်းကမ်းများ၊ တရားဥပဒေများကို ပြဋ္ဌာန်းထား၏၊ ထိုစည်းကမ်းဥပဒေတို့ကို လိုက်နာခြင်းသည် လိမ္မာသည်မည်၏။

မြတ်စွာဘုရားသည် သတ္တဝါများအားလုံးချမ်းသာကောင်းစားရန်အတွက် အဆုံးအမ၊ သြဝါဒများကို မိန့်ကြားခဲ့၏၊ မြတ်စွာဘုရား၏ အဆုံးအမသြဝါဒနှင့်အညီ ကျင့်ကြံနေထိုင်ခြင်းသည် လိမ္မာသည်မည်၏။

အချုပ်ကို ဆိုရသော် အကြောင်းအကျိုး၊ အကောင်းအဆိုးကို ခွဲခြားသိပြီး အကျိုးရှိအောင်၊ ကောင်းအောင် ပြုမူနေထိုင်တတ်ခြင်း၏ လိမ္မာရေးခြားရှိသည်ဟု ဆိုရ၏။

www.burmeseclassic.com

www.burmeseclassic.com



အသိနှင့် အလိမ္မာ ယှဉ်တွဲနေသည်၊ သိမှ လိမ္မာမည်။

အသိအမြင်များမှ ဉာဏ်ပညာကြီးမည်၊ ဉာဏ်ပညာရှိမှ လိမ္မာစွာ နေတတ်မည်။

အရှိသဘာဝအတိုင်း ဟုတ်တိုင်းမှန်စွာ ထိုးထွင်းမြင်သိသော ဉာဏ်ကို ပညာဟုလည်း ခေါ်သည်၊ ဝိဇ္ဇာဟုလည်းခေါ်သည်၊ အမောဟဟုလည်း ခေါ်သည်။

ထို့ကြောင့် "**အသိအလိမ္မာ၊ ဉာဏ်ပညာ၊ ဝိဇ္ဇာအမောဟ**"ဟု လယ်တီဆရာတော်စပ်ဆိုထားသည်။

အသိဉာဏ်ရှိမှ မိုက်မဲတွေဝေမှုဖြစ်သော အဝိဇ္ဇာ(မောဟ) အမိုက်မှောင်ကို တွန်းလှန်ဖယ်ရှားပြီး လိမ္မာရေးခြားစွာ ကျင့်ကြံနေထိုင်တတ်မည်။

* လိမ္မာမှချမ်းသာမည်၊ မိုက်မဲက ဆင်းရဲရလိမ့်မည်။
* စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ၊ ရှိမည် သာတည်း။
* အငယ်တည်းက၊ မဆုံးမသော်၊ မိဘတလည်၊ ရန်သူမည်၏။
* သားသမီးမကောင်း၊ မိဘခေါင်း၊ တပည့်မကောင်း၊ ဆရာ့ခေါင်း၊
* လူလိမ္မာသား ယဉ်ပါး၊ လူမိုက်သား ရမ်းကား။

## ယဉ်ကျေးသိမ်မွေ့

"ယဉ်ကျေးသိမ်မွေ့ခြင်း"သည် "ရိုင်းစိုင်းကြမ်းတမ်းခြင်း"၏ ဆန့်ကျင်ဘက်ဖြစ်၏။ ယဉ်ကျေးသိမ်မွေ့ခြင်းသည် ပြုသူမြင်သူ အပေါင်းတို့အား နှစ်သက်ဝမ်းမြောက်စေပြီး စိတ်ပျော်ရွှင်ချမ်းမြေ့စေ၏။ ရိုင်းစိုင်းကြမ်းတမ်းခြင်းသည် ပြုသူမြင်သူအပေါင်းတို့အား စက်ဆုပ် မုန်းတီးစေပြီး စိတ်ဆင်းရဲပူလောင်စေ၏။ ယဉ်ကျေးသိမ်မွေ့ခြင်းသည်

www.burmeseclassic.com

www.burmeseclassic.com



အပြစ်ကင်း၏၊ စိတ်နူးညံ့စေ၏၊ ချစ်စရာကောင်း၏။ ရိုင်းစိုင်းကြမ်းတမ်းခြင်းသည် အပြစ်ရှိ၏၊ စိတ်ခက်ထန်စေ၏၊ မုန်းစရာကောင်း၏။

သူတစ်ပါးတို့အား ထိခိုက်နစ်နာစေခြင်းမရှိသော စိတ်ဆင်းရဲမှုမဖြစ်စေသော အပြုအမူအပြောအဆိုတို့သည် ယဉ်ကျေးသိမ်မွေ့၏။ သူတစ်ပါးတို့အား ထိခိုက်နစ်နာစေသော စိတ်ဆင်းရဲစေသော အပြုအမူအပြောအဆိုတို့သည် ရိုင်းစိုင်းကြမ်းတမ်း၏။

အစဉ်အလာဓလေ့ထုံးတမ်းနှင့်အညီ ပြုမူပြောဆိုခြင်းသည် ယဉ်ကျေးသိမ်မွေ့၏၊ အစဉ်အလာဓလေ့ထုံးစံကို ဆန့်ကျင်သော ပြုမူပြောဆိုခြင်းသည် ရိုင်းစိုင်းကြမ်းတမ်း၏။

မိဘ, ဆရာ, လူကြီးသူမတို့ ဆိုဆုံးမသည်ကို လိုက်နာခြင်းသည် ယဉ်ကျေးသည်မည်၏။ သူတစ်ပါးတို့၏ အလိုဆန္ဒနှင့်အညီ ပြုမူပြောဆိုတတ်ခြင်းသည် ယဉ်ကျေးသည်မည်၏။ သူတစ်ပါးတို့ မကြိုက်မနှစ်သက်သည်ကို မလုပ်ဘဲ ရှောင်ရှားနိုင်ခြင်းသည် ယဉ်ကျေးသည် မည်၏။

ယဉ်ကျေးသိမ်မွေ့ခြင်းသည် ကောင်းမြတ်သော ဂုဏ်အရည်အသွေးတစ်ရပ် ဖြစ်၏။ ယဉ်ကျေးသိမ်မွေ့သူကို လူတကာတို့ ချစ်ခင်မြတ်နိုးကြသည်၊ လေးစားကြည်ညိုကြသည်။

လူတိုင်းကို ချစ်ခင်လေးစားနိုင်ပါမှ မိမိ၏ အပြုအမူအပြောအဆိုတို့ ယဉ်ကျေးသိမ်မွေ့လိမ့်မည်။ မည်သူ့ကိုမျှ မထီမဲ့မြင် မလေးမခန့် မပြုပါနှင့်။

ယဉ်ကျေးသိမ်မွေ့ခြင်းသည် ယဉ်ကျေးသိမ်မွေ့ခြင်းကို ဖြစ်ပေါ်စေသည်။ မိမိက ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံလျှင် သူတစ်ပါးတို့ကလည်း မိမိကို ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံလိမ့်မည်။

မိမိက မေတ္တာထားလျှင် သူတစ်ပါးတို့ကလည်း မေတ္တာပြန်ထား

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်။ မိမိက ရိုသေလေးစားမှုဖြင့် တုံ့ပြန်လျှင် သူတစ်ပါးတို့က လည်း ရိုသေလေးစားမှုဖြင့် တုံ့ပြန်လိမ့်မည်။ ဤကား တူညီသော တန်ပြန်သက်ရောက်မှုကို ဖြစ်ပေါ်စေတတ်သည့် စိတ်သဘာဝ (စိတ္တနိယာမ)တစ်ခုဖြစ်သည်။

အပြစ်ကင်းသော၊ မှန်မြတ်သော၊ နှစ်သက်မြတ်နိုးဖွယ် ကောင်းသော၊ လူချစ်လူခင် ပေါများစေသော ယဉ်ကျေးသိမ်မွေ့ခြင်းကို နှစ်သက်မြတ်နိုးပါ။

အရိုင်းသဘာဝ, ကြမ်းတမ်းခက်ထန်သော သဘာဝသည် သားရဲတိရစ္ဆာန်တို့၏ သဘာဝဖြစ်သည်။ ထိုသဘာဝကို မနှစ်သက် မမြတ်နိုးပါနှင့်။

ကမ္ဘာဦးအခါက ကျောက်ခေတ်လူသားတို့သည် အသိအလိမ္မာ မရှိ၍ ရိုင်းစိုင်းကြသည်၊ မယဉ်ကျေးကြ၊ ယဉ်ကျေးပြီးသော လူသား တို့သည် ကျောက်ခေတ်ဟောင်းသို့ပြန်မသွားချင်ကြပါနှင့်။

## မြန်မာ့ယဉ်ကျေးမှု

ကမ္ဘာပေါ်တွင် တိုင်းနိုင်ငံများစွာရှိသည်၊ လူမျိုးပေါင်းများစွာ ရှိသည်၊ နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် ကိုယ်ပိုင်ယဉ်ကျေးမှုရှိကြသည်။

ယဉ်ကျေးမှုသည် အရိုင်းဘဝမှ အယဉ်ဘဝသို့ ကူးပြောင်း လာသော ရလဒ်ဖြစ်သည်၊ သမိုင်းလမ်းကြောင်းတစ်လျှောက်တွင် ဘိုးဘွား, ဘီဘင်, အစဉ်အဆက်တို့က မိမိတို့၏ ရေမြေရာသီဥတု၊ မိမိတို့၏လူမျိုး၊ မိမိတို့၏ ယုံကြည်မှု၊ မိမိတို့၏ အတွေးအခေါ်နှင့် ဆီလျော်အောင် ပြုစုပျိုးထောင်ကျင့်သုံးလာကြသည့် လူနေမှုစနစ် တစ်ရပ်ဖြစ်သည်။

ယဉ်ကျေးမှုသည် ယုံကြည်ကိုးကွယ်မှု၊ ကျင့်ကြံပြောဆို လုပ်ကိုင် မှု၊ ဝတ်စားဆင်ယင်မှု၊ နေထိုင်စားသောက်မှု၊ အလုပ်အကိုင်စားမှု၊

www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးပူဇော်ကော်ရော်မှု စသည်တို့၏ ကြေးမုံပြင်ဖြစ်သည်။ ယဉ်ကျေးမှုတွင် အသိတရားများ၊ ယုံကြည်ကိုးကွယ်မှုများ၊ ကိုယ်ကျင့်တရားများ၊ လူ့ကျင့်ဝတ်များ၊ အနုပညာရပ်များ၊ ဓလေ့ထုံးစံများ စသည်တို့ ပါဝင်ကြသည်။

လူမျိုးတိုင်းသည် မိမိတို့၏ ယဉ်ကျေးမှုကို ချစ်မြတ်နိုးကြသည်။ မိမိတို့၏ ယဉ်ကျေးမှုကို ချစ်မြတ်နိုးပါမှ မိမိတို့၏ လူမျိုးနှင့် နိုင်ငံကို ချစ်မြတ်နိုးနိုင်မည်။ မိမိတို့၏ ယဉ်ကျေးမှုကို ဂုဏ်ယူတတ်ပါမှ မိမိတို့၏ လူမျိုးနှင့် နိုင်ငံအပေါ်တွင် သစ္စာရှိလိမ့်မည်။

အမျိုးသားယဉ်ကျေးမှုကိုသိမှ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာမည်။

မြန်မာ့ယဉ်ကျေးမှုသည် ဗုဒ္ဓဘာသာအသိတရားပေါ်တွင် အခြေခံထားသည်။ မြန်မာ့ရေမြေနှင့် ကိုက်ညီအောင် မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် ပြုစုပျိုးထောင်ခဲ့သော ယဉ်ကျေးမှုဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှုကို ပြုစုပျိုးထောင်ရာတွင် ဗြဟ္မစိုရ်တရားလေးပါးကို အခြေခံအုတ်မြစ်ပြုလုပ်၏၊ ဒါန, သီလ, သမာဓိ, ပညာတို့ကို တိုင်လုံးများအဖြစ် သုံး၏၊ အရိယသစ္စာလေးပါးကို အထွတ်တင်၍ ခေါင်မိုးပြုလုပ်၏။

**ဗြဟ္မစိုရ်တရားလေးပါး**သည် အကောင်းဆုံး လူမှုရေးအခြေခံတရားများ ဖြစ်ကြ၏။ ထိုတရား ၄–ပါးမှာ–

(၁) မေတ္တာ = သတ္တဝါအားလုံးကို ချစ်ခင်ခြင်း၊

(၂) ကရုဏာ = သတ္တဝါအားလုံးကို သနားကြင်နာခြင်း၊

(၃) မုဒိတာ = သူတစ်ပါးတို့ အောင်မြင်ကောင်းစားသည်ကို ဝမ်းမြောက်ခြင်း၊

(၄) ဥပေက္ခာ = သတ္တဝါအားလုံးသည် ကံစီမံသည့်အတိုင်း ဖြစ်ကြရ၏ဟု သင့်တင့်လျောက်ပတ်စွာ

www.burmeseclassic.com

www.burmeseclassic.com



နှလုံးသွင်းနိုင်ခြင်းတို့ဖြစ်ကြ၏။

ဗြဟ္မစိုရ်တရား၄-ပါးကို ရင်ဝယ်ပိုက်ထွေး၍ ဒါန, သီလ, သမာဓိ, ပညာတို့ကို ပြုစုပျိုးထောင်သည့်အခါ အကောင်းဆုံး ကိုယ်ကျင့်တရားနှင့် အမှန်ဆုံးအသိတရားတို့ ဖြစ်ထွန်းလာကြ၏။

(၁) ဒါန = မိမိ၏ ပစ္စည်းဥစ္စာကို စွန့်ကြဲပေးကမ်းခြင်း၊

(၂) သီလ = ကိုယ်နှုတ်နှစ်ပါးကို အပြစ်ကင်းအောင် စောင့်ထိန်းခြင်း၊

(၃) သမာဓိ = စိတ်တည်ကြည်ခြင်း၊

(၄) ပညာ = သဘာဝအမှန်သဘောတို့ကို ထိုးထွင်း သိမြင်ခြင်း။

သမာဓိ ယှဉ်သောစိတ်သည် အလွန်ထက်မြက်စူးရှ၏။ ထိုစိတ်ဖြင့် ခန္ဓာကိုယ်ကို စိုက်ရှုလျှင် ရုပ်နာမ်တို့၏ အမှန်သဘောကို သိမြင်၍ အရိယသစ္စာလေးပါးကို မြင်သိသော ပညာဖြစ်ပေါ်လာ၏။ ထိုအခါ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုကာ အတုမရှိသော အမြိုက်ချမ်းသာကို ခံစားရတော့သည်။ အပါယ်တံခါး များ ထာဝရပိတ်သွားသဖြင့် ချမ်းသာပျော်ရွှင်စွာ နေနိုင်တော့သည်။

မြန်မာ့ယဉ်ကျေးမှုသည် မေတ္တာနှင့် သစ္စာဟူသည့် အလှဆုံး တရားနှင့် အမှန်ဆုံးတရားတို့အပေါ် အခြေခံထားသဖြင့် အလှပဆုံး အမွန်မြတ်ဆုံး ယဉ်ကျေးမှုတစ်ရပ်ဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှုကို ချစ်မြတ်နိုးကြ၊ ဂုဏ်ယူကြ။
မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းကြ၊ မြှင့်တင်ကြ။
မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်ကြ။
(ဟိရီ, သြတ္တပ္ပလုံအောင်ဝတ်ဆင်ပါ)
မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ပြုမူဆက်ဆံကြ။
(ဂါရဝတရား၊ ကိုယ်ချင်းစာတရားထားပါ)

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ယဉ်ကျေးမှုနှင့်အညီ သီဆိုတီးမှုတ်ကပြကြ။

(ရာဂစိတ်ကို နိုးကြားတက်ကြွစေသော သရုပ်ပျက်မှုများ ရှောင်ပါ)

မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ကိုယ်ကျင့်တရားစောင့်ထိန်းကြ။

(ရှောင်စရာဆောင်စရာသီလများကို စောင့်ထိန်းပါ)

မြန်မာ့ယဉ်ကျေးမှုသည် မျက်မှောက်ဘဝ၌လည်း ပျော်ရွှင်ချမ်းမြေ့မှုကို ဖြစ်ပေါ်စေ၏၊ နောက်ဘဝများ၌လည်း ပျော်ရွှင်ချမ်းမြေ့မှုကို ပေးဆောင်မည်ဖြစ်၏။

## ပွင့်သည့်ပန်းတိုင်းလန်းပါစေ

ယဉ်ကျေးလိမ္မာ၊ ရင်သွေးကမ္ဘာ၊ ဝေဆာလှပ ဖူးပွင့်ကြ။
နုံနက်နိုးလာ၊ ရှေးဦးစွာ၊ မေတ္တာပို့သ ပွားများကြ။
သတ္တဝါအပေါင်း၊ ချမ်းသာကြောင်း၊ စိတ်ကောင်းထားမှ ငြိမ်းချမ်းကြ။
ကမ္ဘာ့ငြိမ်းချမ်း၊ ခေတ်သစ်ဆန်း၊ ရည်မှန်းသမျှ ပြည့်စုံရ။
အနန္တငါးဖြာ၊ မြတ်နိုးပါ၊ ကြည်သာရွှင်ပျ ပူဇော်ကြ။
ရတနာသုံးပါး၊ ဦးထိပ်ထား၊ စွမ်းအားထက်လှ မြင့်မြတ်ရ။
မိဘဆရာ၊ ရိုသေပါ၊ ချမ်းသာသုခ ပြည့်ဖြိုးကြ။
သီလငါးအင်၊ စောင့်ထိန်းလျှင်၊ လူတွင်ထူးလှ မြင့်မြတ်လှ။
သီလတန်ခိုး၊ သစ္စာမျိုး၊ ရှာဖြိုးသွန်းချ လိုတိုင်းရ။
သူတော်ကောင်းတတ်၊ တရားမြတ်၊ လူ[illegible]တ်လောက တည်စေပ။
နိုင်ငံ့ခေါင်းဆောင်၊ ပျိုးသစ်ထောင်၊ ရှေ့ဆောင်လမ်းပြ ကြိုးပမ်းကြ။

## မေတ္တာပို့က ရွှင်လန်းရ

လုံးစုံများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
မိဘနှစ်ဖြာ၊ မြတ်ဆရာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

www.burmeseclassic.com

www.burmeseclassic.com



ဆွေမျိုးသူငါ၊ မိတ်သဟာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
တို့အိမ်တွင်းမှာ၊ နတ်များစွာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
မြို့ရွာတွင်းမှာ၊ များသတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
တို့ပြည်တွင်းမှာ၊ များသတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
တစ်ကမ္ဘာလုံးမှာ၊ များသတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ထက်ကောင်းကင်မှာ၊ နတ်ဗြဟ္မာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
အပါယ်လေးရပ်မှာ၊ များသတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
မေတ္တာနှလုံး၊ ကိုယ်စီသုံး၊ ရွှင်ပြုံးအေးမြကြပါစေ။
မေတ္တာရေချမ်း၊ ဆွတ်ကာဖြန်း၊ ရွှင်လန်းအေးမြကြပါစေ။
တို့မေတ္တာစွမ်း၊ ကမ္ဘာလွှမ်း၊ ငြိမ်းချမ်းသာယာရှိပါစေ။

## အနန္တငါးဖြာပူဇော်ပါ

၁။ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ပူဇေမိ၊ ပူဇော်ပါ၏ဘုရား။
၂။ဓမ္မံ၊ တရားတော်မြတ်ကို။ ပူဇေမိ၊ ပူဇော်ပါ၏ဘုရား။
၃။သံဃံ၊ သံဃာတော်မြတ်ကို။ ပူဇေမိ၊ ပူဇော်ပါ၏ဘုရား။
၄။မာတာပိတုနံ၊ မိဘနှစ်ပါးကို။ ပူဇေမိ၊ ပူဇော်ပါ၏ဘုရား။
၅။အာစရိယာနံ၊ ဆရာသမားတို့ကို။ ပူဇေမိ၊ ပူဇော်ပါ၏ ဘုရား။

## အနန္တကျေးဇူး ဂုဏ်ကွန့်မြူး

၁။ ဗုဒ္ဓဂုဏော အနန္တော = မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးသည် အတိုင်းအဆမရှိ ကြီးမားလှပါတကား။
၂။ ဓမ္မဂုဏော အနန္တော = တရားတော်၏ ဂုဏ်ကျေးဇူးသည် အတိုင်းအဆမရှိ ကြီးမားလှပါတကား။
၃။ သံဃဂုဏော အနန္တော = သံဃာတော်၏ ဂုဏ်ကျေးဇူးသည် အတိုင်းအဆမရှိ ကြီးမားလှပါတကား။

www.burmeseclassic.com

www.burmeseclassic.com



၄။ မာတာပိတုဂုဏော အနန္တော = မိဘနှစ်ပါး၏ ဂုဏ်ကျေးဇူးသည် အတိုင်းအဆမရှိ ကြီးမားလှပါတကား။
၅။ အာစရိယဂုဏော အနန္တော = ဆရာများ၏ ဂုဏ်ကျေးဇူးသည် အတိုင်းအဆမရှိ ကြီးမားလှပါတကား။

## အနန္တတာဝန် တို့အစီအစဉ်

၁။ဘုရားကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးကျေအောင် ဆပ်ပါမည်။
၂။တရားကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးကျေအောင် ဆပ်ပါမည်။
၃။သံဃာ့ကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးကျေအောင် ဆပ်ပါမည်။
၄။မိဘကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးကျေအောင် ဆပ်ပါမည်။
၅။ဆရာ့ကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးကျေအောင် ဆပ်ပါမည်။
၆။တိုင်းပြည်ကျေးဇူး၊ စိတ်ကြည်နူး၊ အထူးကျေအောင် ဆပ်ပါမည်။
၇။ကျေးဇူးမကျေ၊ လူမိုက်တွေ၊ မသေ့ဖြစ်မှာ စိုးရသည်။
၈။ ကျေးဇူးဆပ်ကာ၊ လူလိမ္မာ၊ မှန်စွာဖြစ်အောင် ကြိုးစားမည်။
၉။ တိုင်းပြည်လူမျိုး၊ များကောင်းကျိုး၊ သယ်ပိုးရွက်ဆောင် ပြုပါမည်။
(ဆရာတော် ဦးပညာသာမိ၊ မာဂဓိ၊ သာစည်)

## ရတနာမြတ်သုံးပါးဟူသည်ကား

ရတနာသည် စိတ်ကို ရွှင်လန်းဝမ်းမြောက်စေတတ်၏၊ ရှားပါး၍ အဖိုးထိုက်တန်၏၊ နှစ်သက်မြတ်နိုးဖွယ်လည်း ဖြစ်၏။

စိန်ရွှေငွေပတ္တမြားမြပုလဲ စသည်တို့သည် လောကီရတနာများဖြစ်ကြ၏၊ သားသမီး, မြေးမြစ်, ဆင်မြင်းစသည်တို့ကိုလည်း လောကီရတနာများဟု ခေါ်၏။

ဘုရား၊ တရား၊ သံဃာ (ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ)တို့ကို လောကုတ္တရာ ရတနာများဟု ခေါ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤလောက၌ ဘုရား၊ တရား၊ သံဃာတို့သည် အရှားပါးဆုံး၊ အဖိုးထိုက်တန်ဆုံး၊ နှစ်သက်မြတ်နိုးဖွယ်အကောင်းဆုံး ရတနာများ ဖြစ်ကြ၏။ ထို့ကြောင့် ဗုဒ္ဓ၊ ဓမ္မ၊ သံဃာတို့ကို ရတနာမြတ်သုံးပါး ဟု ခေါ်၏။

**ဗုဒ္ဓရတနာ**သည် တရားအလုံးစုံကို အလိုလိုသိမြင်နိုင်သော သဗ္ဗညုတဉာဏ်ပိုင်ရှင် မြတ်စွာဘုရားဖြစ်သည်။

မြတ်စွာဘုရား ပွင့်ထွန်းသောအခါနှင့် ကြုံကြိုက်ရန် အလွန် ခဲယဉ်း၏၊ ထို့ကြောင့် ဗုဒ္ဓရတနာသည် အလွန်ရှားပါးသော ရတနာဖြစ်၏။

လူ့ပြည်၊ နတ်ပြည်၊ နဂါးပြည်၊ ဂဠုန်ပြည်တို့၌ရှိသော စိန်, ကြောင်, နီလာ, သန္တာ, ဂေါမုတ်, ဥဿဖယား, ပတ္တမြား, မြ, ပုလဲ, ရတနာကိုးပါး (နဝရတ်)တို့ထက် ဗုဒ္ဓရတနာသည် အမြတ်ဆုံး ရတနာဖြစ်၏။ မြတ်စွာဘုရားသည် လူနတ်ဗြဟ္မာတို့ ချမ်းသာ ကောင်းစားရန် အများဆုံး အကျိုးဆောင်ပေးသော ပုဂ္ဂိုလ်ဖြစ်၏။ မြတ်စွာဘုရားကို ဖူးတွေ့ရသူများသည် ရွှင်လန်းဝမ်းမြောက်ကြရ၏၊ အဖိုးမဖြတ်နိုင်သော ကုသိုလ်ကောင်းမှုကို ရရှိကြ၏။

ထို့ကြောင့် ဗုဒ္ဓရတနာသည် အမြတ်ဆုံး ရတနာတစ်ပါး ဖြစ်သည်။

**ဓမ္မရတနာသည်** မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်၊ ပရိယတ္တိဟု ဆိုအပ်သော တရား ၁၀–မျိုးဖြစ်သည်။ ဤတရားတို့သည် လောက၌ အမြင့်မြတ်ဆုံး တရားများဖြစ်ကြ၏။

ဓမ္မရတနာကို မြတ်စွာဘုရားသာသနာအတွင်း၌သာ မြင်တွေ့နိုင် သည်။ ထို့ကြောင့် ဓမ္မရတနာသည် အလွန်ရှားပါးသော ရတနာ တစ်ပါးဖြစ်၏။

လူ့ပြည်, နတ်ပြည်, နဂါးပြည်, ဂဠုန်ပြည်တို့၌ ရှိကြသော

www.burmeseclassic.com

www.burmeseclassic.com



ရတနာအားလုံးတို့ထက် ဓမ္မရတနာက ပို၍ အဖိုးတန်၏။

တရားတော်ကို နာကြားရသူသည် နှစ်သက်ဝမ်းမြောက်ရ၏၊ ကျင့်ကြံပွားများလျှင် ပို၍ နှစ်သက် ဝမ်းမြောက်ရ၏၊ နိဗ္ဗာန်ချမ်းသာမှာ အကောင်းဆုံးချမ်းသာဖြစ်၍ နိဗ္ဗာန်သည် နှစ်သက်ဖွယ် အကောင်းဆုံး တရားဖြစ်၏။

ထို့ကြောင့် ဓမ္မရတနာသည် အမြတ်ဆုံး ရတနာတစ်ပါးဖြစ်၏။

**သံဃာရတနာသည်** အရိယာသံဃာနှင့် သမ္မုတိသံဃာဟူ၍ ၂-မျိုးရှိ၏။ အရိယာပုဂ္ဂိုလ် ၈-မျိုးကို အရိယာသံဃာဟုခေါ်၏၊ ပရမတ္ထသံဃာဟုလည်း ခေါ်၏။ သိမ်၌ ကမ္မဝါဖတ်၍ ရဟန်းဖြစ်သော ပုဂ္ဂိုလ်တို့ကို သမ္မုတိသံဃာဟုခေါ်၏။

သံဃာတော်သည် မြတ်စွာဘုရားသာသနာတွင်း၌သာ ပေါ်ပေါက်နိုင်၏။ ထို့ကြောင့် သံဃာရတနာသည် အလွန်ရှားပါးသော ရတနာတစ်ပါးဖြစ်၏။

လူ့ပြည်, နတ်ပြည်, နဂါးပြည်, ဂဠုန်ပြည်တို့၌ ရှိကြသော ရတနာအားလုံးတို့ထက် သံဃာရတနာက ပို၍ အဖိုးတန်၏။

သံဃာတော်ကို ရိုသေလေးမြတ်စွာ ဆည်းကပ်ကိုးကွယ်သူတို့သည် အဖိုးမဖြတ်နိုင်သော ကောင်းကျိုးချမ်းသာကို ရရှိကြ၏။

ထို့ကြောင့် သံဃာရတနာသည် အမြတ်ဆုံးရတနာတစ်ပါး ဖြစ်၏။

## ရတနာသုံးပါး ဦးထိပ်ထား

၁။ ဗုဒ္ဓရတနာ အတုမဲ့ပါ မှန်စွာအမြတ်ဆုံး။
၂။ ဓမ္မရတနာ အတုမဲ့ပါ မှန်စွာအမြတ်ဆုံး။
၃။ သံဃရတနာ အတုမဲ့ပါ မှန်စွာအမြတ်ဆုံး။
၄။ မြတ်နိုးယုယ ပန်ဆင်ကြ ဗုဒ္ဓမြတ်ရတနာ။

www.burmeseclassic.com

www.burmeseclassic.com



၅။ မြတ်နိုးယုယ ပန်ဆင်ကြ ဓမ္မမြတ်ရတနာ။
၆။ မြတ်နိုးယုယ ပန်ဆင်ကြ သံဃမြတ်ရတနာ။
၇။ ကောင်းဂုဏ်ပြည့်ဝ မြင့်မြတ်ရ သုခတိုးပွားမှာ။
၈။ ရတနာသုံးပါး လေးနက်ထား ဝပ်တွားရှိသေပါ။

## ဘုရားဂုဏ်တော် ၉–ပါး

မြတ်စွာဘုရား၏ ဂုဏ်တော်၉–ပါးသည် အတုမရှိ မြင့်မြတ်သော ဂုဏ်တော်များ ဖြစ်ကြ၏။ ဤဂုဏ်တော်တို့ကို သိနားလည်လျှင် မြတ်စွာဘုရားကို ပို၍ ကြည်ညိုလာမည်၊ ကြည်ညိုတတ်လာမည်၊ ပိုကြီးကျယ် မြင့်မြတ်သောအကျိုးကျေးဇူးများကို ရရှိမည်။

## ဘုရားဂုဏ်တော် ၉–ပါး

ဣတိပိ သော ဘဂဝါ – အရဟံ
– သမ္မာသမ္ဗုဒ္ဓေါ
– ဝိဇ္ဇာစရဏ သမ္ပန္နော
– သုဂတော
– လောကဝိဒူ
– အနုတ္တရော ပုရိသဒမ္မသာရထိ
– သတ္ထာဒေဝ မနုဿာနံ
– ဗုဒ္ဓေါ
– ဘဂဝါ။

## ဘုရားဂုဏ်တော် အနက်အဓိပ္ပာယ်

(၁) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင် ဖြဟ္မာ နတ်လူ သုံးဘုံသူတို့၏ ကြည်ဖြူကော်ရော် ပူဇော်အရာကို

www.burmeseclassic.com

www.burmeseclassic.com



ခံထိုက်ကြောင်းဖြစ်သော အတုမရှိသည့် သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿနဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့်။ အရဟံ=အရဟံမည်တော်မူ၏။

(၂) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင် သစ္စာ, ဥေယျ, ဓမ္မအပုံ အလုံးစုံကို အကုန်မကျန် မြတ်ရွှေဉာဏ်ဖြင့် အမှန်ထိုးထွင်း အလင်းထင်ပေါ် သိမြင်တော်မူသောကြောင့်။ သမ္မာသမ္ဗုဒ္ဓေါ = သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏။

(၃) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင် စရဏအပြား တစ်ဆယ့်ငါးတည့် သုံးပါး,ရှစ်ဖြာ ဉာဏ်ဝိဇ္ဇာတို့နှင့် ပြည့်စုံတော်မူသောကြောင့်။ ဝိဇ္ဇာစရဏသမ္ပန္နော= ဝိဇ္ဇာစရဏ သမ္ပန္နမည်တော်မူ၏။

(၄) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ မကပ်ငြိဘဲ မဇ္ဈိမပဋိပတ် ကောင်းမြတ်ဖြောင့်တန်း မဂ္ဂင်လမ်းဖြင့် ရွှေနန်းပူရီ အေးမှဲ့ပြည်သို့ ကြွချီဆိုက်ရောက်တော်မူသောကြောင့်။ သုဂတော =သုဂတမည်တော်မူ၏။

(၅) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင် ကာမ, ရူပ, အရူပဟု လောကအပြင် ဘုံတစ်ခွင်ကို ကုန်စင်ခပင်း မကျန်ကြွင်းအောင် အလင်းထင်ပေါ် သိမြင်တော်မူသောကြောင့်။ လောကဝိဒူ = လောကဝိဒူမည်တော်မူ၏။

(၆) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင် ဇာတိမာန်, ပုညမာန်, ဂုဏမာန်, ဗလမာန်, ဣဒ္ဓိမာန်, ပညာမာန်တို့ဖြင့် မိုးစွန် ကြွားကြွား ငါတကားဟု ကြုံးဝါးခက်ထန် အဆိပ်လျှံသည့် နန္ဒောပနန္ဒ, အင်္ဂုလိမာလ, သစ္စကနှင့် ဗကဗြဟ္မာ သတ္တဝါတို့ကို ဒေသနာသံ ဆိပ်အံငြိမ်းဆေး အမြန်ပေး၍ ယဉ်ကျေးအောင်ပြု ဆုံးမမှုဝယ် အတုမရှိလွန်ကဲဘိသောကြောင့် အနုတ္တရော ပုရိသ

www.burmeseclassic.com

www.burmeseclassic.com



ဒမ္မသာရထိ= အနုတ္တရော ပုရိသ ဒမ္မသာရထိမည်တော်မူ၏။

(၇) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင် လူနတ်ဗြဟ္မာသတ္တဝါအများ သောင်းထိုက်သားတို့၏ ဝပ်တွားရှိပျောင်း ညွတ်ညောင်းခယ ဆုံးမခံရာ ဆရာသခင် ဦးထိပ်တင်ကြီးဖြစ်တော်မူသောကြောင့်။ သတ္ထာဒေဝ မနုဿာနံ = သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏။

(၈) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင် သစ္စာလေးရပ် တရားမြတ်ကို လူနတ်အများ သိထင်ရှားအောင် ဟောကြားထုတ်ဖော် သိစေတော်မူသောကြောင့်။ ဗုဒ္ဓေါ = ဗုဒ္ဓမည်တော်မူ၏။

(၉) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင် ဘုန်းတော်အနန္တ, ကံတော်အနန္တ, ဉာဏ်တော်အနန္တ, တန်ခိုးတော် အနန္တ ကြီးမြတ်လှ၍ လောကသုံးပါး လူအများတို့ လေးစားဂရု ချီးပမူကြောင့်။ ဘဂဝါ = ဘဂဝါမည်တော်မူ၏။

တံ၊ ထိုအရဟံအစ ဘဂဝါအဆုံး ဘဝဂ်ချုံးမျှ ဘုန်းရှိန်ကြီးမား ဂုဏ်ကိုးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ ခန္ဓာ အာယတန ဓာတ်စုမျှကို ကာယသမုတ် အကျွန်ုပ်သည်။ ဝန္ဒာမိ၊ သဒ္ဓါစိတ်ဖော အာရုံပြော၍ မနော, ဝစီ, ကာယညီလျက် ဦးချိုလက်မိုး ကြာငုံဖြိုးသို့ ရှိခိုးပါ၏ဘုရား။

## ဘုရားဂုဏ်တော် လိုရင်းအဓိပ္ပာယ်

၁။ အရဟံ ဂုဏ်တော်

ကိလေသာကင်းစင်၍ အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်ခြင်း၊ လူနတ်ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံထိုက်ခြင်းဂုဏ်။

၂။ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်

တရားအလုံးစုံကို သဗ္ဗညုတဉာဏ်ဖြင့် အလိုလိုသိခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ပညာအကြီးဆုံးပုဂ္ဂိုလ်ဖြစ်ခြင်းဂုဏ်။

၃။ ဝိဇ္ဇာ စရဏ သမ္ပန္နဂုဏ်တော်

ဝိဇ္ဇာဉာဏ်၃–ပါး (၈ပါး)၊ စရဏအကျင့် ၁၅ပါးတို့နှင့်ပြည့်စုံတော်မူခြင်း၊ အကြီးဆုံး ဝိဇ္ဇာနှင့် အကောင်းဆုံးအကျင့်ရှိသူဖြစ်ခြင်းဂုဏ်။

၄။ သုဂတဂုဏ်တော်

ဟုတ်မှန် အကျိုးရှိသော စကားကို ကောင်းစွာ ဆိုတတ်ခြင်း၊ နိဗ္ဗာန်သို့ ကောင်းစွာသွားတတ်ခြင်း ဂုဏ်။

၅။ လောကဝိဒူဂုဏ်တော်

သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက တည်းဟူသော လောကသုံးပါးကို သိမြင်ခြင်း ဂုဏ်။

၆။ အနုတ္တရော ပုရိသ ဒမ္မသာရထိဂုဏ်တော်

မယဉ်ကျေးသူတို့ကို ယဉ်ကျေးအောင် ဆုံးမရာ၌ အသာလွန်ဆုံးဖြစ်ခြင်း ဂုဏ်။

၇။ သတ္ထာဒေဝ မနုဿာနံဂုဏ်တော်

နတ်လူသတ္တဝါအားလုံးတို့၏ ဆရာဖြစ်ခြင်းဂုဏ်။

၈။ ဗုဒ္ဓဂုဏ်တော်

သစ္စာလေးပါးကို ကိုယ်တိုင် သိမြင်၍ သူတစ်ပါးတို့အားလည်း ဟောကြားညွှန်ပြနိုင်သော ဂုဏ်။

၉။ ဘဂဝါဂုဏ်တော်

ဘုန်းတော် ၆–ပါးနှင့် ပြည့်စုံတော်မူခြင်းဂုဏ်။

ဘုန်းတန်ခိုးအကြီးဆုံးပုဂ္ဂိုလ် ဖြစ်ခြင်းဂုဏ်။

## ဘုရားဂုဏ်တော်ကဗျာ

ဘုရားဂုဏ်တော်သချာမှတ်ဖို့၊ ကဗျာစပ်လို့ ဆိုကြမယ်–

www.burmeseclassic.com

www.burmeseclassic.com



၁။ ကိလေသာတွေ ကင်းစင်ပြတ်လို့၊ လူနတ်ဗြဟ္မာ ပူဇော်တယ်။
၂။ တရားအလုံးစုံ ကိုယ်တိုင်သိလို့၊ ဆရာမရှိသူ ဖြစ်ပါတယ်။
၃။ ထူးတဲ့အသိဉာဏ် အကျင့်မှန်များလဲ၊ ကောင်းစွာထင်ရှား ပြည့်စုံတယ်။
၄။ ကောင်းတဲ့စကားကို မိန့်ဆိုတတ်လို့၊ နိဗ္ဗာန်မြတ်သို့ ကြွသွားတယ်။
၅။ သတ္တ၊ သင်္ခါ၊ ဩကာသတဲ့၊ လောကသုံးပါး သိမြင်တယ်။
၆။ မယဉ်ကျေးသူ ယဉ်အောင်ပြုတဲ့ ဆုံးမမှုမှာ သာလွန်တယ်။
၇။ လူနတ်ဗြဟ္မာ သတ္တဝါများရဲ့၊ ဆရာထင်ရှား ဖြစ်ပါတယ်။
၈။ လေးဖြာသစ္စာ စိတ်ဖြာသိတဲ့၊ ဉာဏ်မြင်ရှိသူ ဖြစ်ပါတယ်။
၉။ ဘုန်းတော်ခြောက်စုံ ဂုဏ်တော်မြတ်နဲ့၊ တစ်စမလပ် ပြည့်စုံတယ်။
ဘုရားဂုဏ်တော် ကိုးဖြာပဲကွယ့်၊ အသည်းစွဲအောင် မှတ်ကြကွယ်။
မှတ်ကွယ်...... မှတ်ကွယ်......။
(အရှင်သုန္ဒရ၊ ဘီအေ၊ ကဗျာမှ သစ်ဆန်းလွင်၏ ဆင့်ပွားနွယ်သစ်)

## ဗုဒ္ဓါနုဿတိ ပွားများဘိ

ဘုရားဆင်းတုတော် သို့မဟုတ် ရုပ်ပုံတော်ရှေ့၌ ဖြစ်စေ၊ ဆိတ်ငြိမ်ရာနေရာ၌ဖြစ်စေ ထက်ဝယ်ဖွဲ့ခွေထိုင်ပါ သို့မဟုတ် တင်ပါးလွှဲ၍ထိုင်ပါ။ ကိုယ်အထက်ပိုင်းကို မတ်မတ်ထားပါ။ ဘုရားဆင်းတုကိုကြည့်၍ ဖူးမြော်၍မဝအောင် အလွန် တင့်တယ် သပ္ပာယ်သော မြတ်စွာဘုရား၏ ရုပ်ပုံတော်ကို အာရုံယူပါ။

ထို့နောက် "ဣတိပိသောဘဂဝါ" ပါဠိတော်ကိုဖြစ်စေ၊ "ဘုရားဂုဏ်တော်ကဗျာ"ကိုဖြစ်စေ စိတ်၌ရွတ်ဆို၍ ဂုဏ်တော် တစ်ပါးစီ၏ အဓိပ္ပာယ်ကို နှလုံးသွင်းပါ။ သို့မဟုတ် မိမိနှစ်သက်ရာ ဂုဏ်တော်တစ်ပါးပါးကို "အရဟံ... အရဟံ...အရဟံ..."ဟု အဖန်ဖန် ရှုပွားပါ။ ထိုသို့ ရှုပွားစဉ် ဂုဏ်တော်၏အဓိပ္ပာယ်ကို

www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြင်ပါ။ စိတ်တည်ငြိမ်လာလျှင် မျက်စိကိုမှိတ်၍ ဆက်ရှုပါ။

ပုတီးစိပ်ကို သုံး၍လည်း ရှုပွားနိုင်သည်။ ဂုဏ်တော် တစ်ပါးကို တစ်ကြိမ်ရှုတိုင်း ပုတီးတစ်လုံး စိပ်သွားပါ။ ပုတီး ၃–ပတ် သို့မဟုတ် ၉–ပတ်မှန်မှန်ရှုပါ။ နံနက် တစ်ကြိမ်၊ ညနေတစ်ကြိမ် ရှုနိုင်အောင် ကြိုးစားပါ။ တစ်ကြိမ်လျှင် ၁၀မိနစ် သို့မဟုတ် မိနစ် ၂၀ခန့် ရှုပါ။

## ဘုရားဂုဏ်တော်ပွားများခြင်းအကျိုး

၁။ ရာဂ၊ ဒေါသ၊ မောဟ စသည့် ကိလေသာများ မနှောင့်ယှက်ခြင်း၊
၂။ စိတ်အစဉ် ဖြောင့်မတ်၍ ကုသိုလ်တိုးပွားခြင်း၊
၃။ မြတ်စွာဘုရားအား ရိုသေ၍ သတိကောင်းလာခြင်း၊
၄။ မြတ်စွာဘုရား၌ သက်ဝင်ယုံကြည်မှု သဒ္ဓါတိုးတက်လာခြင်း၊
၅။ နှစ်သက်ခြင်း ပီတိနှင့် ရွှင်လန်းခြင်း ပါမောဇ္ဇတို့ အဖြစ်များခြင်း၊
၆။ ဘေးရန်အမျိုးမျိုးကို သည်းခံနိုင်လာခြင်း၊
၇။ ခန္ဓာကိုယ်သည် စေတီအလား ပူဇော်ထိုက်ခြင်း၊
၈။ ဘုရားနှင့်အတူနေသော အမှတ်သညာရခြင်း၊
၉။ မကောင်းမှုပြုရန် ရှက်,ကြောက်မှု(ဟိရီ၊ ဩတ္တပ္ပ) ဖြစ်ခြင်း၊
၁၀။ မြတ်စွာဘုရား၌ စိတ်ညွတ်ခြင်း၊
၁၁။ မဂ်ဖိုလ်မရသေးလျှင် အပါယ်မလားဘဲ သုဂတိဘုံသို့ လားရခြင်း။

(ဝိသုဒ္ဓိမဂ်၊ ပ၊ ၂၀၆)

## ဆောင်ပုဒ်လင်္ကာ

၁။ ကိလေမနှောင့်၊ ၂။ စိတ်စဉ်ဖြောင့်၏၊
၃။ ဘုန်းခေါင့်ရိုသေ၊ ၄။ သဒ္ဓါစွေ၍၊

www.burmeseclassic.com

www.burmeseclassic.com



၅။ နှစ်ထွေပီတိ၊ ၆။ သည်းခံချိ၏၊
၇။ စေတီပုံလား၊ ၈။ ဘုရားနှင့်နေ၊
၉။ ထင်ပေဟိရောတ်၊ ၁၀။ စိတ်ညွတ်ချစ်ရှင်၊
၁၁။ မဂ်စဉ်မပွား နတ်ရွာလားသည် ဘုရားဂုဏ်တော် ပွား ကြောင်းတည်း။ (ဝိသုဒ္ဓိလင်္ကာ)

**မှတ်ချက်**။ ဟိရောတ်=(ဟိရွတ်ဟုဖတ်)=ဟိရီ၊ ဩတ္တပ္ပ (အွတ်တပ်ပဟုဖတ်)။

ဗုဒ္ဓါနုဿတိရှုပွားလျှင် စိတ်တည်ငြိမ်သည်၊ စိတ်ကြည်လင်ပြီး ချမ်းသာသည်၊ သမာဓိကောင်းလာသဖြင့် စာဖတ်လျှင် ရလွယ်သည်၊ မှတ်ဉာဏ်ကောင်းလာသည်၊ ဉာဏ်ပညာကြီးလာသည်၊ ကုသိုလ် တိုးပွားလာသည်၊ ဘေးရန်အန္တရာယ်ကင်းဝေးပြီး လူချစ်လူခင် များလာသည်၊ လာဘ်ပေါလာသည်၊ သေလွန်သည့်အခါ လူ့ပြည် နတ်ပြည်သို့ ရောက်ရသည်။

## ဘုရားပွင့်ပေါ်သည့်အကျိုး

**ဗုဒ္ဓေါလောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ။**

သုံးလူ့ဆရာမြတ်ဗုဒ္ဓါသည် သတ္တဝါအများ အကျိုးပွားဖို့ ထင်ရှားလူ့ရွာ ပွင့်ထွန်းပေါ်ပေါက်လာပေ၏။

(၁) ဘုရားရှင်တော်၊ မပွင့်ပေါ်လျှင်
လူတော်အများ၊ စိတ်ကောင်းထားလည်း
ဤကားကုသိုလ်၊ အကုသိုလ်နှင့်
ထိုထိုဘုံဘဝ၊ မသိရ
များလှအပြစ်တွေ။

(၂) ဘုရားရှင်တော်၊ ပွင့်ထွန်းပေါ်၍

www.burmeseclassic.com

www.burmeseclassic.com



ဟောဖော်ညွှန်ကြား၊ မြတ်တရားကြောင့်၊
ဤကားကုသိုလ်၊ အကုသိုလ်နှင့်
ထိုထိုဘုံဘဝ၊ သိကြရ
များလှကျေးဇူးတွေ။
(မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ)

## တရားဂုဏ်တော် ၆-ပါး

၁။ သွာက္ခာတော ဘဂဝတာ ဓမ္မော
၂။ သန္ဒိဋ္ဌိကော
၃။ အကာလိကော
၄။ ဧဟိပဿိကော
၅။ ဩပနေယျိကော
၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

## တရားဂုဏ်တော် အနက်အဓိပ္ပာယ်

၁။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မော၊ တရားတော်မြတ်ကို။ သွာက္ခာတော၊ အစ, အလယ်, အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားတော်မူ၏။

၂။ ဓမ္မော၊ တရားတော်မြတ်သည်။ သန္ဒိဋ္ဌိကော= ကျင့်ဆောင်သူတို့အား ယခုဘဝ ပစ္စက္ခဥ်ပင် ဒိဋ္ဌကိုယ်တွင် တွေ့မြင်ခံစားရသော ဂုဏ်ကျေးဇူးအထူးနှင့် ပြည့်စုံတော်မူ၏။

၃။ အကာလိကော= ကာလမရွေ့ ကျင့်သည့်နေ့ပင် တွေ့မြင်ယုံကြည်ရသော ကောင်းကျိုးချမ်းသာနှင့်လည်း ပြည့်စုံတော်မူ၏။

၄။ ဧဟိပဿိကော = လာရောက်ရှုမြင် ကျေးဇူးတင်မြဲဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



လာဘ်, ရှုပ်, ကျင့်ကြံပါဟု မပါပါအောင် ခေါ်ဆိုသွတ်သွင်း တိုက်တွန်းခြင်းငှာ ထိုက်တန်စွာသော ဂုဏ်ထူးဝိသေသနှင့်လည်း ပြည့်စုံတော်မူ၏။

၅။ ဩပနေယျိကော = မိမိကာယအစ္ဈတ္တတွင် ရရှိပေါက်ရောက် ကိုယ်တွေ့မြောက်အောင် ကပ်၍ဆောင်ထိုက်သော ဂုဏ်ထူး ဝိသေသနှင့်လည်း ပြည့်စုံတော်မူ၏။

၆။ ဝိညူဟိ = ပညာရှိသူ ရှင်လူအပေါင်း သူတော်ကောင်းတို့သည်။ ပစ္စတ္တံ = အသီးသီးသော မိမိတို့သန္တာန်၌။ ဝေဒိတဗ္ဗော = ချမ်းသာလေစွ ကောင်းလေစွဟု ကာယ, စိတ္တ, သုခနှစ်ပြင် ထင်ထင်ရှားရှား ခံစားသိမြင်ရသော ဂုဏ်ထူးဝိသေသနှင့်လည်း ပြည့်စုံတော်မူ၏။ တံ = ထိုသွာက္ခာတအစ ဝေဒိတဗ္ဗောအဆုံး ဘဝဂ်ချုန်းမှု ဘုန်းရှိန်ကြီးမား ဂုဏ်ခြောက်ပါးနှင့် ပြည့်စုံသော တရားတော် မြတ်ကို။ အဟံ = ခန္ဓာ, အာယတန, ဓာတ်စုမျှကို ကာယသမုတ် အကျွန်ုပ်သည်။ ဝန္ဒာမိ = သဒ္ဓါစိတ်ဖော အာရုံပြော၍ မနော ဝစီ ကာယညီလျက် ဦးချိုလက်မိုး ကြာငုံဖြိုးသို့ ရှိခိုးပါ၏ဘုရား။

## တရားဂုဏ်တော် လိုရင်းအဓိပ္ပာယ်

၁။ သွာက္ခာတဂုဏ်တော်
မြတ်စွာဘုရား ကောင်းစွာ ဟောထားသည့်တရား ဖြစ်ခြင်းဂုဏ်။

၂။ သန္ဒိဋ္ဌိကဂုဏ်တော်
ကိုယ်တိုင်ကျင့်လျှင် ကိုယ်တိုင်သိနိုင်သောတရား ဖြစ်ခြင်းဂုဏ်။

၃။ အကာလိက ဂုဏ်တော်
အခါမလပ် အကျိုးပေးခြင်း၊ မဂ်ရလျှင် ဖိုလ်ချက်ချင်း ဖြစ်ခြင်းဂုဏ်။

www.burmeseclassic.com

www.burmeseclassic.com



၄။ ဟေိုပသိကဂုဏ်တော်
'လာပါ၊ ကျင့်စမ်းပါ'ဟု ရဲရဲဝံ့ဝံ့ ဖိတ်ခေါ်ထိုက်ခြင်း၊ အစမ်းသပ်ခံနိုင်ခြင်း ဂုဏ်။

၅။ ဩပနေယျိကဂုဏ်တော်
မိမိစိတ်၌ အမြဲကပ်၍ ဆောင်ထားသင့်ခြင်းဂုဏ်။

၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိဂုဏ်တော်
အရိယာတို့သည် နိဗ္ဗာန်ချမ်းသာကို အသီးသီး လက်တွေ့ ခံစားနိုင်ခြင်းဂုဏ်။

## တရားဂုဏ်တော်ကဗျာ

တရားဂုဏ်တော် သေချာမှတ်ဖို့ ကဗျာစပ်လို့ ဆိုကြမယ်-

၁။ ဘုရားကောင်းစွာ ဟောညွှန်အပ်လို့ တရားတော်မြတ် ခိုင်မာတယ်။

၂။ ကိုယ်တိုင်ကျင့်ရင် ကိုယ်တိုင်သိလို့၊ မိမိရရ သေချာတယ်။

၃။ အခုကျင့်ရင် အခုထူးလို့၊ အကျိုးကျေးဇူးမြန်ဆန်တယ်။

၄။ လာပါ၊ ကျင့်ပါ၊ ဖိတ်ခေါ်အပ်လို့၊ စမ်းသပ်ခံကြောင်း ကြေညာတယ်။

၅။ ကိုယ်နဲ့စိတ်မှာ မြဲဆောင်အပ်လို့၊ ထက်ကြပ်မကွာ အားထားဖွယ်။

၆။ အရိယာဆို ကိုယ်စီသိလို့၊ ထိထိမိမိခံစားတယ်။

တရားဂုဏ်တော်ခြောက်ဖြာပဲကွဲ့၊ အသည်းစွဲအောင် မှတ်ကြကွယ်။

မှတ်ကွယ်...မှတ်ကွယ်...။

(အရှင်သုန္ဒရ၊ ဘီအေ၊ ကဗျာမှ သစ်ဆန်းလွင်၏ ဆင့်ပွားနွယ်သစ်)

www.burmeseclassic.com

www.burmeseclassic.com



## ဓမ္မာနုဿတိ
(တရားဂုဏ်တော်ကို အဖန်ဖန်ရှုပွားခြင်း)

မြတ်စွာဘုရား၏ တရားတော်သည် သဘာဝတရားဖြစ်၏။ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်တို့ကို ခွဲခြားစိတ်ဖြာ၍ ဟောထားသည့် တရားဖြစ်၏။ အကြောင်းအကျိုးညီညွတ်၏။ သိပ္ပံပညာကဲ့သို့ စာတွေ့ လက်တွေ့ပါရှိ၍ မှန်မမှန် ကိုယ်တိုင်စမ်းသပ်နိုင်၏။ လိုက်နာ ကျင့်ကြံလျှင် လက်ငင်းချမ်းသာ၏။ အပါယ်မလားရဘဲ သုဂတိဘဝ သို့ လားရောက်ရ၏။ သဘာဝဖြစ်ရပ်များမှ အမြင့်မြတ်ဆုံး အမှန်တရား (သစ္စာတရား)လေးပါးကို ထုတ်ပြထား၏။ ဤ သစ္စာ လေးပါးကို ကောင်းစွာ မြင်သိလျှင် အရိယာသူတော်ကောင်းဖြစ်၏။ ဗုဒ္ဓဘာသာတွင်သာ အရိယာရှစ်မျိုးရှိ၏။ ထိုအရိယာတို့သည် မြင့်မြတ်သူများဖြစ်ပြီး နိဗ္ဗာန်၏ အတုမရှိသော ချမ်းသာကို ခံစားနိုင် ကြ၏။

တရားတော်သည် ဖော်ပြပါဂုဏ်တော် ၆–ပါးနှင့် ပြည့်စုံသဖြင့် အတုမရှိ မြင့်မြတ်သော တရားတော်ဖြစ်၏။ တရားဂုဏ်တော်တစ်ပါး ပါးကို အောက်မေ့အမှတ်ရပြီး အဖန်ဖန် ရှုပွားနေလျှင် **ဓမ္မာနုဿတိ**ဖြစ်၏။ စိတ်ချမ်းသာပြီး ဘေးရန်ကင်း၏၊ ဉာဏ်လည်း ကြီး၏၊ လိုအင်ဆန္ဒပြည့်စုံ၏၊ သုဂတိဘဝသို့ လားရောက်ရ၏၊ မဂ်ဖိုလ်နိဗ္ဗာန်ရရန် အကြောင်းအထောက်အပံ့ဖြစ်၏။

သွာက္ခာတော ပုဒ်ဦးကို ဖြစ်စေ၊ တရားဂုဏ်တော်ကဗျာကိုဖြစ်စေ ရွတ်ဆို၍ အဓိပ္ပာယ်ကို သိနားလည်နေလျှင်လည်း ဓမ္မာနုဿတိ ဖြစ်၏။ တရားဂုဏ်တော်တစ်ပါးပါးကို အကြိမ်ကြိမ် နှလုံး သွင်းနေလျှင်လည်း ဓမ္မာနုဿတိဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## တရားဂုဏ်တော်ပွားများခြင်းအကျိုး

တရားတော်သည် သဘာဝအမှန်တရားများ ဖြစ်ကြသည်။ တရားတော် လမ်းညွှန်ပြသည့်အတိုင်း ကျင့်ကြံ နေထိုင်လျှင် ဆင်းရဲငြိမ်းအေးပြီး လက်ငင်းချမ်းသာနိုင်သည်၊ အပါယ်မလားရဘဲ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရနိုင်သည်။

**ဓမ္မောလောကေ သမုပ္ပန္နော သုခါယ သဗ္ဗပါဏိနံ။**

ဗုဒ္ဓမြွက်ဖော် တရားတော်သည် သတ္တဝါအများ ချမ်းသာပွားဖို့ ထင်ရှားလူ့ရွာ ပွင့်ထွန်းပေါ်ပေါက်လာပေ၏။

"ဓမ္မာ နုဿတိ" ရှုပွားခြင်း၏ အကျိုးကျေးဇူးများသည် "ဗုဒ္ဓါနုဿတိ" ရှုပွားခြင်း၏ အကျိုးကျေးဇူးများနှင့် ဆင်တူသည်။

## ဆောင်ပုဒ်လင်္ကာမှာ

၁။ ကိလေမနှောင့်၊ ၂။ စိတ်စဉ်ဖြောင့်၏၊
၃။ ဘုန်းခေါင့်ဟောကြား၊ တရားရှိသေ၊
၄။ သဒ္ဓါစွေ၍၊ ၅။ နှစ်ထွေပီတိ၊
၆။ သည်းခံချိ၏၊ ၇။ စေတီပုံလား၊
၈။ တရားနှင့်နေ၊ ၉။ ထင်ပေဟိရောတ်၊
၁၀။ စိတ်ညွတ်ဓမ္မ၊ ၁၁။ မဂ်မရလည်း၊ ရောက်ထမမှား၊
နတ်ရွာလားသည်၊ တရားဂုဏ်တော်ပွားကျိုးတည်း။

## သံဃာဂုဏ်တော် ၉-ပါး

၁။ သုပ္ပဋိပန္နော **ဘဂဝတော** သာဝကသံဃော၊
၂။ ဥဇုပ္ပဋိပန္နော **ဘဂဝတော** သာဝကသံဃော၊
၃။ ဉာယပ္ပဋိပန္နော **ဘဂဝတော** သာဝကသံဃော၊
၄။ သာမီစိပ္ပဋိပန္နော **ဘဂဝတော** သာဝကသံဃော၊

www.burmeseclassic.com

www.burmeseclassic.com



ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ
ဧသ ဘဂဝတော သာဝကသံဃော၊

၅။ အာဟုနေယျော
၆။ ပါဟုနေယျော
၇။ ဒက္ခိဏေယျော
၈။ အဉ္ဇလိကရဏီယော
၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

## သံဃာဂုဏ်တော် အနက်အဓိပ္ပာယ်

၁။ ဘဂဝတော = မြတ်စွာဘုရား၏၊
သာဝကသံဃော = သီလဝန်, ဂုဏဝန်, ပညာဝန်, ကလျာဏပုထုဇန် အရှင်မွန် အရှင်မြတ်တို့နှင့် တကွ ပရမတ္ထသံဃာ အရိယာရှစ်ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်၊
သုပ္ပဋိပန္နော = အဓိသီလ, အဓိစိတ္တ, အဓိပညာ, သိက္ခာသုံးရပ် လွန်ကောင်းမြတ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။

၂။ ဘဂဝတော = မြတ်စွာဘုရား၏၊
သာဝကသံဃော = သီလဝန်, ဂုဏဝန်.........သည်၊
ဥဇုပ္ပဋိပန္နော = အဓိသီလ, အဓိစိတ္တ, အဓိပညာ, သိက္ခာသုံးရပ် လွန်ဖြောင့်မတ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။

၃။ ဘဂဝတော = မြတ်စွာဘုရား၏၊
သာဝကသံဃော = သီလဝန်, ဂုဏဝန်.........သည်၊

www.burmeseclassic.com

www.burmeseclassic.com



ဉာယပ္ပဋိပန္နော = အမိသီလ, အမိစိတ္တ, အမိပညာ, သိက္ခာသုံးရပ် လွန်သင့်မြတ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။

၄။ ဘဂဝတော = မြတ်စွာဘုရား၏၊

သာဝကသံဃော = သီလဝန်, ဂုဏဝန်.........သည်၊

သာမီစိပ္ပဋိပန္နော = အမိသီလ, အမိစိတ္တ, အမိပညာ, သိက္ခာသုံးရပ် ရိုသေအပ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။

ယဒိဒံ = ယာနိဣမာနိ စတ္တာရိ ပုရိသယုဂါနိ= အကြင်လေးပါးသော ယောကျ်ားမြတ်အစုံတို့သည်၊

သန္တိ = ရှိကုန်၏။

ယဒိဒံ = ယေဣမေ အဋ္ဌပုရိသပုဂ္ဂလာ = အကြင်ရှစ်ပါးသော ယောကျ်ားမြတ်တို့သည်၊

သန္တိ = ရှိကုန်၏။

၅။ ဘဂဝတော = မြတ်စွာဘုရား၏၊

ဧသ–ဧသော သာဝကသံဃော =ဤလေးစုံရှစ်ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်၊

အာဟုနေယျော = အာဂန္တု၊အား ရည်ရွယ်ထားသော အလှူဝတ္ထုမျိုးကို ခံယူခြင်းငှာ ထိုက်တန်စွာသော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။

၆။ ပါဟုနေယျော = လက်ဆောင်အလို့ငှာယူ၍လာသော အလှူဝတ္ထုမျိုးကို ခံယူခြင်းငှာ ထိုက်တန်စွာသော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



၇။ ဒက္ခိဏေယျော = နောက်နောက်ဘဝ အကျိုးရဖို့ မျိုးချ တုံလတ် မြတ်သော အလှူဝတ္ထုမျိုးကို ခံယူခြင်းငှာ ထိုက်တန်စွာသော သီလ ဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။

၈။ အဉ္ဇလိကရဏီယော = လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့၏ လက်အုပ်ချီခြင်းကို ခံယူထိုက်သော သီလ ဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်နှင့် လည်း ပြည့်စုံတော်မူ၏။

၉။ လောကဿ = လူအပေါင်း၏၊

အနုတ္တရံ = အတုမရှိမြင့်မြတ်သော၊

ပုညက္ခေတ္တံ = ကုသိုလ်မျိုးကို စိုက်ပျိုးချရာ လယ်ယာ မြေကောင်းသဖွယ်လည်း ဖြစ်တော်မူ၏။

တံ = သုပ္ပဋိပန္နအစ ပုညက္ခေတ္တံအဆုံး ဘဝဂ် ချွန်းမျှ ဘုန်းရှိန်ကြီးမား ဂုဏ်ကိုးပါးနှင့် ပြည့်စုံတော်မူသော သံဃာတော်မြတ် အပေါင်းကို။

အဟံ = ခန္ဓာ, အာယတန, ဓာတ်စုမျှကို ကာယသမုတ် အကျွန်ုပ်သည်။

ဝန္ဒာမိ = သဒ္ဓါစိတ်ဇော အာရုံပြော၍ မနောဝစီ ကာယညီလျက် ဦးချိုလက်မိုး ကြာငုံဖြိုး သို့ ရှိခိုးပါ၏ဘုရား။

## သံဃာဂုဏ်တော် လိုရင်းအဓိပ္ပာယ်

၁။ သုပ္ပဋိပန္နဂုဏ်တော် = အလွန်ကောင်းမြတ်သော ပဋိပတ်အကျင့်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံသောဂုဏ်၊

၂။ ဥဇုပ္ပဋိပန္န ဂုဏ်တော် = အလွန်ဖြောင့်မတ်သော ပဋိပတ်အကျင့်နှင့် ပြည့်စုံသောဂုဏ်၊

၃။ ဉာယပ္ပဋိပန္န ဂုဏ်တော် = နိဗ္ဗာန်ရောက်ရန် သင့်မြတ်သော အကျင့်နှင့် ပြည့်စုံသော ဂုဏ်၊

၄။ သာမီစိပ္ပဋိပန္န ဂုဏ်တော် = ရိုသေထိုက်သော ပဋိပတ်အကျင့်နှင့် ပြည့်စုံသော ဂုဏ်၊

၅။ အာဟုနေယျ ဂုဏ်တော် = အဝေးက ဆောင်ယူလာသော အလှူဝတ္ထုကို ခံယူထိုက်သောဂုဏ်၊

၆။ ပါဟုနေယျ ဂုဏ်တော် = ဧည့်သည်အတွက် စီမံထားသော အလှူဝတ္ထုကို ခံယူထိုက်သောဂုဏ်၊

၇။ ဒက္ခိနေယျ ဂုဏ်တော် = နောင်ဘဝအကျိုးရဖို့ရန် ရည်သန်သော အလှူကို ခံယူထိုက်သောဂုဏ်၊

၈။ အဉ္ဇလိကရဏီယ ဂုဏ်တော် = လက်အုပ်ချီမိုး ရှိခိုးထိုက်သောဂုဏ်၊

၉။ အနုတ္တရ ပုညက္ခေတ္တ ဂုဏ်တော် = ကုသိုလ်မျိုးကို စိုက်ပျိုးချရာ လယ်ယာမြေကောင်းနှင့် တူသောဂုဏ်။

## သံဃာဂုဏ်တော်ကဗျာ

သံဃာ့ဂုဏ်တော် သချာမှတ်ဖို့ ကဗျာစပ်လို့ဆိုကြမယ်–

၁။ ကောင်းကောင်းပြန် အမြတ် ကျင့်ကြံတတ်တဲ့၊ ဘုရား သားတော် ဖြစ်ပါတယ်။

၂။ ဖြောင့်ဖြောင့်မတ်မတ် ကျင့်ကြံတတ်တဲ့၊ ဘုရားသားတော် ဖြစ်ပါတယ်။

၃။ နိဗ္ဗာန်ရည်သန် ကျင့်ကြံတတ်တဲ့၊ ဘုရားသားတော် ဖြစ်ပါတယ်။

၄။ ရိုသေထိုက်ရန် ကျင့်ကြံကြတဲ့၊ ဘုရားသားတော် ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဖိုလ်လေးစုံ ရှစ်ပုံပြားတဲ့ ဘုရားသားတော်အရိယာကွယ်၊
၅။ ရပ်ဝေးသယ်လာ ဥစ္စာများကို၊ ဦးဦးဖျားဖျား ခံထိုက်တယ်၊
၆။ ဧည့်သည်ဖို့ရာ ဥစ္စာများကို၊ ဦးဦးဖျားဖျား ခံထိုက်တယ်၊
၇။ နောင်ဖို့လှူရာ ဥစ္စာများကို၊ ဦးဦးဖျားဖျား ခံထိုက်တယ်၊
၈။ လက်အုပ်ချီမိုး ရှိခိုးအထူးကို၊ ဦးဦးဖျားဖျား ခံထိုက်တယ်၊
၉။ လူနတ်ပြဟ္မာ ကောင်းမှုမျိုးကို၊ အပျိုးထိုက်ဆုံး ယာမြေလယ်၊
သံဃာ့ဂုဏ်တော် ကိုးဖြာပဲကွဲ့ အသည်းစွဲအောင် မှတ်ကြကွယ်
မှတ်ကွယ်...မှတ်ကွယ်...။
(အရှင်သုန္ဒရ၊ ဘီအေ၊ကဗျာမှ ဆင့်ပွားနွယ်သစ်)

## သံဃာနုဿတိ

(သံဃာဂုဏ်တော်ကို အဖန်ဖန်ရှုပွားခြင်း)

သံဃာတော်ဆိုသည်မှာ **အရိယာသံဃာ**နှင့် **သမ္မုတိသံဃာအပေါင်း**ကို ခေါ်သည်။ အရိယာသံဃာတွင် အရိယာပုဂ္ဂိုလ် ၈–မျိုးပါဝင်သည်။ **ပရမတ္ထသံဃာတော်** ဟုလည်း ခေါ်တွင်သည်။ ကိလေသာနည်းပါးသူများ သို့မဟုတ် ကိလေသာ လုံးဝကင်းစင်သူများ ဖြစ်၍ မြင့်မြတ်သော ပုဂ္ဂိုလ်များဖြစ်ကြသည်။

သမ္မုတိသံဃာသည် သိမ်တွင် ကမ္မဝါဖတ်၍ ရဟန်းဖြစ်ကြသော ပုဂ္ဂိုလ်များဖြစ်ကြသည်။ သူတို့သည် လောဘ, ဒေါသ, မောဟ စသော ကိလေသာများ ကင်းစင်ရန် တရားတော်နှင့်အညီ ကျင့်ကြံအားထုတ်နေသူများ ဖြစ်ကြသည်။ ထို့ကြောင့် အရိယာအနွယ်ဝင် ပုဂ္ဂိုလ်များဖြစ်၍ မြင့်မြတ်သူများ ဖြစ်ကြသည်။

အရိယာသံဃာနှင့် သမ္မုတိသံဃာတို့သည် ဗုဒ္ဓသာသနာ၌သာ ရှိနိုင်ကြသည်။ အခြားသာသနာများ၌ မရှိနိုင်ကြပါ။

ပုဂ္ဂိုလ်တစ်ဦး၏ အယုတ်အမြတ်ဖြစ်ခြင်းကို ကိလေသာဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တိုင်းတာသည်။ ကိလေသာ ထူပြောသူများကို **"ပုထုဇဉ်"**ဟု ခေါ်သည်။ ပုထုဇဉ်သည် မကောင်းမှုများကို များစွာ ပြုတတ်သဖြင့် လူမိုက်ဟု ခေါ်ဆိုရ၏။ မြတ်စွာဘုရား၏ တရားတော်ကို မသိနားမလည်သော ပုထုဇဉ်အား **"အန္ဓပုထုဇဉ်** = မျက်စိကန်းသော ပုထုဇဉ်"ဟု ခေါ်သည်။

တရားသဘောသိနားလည်သော ပုထုဇဉ်ကို **"ကလျာဏ ပုထုဇဉ်** = ကောင်းသော ပုထုဇဉ်"ဟု ခေါ်သည်။

ကိလေသာနည်းပါးအောင် သီလသိက္ခာ= သီလအကျင့်၊ သမာဓိသိက္ခာ= သမာဓိထူထောင်သော အကျင့်၊ ပညာသိက္ခာ= ပညာထူထောင်သော အကျင့်တို့ကို ကျင့်ရသည်။ ဤအကျင့်မြတ်သည် ကိလေသာကို ပယ်သတ်၍ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးစွမ်းနိုင်သည်။

သီလ၊ သမာဓိ၊ ပညာမြင့်မားလေလေ ကိလေသာ နည်းပါးလေလေ ဖြစ်သဖြင့် ပို၍ မြင့်မြတ်စေလေလေ ဖြစ်သည်။

မြင့်မြတ်သော ပုဂ္ဂိုလ်များ ဖြစ်ကြသည့် သံဃာတော်ကို ဖူးတွေ့ရ၊ ရှိခိုးရ၊ လှူဒါန်းရခြင်းတို့သည် အလွန်အကျိုးကျေးဇူးများ၏။ ထို့ကြောင့် သံဃာတော်သည် ကုသိုလ်မျိုးစေ့ ပျိုးစိုက်ကြရန် အကောင်းဆုံး လယ်ယာမြေနှင့် တူသည်။

**သံဃော လောကေ သမုပ္ပန္နော ပုညက္ခေတ္တံ အနုတ္တရံ။**

လူ့ဘုံဌာန လူ့လောက၌ ကုသိုလ်မျိုးစေ့ ပျိုးစိုက်ကြရန်၊ အကောင်းဆုံး လယ်ယာမြေအဖြစ် သံဃာရတနာသည်လည်း ပွင့်ထွန်းပေါ်ပေါက်လာပေ၏။

သံဃာ့ဂုဏ်တော်ပါဠိကိုဖြစ်စေ၊ ကဗျာကိုဖြစ်စေ၊ သံဃာ့ ဂုဏ်တော်တစ်ပါးပါးကိုဖြစ်စေ၊ အဖန်ဖန် ရွတ်ဆိုခြင်းကို "သံဃာ နုဿတိ"ဟု ခေါ်၏။

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းသံဃာများကို ဖူးတွေ့ရသည့်အခါ သံဃာဂုဏ်တော်များကို ရွတ်ပွားပါ။ သံဃာနုဿတိဖြစ်၏။

မြတ်စွာဘုရားလက်ထက်တော်က ရွာသူအိမ်ရှင်မ တစ်ယောက်သည် ရဟန်းသံဃာများ စီတန်းကြွသွားသည်ကို မျက်စိတဆုံးကြည့်၍ ကြည်ညိုစိတ်ဖြစ်၏။ ဤသို့ ကြည်ညိုစိတ်ဖြစ်ခဲ့သည့်အတွက် သေလွန်သောအခါ နတ်ပြည်သို့ လားရ၏။

## သံဃာဂုဏ်တော်ပွားများခြင်းအကျိုး

သံဃာဂုဏ်တော်ကို ပွားများလျှင် ဘုရားဂုဏ်တော် ပွားများသကဲ့သို့ပင် အကျိုးကျေးဇူးများရရှိမည်။ ဆောင်ပုဒ်လင်္ကာမှာ–

၁။ ကိလေမနှောင့်၊ ၂။ စိတ်စဉ်ဖြောင့်၏၊
၃။ ဘုန်းခေါင့်သံဃာ၊ မှန်စွာရိုသေ၊
၄။ သဒ္ဓါစွေ၍၊ ၅။ နှစ်ထွေပီတိ၊
၆။ သည်းခံချို၏၊ ၇။ ပြုဘိသမုတ်၊ ဥပုသ်သိမ်ပမာ၊
၈။ သံဃာနှင့်နေ၊ ၉။ ထင်ပေဟိရောတ်၊
၁၀။ စိတ်ညွတ်သံဃ၊
၁၁။ မဂ်မရလည်း၊ ရောက်ထနတ်ရွာ၊ ကောင်းကျိုးလာသည်၊ သံဃာဂုဏ်တော်ပွားကျိုးတည်း။

(မာဂဓီသာစည်)

## ရတနာမြတ်သုံးမျိုး အစဉ်ရှိခိုး

ကုသိုလ်တိုးပွား၍ ကောင်းကျိုးချမ်းသာ ရစေခြင်းအကျိုးငှာ ဘုရား၊ တရား၊ သံဃာတို့ကို နံနက်ညနေ မှန်မှန်ရှိခိုးရမည်။ ထိုသို့ရှိခိုးသည့်အခါ

**"ခြေ–လက်–နဖူး၊ တံတောင်–ဒူး၊ ငါးဦးညီညွတ်စေ"**

www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့်အတိုင်း ထိခြင်းငါးပါးဖြင့် သုံးကြိမ် ရှိခိုးဦးချရမည်။ ရှိခိုးသည့်အစီအစဉ်မှာ-

(၁) ဘုရားဆင်းတုတော်၊ စေတီတော် သို့မဟုတ် သံဃာတော်ကို မျက်နှာမူ၍ ယောကျ်ားများက ဆောင့်ကြောင့်ထိုင်ပါ၊ အမျိုးသမီးများက တင်ပါးလွှဲထိုင်ပါ။

(၂) လက်အုပ်ကို နဖူးအထိမြှောက်ချီပါ။

(၃) ဒူးထောက်ချပြီး လက်အုပ်ကို မြေပြင်ကြမ်းပြင်သို့ ချပါ၊ လက်ဝါးဖြန့်ပါ။

(၄) တံတောင်ဆစ်နှစ်ဘက်ကို မြေပြင်၊ ကြမ်းပြင်သို့ ထိအောင် လက်ဝါးနှစ်ဘက်ကို ရှေ့သို့ တိုးပါ။

(၅) နဖူးကို လက်ဖမိုးပေါ် သို့မဟုတ် ကြမ်းပြင်ပေါ်သို့ ထိအောင် နိမ့်ချပါ။

ထိုသို့ ဦးချနေသည့်အခါ ပထမအကြိမ်တွင် "ဗုဒ္ဓံပူဇေမိ"၊ ဒုတိယအကြိမ်တွင် "ဓမ္မံပူဇေမိ"၊ တတိယအကြိမ်တွင် "သံဃံ ပူဇေမိ"ဟု ဆိုပါ။

အောက်ပါအတိုင်း ရွတ်ဆိုပါ။

(၁) ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ပူဇေမိ၊ ပူဇော်ပါ၏ ဘုရား။

(၂) ဓမ္မံ၊ တရားတော်မြတ်ကို။ ပူဇေမိ၊ ပူဇော်ပါ၏ ဘုရား။

(၃) သံဃံ၊ သံဃာတော်မြတ်ကို။ ပူဇေမိ၊ ပူဇော်ပါ၏ ဘုရား။

## အိပ်ရာဝင်ထ ရွတ်ဆိုကြ

(၁) မိုးချုပ်နေဝင် ပြင်မထွက်နဲ့၊ သရဲသဘက် ဆွဲတတ်တယ်။ မဆွဲနိုင်အောင် ဘုရားပေးတဲ့၊ တရားဆေးနဲ့ ပေါက်လိုက်မယ်။ တရားဆေးဟာ ဘယ်မှာတုန်းကွဲ့ ငါ့လဲပေးအုံး (မောင် မောင်)ရယ်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ရွတ်ကွယ်၊ သရဲလွတ်လို့ ပြေးလိမ့်မယ်။
ပြေးမယ်...ပြေးမယ်...။

(၂) အိပ်ရာဝင်သော် သတိရဖို့၊ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာရယ်။ ကိုးကွယ်ပါတယ် စိတ်မှာညွတ်လို့၊ နှုတ်ပါတွတ်တွတ် ရွတ်ရတယ်။ အိပ်ရာထပြန် တစ်ဖန်ထပ်၍၊ မှန်မှန်မပြတ် ရွတ်ပါကွယ်။ ဘေးအန္တရာယ် ရန်စွယ်ကင်းလို့၊ ကောင်းခြင်းသုခ ရလိမ့်မယ်။

ရမယ်...ရမယ်...။

(မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ)

## ရတနာမြတ်သုံးပါးကို ရှိခိုးပူဇော်ရသောအကျိုး

ရတနာမြတ်သုံးပါးသည် အတုမရှိ မြင့်မြတ်သော ဂုဏ်တော်များနှင့် ပြည့်စုံသည်။ ရတနာသုံးပါးကို ရှိခိုးပူဇော်သူသည် ထိုမြင့်မြတ်သော ဂုဏ်တော်များကို ရှိခိုးပူဇော်ရခြင်းဖြစ်၍ အလွန်ကြီးကျယ်သော အကျိုးကျေးဇူးများကို ရရှိသည်။ ဘေးရန်အန္တရာယ်များ လုံခြုံသည်၊ စိတ်ကူးအကြံအစည်များ အောင်မြင်သည်၊ လာဘ်လာဘပေါသည်၊ လူနတ်တို့ချစ်ခင်သည်၊ စိတ်ချမ်းသာကြည်နူးသည်၊ သေလွန်သောအခါ လူ့ဘုံ၊ နတ်ဘုံသို့ရောက်ရသည်။

မြတ်စွာဘုရား လက်ထက်တော်က ရာဇဂြိုလ်မြို့၌ ကစားဖော်ကလေးနှစ်ယောက်ရှိ၏။ တစ်ယောက်က သမ္မာဒိဋ္ဌိ = မှန်သောအယူရှိ၏။ ကျန်တစ်ယောက်က မိစ္ဆာဒိဋ္ဌိ = မှားသောအယူရှိ၏။ သူတို့နှစ်ဦးခုံညင်းပစ်ကစားကြရာ သမ္မာဒိဋ္ဌိကလေးက **"နမောဗုဒ္ဓဿ"** (မြတ်စွာဘုရားကို ရှိခိုးပါ၏)ဟု ဆိုပြီး ခုံညင်းကို ပစ်၏။ မိစ္ဆာဒိဋ္ဌိကလေးက သူတို့ကိုးကွယ်သော ဘုရားကို တိုင်တည်ပြီး ခုံညင်းကို ထိုး၏။ ကစားတိုင်း သမ္မာဒိဋ္ဌိကလေးက နိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



"နမောဗုဒ္ဓဿ"ဆို၍ နိုင်ကြောင်းသိရလျှင် မိစ္ဆာဒိဋ္ဌိကလေး ကလည်း လိုက်ဆို၏။ တခြားကလေးများနှင့် ခုံညင်းပစ်ကစားရာ သူလည်း နိုင်၏။ ထို့ကြောင့် မိစ္ဆာဒိဋ္ဌိကလေးသည် "နမောဗုဒ္ဓဿ"ကို အမြဲရွတ်ဆို၏။

တစ်နေ့တွင် ထိုကလေးသည် တောသို့ ထင်းခုတ်သွားသော ဖခင်နှင့် လိုက်သွား၏။ ထင်းခုတ်ပြီးပြန်လာရာ မြို့ပြင်သုဿာန် (သင်္ချိုင်း)အနီး၌ လှည်းကိုဖြုတ်၏။ အပန်းဖြေနေစဉ် နွားနှစ်ကောင်ကို မြက်စားရန် လွှတ်ထား၏။ ညနေချိန် အခြားနွားများမြို့ထဲဝင်ကြရာ ထိုနွားနှစ်ကောင်လည်း လိုက်ဝင်သွားကြ၏။ ဖခင်သည် နွားနှစ်ကောင် ကိုလိုက်ရှာရာ မြို့ထဲရောက်သွား၏။ ဖခင်ပြန်လာသည့်အခါ မြို့တံခါး ပိတ်သွားပြီ။ ဖခင်သည် မြို့ပြင်သို့ ထွက်ခွင့်မရသဖြင့် အိမ်ပြန်သွား၏။

ကလေးငယ်က ဖခင်ကိုမျှော်နေသည်၊ ထမင်းလည်း ဆာလှနေသည်၊ မိုးချုပ်လာသဖြင့် လှည်းအောက်၌ပင် ခွေခွေကလေး အိပ်ပျော်သွား၏။

ညဉ့်နက်လျှင် ဘီလူးကြီးနှစ်ကောင် အစာရှာထွက်ကြ၏။ ကလေး ငယ်ကိုမြင်လျှင် စားရန် ချဉ်းကပ်လာကြ၏။ ဘီလူးကြီးနှစ်ကောင် အနက် သမ္မာဒိဋ္ဌိ ဘီလူးက "ဟေ့ သူငယ်ချင်း... ဒီကလေးက ဘုရားသားကွယ့်၊ တို့စားလို့မရဘူး"ဟု ဆို၏။ ကျန်ဘီလူးက မိစ္ဆာဒိဋ္ဌိအယူရှိ၏၊ နားမထောင်ဘဲ ကလေးခြေထောက်ကိုဆွဲ၏။ ကလေးလန့်နိုးပြီး "နမောဗုဒ္ဓဿ"ဟု ဆိုလိုက်၏။

မိစ္ဆာဒိဋ္ဌိဘီလူးသည် ရင်ဝ၌ မီးမောင်းအထိုးခံလိုက်ရသလို ပူလောင်လာ၏။ "သူငယ်ချင်းရာ ကူပါဦး"ဟု သူ့အဖော်ဘီလူးကို အကူအညီတောင်း၏။

"ငါပြောသားပဲ၊ ဘုရားရဲ့သားတော်ကို စားလို့ မရဘူး။ မင်း ကလေးကို ပစ်မှားတဲ့အတွက် တောင်းပန်ရမယ်။ ကလေးက

www.burmeseclassic.com

www.burmeseclassic.com



ထမင်းအင်မတန်ဆာနေတယ်၊ ဗိမ္ဗိသာရနန်းတော်က ထမင်းခေါ်ယူပြီး ကျွေးကွာ"

မိစ္ဆာဒိဋ္ဌိဘီလူးသည် နန်းတော်မှ ပွဲတော်အုပ်ကို ထမင်းထည့်ပြီး ယူလာ၏။ ကလေး၏ဖခင်အသွင် ဖန်ဆင်းပြီး ကလေးကိုထမင်းကျွေး၏။ ထမင်းစားပြီးကလေး စိတ်ချလက်ချပြန်အိပ်ရာ အိပ်ပျော်သွား၏။

နံနက်မိုးသောက်သော် ရွှေပွဲတော်အုပ်ပျောက်ကြောင်း သိရသဖြင့် မင်းချင်းများ လိုက်ရှာကြ၏။ မြို့တွင်း၌ ရှာမတွေ့သဖြင့် မြို့ပြင်ထွက်လာကြ၏။ လှည်းပေါ်၌ ပွဲတော်အုပ်ကိုတွေ့ရသဖြင့် ကလေးကို ခေါ်ဆောင်ပြီး ဗိမ္ဗိသာရမင်းထံအပ်၏။ ရွှေပွဲတော်အုပ်၌ မင်းကြီးသာ မြင်စေရန် နတ်ဘီလူးတို့က တန်ခိုးဖြင့် စာရေးထား၏။ သူတို့က ရွှေခွက်နှင့် ထမင်းထည့်ယူပြီး ကလေးကို ကျွေးမွေးသည့်အကြောင်း ရေးထား၏။

ရှင်ဘုရင်သည် ကလေးငယ်နှင့် ကလေးမိဘနှစ်ဦးကိုပါ ခေါ်၍ မြတ်စွာဘုရားထံသွား၏။ မြတ်စွာဘုရားက ကလေးကို ဘီလူးများ ထမင်းကျွေးသည်မှာ မှန်ကြောင်း မိန့်ဆိုတော်မူ၏။ ဗိမ္ဗိသာရမင်းက လျှောက်ထား၏။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဘုရားဂုဏ်တော်ကို အောက်မေ့ခြင်းသာလျှင် ဘေးရန်လုံပါသလား၊ တရားဂုဏ်၊ သံဃာဂုဏ်တို့ကို အောက်မေ့လျှင်ကော ဘေးရန် လုံခြုံပါသလား"

"မင်းကြီး လုံခြုံပါတယ်။ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်၊ မေတ္တာ၊ ကရုဏာ၊ တစ်မျိုးမျိုးကို ပွားများနေရင် ဘေးရန်အားလုံး လုံခြုံပါတယ်၊ အခြားအစောင့်အရှောက် အကွယ်အကာ ဂါထာ မန္တရားတွေ မလိုတော့ဘူး"

မြတ်စွာဘုရားသည် အကျဉ်းမျှ တရားဟောပြတော်မူရာ

www.burmeseclassic.com

www.burmeseclassic.com



ကလေးနှင့် မိဘနှစ်ပါးတို့ သောတာပန်ဖြစ်ကြ၏။ မင်းကြီးကလည်း သူတို့ကို ဆုလာဘ်များစွာ ပေးသနားတော်မူ၏။

## အပါယ်မကျအောင် ကယ်မဆောင်

သာဝတ္ထိပြည်ကြီး၌ ချမ်းသာကြွယ်ဝသော ပုဏ္ဏားတစ်ယောက် ရှိသည်။ အလွန်ကပ်စေးနှဲသဖြင့် ပစ္စည်းအနည်းငယ်ကိုမျှ မပေးလှူဖူးချေ။ ထို့ကြောင့် **အဒိန္နပုဗ္ဗက**ဟုအမည်တွင်၏။

ဤပုဏ္ဏားတွင် သားတစ်ယောက်ရှိ၏။ သားငယ်ဝတ်ဆင်ရန် နားဋောင်းကို ရွှေပန်းထိမ်သည်အား ပြုလုပ်စေလျှင် အခကြေးငွေ ကုန်မည်စိုး၍ ပုဏ္ဏားကိုယ်တိုင် ပြုလုပ်၏။ ထိုနားဋောင်းပန်ဆင်သဖြင့် သူငယ်ကို **မဋ္ဌကုဏ္ဍလီ**ဟု ခေါ်ကြ၏။

မဋ္ဌကုဏ္ဍလီ ၁၆–နှစ်အရွယ်သို့ ရောက်သော် ကိုယ်လက် ဖျော့တော့သော ပဏ္ဍုရောဂါဖြစ်၏။ ဆေးဆရာခေါ်လျှင် ငွေကုန်မည် စိုးသဖြင့် ဆေးဆရာတို့ထံ သွား၏။ "ဤအမည်ရှိသော ရောဂါကို သင်တို့ မည်သည့်ဆေးကိုပေး၍ ကုသသနည်း"ဟု မေး၏။

"အိုပုဏ္ဏား၊ ဤသို့သော သစ်ခွံသစ်ခေါက်တို့ကို စုဆောင်း ထောင်းထု၍ တိုက်ကျွေးသည်"ဟု ဆေးဆရာတို့ ပြောကြား၏။

ပုဏ္ဏားသည် ကိုယ်တိုင် ဆေးဖော်စပ်၍ ကု၏။ ရောဂါသည် မယုတ်လျော့ဘဲ တိုးပွားလာ၏။ ပုဏ္ဏား၏ ဇနီးက ဆေးဆရာခေါ်ရန် တိုက်တွန်း၏။ ပုဏ္ဏားက ဆေးဆရာတစ်ယောက် ခေါ်လာ၏။ ဆေးဆရာသည် ရောဂါကျွမ်းနေသည့်အဖြစ်ကိုသိ၍ "ငါတို့အား ပြုဖွယ်ကိစ္စရှိသေးသည်၊ အခြားဆေးသမားကိုခေါ်ပြီး ကုပါ"ဟု ဆို၏။

ပုဏ္ဏားသည် သားသေတော့မည်ကို သိလာ၏။ သူငယ်ကိုကြည့်ရှု လူများစွာ လာရောက်ကြသည့်အခါ အိမ်တွင်း၌ သူ့သိမ်းဆည်း

www.burmeseclassic.com

www.burmeseclassic.com



သိုမှီးထားသော ပစ္စည်းများကို မြင်တွေ့သွားမည်ကို စိုးရိမ်၏။ ထို့ကြောင့် သားကို အိမ်ဦးအပြင်၌ ရွှေ့ထား၏။

ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေသော မြတ်စွာဘုရားသည် နံနက်စောစော အချိန်တွင် ကျွတ်ထိုက်သောသတ္တဝါတို့ကို ကြည့်ရှုတော်မူ၏။ အိမ်ဦးကြမ်းပြင်၌ ပြင်းထန်သော ရောဂါဝေဒနာဖြင့် လျောင်းစက်နေသည့် မဋ္ဌကုဏ္ဍလီကို မြင်တော်မူ၏။ မကြာမီ မဋ္ဌကုဏ္ဍလီကွယ်လွန်ပြီး အပါယ်ကျမည်ကိုလည်း သိတော်မူ၏။ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဘုံတစ်မျိုးမျိုး၌ ဖြစ်ရခြင်းကို အပါယ်ကျသည်ဟု ဆို၏။

မြတ်စွာဘုရားသည် သနားတော်မူသဖြင့် သံဃာတော်အပေါင်း ခြံရံလျက် ဆွမ်းခံကြွတော်မူသောအခါ ပုဏ္ဏားအိမ်ရှေ့၌ ရပ်တော်မူ၏။ မဋ္ဌကုဏ္ဍလီသည် အိမ်အတွင်းဘက်သို့ လှည့်၍ လျောင်းစက်နေသဖြင့် မြတ်စွာဘုရားကို မမြင်ချေ။ မြတ်စွာဘုရားသည် ရောင်ခြည်တော် တစ်မျိုးကို လွှတ်တော်မူ၏။ 'ဘာအရောင်ပါလဲ'ဟု သိလိုသဖြင့် မဋ္ဌကုဏ္ဍလီသည် ဦးခေါင်းကို လမ်းဘက်သို့ အသာလှည့်၍ ကြည့်၏၊ မြတ်စွာဘုရားကို မြင်ရလေပြီ။

"သြော်... မြတ်စွာဘုရားသည် ကြည်ညိုဖွယ်ကောင်းလေစွ။ မိုက်မဲလှစွာသောဖခင်ကို မှီရခြင်းကြောင့် မြတ်စွာဘုရားကို မဆည်းကပ်ခဲ့ရ၊ အမှုကြီးငယ်ကို မဆောင်ရွက်ပေးခဲ့ရ၊ တရားတော်ကို လည်း မနာကြားခဲ့ရ။ ယခုအခါ ရောဂါဖိစီးနေသဖြင့် လက်အုပ်ချီမိုး ရှိခိုးခြင်းကိုမျှ ငါမပြုနိုင်ပါတကား"

မဋ္ဌကုဏ္ဍလီသည် ဤသို့ စဉ်းစားမိပြီး စိတ်ဖြင့်သာ မြတ်စွာဘုရားကို ကြည်ညိုနေ၏။ ဤကုသိုလ်စိတ်တို့က မကြာမီ အကျိုးပေးတော့မည်ကို သိတော်မူသဖြင့် မြတ်စွာဘုရားကြွသွားတော်မူ၏။

မြတ်စွာဘုရားကို ကြည်ညိုနေရင်းပင် မဋ္ဌကုဏ္ဍလီကွယ်လွန်၏။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင်လျှင် အိပ်သောယောက်ျား နိုးသောလားသို့ တာဝတိံသာ နတ်ပြည်၌ ယူဇနာသုံးဆယ်ကျယ်ဝန်းသည့် ရွှေဗိမာန်၌ နတ်သား ဖြစ်လေ၏။ နတ်သမီးတစ်ထောင်ခြံရံ၏။

ပုဏ္ဏားသည် သား၏ ရုပ်အလောင်းကို သဂြိုဟ်ပြီးနောက် သုသာန်သို့ နေ့စဉ်သွား၍ ငိုကြွေး၏။ မဋ္ဌကုဏ္ဍလီနတ်သားသည် အဘယ်ကုသိုလ်ကံကြောင့် နတ်စည်းစိမ်ရသည်ကို ဆင်ခြင်သော် မြတ်စွာဘုရားကို ကြည်ညိုသောစိတ်ကြောင့် ရသည်ကို သိလာ၏။ သူ၏ ဖခင်က သုသာန်၌ ငိုကြွေးသည်ကိုလည်း မြင်၏။

မဋ္ဌကုဏ္ဍလီနတ်သားသည် မူလလုလင်အသွင်ဖြင့် သုသာန်သို့ ဆင်းလာပြီး လက်နှစ်ဘက်ကိုမြှောက်လျက် ပြင်းထန်စွာ ငိုကြွေး၏။ ပုဏ္ဏားမြင်သဖြင့် မေး၏။

"ငါ့ရဲ့ ရင်နှစ်သည်းချာ မဋ္ဌကုဏ္ဍလီနှင့် တူပေသော လုလင်၊ အဘယ်အကြောင်းကြောင့် သုသာန်အလယ်မှာ လက်မောင်းတို့ကို မြှောက်ချီပြီး ပြင်းထန်စွာ ငိုကြွေးနေသနည်း"

"အိုပုဏ္ဏား၊ ကျွန်ုပ်၌ ရွှေအစစ်နှင့် ပြုလုပ်ထားသော ရထားအိမ်ရှိပါ၏၊ ရထားဘီးနှစ်ခုမရှိသေးပါ၊ ရထားဘီးလိုချင်၍ ကျွန်ုပ် ပြင်းစွာ ငိုကြွေးပါသည်"

"အိုလုလင်၊ သင့်လှည်းအိမ်အတွက် ရွှေရထားဘီးကို လိုချင်သလား၊ ငွေရထားဘီးကို လိုချင်သလား၊ ပတ္တမြားရထားဘီးကို လိုချင်သလား၊ သင်လိုချင်ရာကို ပြောပါ၊ ကျွန်ုပ် ပြုလုပ်ပေးပါအံ့"

"အိုပုဏ္ဏား၊ ကျွန်ုပ်လှည်းအိမ်အတွက် ရတနာ လှည်းဘီးကို မလိုချင်ပါ။ ကောင်းကင်၌ လှည့်လည်သွားလာနေကြသော နေနှင့်လတို့ကို ရ[illegible]ဘီးပြု[illegible]ချင်ပါသည်"

"အမောင်လုလင်၊ သင့်ခန္ဓာပျက်ကြွေ၍ သေအောင်ငိုကြွေး ပါသော်လည်း နေနှင့်လကို လှည်းဘီးလုပ်ရန် မရနိုင်[illegible]။

www.burmeseclassic.com

www.burmeseclassic.com



သင်သည် အလွန်မိုက်မဲလှဘိ၏”

“အိုပုဏ္ဏား၊ ကျွန်ုပ်သည် မျက်ဝါးထင်ထင်မြင်တွေ့နေရသော နေနှင့်လတို့ကို လိုချင်၍ ငိုကြွေးနေသည်။ သင်သည်ကား သေလွန်ပြီးသောသားကို အရိပ်အရောင်မျှ မမြင်ရဘဲလျက် ငိုကြွေးတမ်းတဘိ၏။ ကျွန်ုပ်တို့နှစ်ဦးတွင် မည်သူက ပို၍မိုက်မဲသနည်း”

“အမောင်လုလင်၊ သင်သည် သင့်တင့်လျောက်ပတ်ကောင်းမြတ်သောစကားကို ပြောကြားပေ၏။ ကောင်းကင်က နေနှင့်လကို တောင့်တဘိသကဲ့သို့ သေလွန်ပြီးသောသားကို တောင့်တ၍ ငိုကြွေးခြင်းသည် မိုက်မဲလှစွာ၏”

ပုဏ္ဏားသည် ပူဆွေးသောကကို ပယ်ရှားလိုက်နိုင်သဖြင့် သက်သာရာရသွား၏။ သောကငြိမ်းကြောင်းတရားစကား ပြောကြားပေးသည့် လုလင်ကို ကျေးဇူးတင်၏။ ထို့နောက် “သင်ကား အဘယ်သူနည်း”ဟု မေး၏။

“အိုပုဏ္ဏား၊ သင်သည် သေပြီးသောသားအလောင်းကို ဖုတ်ကြည်းသင်္ဂြိုဟ်ပြီးနောက် ထိုသားကို တမ်းတကာငိုကြွေးနေသည်။ ထိုသားသည် ကုသိုလ်ကံထောက်မ၍ တာဝတိံသာနတ်ပြည်၌ ဖြစ်၏။ ထိုနတ်သားကား ငါပင်တည်း”

“အိုလုလင်၊ ငါ့သား မဋ္ဌကုဏ္ဍလီသည် ပေးလှူအပ်သောဒါနလည်း မရှိ၊ စောင့်ထိန်းအပ်သော သီလလည်းမရှိ၊ သို့စင်လျက် သေပြီးသည့်နောက် နတ်ရွာသုဂတိသို့ရောက်သွားသည်မှာ အဘယ်ကံကြောင့်နည်း”

“အိုပုဏ္ဏား၊ ငါသည် နာကျင်ခံခက်သော ရောဂါဝေဒနာဖိစီးလျက် သင်၏ အိမ်ရှေ့ကြမ်းပြင်၌ လျောင်းနေစဉ် မြတ်စွာဘုရား ဆွမ်းခံကြွတော်မူလာ၏။ ထိုမြတ်စွာဘုရားကို ဖူးမြင်ရသဖြင့် ကြည်ညိုသည့်စိတ်ဖြစ်ခဲ့ရ၏။ ထိုစိတ်စေတနာကြောင့် တာဝတိံသာ နတ်ပြည်၌ ငါ [illegible]ချင်လည်း မွေ့လျော်ရပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို ကြားသည့်အခါ နှစ်သက်မှုပီတိသည် ပုဏ္ဏား၏ တစ်ကိုယ်လုံး၌ လျှံတက်လာ၏။ ထို့နောက် ချီးမွမ်းလိုသဖြင့်–

"အိုလုလင်၊ သင်သည် မြတ်စွာဘုရားကို ကြည်ညိုသည့် စိတ်ဖြစ်ရုံမျှဖြင့် နတ်စည်းစိမ်ကို ရရှိခြင်းသည် အလွန်ချီးကျူး ထိုက်သော ဖြစ်ရပ်ပါပေ၊ မဖြစ်ဖူးသော အံ့ဖွယ်ကြီးပါပေ။ ငါသည် လည်း ယနေ့မှစ၍ မြတ်စွာဘုရားကို ဆည်းကပ်ကိုးကွယ်ပါတော့အံ့"

"အိုပုဏ္ဏား၊ သင်သည် မြတ်စွာဘုရားကိုလည်းကောင်း၊ တရားတော်မြတ်ကိုလည်းကောင်း၊ သံဃာတော်မြတ်ကိုလည်းကောင်း ကိုးကွယ်ဆည်းကပ်ပါလော့။ သင်၏ အိမ်၌ ပစ္စည်းဥစ္စာတို့သည် များစွာရှိပေ၏။ ဘုရားနှင့် သံဃာတော်ကို လှူဒါန်းပါလော့"

"အိုနတ်သား၊ သင်သည် ငါ၏ အကျိုးစီးပွားကို အလိုရှိပေ၏၊ သင်သည် ငါ၏ ဆရာပေတည်း၊ ငါသည် သင်၏ စကားကို လိုက်နာ၍ ဒါနပြုပါတော့အံ့"

"မြတ်စွာဘုရားထံ၌ တရားနာကြားပါ၊ မသိသည်များကိုလည်း မေးမြန်းပါ"ဟု တိုက်တွန်းပြီး ထိုနေရာ၌ပင်လျှင် နတ်သား ကွယ်ပျောက်သွား၏။

ပုဏ္ဏားသည် ဇေတဝန်ကျောင်းတော်သို့သွား၍ မြတ်စွာဘုရားအား ရှိခိုး၏။ 'အရှင်ဂေါတမ၊ ယနေ့နံနက်အခါ သံဃာတော်နှင့်တကွ အကျွန်ုပ်၏အိမ်၌ ဆွမ်းဘုဉ်းပေးရန် သည်းခံတော်မူပါ'ဟု လျှောက် ထား၏။ မြတ်စွာဘုရား သည်းခံတော်မူ၏။

ပုဏ္ဏားသည် လျင်မြန်စွာ အိမ်သို့ပြန်၍ မွန်မြတ်သော ဆွမ်း ခဲဖွယ်တို့ကို စီရင်စေ၏။ မြတ်စွာဘုရားသည် ရဟန်းသံဃာခြံရံ၍ ပုဏ္ဏားအိမ်သို့ ကြွတော်မူ၏၊ ခင်းထားသောနေရာ၌ သီတင်းသုံးတော်မူ ၏။ ပုဏ္ဏားလည်း ရိုသေစွာ ဆွမ်းလုပ်ကျွေး၏။

တစ်ကြိမ်တစ်ခါမျှ မလှူဒါန်းဘူးသောပုဏ္ဏားက ဘုရားမှူးပြု

www.burmeseclassic.com

www.burmeseclassic.com



သော သံဃာတော်ကို ဆွမ်းလှူကြောင်း ကြားသိရသဖြင့် လူများစွာတို့ စုရုံးရောက်လာကြ၏။

မြတ်စွာဘုရားနှင့် သံဃာတော်တို့ ဆွမ်းဘုဉ်းပြီးသောအခါ ပုဏ္ဏားသည် ဘုရားရှင်ထံချဉ်းကပ်၍ လျှောက်ထား၏ –

"အရှင်ဂေါတမ၊ သင်တို့အား ပေးလှူခြင်းလည်းမပြု၊ တရားလည်းမနာ၊ ဥပုသ်သီလလည်း မစောင့်၊ သက်သက် စိတ်၏ ကြည်ညိုကာမျှဖြင့် နတ်ပြည်ရောက်ကြသောသူများရှိပါသလား"

"အိုပုဏ္ဏား၊ ငါ့ကို သင်အဘယ်ကြောင့် မေးရသနည်း၊ သင်၏ သားသည် ငါဘုရား၌ စိတ်ကို ကြည်ညိုစေ၍ နတ်ပြည်၌ဖြစ်ရသည်ကို ယနေ့ နံနက်ကပင် သင်သိခဲ့ပြီမဟုတ်ပါလော"

"ဤသို့ နတ်ပြည်သို့ ရောက်ကြသော အခြားသူများကော ရှိပါသလား"

"မရေတွက်နိုင်အောင် အမြောက်အများရှိပေ၏"

ထိုအခါ လူအပေါင်းတို့သည် ယုံမှားသံသယဖြစ်ကြ၏။ မြတ်စွာဘုရားသိတော်မူသဖြင့် "မဋ္ဌကုဏ္ဍလီနတ်သားသည် မိမိ၏ ဗိမာန်, ခြွေရံစည်းစိမ်နှင့်တကွ လာစေသတည်း"ဟု မိန့်ဘာန်တော်မူ၏။

မဋ္ဌကုဏ္ဍလီနတ်သားသည် နတ်ဝတ်တန်ဆာဝတ်ဆင်လျက် နတ်ဗိမာန်နှင့်တကွ ဆင်းလာ၏၊ ဗိမာန်မှ ဆင်းသက်၍ မြတ်စွာဘုရားကို ရှိခိုး၏။ မြတ်စွာဘုရားသည် ပရိသတ်တို့အား ထင်ထင်ရှားရှား သိစေလိုသောကြောင့် ထိုနတ်သားကို မေးတော်မူ၏။

"အိုနတ်သား၊ သင်သည် ကောင်းကင်အလယ်၌ သောက်ရှူးကြယ်ကဲ့သို့ ရောင်ဝါရွှန်းရွှန်း ထွန်းလင်းစေဘိ၏၊ သင်၏ အဆင်းသဏ္ဌာန်သည် နှစ်လိုဖွယ်ရှိပေ၏။ တန်ခိုးကြီးသော အိုနတ်သား၊ သင်သည် အဘယ်ကောင်းမှုကို ပြုခဲ့ခြင်းကြောင့် ဤသို့သော စည်းစိမ်ကို ရရှိရသနည်း"

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းတော်ကြီးမားသော မြတ်စွာဘုရား၊ အရှင်ဘုရားတို့၌ စိတ်ကို ကြည်ညိုစေသော ကောင်းမှုကံကြောင့် ဤနတ်စည်းစိမ် ချမ်းသာကို ရပေ၏"

"သင်သည် ငါဘုရား၌ စိတ်ကို ကြည်ညိုစေခြင်းကြောင့် ဤစည်းစိမ်ချမ်းသာကို ရသလော" မြတ်စွာဘုရားက ထင်ရှားစေလို၍ ထပ်မေးတော်မူ၏။

"မှန်လှပါ၏ အရှင်ဘုရား"

များစွာသောလူတို့သည် မဋ္ဌကုဏ္ဍလီနတ်သားကိုကြည့်ရှုလျက်–

"အိုအချင်းတို့၊ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်တို့သည် အလွန်အကြူး ချီးမွမ်းထိုက်ပေစွ။ အဒိန္နပုဗ္ဗကပုဏ္ဏား၏ သားသည် တခြားကောင်းမှုကို မပြုခဲ့ပါဘဲ မြတ်စွာဘုရား၌ ကြည်ညိုသောစိတ် ဖြစ်ရုံမျှဖြင့် ကြီးကျယ်သည့် နတ်စည်းစိမ်ကို ရရှိပေ၏"ဟု ချီးမွမ်းစကားပြောကြားကြ၏။

မြတ်စွာဘုရားသည် ပရိသတ်အပေါင်းအား တရားဟောကြားတော်မူ၏။

"ချစ်သားတို့၊ နာမ်ခန္ဓာလေးပါးတွင် စိတ်သည် ရှေ့ဆောင်ဖြစ်၏၊ စိတ်သည် အကြီးအမှူးဖြစ်၏၊ စိတ်ဖြင့်ပြီးကုန်၏။ သန့်ရှင်းကြည်လင်သော စိတ်ဖြင့် အကယ်၍ ပြောဆိုလျှင်ဖြစ်စေ၊ ပြုလုပ်လျှင်ဖြစ်စေ၊ ကြံစည်လျှင်ဖြစ်စေ၊ ထိုပြောဆိုပြုလုပ်ကြံစည်မှုကြောင့် အရိပ်သည် လူကိုမစွန့်မူ၍ အစဉ်လိုက်သကဲ့သို့ ထိုသူနောက်သို့ ချမ်းသာသည် အစဉ်လိုက်လေ၏။

ဒေသနာတော်အဆုံး၌ အဒိန္နပုဗ္ဗကပုဏ္ဏားနှင့် မဋ္ဌကုဏ္ဍလီ နတ်သားတို့သည် သောတာပန်ဖြစ်ကြ၏။ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့သည် အကျွတ်တရားကို ရကြကုန်၏။

(ဓမ္မပဒဝတ္ထုတော်ကြီး၊ ပ၊ ၃၄–၅၆)

www.burmeseclassic.com

www.burmeseclassic.com



## သရဏဂုံတည်မှ မြင့်မြတ်လှ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏။)
ဓမ္မံ သရဏံ ဂစ္ဆာမိ။
(တရားတော်ကို ကိုးကွယ်ရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏။)
သံဃံ သရဏံ ဂစ္ဆာမိ။
(သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏။)
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားကို.........)
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
(နှစ်ကြိမ်မြောက်လည်း တရားတော်ကို .........)
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
(နှစ်ကြိမ်မြောက်လည်း သံဃာတော်ကို .........)
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားကို .........)
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
(သုံးကြိမ်မြောက်လည်း တရားတော်ကို .........)
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
(သုံးကြိမ်မြောက်လည်း သံဃာတော်ကို .........)

## သရဏဂုံအဓိပ္ပာယ်အကျယ်ဖွင့်

**၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။**

ဗုဒ္ဓံ = သစ္စာလေးပါး မြတ်တရားကို၊ ပိုင်းခြားထင်ထင်၊ ကိုယ်တိုင်မြင်၍၊ မြင်စေဟောကြား၊ မြတ်ဘုရားကို။

www.burmeseclassic.com

www.burmeseclassic.com



သရဏံ = ဘေးရန်ပယ်ဖျောက်၊ ချမ်းသာရောက်အောင်၊ စောင့်ရှောက်တော်မူတတ်သဖြင့် အမြတ်ဆုံးကိုးကွယ်ရာဟူ၍။

ဂစ္ဆာမိ = ယုံကြည်သိမှတ် ဆည်းကပ်ကိုးကွယ်ပါ၏ အရှင်ဘုရား။

**၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ။**

ဓမ္မံ = မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ပရိယတ်၊ ဆယ်ဖြာသော တရားတော်မြတ်ကို။

သရဏံ = ဘေးရန်ပယ်ဖျောက်၊ ချမ်းသာရောက်အောင်၊ စောင့်ရှောက်တော်မူတတ်သဖြင့် အမြတ်ဆုံးကိုးကွယ်ရာဟူ၍။

ဂစ္ဆာမိ = ယုံကြည်သိမှတ် ဆည်းကပ်ကိုးကွယ်ပါ၏ အရှင်ဘုရား။

**၃။ သံဃံ သရဏံ ဂစ္ဆာမိ။**

သံဃံ = သမ္မုတိသံဃာ၊ အရိယာသံဃာ၊ နှစ်ဖြာသော သံဃာတော်မြတ်အပေါင်းကို။

သရဏံ = ဘေးရန်ပယ်ဖျောက်၊ ချမ်းသာရောက်အောင်၊ စောင့်ရှောက်တော်မူတတ်သဖြင့် အမြတ်ဆုံးကိုးကွယ်ရာဟူ၍။

ဂစ္ဆာမိ = ယုံကြည်သိမှတ် ဆည်းကပ်ကိုးကွယ်ပါ၏ အရှင်ဘုရား။

## ကိုးကွယ်မှန်မှ ချမ်းသာရ

ဘုရား၊ တရား၊ သံဃာဟူသော ရတနာမြတ် သုံးပါးတို့သည် လောက၌ အမြင့်မြတ်ဆုံး ရတနာများ ဖြစ်ကြသည်။ ဘုရားဂုဏ်တော် ၉–ပါး၊ တရားဂုဏ်တော် ၆–ပါး၊ သံဃာဂုဏ်တော် ၉–ပါးတို့ကို စိစစ်လျှင် အတုမရှိ အမြင့်မြတ်ဆုံး ဂုဏ်တော်များဖြစ်ကြသည်ကို ဆုံးဖြတ်နိုင်သည်။

ဘုရား၊ တရား၊ သံဃာတို့သည် ကိလေသာ ကင်းပြီးသော ကိလေသာကင်းစေသော ကိုးကွယ်ရာများ ဖြစ်ကြ၏။ ထို့ကြောင့် အမြင့်မြတ်ဆုံးသောဂုဏ် ရှိကြ၏။ ကိုးကွယ်သူတို့အား ကိလေသာ

www.burmeseclassic.com

www.burmeseclassic.com



ကင်းစေပြီး ကုသိုလ်စိတ်များ ဖြစ်ပွားစေကြ၏။ ထိုကုသိုလ်စိတ်တို့က လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတို့ကို ပေးစွမ်းနိုင်၏။ စိတ်သည် ဤလောက၌ တန်ခိုးအကြီးဆုံး အရာဖြစ်၏။

ကိလေသာ မကင်းကြသော နတ်၊ ဗြဟ္မာ၊ ဝိဉ္ဉာ စသည်တို့မှာ ကိုးကွယ်အားထားစရာများ မဟုတ်ကြ။ ကိလေသာ မကင်းသူတို့သည် ကြောက်ရွံ့ထိတ်လန့်တတ်၏။ လိုချင်တပ်မက်တတ်၏။ သူတို့ ကိုယ်တိုင်က ကြောက်ရွံ့ ထိတ်လန့်နေလျှင် လိုချင်တပ်မက်နေလျှင် သူတစ်ပါးတို့အား ဘေးရန် အန္တရာယ်ကင်းအောင် ကောင်းစားအောင် အဘယ်မှာ ကာကွယ်စောင့်ရှောက်ပေးနိုင်တော့အံ့နည်း။

ကိုးကွယ်မှားလျှင် ဘေးတွေ့တတ်၏။ အပါယ်သို့လား ရောက်တတ်၏။

"ဤ တော, တောင်, အာရာမ်, အဓိကရုဏ်စပင်, နတ်ကွန်း စသော ကိုးကွယ်ရာဟူသမျှကို ကိုးကွယ်ခြင်းသည် ဘေးကင်းသော ကိုးကွယ်ခြင်းမဟုတ်၊ မြတ်သော ကိုးကွယ်ခြင်းမဟုတ်။ ဤကိုးကွယ်ရာဟူသမျှကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ဒုက္ခ ခပ်သိမ်းမှ မလွတ်မြောက်နိုင်"

(ဓမ္မပဒ။ ဂါထာ–၁၈၉)

"ဤ ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ဘေးမရှိသော ကိုးကွယ်ဆည်းကပ်ခြင်းမည်၏။ မြတ်သော ကိုးကွယ်ဆည်းကပ်ခြင်း မည်၏။ ဤ ရတနာမြတ်သုံးပါးကို ကိုးကွယ်ခြင်းကြောင့် ဒုက္ခခပ်သိမ်းမှ လွတ်မြောက်နိုင်၏"

(ဓမ္မပဒ။ ဂါထာ–၁၉၂)

သရဏဂုံသည် ရတနာမြတ်သုံးပါးကို ကိုးကွယ်ရာအဖြစ် ယုံကြည်သိမှတ် ဆည်းကပ်ခြင်းဖြစ်၏။ သရဏဂုံတည်သူသည် ဗုဒ္ဓဘာသာဝင်ဖြစ်၏။ မတည်လျှင် ဗုဒ္ဓဘာသာဝင်မဖြစ်။ ဘုရား

www.burmeseclassic.com

www.burmeseclassic.com



ဆင်းတုတော်၊ ဘုရားရုပ်ပွားတော်၊ စေတီတော်၊ သံဃာတော် ရှေ့မှောက်၌ သရဏဂုံကို ခံယူဆောက်တည်နိုင်၏။ တစ်ကြိမ်ခံယူပြီးလျှင် ရတနာမြတ်သုံးပါး၌ ယုံကြည်မှုမပျက်ပြယ်သမျှ တစ်သက်လုံးတည်၏။ ပျက်ပြယ်သောအခါ ဘာသာခြားသို့ ကူးပြောင်းသောအခါ သေဆုံးသောအခါ သရဏဂုံပျက်၏။

သရဏဂုံ စွဲမြဲစွာ တည်နေလျှင် အပါယ်မလားနိုင်။ သရဏဂုံပျက်က အပါယ်မကျရန် အာမခံချက် မရှိတော့။ ဒုက္ခ ခပ်သိမ်းမှလည်း မလွတ်မြောက်နိုင်တော့။

သရဏဂုံတည်သူသည် မတည်သူထက် ပို၍မြင့်မြတ်သည်။ သရဏဂုံတည်ပြီးမှ သီလစောင့်ထိန်းလျှင်ဖြစ်စေ အလှူဒါနပြုလျှင်ဖြစ်စေ ဘာဝနာပွားများလျှင်ဖြစ်စေ ပို၍ အကျိုးကြီးမားသည်။

## အယူမှန်ကန် စိတ်မြဲမြံ အဓိဋ္ဌာန်ပြုကြ

၁။ ဘုရားကိုသာ တစ်သက်တာ မြဲစွာကိုးကွယ်မည်။
၂။ တရားကိုသာ တစ်သက်တာ မြဲစွာကိုးကွယ်မည်။
၃။ သံဃာကိုသာ တစ်သက်တာ မြဲစွာကိုးကွယ်မည်။
၄။ သရဏဂုံခါတ် လွန်မြင့်မြတ် လွှမ်းပတ်ကိုယ်မှာ တည်စေမည်။
၅။ ဘေးရန်လွတ်ကင်း ချမ်းသာခြင်း လက်ငင်းရမှာ သေချာသည်။

* ဘုရားဖက်တော့ အသက်ရှည်။
* တရားဖက်တော့ အမျက်ပြေ။
* သံဃာဖက်တော့ အခက်ဝေ။

## သရဏဂုံအကျိုး လွန်မွှံ့ဖြိုး

သရဏဂုံ၏ အကျိုးကျေးဇူးတို့သည်
အလွန်ကြီးကျယ်များပြောင်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဗုဒ္ဓံသရဏံဂစ္ဆာမိ-----"အစရှိသော ၉-ဂါထာသည် **"သဝေထိုးမပါ ကိုးဂါထာ"**ဟု အမည်ရ၏၊ အလွန်အစွမ်းထက်၏။ ဤဂါထာကိုရွတ်ဆို၍ အစားအသောက် သုံးဆောင်လျှင် အဆိပ်မသင့်။ ကိုယ်ဝန်ဆောင်စဉ်ရွတ်ပွားလျှင် ချမ်းသာစွာမွေးဖွား၏။ မွေးဖွားလာသောကလေး ဘေးရန်ကင်း၏။

သရဏဂုံဂါထာကို အမြဲရွတ်ပွားလျှင် သရဲတစ္ဆေ မခြောက်၊ ဘေးရန်မရောက်၊ သရဏဂုံဂါထာကို ရွတ်ဆို၍ အပင်များကို စိုက်ပျိုးလျှင် အပင်များပိုးမကျ အပင်ဖွံ့ထွားသန်မာ၏။ သရဏဂုံဂါထာကို ဉာဏ်ရှိသလို အသုံးပြုနိုင်ပါသည်။

သရဏဂုံတည်သူသေလွန်လျှင် သုဂတိဘဝ(လူ့ဘဝ, နတ်ဘဝ) ကို ရ၏။ အပါယ်မကျ။ လူဖြစ်လျှင်ဖြစ်စေ၊ နတ်ဖြစ်လျှင်ဖြစ်စေ သရဏဂုံမတည်သူတို့ထက် (၁) အသက်ရှည်ခြင်း၊ (၂) အဆင်းလှခြင်း၊ (၃) ချမ်းသာကြီးခြင်း၊ (၄) အခြွေအရံများခြင်း၊ (၅) အစိုးရခြင်း၊ (၆-၁၀)အဆင်း, အသံ,အနံ့, အရသာ, အထိအတွေ့တို့ကို သုံးဆောင်ခံစားမှု၌သာလွန်ခြင်းဟူသော အကြောင်း ၁၀ မျိုးဖြင့် သာလွန်၏။

တစ်နည်းအားဖြင့်ဆိုသော် ဖြစ်လေရာဘဝတိုင်း၌-

(၁) အများပူဇော်မှုကို ခံရခြင်း၊ (၂)ထက်သောဉာဏ်ပညာရှိခြင်း၊ (၃) မိမိအလိုသို့ လိုက်ပါစေနိုင်ခြင်း၊ (၄) အများထက် သာလွန်သော စည်းစိမ်ချမ်းသာကိုခံစားရခြင်း၊ (၅) ရွှေအဆင်းနှင့်တူခြင်း၊ (၆) အများနှစ်သက်ကြည်ညိုခြင်း၊ (၇) မိတ်ဆွေအပေါင်းအသင်းတို့၏ ချစ်ခင်မှုကို ရခြင်း၊ (၈) ကျော်စောထင်ရှားခြင်း ဟူသော အကျိုးထူး ၈-ပါးကို ရရှိ၏။

(ဗုဒ္ဓဘာသာ လက်စွဲကျမ်း၊ ပ။ ၅၁-၅၂)

www.burmeseclassic.com

www.burmeseclassic.com



## သရဏဂုံအကျိုးပြကဗျာ

သရဏဂုံ တကယ်မြဲရင်၊ အပါယ်ငရဲကြောက်ဖို့မလို။
နတ်ဖြစ်သော်လည်း တူနိုင်ရိုးလား၊ ဆယ်မျိုးဂုဏ်စု သူ့ထက်ပို။
ငါးဖြာအာရုံလာမတုနှင့်၊ အာယု,ဝဏ္ဏ,သုခဆို။
အာဏာပိုင်စိုး၊ ခြွေရံတိုး၊ ဆယ်မျိုးဂုဏ်ကဲပို။
အဲဒါကြောင့် သရဏဂုံပန်း, အစဉ်လန်း, ဆင်မြန်းပန်စေလို။

## သေသောက်ကြူး–သရဏဉပါသကာ

မြတ်စွာဘုရား၏ဆွေမျိုး ယောကျ်ားတစ်ယောက်သည် လူမှန်းသိတတ်စအရွယ်မှ သေသည်အထိ သေရည်အရက်ကို သောက်၍။ သို့သော် ဘုရား–တရား–သံဃာတို့အား မမှိတ်မသုန် ယုံကြည်၏။ မိမိကိုသတ်လျှင်လည်း "ဘုရားကို ဘုရားမဟုတ်၊ တရားကို တရားမဟုတ်၊ သံဃာကို သံဃာမဟုတ်"ဟု ပြောလိမ့်မည်မဟုတ်ချေ။

ထိုအမျိုးသား ကွယ်လွန်သော် နတ်ဖြစ်၏။ ဤအကြောင်းကို မြတ်စွာဘုရားဟောကြားတော်မူရာ ဆွေမျိုးများက မယုံကြ။ ဘုရားရှင်၏ ဘထွေးတော် "မဟာနာမ်" သာကီဝင်မင်းက လျှောက်ထားသောအခါ မြတ်စွာဘုရား ဖြေကြား၏။

"ရတနာသုံးပါး၏ ဂုဏ်တော်, ကျေးဇူးတော်များကို အတိုင်းမသိ ကြီးမားမြင့်မြတ်ခြင်း၊ ရတနာသုံးပါးအပေါ်အသက်စွန့်၍ မတုန်မလှုပ်ယုံကြည်သော သဒ္ဓါတရားထားရှိခြင်း၊ ဤအကြောင်းတို့ကြောင့် သေရည်သေရက်သောက်စားသော အကုသိုလ်အစွမ်းသည် သရဏဂုံတည်ခြင်း၏ ကုသိုလ်စွမ်းအားကို မတားဆီးနိုင်။ သရဏဉပါသကာသည် သေဆုံးသည်နှင့်တစ်ပြိုင်နက် သောတာပန်ဖြစ်ပြီး နတ်ပြည်သို့ ရောက်၏"

(သံ၊ ၃။ ၃၁၆)

www.burmeseclassic.com

www.burmeseclassic.com



## ဒမိဋ္ဌတံငါသည်ဘဝမှ နတ်ဘဝသို့

သီဟိုဠ်(ယခုသီရိလင်္ကာ)နိုင်ငံ၌ '**ဒမိဋ္ဌ**'မည်သော အမျိုးသားသည် နှစ် ၅၀တိုင်တိုင် တံငါအလုပ်ဖြင့် အသက်မွေး၏။ အသက်ကြီးသည့်အခါ ရောဂါစွဲ၍ အိပ်ရာ၌ လဲနေ၏။ တောင်ကျောင်းနေ ရဟန်းတစ်ပါးက ဆွမ်းရပ်လာသည့်အခါ အိမ်ရှင်မက "ကန်တော့ဆွမ်းပါ"ဟု ဆို၏။

"ဒါယကာ၊ ဘယ့်နှယ်နေတုန်း"ဟု ရဟန်းတော်က မေး၏။

"မသက်သာပါ၊ အားနည်းနေပါတယ်"ဟု အိမ်ရှင်မ ဖြေ၏။

ရဟန်းတော်က အိမ်တွင်းသို့ ဝင်ခွင့်တောင်းပြီး ဒမိဋ္ဌတံငါသည်အား ငါးပါးသီလချပေး၏။ သရဏဂုံခံယူပြီးသည့်အချိန်တွင် တံငါသည်၏ ပါးစပ်မလှုပ်နိုင်တော့ချေ။ မကြာမီ သေဆုံးကာ နတ်ပြည်သို့ ရောက်၏။ နတ်ပြည်မှ ဆင်းလာကာ ရဟန်းတော်အား ကျေးဇူးတင်စကားပြောကြား၏။

"အရှင်မြတ်ဘုရား၊ အရှင်ဘုရားချီးမြှင့်သည့် သရဏဂုံကို ခံယူဆောက်တည်ရသည့်အတွက် အကျွန်ုပ်သည် စတုမဟာရာဇ်နတ်ပြည်၌ ဖြစ်ရ၏။ ငါးပါးသီလအထိ အကယ်၍ ဆက်လက်ခံယူနိုင်ခဲ့ပါလျှင် အထက်အထက် နတ်ပြည်များသို့ပင် ရောက်နိုင်ပါသည်။ အရှင်ဘုရား၏ကျေးဇူးသည် အကျွန်ုပ်အပေါ်၌ အလွန်ကြီးမားလှပါသည်ဘုရား"

(အံ၊ ဋ္ဌ၊ ၂။ ၁၀၇)

## သရဏဂုံလုလင်၏ အံ့ဖွယ်ရာသံသရာ

လွန်လေပြီးသောတစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်က အနောမဒဿီမြတ်စွာဘုရား ပွင့်ထွန်းတော်မူ၏။ ထိုအခါ မျက်မမြင်မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးနေသည့် လုလင်တစ်ယောက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလုလင်သည် ဆင်းရဲလှသဖြင့် မလှူဒါန်းနိုင်၊ မျက်မမြင်မိဘတို့ကို ပြုစုကျွေးမွေးနေရသဖြင့် တရားလည်းမနာနိုင်၊ ရဟန်းလည်း မပြုနိုင်။

သို့သော် ဘုရားရှင်၏ အဂ္ဂသာဝကဖြစ်သော နိသဘမထေရ်ထံမှ သရဏဂုံကို ခံယူဆောက်တည်ခဲ့ရ၏။ ထိုအခါက လူတို့၏ သက်တမ်းသည် နှစ်တစ်သိန်းဖြစ်၏။ ထိုလုလင်သေဆုံးသောအခါ တာဝတိံသာ နတ်ပြည်၌ သိကြားမင်းဖြစ်၏။

ထိုဘဝနောက်၌လည်း အပါယ်သို့ကျရောက်ခြင်း မရှိဘဲ သိကြားမင်းဘဝက အကြိမ် ၈၀၊ စကြဝတေးမင်းဘဝက ၇၅ ကြိမ်၊ ပဒေသရာဇ်, ကေရာဇ်မင်းဘဝတို့က အကြိမ်မရေတွက်နိုင်အောင် ဖြစ်ခဲ့ရ၏။ ဖြစ်ရာရာဘဝတိုင်း၌ သူတစ်ပါးတို့ထက် ထူးကဲသော "အများအပူဇော်ခံရခြင်း၊ ထက်သောဉာဏ်ပညာရှိခြင်း" စသည့် အကျိုးထူး ၈-ပါးကို အထင်အရှား ရရှိခဲ့၏။

ဤဘဒ္ဒကမ္ဘာ၌ ဂေါတမမြတ်စွာဘုရား ပွင့်ထွန်းလာသောအခါ သာဝတ္ထိမြို့၌ သူဌေးသားဖြစ်၏။ ခုနစ်နှစ်သား အရွယ်သို့ရောက်သော် ကစားဖော်များ၏ ခေါင်းဆောင်ဖြစ်၏။ ကစားရင်း ကျောင်းတိုက်တစ်ခုသို့ ရောက်သွားကြ၏။ ရဟန္တာတစ်ပါးက သရဏဂုံသုံးပါးကို ပေးတော်မူ၏။ ထိုသူငယ်သည် သရဏဂုံကို ခံယူဆောက်တည်၍ ပြီးလျှင်ပြီးချင်းပင် ရဟန္တာအဖြစ်သို့ရောက်၏။ သရဏဂုံ၏ အကျိုးသည် အလွန်အံ့ချီးဖွယ်ကောင်းအောင် ကြီးကျယ် မြင့်မြတ်လှပါတကား။

(အပ၊ ၁။ ၈၂။ အပ၊ ဋ္ဌ၊ ၂၊ ၃၉)

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)
# သီလခန်း

## လက်စုံမိုး၍ ရှိခိုးကန်တော့ခြင်း

ဩကာသ---ဩကာသ---ဩကာသ--- ကာယကံ၊ ဝစီကံ၊ မနောကံ၊ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို၊ ပျောက်ပါစေခြင်း အကျိုးငှာ၊ ပထမ, ဒုတိယ, တတိယ, တစ်ကြိမ်, နှစ်ကြိမ်, သုံးကြိမ်မြောက်အောင်၊ ဘုရားရတနာ, တရားရတနာ, သံဃာရတနာ, ရတနာမြတ်သုံးပါးတို့ကို၊ အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

**ဆုတောင်းခြင်း။** ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

**မှတ်ချက် ၁။** ။ မိဘ/ဆရာတို့ကို ကန်တော့သည့်အခါ အထက်ပါ ကန်တော့ချိုးတွင် 'ရတနာမြတ်သုံးပါးတို့ကို' နေရာ၌

www.burmeseclassic.com

www.burmeseclassic.com



'ရတနာမြတ်သုံးပါးနှင့်တကွ မိဘတို့ကို' သို့မဟုတ် 'ရတနာမြတ်သုံးပါးနှင့်တကွ ဆရာသမားတို့ကို'ဟူ၍ ထည့်ဆိုပါ။

**မှတ်ချက် ၂။** ။ ဖော်ပြခဲ့သော ဩကာသဆိုရိုးသည် ပုဂံခေတ်မှစ၍ ယနေ့တိုင် အသုံးပြုသော ဆိုရိုးဖြစ်သည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က တစ်ပြည်လုံးအတွက် တစ်မူတည်းဖြစ်အောင် ချမှတ်ထားသော ဆိုရိုးဖြစ်သည်။ 'တစ်ကျောင်း တစ်ဂါထာ တစ်ရွာ တစ်ပုဒ်ဆန်း'မဖြစ်စေဘဲ စည်းလုံးညီညွတ်မှုကို ရှေ့ရှု၍ ဤမူကိုသာ အသုံးပြုကြပါ။

### အဓိပ္ပာယ်ရှင်းလင်းချက်များ

**ဩကာသ** = ခွင့်ပြုတော်မူပါ၊

ရှိခိုးကန်တော့ခွင့်ပြုရန် ခွင့်တောင်းခြင်း ဖြစ်သည်၊ ရိုသေမှုကို အလေးအနက်ပြုလိုသောကြောင့် သုံးကြိမ် ရွတ်ဆိုသည်။

**ကာယကံ** = ကိုယ်ဖြင့် ပြုလုပ်သောအမှု၊

**ဝစီကံ** = နှုတ်ဖြင့် ပြောဆိုသောအမှု၊

**မနောကံ** = စိတ်ဖြင့် ကြံစည်သောအမှု၊

**သဗ္ဗဒေါသ** = ခပ်သိမ်းသောအပြစ်၊

**ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ=**

ရတနာသုံးပါးနှင့် မိဘဆရာတို့ကို ကိုယ်အမှုအရာဖြင့် ပြစ်မှားခြင်း၊ နှုတ်အပြောအဆိုဖြင့် ပြစ်မှားခြင်း၊ စိတ်ကူးအကြံအစည်ဖြင့် ပြစ်မှားခြင်းတို့တွင် တစ်စုံတစ်ခုသော ပြစ်မှားခြင်းရှိခဲ့သော် ထိုအပြစ်တို့ ပပျောက်လျော့ပါးသွားရန် တောင်းပန်ကန်တော့သည်။

**အရိုအသေ** = ရိုသေစွာ၊ မလေးမခန့်မပြုဘဲ ကျိုးနွံစွာ၊

**အလေးအမြတ်** = လေးစားမြတ်နိုးစွာ၊

www.burmeseclassic.com

www.burmeseclassic.com



**လက်အုပ်မိုး၍** = လက်ဝါးနှစ်ဘက်ကို ပန်းကြာငုံကဲ့သို့ စုညီပြု၍ နဖူးအထိ ချီမြှောက်ထားလျက်၊

**ရှိခိုး** = အရိုအသေပြုသည်၊

ရှိခိုးခြင်း ၃–မျိုးရှိသည်၊ လက်အုပ်ချီ၍ ထိခြင်း ငါးပါးဖြင့် ရှိခိုးခြင်းကို ကိုယ်ဖြင့် ရှိခိုးသည်မည်၏။ ရတနာသုံးပါးတို့၏ ဂုဏ်တော်များကို နှုတ်ဖြင့်ရွတ်ဆို၍ ရှိခိုးခြင်းကို နှုတ်ဖြင့် ရှိခိုးသည် မည်၏။ ရတနာသုံးပါး၏ ဂုဏ်တော်များကို စိတ်ဖြင့် အဖန်ဖန် အောက်မေ့ဆင်ခြင်ခြင်းကို စိတ်ဖြင့် ရှိခိုးသည်မည်၏။

**ပူဇော်** = တစ်စုံတစ်ခုပေး၍ အလေးအမြတ်ပြုသည်၊

ပစ္စည်းဖြင့် ပူဇော်ခြင်း၊ တရားဖြင့် ပူဇော်ခြင်းဟူ၍ ပူဇော်ခြင်း ၂–မျိုးရှိသည်။ ကျင့်ဝတ်ဖြင့် ပူဇော်ခြင်းသည် တရားဖြင့် ပူဇော်ခြင်းဖြစ်၏။

**ဖူးမြော်** = ပကတိမျက်စိဖြင့် မြင်တွေ့ခြင်း၊ ဉာဏ်မျက်စိ၌ ထင်ရှားပေါ်လွင်လာအောင် အာရုံပြုခြင်းဟူ၍ ၂–မျိုးရှိသည်။

**မာန်လျှော့** = မာန်မာနကို လျှော့ချခြင်း၊

မိမိသည် ရတနာသုံးပါးအောက် နိမ့်ကျသည်ဟု ယူဆပါမှ ရှိခိုးကန်တော့နိုင်သည်။

**ကန်တော့** = ဝန်ချတောင်းပန်သည်၊

အပြစ်ရှိ၍ ကန်တော့ခြင်း၊ ကုသိုလ်ရလို၍ ကန်တော့ခြင်း ဟူ၍ ၂–မျိုးရှိသည်။

**ကန်တော့ရသောအကျိုးအားကြောင့်** = 'ကန်တော့ရသော ကုသိုလ်ကံစေတနာကြောင့်'နှင့် အဓိပ္ပာယ်တူပါသည်။ ရှေးမူမပျက် ဆက်လက်သုံးပါ။

**အပါယ်လေးပါး** = ချမ်းသာကင်း၍ ကုသိုလ်ပြုခွင့် မရသော အရပ်လေးမျိုး။

www.burmeseclassic.com

www.burmeseclassic.com



၁။ ငရဲ = ငရဲထိန်း၊ ငရဲမီးတို့ဖြင့် အမြဲညှဉ်းပန်း နှိပ်စက်ခံနေရသောဘုံ၊
၂။ တိရစ္ဆာန် = မဂ်ဖိုလ်မရနိုင်ဘဲ ဖီလာကန့်လန့်သွားတတ်သော သတ္တဝါတို့၏ဘုံ။
၃။ ပြိတ္တာ = စားရမဲ့၊ ဝတ်ရမဲ့၊ ခိုကိုးရာမဲ့ ဖြစ်နေသူတို့၏ဘုံ။
၄။ အသူရကာယ် =ပြိတ္တာများထက်ပို၍ ဆင်းရဲငတ်ပြတ်သော ဘုံ။

* လောဘကြီးသူ သေလျှင်မူ ရှေးရှုပြိတ္တာဘဝ၊
* ဒေါသကြီးသူ သေလျှင်မူ ရှေးရှုငရဲဘဝ၊
* မောဟကြီးသူ သေလျှင်မူ ရှေးရှုတိရစ္ဆာန။

**ကပ်သုံးပါး** = ဘေးအန္တရာယ်ကျရောက်နေသော အချိန်ကာလ၃-မျိုး။

၁။ ဒုဗ္ဘိက္ခန္တရကပ် = (ဒုဗ်ဘိတ်ခန်တရကပ်ဟု ဖတ်)
ငတ်မွတ်ခြင်းဘေးဆိုက်ရောက်နေသော ကာလ။
၂။ သတ္ထန္တရကပ် = (သတ်ထန်တရကပ်ဟုဖတ်)
လက်နက်ဘေး, စစ်ဘေးဆိုက်ရောက် နေသော ကာလ။
၃။ ရောဂန္တရကပ် = (ရောဂန်တရကပ်ဟု ဖတ်)
ကူးစက်ရောဂါဘေးအန္တရာယ်ဆိုက်ရောက်နေသော ကာလ။

* လောဘကြီးက ငတ်မွတ်ရ ဒုက္ခကပ်ကြီးဆိုက်၊
* ဒေါသကြီးက သတ်ဖြတ်ကြ သတ္ထကပ်ကြီးဆိုက်၊
* မောဟကြီးက ဖျားနာကြ ရောဂကပ်ကြီးဆိုက်။

**ရုပ်ပြစ်ရှစ်ပါး** = အပြစ်ရှိသောအရပ်၈-မျိုး။

၁။ ငရဲဘုံ
၂။ တိရစ္ဆာန်ဘုံ
၃။ ပြိတ္တာဘုံ
၄။ အရူပ ဗြဟ္မာဘုံ (ရုပ်မရှိ)၊ အသညသတ်ဘုံ (နာမ်မရှိ)

www.burmeseclassic.com

www.burmeseclassic.com



၅။ ပစ္စန္တရစ် = တိုင်းစွန်ပြည်ဖျား လမ်းပန်းခက်ခဲသောအရပ်၊ လူရိုင်းဒေသ၊
၆။ မိစ္ဆာဒိဋ္ဌိ = မှားယွင်းသော အယူဝါဒရှိသူ၊
၇။ ဒုပ္ပည = ဉာဏ်မဲ့၍ လူစဉ်မမီသူ၊
၈။ သာသနာပကာလ = ဘုရားမပွင့်သောအခါ။

ဤအရပ်တို့၌ ဖြစ်လာသူများသည် မြတ်စွာဘုရား၏ တရားတော်ကို နာကြားခွင့်မရ၊ နာကြားရလျှင်လည်း အဓိပ္ပာယ်မသိကြချေ။

**ရန်သူမျိုး ၅-ပါး** = ရေ၊ မီး၊ မင်း၊ သူခိုး၊ အမွေခံဆိုး။

ရေလွှမ်းမိုးသော ဘေးရန်၊ မီးလောင်ခြင်းဘေးရန်၊ ရာဇဝတ်ပြစ်ဒဏ်ခံရခြင်း ဘေးရန်၊ ခိုးဝှက်လုယက်ခြင်း ခံရသောဘေးရန်၊ မိဘပစ္စည်းကိုဖြုန်းတီး၍ မိဘကို နှိပ်စက်တတ်သောသားဆိုးသမီးဆိုးဘေးရန်တို့ကို ဆိုလိုသည်။

**ဝိပတ္တိတရား ၄-ပါး** = ဖောက်ပြန်ချွတ်ယွင်းခြင်းတရား ၄-မျိုး။
၁။ ဂတိဝိပတ္တိ = လားရာဂတိ ဖောက်ပြန်ခြင်း၊ အပါယ်ဘုံ၌ဖြစ်ခြင်း။
၂။ ဥပဓိဝိပတ္တိ = ရုပ်ဖောက်ပြန်ခြင်း၊ ရုပ်ဆင်းအင်္ဂါချို့တဲ့ခြင်း။
၃။ ကာလဝိပတ္တိ = ခေတ်ပျက်ခြင်း၊ တရားဥပဒေဖြင့် အုပ်ချုပ်မှုကင်းမဲ့သော အခါကာလ။
၄။ ပယောဂဝိပတ္တိ = အားထုတ်မှုမမှန်ကန်ခြင်း၊ အကုသိုလ်အမှုများ၌ အားထုတ်ခြင်း၊ အပြစ်ကျူးလွန်ခြင်း။

**ဗျသနတရား ၅-ပါး** = ပျက်စီးခြင်းတရား ၅ မျိုး။
၁။ ဉာတိဗျသန = ဆွေမျိုးပျက်စီးခြင်း၊
၂။ ဘောဂဗျသန = စည်းစိမ်ဥစ္စာပျက်စီးခြင်း၊
၃။ ရောဂဗျသန = ရောဂါနှိပ်စက်၍ ပျက်စီးခြင်း၊
၄။ သီလဗျသန = အကျင့်သီလပျက်စီးခြင်း၊
၅။ ဒိဋ္ဌိဗျသန = အယူလွဲမှား၍ ပျက်စီးခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



သီလဗျသနနှင့် ဒိဋ္ဌိဗျသနတို့သည် ဤဘဝ၌သာမက နောင်ဘဝများစွာတို့၌လည်း ဆင်းရဲခြင်းကို ဖြစ်စေသည်၊ အပါယ်သို့ ကျရောက်စေသည်။

**မဂ်တရား** = လောဘ စသော ကိလေသာကို ပယ်သတ်၍ နိဗ္ဗာန်သို့ သွားရောက်ကြောင်းဖြစ်သော တရားလမ်း။

သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်ဟူ၍ မဂ် ၄-ပါးရှိသည်။

**ဖိုလ်တရား** = မဂ်၏ အကျိုးတရား။ နိဗ္ဗာန်ချမ်းသာကိုခံစားစေနိုင်သောဉာဏ်။ သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်ဟူ၍ ဖိုလ် ၄-ပါးရှိသည်။

**နိဗ္ဗာန်တရား** = လောဘ, ဒေါသ, မောဟတို့ကုန်ရာဖြစ်၍ ထာဝရ ငြိမ်းအေးချမ်းသာနေခြင်းသဘော။

## ကန်တော့ခြင်း၏ အကျိုး

ကန်တော့ခြင်းသည် မိမိ၏ မာန်မာနကို ချိုးနှိမ်၍ ဝန်ချတောင်းပန်သောအမှု ဖြစ်သည်။ ထောင်လွှားဝင့်ကြွားခြင်း = မာနသည် သူတစ်ပါးတို့ အမြင်ကပ်စရာဖြစ်ပြီး အပါယ်ဘုံသို့ ပစ်ချတတ်၏။ မာန်မာနကိုဖယ်၍ ဦးချကန်တော့သည့်အခါ ကုသိုလ်စိတ်များဖြစ်သည်။ ထိုကုသိုလ် စိတ်များက ကောင်းကျိုးများစွာ ပေးနိုင်သည်။

ရတနာမြတ်သုံးပါးနှင့် မိဘဆရာတို့ကို ပြစ်မှားမိလျှင် ချက်ချင်းကန်တော့လိုက်ပါက စိတ်ကြည်ရှင်းသွားပြီး လက်ငင်း ချမ်းသာလာသည်။ မိဘဆရာတို့မှာ သားသမီးများနှင့် တပည့်များကို ခွင့်လွှတ်ရန် အသင့်ရှိကြသည်။ မြတ်စွာဘုရားနှင့် သံဃာတော်တို့ကလည်း ဝန်ချကန်တော့သူတို့အား ခွင့်လွှတ်ကြမည်သာ ဖြစ်သည်။ ခွင့်လွှတ်လျှင် အပြစ်ကျေအေး ပပျောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားလက်ထက်က **ပိလိန္ဒဝစ္ဆမထေရ်**သည် အဘိညာဉ်တန်ခိုးရသည့် ရဟန္တာမထေရ်ဖြစ်၏။ စကားပြောဆိုသောအခါ သူတစ်ပါးတို့အား "သူယုတ်"ဟု ခေါ်လေ့ရှိ၏။ တစ်နေ့တွင် ရာဇဂြိုလ်ပြည်တွင်းသို့ ဆွမ်းခံကြွရင်း ပိတ်ချင်းသီးများ သယ်ဆောင်လာသူတစ်ယောက်ကို မြင်ရာ "ဟေ့ သူယုတ်--- ဘာတွေလဲ"ဟု မေးတော်မူ၏။

အမေးခံရသူက စိတ်ဆိုးသဖြင့် "ကြွက်ချေးတွေပါ"ဟု ပြောလိုက်၏။ မထေရ်က "သူယုတ်--- သင်ပြောသည့်အတိုင်း ကြွက်ချေးတွေပင် ဖြစ်ပေလိမ့်မည်"ဟု မိန့်တော်မူ၏။

မထေရ်လွန်သွားသောအခါ ထိုသူက သူ့ပိတ်ချင်းသီးများကို ကြည့်လိုက်ရာ အားလုံးကြွက်ချေးများဖြစ်နေသည်ကို တွေ့ရ၏။ ရပ်တည်ရာမရအောင် ပူဆွေးသောက ဖြစ်လာ၏။ ထို့နောက် မထေရ်၏ ဒကာတစ်ဦးက အကြံပေးသည့်အတိုင်း မထေရ်ကို သွားရောက်တောင်းပန်ရာ ကြွက်ချေးများအားလုံးသည် မူလအတိုင်း ပိတ်ချင်းသီးများ ပြန်ဖြစ်သွားကြ၏။

**သီဟိုဠ်ကျွန်း**ပေါ်ရှိ ရွာတစ်ရွာ၌ မထေရ်ကြီးတစ်ပါးနှင့် ရဟန်းငယ်တစ်ပါးတို့ အတူ ဆွမ်းခံထွက်ကြ၏။ ပထမအိမ်ဝမှာပင် ပူနွေးသော ယာဂုတစ်ခွက်စီရ၏။ မထေရ်ကြီးသည် ထိုခဏမှာပင် လေနာရောဂါထ၍ သစ်တုံးတစ်ခုပေါ်၌ ထိုင်လျက် ယာဂုကို သောက်၏။

ရဟန်းငယ်က မနှစ်သက်။ "ကိုယ်တော်ကြီး ဆာလောင်မှု အားကြီးလှသည်၊ ငါတို့အား အရှက်ကွဲအောင်လုပ်သည်"ဟု ပြစ်တင်ပြောဆို၏။

ကျောင်းသို့ ပြန်ရောက်ကြသည့်အခါ မထေရ်ကြီးက မေး၏။ "ငါ့ရှင်– ဤသာသနာတော်မှာ သင် ထောက်တည်ရာ ရပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ၊ တပည့်တော် သောတာပန်တည်ပါပြီ"ဟု ရဟန်းငယ်က လျှောက်၏။

"ငါ့ရှင်၊ သို့ဖြစ်လျှင် အထက်မဂ်ဖိုလ်အတွက် သင် ဆက်အားမထုတ်နှင့်တော့"

"ဘာဖြစ်လို့လဲ အရှင်ဘုရား"

"သင်သည် ရဟန္တာကို ပြစ်မှားမိပြီ"

ထိုအခါ ရဟန်းငယ်သည် ရပ်တည်ရာမရဖြစ်ရာ မထေရ်ကြီးအား သည်းခံရန် ကန်တော့၍တောင်းပန်၏။ မထေရ်ကြီးက သည်းခံသဖြင့် ရဟန်းငယ်၌ အရိယာအား စွပ်စွဲမှု(အရိယူပဝါဒ) ကံပျောက်သွား၏၊ အထက်မဂ်ဖိုလ် ရရန် ဆက်အားထုတ်နိုင်၏။

တစ်ဖန် ကလေးနှစ်ယောက်၏ ဖခင်ဖြစ်သော **သောရေယသူဌေးသား**သည် အရှင်မဟာကစ္စည်းမထေရ်၏ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော ခန္ဓာကိုယ်ကို မြင်သည့်အခါ "ငါ့ဇနီးဖြစ်လျှင် ကောင်းလေစွ၊ ငါ့ဇနီး၏ ကိုယ်သည် ဤမထေရ်ကိုယ်အတိုင်းဖြစ်လျှင် ကောင်းလေစွ"ဟု စိတ်ဖြင့် ပြစ်မှားမိ၏။

ထိုခဏအတွင်း၌ပင် သောရေယသူဌေးသားတွင် ယောက်ျားအင်္ဂါကွယ်ပျောက်ပြီး မိန်းမအင်္ဂါနှင့် မိန်းမအသွင်သဏ္ဌာန် ဖြစ်ပေါ်လာကြ၏။ ရှက်၍ ထွက်ပြေးရာ တက္ကသိုလ်ပြည်သို့ ရောက်၏။ တက္ကသိုလ်သူဌေးသားနှင့် အကြောင်းပါ၍ သားနှစ်ယောက်မွေးဖွား၏။ ထို့နောက်မှ အရှင်မဟာကစ္စည်း - ရဟန္တာမထေရ်ကို ပြန်တောင်းပန်ရာ ယောက်ျားပြန်ဖြစ်သွား၏။

ကိုယ်နှုတ်စိတ်တို့ဖြင့် ပြစ်မှားကျူးလွန်မိမှုများသည် အလွန်ကြောက်စရာကောင်း၏၊ မိမိအား မကောင်းကျိုး များစွာ ဖြစ်စေနိုင်၏။ တောင်းပန်ကန်တော့လိုက်လျှင် အပြစ် ကင်းပျောက်သွားနိုင်သဖြင့် နှုတ်ဖြင့် "ကန်တော့-ကန်တော့"ဟု ပြောဆိုရန်

www.burmeseclassic.com

www.burmeseclassic.com



ဝန်မလေးပါနှင့်၊ ကိုယ်အပြုအမူဖြင့် ကန်တော့ရန်လည်း မနှောင့်နှေးပါနှင့်။ ကန်တော့သည့်ကုသိုလ်ကြောင့် လူ့ဘဝ၊ နတ်ဘဝ ရရှိသူများလည်း အမြောက်အများ ရှိလေသည်။

* အနန္တ ငါးပါး၊ ဦးထိပ်ထား၊ ညွတ်တွားပါကွယ့်မမေ့နဲ့။
* ဆရာမိဘ၊ ဆိုဆုံးမ၊ လိုက်နာကြကွယ့် မမေ့နဲ့။
* ကိုယ့်ထက်ကြီးသူ၊ ပြောဆိုမှု၊ နင် ငါဟူ၍ မပြောနဲ့။
* သူများကိုသာ၊ ရန်မရှာ၊ မခံချင်တာမပြောနဲ့။
* ယဉ်ကျေးအောင်သွား၊ ယဉ်အောင်စား၊ စကားပြောလဲ ယဉ်စေကွယ့်။
* ပြစ်မှားမိလျှင်၊ ချက်ချင်းပင်၊ စိတ်ပြင်မာန်လျှော့ ကန်တော့ကွယ့်။

## ငါးပါးသီလခံယူဆောက်တည်ကြ

ဆင်းတုတော်၊ စေတီတော်၊ သံဃာတော်တို့ထံမှ ငါးပါးသီလ ခံယူနိုင်သည်။

(၁) **ဦးချဝတ်ပြုခြင်း**

ရှိသေစွာထိုင်ပြီး ထိခြင်းငါးပါးဖြင့် သုံးကြိမ်ဦးချပါ။ ဦးချသည့်အခါတိုင်း ဗုဒ္ဓံပူဇေမိ၊ ဓမ္မံပူဇေမိ၊ သံဃံပူဇေမိ ရွတ်ဆိုပါ။

(၂) **ရတနာသုံးပါးကို ကန်တော့ခြင်း**

ဩကာသကန်တော့ချိုးဖြင့် ရှိခိုးကန်တော့ပါ။ ကန်တော့ပြီးသည့်အခါ သံဃာတော်က ဆုပေးလျှင် "ပေးသောဆုနှင့်ပြည့်စုံပါစေ"ဟု ဆိုပါ။

(၃) **သရဏဂုံနှင့်တကွ ငါးပါးသီလကိုတောင်းခံခြင်း**

အဟံဘန္တေ တိသရဏေနသဟ ပဉ္စသီလံ ဓမ္မံယာစာမိ၊ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ။

ဒုတိယမ္ပိ ----၊ တတိယမ္ပိ---, နှစ်ကြိမ်ထပ်ဆိုပါ။

**အဓိပ္ပာယ်။** ။ အရှင်ဘုရား၊ တပည့်တော်သည် သရဏဂုံ

www.burmeseclassic.com

www.burmeseclassic.com



သုံးပါးနှင့်တကွ ငါးပါးသီလတရားတော်မြတ်ကို တောင်းခံပါ၏။ တပည့်တော်အား ချီးမြှောက်ခြင်းကိုပြု၍ ငါးပါးသီလကို ပေးသနားတော်မူပါဘုရား။

(သံဃာ) ယ မဟံ ဝဒါမိ၊ တံ ဝဒေထ။

(ငါဆိုသောစကားကိုလိုက်၍ဆိုကြလော့။)

(သီလခံသူ) အာမဘန္တေ (မှန်ပါအရှင်ဘုရား)

(၄) **ဘုရားရှိခိုးခြင်း**

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**အဓိပ္ပာယ်**။ ။လူနတ်ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊ အလုံးစုံသောတရားတို့ကို သိမြင်တော်မူသော၊ ထိုဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကို အကျွန်ုပ်သည် လက်အုပ်မိုး၍ ရှိခိုးပါ၏ဘုရား။

**မှတ်ချက်**။ ။နမောတဿဖြင့် ဘုရားရှိခိုးခြင်းသည် အတိုဆုံးဘုရားရှိခိုးခြင်းဖြစ်၏။ အရဟံဂုဏ်, သမ္မာသမ္ဗုဒ္ဓဂုဏ်၊ ဘဂဝါဂုဏ်တို့ကို ရှိခိုးခြင်းဖြစ်၏။ လေးနက်စေလို၍ သုံးကြိမ်ရှိခိုးသည်။ သိကြားမင်း၊ ကောသလမင်း၊ ဓာဏုသောဏီပုဏ္ဏား၊ ဗြဟ္မာယုပုဏ္ဏားစသည့် ပုဂ္ဂိုလ်များက မြတ်စွာဘုရားရှင်ကို နမောတဿဖြင့် ရှိခိုးခဲ့ကြသည်။

(၅) **သရဏဂုံခံယူခြင်း**

ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ။ဒုတိယမ္ပိ-----တတိယမ္ပိ(ယခင်အတိုင်း ဆက်ဆိုပါ)

(သံဃာ) တိသရဏ ဂမနံ ပရိပုဏ္ဏံ။

(သရဏဂုံခံယူခြင်းသည် ပြည့်စုံပြီ)

www.burmeseclassic.com

www.burmeseclassic.com



(လူ) အာမဘန္တေ (မှန်လှပါအရှင်ဘုရား)

(၆) **ငါးပါးသီလခံယူခြင်း**

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
(သူ့အသက်လဲ မသတ်ဘဲ အမြဲ ရှောင်ကြဉ်မည်။)

၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
(သူ့ဥစ္စာလဲ မခိုးဘဲ အမြဲ ရှောင်ကြဉ်မည်။)

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
(ကာမဂုဏ်လဲ မမှားဘဲ အမြဲ ရှောင်ကြဉ်မည်။)

၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
(လိမ်ညာ၍လဲ မပြောဘဲ အမြဲ ရှောင်ကြဉ်မည်။)

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

(သေအရက်လဲ မသောက်ဘဲ အမြဲ ရှောင်ကြဉ်မည်။ မူးယစ်ဆေးလဲ မသုံးစွဲ အမြဲရှောင်ကြဉ်မည်။)

(သံဃာ) တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ သာဓုကံကတွာ အပမာဒေန သမ္ပာဒေထ။

(သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလတရားတော်မြတ်ကို ကောင်းစွာ ပြည့်စုံလုံခြုံအောင်ပြု၍ မမေ့မလျော့ မပေါ့မဆသော သတိတရားဖြင့် ပြည့်စုံအောင် ဆောင်ရွက် နိုင်ကြပါစေ။)

(လူ) အာမဘန္တေ (မှန်လှပါအရှင်ဘုရား)

## ကိုယ်ကျင့်တရား အလေးအနက်ထား

လူ့ဘဝတွင် အရေးကြီးဆုံးသောအရာမှာ ကိုယ်ကျင့်တရားဖြစ်၏။ ကိုယ်ကျင့်တရားမကောင်းသူသည် နိုင်ငံတော်၏ ဆူးငြောင့်ခလုတ်ဖြစ်၏၊ ပြည်သူတို့၏ ဘေးရန်အန္တရာယ်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပေါ်တွင် အကောင်းဆုံး ကိုယ်ကျင့်တရားမှာ ငါးပါးသီလဖြစ်၏။ ငါးပါးသီလ စောင့်ထိန်းခြင်းသည် မတရားမှုများကို ရှောင်ကြဉ်၍ တရားမျှတမှုကို လုပ်ဆောင်ခြင်းဖြစ်၏။ ကိုယ်အပြုအမူနှင့် နှုတ်အပြောအဆိုတို့ကို အပြစ်ကင်းအောင် စောင့်ထိန်းခြင်းဖြစ်၏။

ယဉ်ကျေးမှုဆိုသည်မှာလည်း ကိုယ်နှုတ်အမူအရာတို့ အပြစ်ကင်းပြီး ယဉ်ကျေးသိမ်မွေ့ခြင်းကို ဆိုလို၏။ ကိုယ်နှုတ်ယဉ်ကျေးမှ စိတ်ပါယဉ်ကျေးနိုင်မည်။ ကိုယ်နှုတ်စိတ် သုံးပါးစလုံးယဉ်ကျေးသူမှာ အယဉ်ကျေးဆုံးပုဂ္ဂိုလ်ပင် ဖြစ်တော့သည်။

တရားမျှတမှုသည် မြင့်မြတ်၏၊ မတရားမှုသည် ယုတ်ညံ့၏၊ မတရားမှုကိုရှောင်၍ တရားမှုကိုဆောင်ခြင်းသည် မိမိကို မြင့်မြတ်အောင် ပြုခြင်းဖြစ်သည်။

သီလဂုဏ်သည် အမြတ်ဆုံး ဂုဏ်ဖြစ်၏။ သီလကုသိုလ်သည် အမြတ်ဆုံး ကုသိုလ်ဖြစ်၏။ သီလသည် ကုသိုလ်အားလုံးအတွက် အခြေခံအုတ်မြစ်ဖြစ်၏။ သီလပေါ်ရပ်တည်၍ ဒါနပြုလျှင် ဘာဝနာပွားလျှင် ပို၍ အကျိုးကြီးမား၏။

သီလသည် အလှပဆုံး အဆင်တန်ဆာဖြစ်၏။ သီလသည် အမွှေးကြိုင်ဆုံးပန်းရနံ့ထက်ပို၍ သင်းပျံ့၏။ သီလသည် စိတ်ကို ကြည်လင်အေးမြစေ၏။ သီလဖြူစင်သူသည် အလိုရှိသမျှ တောင့်တသမျှ အကုန်ပြည့်စုံ၏။

"စန္ဒကူးအနံ့သည်လည်းကောင်း၊ တောင်ဇလပ်ပန်း အနံ့သည်လည်းကောင်း၊ ကြာညိုပန်းအနံ့သည်လည်းကောင်း၊ မြလေးပန်းအနံ့သည်လည်းကောင်း ရှိ၏။ ထိုပန်းရနံ့ အမျိုးမျိုးတို့ထက် သီလအနံ့သည်သာ အတုမရှိမြတ်၏။ ပန်းရနံ့သည် လေညာသို့မသွား၊ စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ စပယ်ကြက်ရုံးပန်းတို့၏ အနံ့သည်

www.burmeseclassic.com

www.burmeseclassic.com



လည်း လေညာသို့မသွား၊ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့ကြိုင်လှိုင်၏"

သီလပို၍ပြည့်ဝဖြူစင်ရန်အတွက် သားသမီးကျင့်ဝတ်၊ မိဘကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ ဆရာကျင့်ဝတ် စသည့် လူမှုဝတ္တရားများကိုလည်းဖြည့်ကျင့်ရ၏။ ကိုယ်ကျင့်သီလပြည့်စုံသူသည် သူတော်ကောင်းဖြစ်၏။ သေလွန်သည့်အခါ နတ်ရွာသုဂတိသို့ လားရောက်ရ၏။

## သိကြားမင်းရှိခိုးသူ

သိကြားမင်းသည် ဥယျာဉ်တော်သို့ထွက်ရန် ဝေဇယန္တာပြာသာဒ်မှ ဆင်းသက်ပြီးနောက် ရထားပေါ်သို့ မတက်မီ အရပ်ရှစ်မျက်နှာတို့ကို လှည့်လည်ရှိခိုး၏။

မာတလိနတ်သားက "အရှင်သိကြားမင်း၊ အဘယ်သူများကို ရှိခိုးနေပါသနည်း"ဟု မေး၏။

သိကြားမင်းက "အချင်းမာတလိ၊ အကြင်လူတို့သည် ကုသိုလ်ကောင်းမှုကို ပြုလေ့ရှိကုန်၏၊ သီလနှင့်လည်း ပြည့်စုံကြကုန်၏၊ ရတနာမြတ်သုံးပါးကိုလည်း ကိုးကွယ်ဆည်းကပ်ကြကုန်၏၊ တရားသဖြင့် သားမယားတို့ကိုလည်း မွေးမြူကြကုန်၏၊ ထိုလူတို့ကို ငါရှိခိုး၏"ဟု ဖြေကြား၏။

## သီလစောင့်ထိန်းခြင်း၏ အကျိုးငါးပါး

၁။ စီးပွားဥစ္စာရတနာတို့ကို မြောက်များစွာရခြင်း၊
၂။ နာမည်ကောင်းသတင်း ကျော်ကြားခြင်း၊
၃။ ပရိသတ်ဗိုလ်ပုံအလယ်၌ တင့်တယ်ရဲရင့်ခြင်း၊
၄။ တွေဝေမေ့မောမှုမရှိ သတိကောင်းလျက် သေရခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



၅။ သေလွန်ပြီးနောက် ကောင်းမြတ်သော လူ့ဘဝ နတ်ဘဝကိုရခြင်း။

**ဆောင်ပုဒ်။** စည်းစိမ်ရလျှင်း၊ သတင်းကောင်းပျံ့၊ မရွံ့ပရိသာ၊ သေခါမတွေ၊ သေနတ်ရွာလား၊ ကျိုးငါးပါး မှတ်သားသီလဝန္တ ။

**သီလပျက်စီးခြင်းအပြစ်။** စည်းစိမ်ပျက်လျှင်း၊ သတင်းဆိုးနံ့၊ ကြောက်ရွံ့ပရိသာ၊ သေခါတွေဝေ၊ သေငရဲလား၊ ပြစ်ငါးပါး မှတ်သား ဒုဿီလ။

## သီလဂုဏ်ကျေးဇူးကဗျာ

သီလခေါ်ဆို ကိုယ်ကျင့်ကောင်းမှ၊
တောင်းတိုင်းတတိုင်း ရနိုင်တယ်။
ပဒေသာပင်အိမ်မှာပေါက်သလို၊
ကောက်ယူသုံးလို့ မကုန်နိုင်တယ်။
ဥစ္စာစုပုံ ကုန်မယွင်း ဂုဏ်သတင်းလဲ သင်းပျံ့မယ်။
ရောက်လေရာရာ ပွဲလယ်တင့်လို့၊
ရဲရင့်ရွှင်ပျ ခင်ကြမယ်။
သေရသော်လည်း သတိကောင်းလို့၊
ဂတိပြောင်းတော့ နတ်ပြည်ဝယ်။
သီလကောင်းကျိုး၊ ချက်ချင်းတိုး၊ အားကိုးလောက်ပေတယ်။
အဲဒါကြောင့် ကိုယ်ကျင့်သီလ ဒီဘဝတည်ကြမြဲကြမယ်။

## သတ္တဝါများကို ချစ်ခင်ကြင်နာပါ

ခွေးကလေး, ကြောင်ကလေးတွေ ကစားမြူးထူးနေကြတာ ချစ်စရာမကောင်းဘူးလား။ ကြက်ကလေးတွေက ကြက်မကြီးနောက် လိုက်ပြီး အစာရှာစားနေကြတာ ကြည့်ပါဦး။ ငှက်တွေကလည်း အစုလိုက် အသင်းလိုက် မောင်နှံစုံတွန်ကြူး ပျော်မြူးနေကြတာ။

www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်များသည် လူများကဲ့သို့ပင် အစာရှာစားကြ၊ ပျော်မြူးကြ၊ မေထုန်မှီဝဲကြ၊ သားသမီးတို့ကို ကျွေးမွေးစောင့်ရှောက်ကြ၊ အိပ်ကြသည်။

သတ္တဝါတိုင်း မိမိဘဝကို နှစ်သက်တွယ်တာ၏။ မိမိကိုယ်ကို မိမိအချစ်ဆုံး။ သေရမည်ကို သတ္တဝါတိုင်း ကြောက်ရွံ့၏။

သင်သေရမည်ကိုကြောက်သလို တိရစ္ဆာန်များလည်း သေရမည်ကို ကြောက်ရွံ့ကြ၏။ သင်က သေရနာရမည်ကို ကြောက်ပါလျက် အခြား သက်ရှိသတ္တဝါတို့အား ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခြင်းသည် တရားပါမည်လား။ ကိုယ်ချင်းစာတရားထားပါ။

လောကမှာ မေတ္တာနှင့် သစ္စာတို့သည် အလှဆုံးနှင့် အမြတ်ဆုံး တရားများဖြစ်ကြ၏။ သတ္တဝါတို့ကို မေတ္တာထား၍ ချစ်ခင်ကြင်နာပါ၊ ကျွေးမွေးစောင့်ရှောက်ပါ။ သစ္စာကိုစောင့်သိ၍ သူတစ်ပါးကို ထိခိုက်နစ်နာအောင် မလုပ်ပါနှင့်။

မတရားမှုပြုလျှင် သင်ခံရမည့်အပြစ်သည် အလွန်ကြီးမား၏၊ နစ်နာသူ၏ ဆွေမျိုးများက လက်တုံ့ပြန်သော အပြစ်၊ တရားဥပဒေက ပေးသည့်အပြစ်၊ ပတ်ဝန်းကျင်က ကဲ့ရဲ့ရှုတ်ချသည့်အပြစ်၊ အပါယ်လေးဘုံသို့ ကျရောက်သည့် အပြစ် . . . အပြစ်များလှစွာ၏။

စိတ်၏စွမ်းရည်သတ္တိ၊ ကံအစွမ်းသတ္တိတို့အရ မကောင်းမှုကို ပြုလျှင် တူညီသောမကောင်းကျိုးကို အပြန်ကုဋေကုဋာပြန်ခံရ၏၊ ကောင်းမှုကိုပြုလျှင် တူညီသော ကောင်းကျိုးကို အပြန်ကုဋေကုဋာပင် ရနိုင်၏။

ထို့ကြောင့် **"ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍၊ ကောင်းကျိုးကိုယ်၌ တည်ကြပါစေသော်"**

**သူ့အသက်သတ်ခြင်းအပြစ်နှင့် ရှောင်ကြဉ်ခြင်းအကျိုး**

ပါဏာတိပတ်၊ သူ့သက်သတ်က၊ ချို့တတ်အင်္ဂါ၊ မွဲပြာရုပ်ဆင်း၊

www.burmeseclassic.com

www.burmeseclassic.com



အားအင်ယိုယွင်း၊ လျင်ခြင်းလည်းဝေး၊ ဘေးကိုကြောက်တတ်၊ အသတ်ခံရ၊ အနာများလျက်၊ ခြေရုံပျက်၍၊ အသက်တိုလျှ၊ ပြစ်များစွသည်၊ ရှောင်ကအပြန် အကျိုးတည်း။

ရှေးအခါက အိမ်ရှင်မတစ်ယောက်သည် ညှော့သည်ကို ကျွေးမွေးရန် အိမ်၌မွေးထားသော ဆိတ်ကလေးကို လည်လှီးသတ်၍ ချက်ကျွေး၏။ ထိုအကုသိုလ်ကံကြောင့် သေသောအခါ ငရဲကျ၏။ ငရဲမှလွတ်လာသည့်အခါ ဆိတ်ကလေး ကိုယ်၌ရှိသော အမွေး အရေအတွက်အမျှ တိရစ္ဆာန်ဘဝများ ဖြစ်ရ၏။ ဖြစ်သည့်ဘဝတိုင်း၌ပင် လည်လှီးဖြတ်၍ အသတ်ခံရ၏။

## ဆောင်ပုဒ်ကဗျာ

သူ့အသက်ကိုသိလျက်သားနဲ့၊ ဒေါသစိတ်ထား သတ်ဖြတ်လို။
လုံ့လပြုကာ သေအောင်သတ်က၊ ဒက်ထိမှတ်တော့ အကုသိုလ်။
လွန်ကျူးလျှင်နော် တကယ်ပဲပေါ့၊ အပါယ်ငရဲ ကျမယ်ဆို။
လွတ်လာမြန်လဲ ရောဂါစွဲ၊ ဆင်းရဲအသက်တို။
အဲဒါကြောင့် ပဥ္စသီလ တည်ကြပါစေလို။

## သူ့ဥစ္စာခိုးခြင်းအပြစ်နှင့် ရှောင်ကြဉ်ခြင်းအကျိုး

အဒိန္နာဒါ၊ ခိုးမိပါမူ၊ ဥစ္စာနည်းမွဲ၊ ဆင်းရဲငတ်ဘိ၊ လိုရှိမရ၊ ဘောဂပျက်စီး၊ ရေမီးသူခိုး၊ မွေခံဆိုးနှင့်၊ မင်းဆိုးအပြား၊ ရန်မျိုးငါးကြောင့်၊ ပျက်ပြားဥစ္စာ၊ ပြစ်များစွာသည်၊ ရှောင်ခါအပြန် အကျိုးတည်း။

ရာဇဂြိုလ်ပြည်မှ **ဈေးသည်မိန်းမ** လေးယောက်တို့သည် မမှန်သောအလေးချိန်ခွင်တို့ဖြင့် ရောင်းချပြီး ဥစ္စာရာပွေကြ၏။ အရွယ်ကောင်းတုန်းမှာပင် သေလွန်၍ မြို့ပြင်၌ ပြိတ္တာဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ညဥ့်အခါ မြို့ထဲဝင်၍ အစာရှာဖွေကြ၏။ လူ့ဘဝက နေအိမ်များဆီသို့ ရောက်သောအခါ သူတို့၏ ခင်ပွန်းများက နောက်မယားများနှင့် ပျော်ပါးနေကြသည်ကို တွေ့မြင်ကြ၏။ ထိုအခါ ပြိတ္တာမများသည် အလွန်ပူဆွေးသောကဖြစ်ကာ ရင်ကိုထု၍ ငိုကြွေးကြလေ၏။

## ဆောင်ပုဒ်ကဗျာ

သူ့ဥစ္စာကို သိလျက်သားနဲ့၊ လောဘစိတ်ထား ခိုးယူလို။
လုံ့လပြုကာ ခိုးယူမိက၊ ဒုက်ထိမှတ်တော့ အကုသိုလ်။
လွန်ကျူးလျှင်နော် တကယ်ပဲပေါ့၊ အပါယ်ငရဲ ကျမယ်ဆို။
လွတ်လာပြန်လဲ ဥစ္စာမဲ့ ဆင်းရဲဖြစ်တိုင်းကိုယ်။
အဲဒါကြောင့် ပဉ္စသီလ တည်ကြပါစေလို။

## သူ့သားမယား ပြစ်မှားခြင်းအပြစ်နှင့် ရှောင်ကြဉ်ခြင်းအကျိုး

မိစ္ဆာစာရ၊ ကျူးလွန်ကလည်း၊ မုန်းကြသူများ၊ ရန်သူပွား၍၊ ရှားပါးလာဘ်တိတ်၊ ချမ်းသာဆိတ်၏၊ ဣတ္ထိပဏ္ဍုက်၊ မျိုးယုတ်ခါခါ၊ မျက်နှာမလှ၊ အရှက်ရလျက်၊ ရူပဏ္ဍေ၊ ယွင်းသွေချို့သိမ်၊ စိုးရိမ်များစွာ၊ ချစ်သူကွာသည်၊ ရှောင်ခါအပြန်အကျိုးတည်း။

**အရှင်အာနန္ဒာ**အလောင်းသည် ကမ္ဘာတစ်သိန်းမျှ ပါရမီဖြည့်ပြီးနောက် တစ်ခုသောဘဝတွင် ဤကမ္ဘာ၌ ရွှေပန်းတိမ်သည်သား ဖြစ်လာ၏။ ဤဘဝတွင် လူယုတ်မာများနှင့် ပေါင်းဖော်မိသဖြင့် သူတစ်ပါးတို့၏ သားမယားများကို လွန်ကျူးမိ၏။ ဤအကုသိုလ်ကံကြောင့် ရောရုဝငရဲ၌ နှစ်ပေါင်းများစွာ ဆင်းရဲပင်ပန်းစွာ ခံရ၏။

ထိုငရဲမှ လွတ်မြောက်သောအခါ မျောက်ဖြစ်၍ ဒှေးစေ့ကို ကိုက်ဖောက်ခံရ၏။ ထို့နောက် နွားဖြစ်၍ သင်းကွပ် (ဒှေးစေ့ထုပ်) ခံရ၏။ ထို့နောက် လူဖြစ်ရာ ယောကျ်ားမဟုတ် မိန်းမမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ပဏ္ဏာကြက်ဖြစ်ရ၏။ ထို့နောက် ကုသိုလ်ကံအခွင့်ရ၍ နတ်ပြည်၌ ဖြစ်ရသော်လည်း သိကြားမင်း မိဖုရား ၄–ဘဝ၊ ဇဝနနတ်သား၏ မိဖုရား ၁–ဘဝဖြစ်ရ၏။

ထို့နောက် လူ့ပြည်၌ မိတ္ထိလာပြည် အင်္ဂတိမင်းကြီး၏ သမီးတော် **ရုစာမင်းသမီး** ဖြစ်၏။ ထို့နောက်မှ ယောက်ျားဘဝကို ပြန်ရ၏။

## ဆောင်ပုဒ်ကဗျာ

သူ့သားမယားကိုသိလျက်သားနဲ့၊ ရာဂစိတ်ထား ဖောက်ပြားလို့။
လုံ့လပြုကာ ဖောက်ပြားမိက၊ ဒက်ထိမှတ်တော့ အကုသိုလ်။
လွန်ကျူးလျှင်နော် တကယ်ပဲပေါ့၊ အပါယ်ငရဲကျမယ်ဆို။
လွတ်လာပြန်လဲ နပုန်းပဲ၊ ဖြစ်မြဲမိန်းမကိုယ်။
အဲဒါကြောင့် ပဥ္စသီလ တည်ကြပါစေလို့။

## လိမ်ပြောခြင်း၏အပြစ်နှင့် ရှောင်ကြဉ်ခြင်းအကျိုး

မုသားစကား၊ ပြောဆိုငြားမူ၊ စကားမပီ၊ သွားမညီတည်း၊ ပုပ်ညှီပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ၊ ဣန္ဒြေယွင်းနှောက်၊ ရုပ်ဆင်းဖောက်၏၊ မရောက်သြဇာ၊ နှုတ်လျှာ ကြမ်းထော်၊ လျှပ်ပေါ်လော်လည်၊ စိတ်မတည်သည်၊ ရှောင်ကြဉ်အပြန်အကျိုးတည်း။

ကဿပမြတ်စွာဘုရားလက်ထက်တော်က **သောတာပန်ဥပါသကာ** တစ်ယောက်သည် အဖော်ဥပါသကာ ငါးရာတို့နှင့်အတူ ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြ၏။ သူတို့၏ ဇနီးများကလည်း ကုသိုလ်ကောင်းမှုကို စုပေါင်းပြုကြ၏။

အရက်သမားတို့သည် ထိုအမျိုးသမီးငါးရာတို့ကို မြင်လျှင် တပ်မက်ကြ၏။ "အဘယ်သူတို့သည် ထိုမိန်းမတို့၏ အကျင့်သီလကို ဖျက်ဆီးနိုင်သနည်း"ဟု အချင်းချင်း ပြောဆိုကြ၏။ တစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



"ငါဖျက်ဆီးနိုင်၏"ဟု ဆို၏။ ထိုသူတို့သည် အလောင်းအစားပြုပြီး နည်းမျိုးစုံဖြင့် ထိုမိန်းမတို့ကို ဖြားယောင်းသွေးဆောင်ကြ၏။ ခေါင်းဆောင်ဥပါသကာ၏ ဇနီးသည် အလောင်းအစားပြုသော အရက်သမားနှင့် ဖောက်ပြားမိ၏။

လောင်းကြေးရှုံးသော အရက်သမားတို့မှ ကစ်ဆင့် ခေါင်းဆောင် ဥပါသကာကြားလျှင် ဇနီးအားမေး၏။ ဇနီးက မိမိမဖောက်ပြား ကြောင်း လိမ်ပြော၏။ လင်က မယုံသေးသဖြင့် အနီး၌ရှိနေသည့် နားရွက်ပြတ်ခွေးနက်ကြီးကိုပြလျက် "ကျွန်မသည် တစ်ပါးသော ယောကျ်ားနှင့် ဖောက်ပြားကျူးလွန်မိပါက နောက်ဘဝတွင် ဤခွေးနက်ကြီး၏ အစားကိုခံပါရစေ"ဟု ကျိန်ဆို၏။

လင်ကမယုံသေးသဖြင့် အဖော်မိန်းမတို့ကို မေးမြန်း၏။ ထိုမိန်းမတို့သည် သိလျက်နှင့် "ကျွန်မတို့မသိပါ၊ ဤအတိုင်း မမှန်ပါက ထိုမိန်းမ၏ ကျွန်ဖြစ်ပါစေ"ဟု ကျိန်ပြောကြ၏။

ထိုမိန်းမတို့ သေလွန်ကြသည့်အခါ ဟိမဝန္တာတော ကဏ္ဍမုဏ္ဍာအိုင်အနီး၌ ဝေမာနိကပြိတ္တာမများ ဖြစ်ကြ၏။ ရှေးအတိတ် ကုသိုလ်ကံကြောင့် ရုပ်အဆင်းအလွန်လှပကြ၏၊ နတ်ဘုံဗိမာန်၌ နေကြရ၏၊ အရသာရှိသော အစားအစာကိုစားကြရ၏။ သို့သော် ခေါင်းဆောင် အမျိုးသမီးသည် အတိတ်က လိမ်ညာ၍ ကျိန်ဆိုခဲ့သည့် အတိုင်း ညဉ့်တိုင်း ရေအိုင်သို့သွား၍ ခွေးနက်ကြီး၏ ကိုက်စားခြင်းကို ခံရ၏။ ကျန်အမျိုးသမီးတို့သည် ခေါင်းဆောင်အမျိုးသမီး၏ ကျွန်ဖြစ်ကြရ၏။

## ဆောင်ပုဒ်ကဗျာ

မှားယွင်းမှန်းကို သိလျက်သားနဲ့၊ မကောင်းစိတ်ထား မုသားဆို၍
ထိုသူနားလည်အကျိုးထိက၊ ဒုက်ထိမှတ်တော့ အကုသိုလ်။

www.burmeseclassic.com

www.burmeseclassic.com



လွန်ကျူး လျှင်နော် တကယ်ပဲပေါ့၊ အပါယ်ငရဲကျမယ်ဆို။
လွတ်လာပြန်လဲ ပုပ်ညှီစွဲ၊ သွားကျဲနှုတ်ခမ်းတို။
အဲဒါကြောင့် ပဥ္စသီလတည်ကြပါစေလို။

## သေရည်သောက်ခြင်း၏ အပြစ်နှင့် ရှောင်ကြဉ်ခြင်း၏အကျိုး

သေရည်သောက်လင့်၊ သင့်မသင့်ဌ၊ ရေးခွင့်မသိ၊ ပျင်းရိမေ့ရူး၊ ကျေးဇူးမဆပ်၊ ဟိရောတ္တပ်ကင်း၊ ခပင်းများထို့၊ အကုသိုလ်ကို၊ မငြိုလွယ်စွာ၊ ပြုကျင့်ရာသည်၊ ရှောင်ခါအပြန် အကျိုးတည်း။

ရှေးအခါက **ဗာရာဏသီပြည်ကို အစိုးရသောမင်း**သည် အလွန်အရက်ကြိုက်၏။ မိုးလင်းမှမိုးချုပ်အထိ အမြဲ သောက်စား နေလေ့ရှိ၏။ အသားဟင်းလျာကိုလည်း စွဲလမ်း၏။ အသားဟင်း မပါဘဲ ပွဲတော်မတည်ချေ။

ထိုအခါ ဗာရာဏသီပြည်၌ ဥပုသ်နေ့များတွင် သားငါးများကို သတ်ဖြတ်ရောင်းချခြင်းမပြုရန် အမိန့်ထုတ်ထား၏။ မင်း၏ စားဖိုမှူး သည် ဥပုသ်နေ့မတိုင်မီ တစ်ရက်ကြို၍ အသားဟင်းချက်ထား၏။ သို့သော် ညဥ့်အခါ နန်းတွင်းခွေးများက အိုးကိုဖွင့်၍ အကုန် စားလိုက်၏။

နောက်နေ့တွင် အသားဝယ်၍ မရသဖြင့် စားဖိုမှူးသည် မိဖုရားကြီးထံ အကူအညီတောင်းခံ၏။ မင်းကြီးသည် သားတော် ကလေးကို အလွန်ချစ်မြတ်နိုး၏။ ပွဲတော်စာ မဆက်သမီ ဘုရင်ကြီး ရင်ခွင်၌ သားတော်ကလေးကို ထည့်ထားပေးမည်ဟု မိဖုရားကြီး အကြံပြု၏။

ထိုအကြံအတိုင်း သားတော်ကလေးကို ဘုရင်မင်းမြတ် ချော့မြှူကျီစယ်နေစဉ် စားဖိုမှူးသည် ပွဲတော်စာကိုဆက်သ၏။ မင်းကြီးသည် ဟင်းခွက်များပေါ်သို့ မျက်စိ ကစားလိုက်ရာ

www.burmeseclassic.com

www.burmeseclassic.com



အသားဟင်းမပါသည်ကို သိ၏။

“ဘယ်မှာလဲ အသားဟင်း”

“မှန်လှပါ၊ ဥပုသ်နေ့ဖြစ်၍ အသားဝယ်၍မရပါ”

“ငါ့အတွက်တော့ အမဲဟင်းလျာ ခဲယဉ်းရသလား”

ပြောပြောဆိုဆို မင်းကြီးသည် သားငယ်၏ လည်ပင်းကို လိမ်ချိုး၍ သားကိုသတ်လိုက်ပြီး စားဖိုမှူးရှေ့သို့ ပစ်ချလိုက်၏။ “သွား အမြန်ချက်”ဟု အမိန့်ပေး၏။

စားဖိုမှူးသည် အလျင်အမြန်ချက်၍ ဆက်သ၏။ မင်းကြီးသည် သားတော်ကလေး၏ အသားဟင်းလျာဖြင့် ညစာကို ပွဲတော်တည်၏၊ အရက်သောက်၏၊ မူးယစ်၍ အိပ်ပျော်သွား၏။ နံနက်မိုးသောက်သော် “သားတော်ကလေးကို ယူလာပါ”ဟု မိန့်ဆို၏။ မိဖုရားကြီးက ငိုယိုလျက် အဖြစ်အပျက်ကို တင်လျှောက်လိုက်၏။

ဘုရင်ကြီးသည် အလွန်တုန်လှုပ်ချောက်ချားသွား၏၊ အရက်သောက်ခြင်း၏ အပြစ်ကို ထင်ထင်ရှားရှားသိမြင်လိုက်ပြီ။ ထိုကြောင့် ငိုယိုလျက်“ရဟန္တာမဖြစ်သေးသမျှ သေအရက်ကို ငါမသောက်တော့ဘူး”ဟု အဓိဋ္ဌာန်ပြုလိုက်၏။

ထိုမင်းကြီးကား ဂေါတမမြတ်စွာဘုရား၏ လက်ယာရံ – **အရှင်သာရိပုတ္တရာမထေရ်** အလောင်းအလျာပေတည်း။ အရက်သေစာသည် ပါရမီရှင်ကြီးကိုသော်မှ မှောက်မှားစေကာ၊ သားရင်နှစ်သည်းချာကိုပင် ကိုယ်တိုင်လည်လိမ်ချိုး၍ သတ်ဖြတ် မိစေသည်။

**ဆောင်ပုဒ်ကဗျာ**

သေရည်မှန်းကိုသိလျက်သားနဲ့၊မူးယစ်စိတ်ထား သောက်စားလို၊
လုံ့လပြုကာ သေ [illegible] မိက၊ ဒက်ထိမှတ်တော့ အကုသိုလ်။
လွန်ကျူးလျှင်နော် ဟကယ်ပဲပေါ့ အပါယ်ငရဲကျမယ်ဆို။

www.burmeseclassic.com

www.burmeseclassic.com



လွတ်လာပြန်လဲ၊ မူးမေ့မြဲ၊ ဖောက်လွဲအရူးကိုယ်။
အဲဒါကြောင့် ပဉ္စသီလ တည်ကြပါစေလို။

## သီလမြဲက ငယ်ကမသေ

ရှေးအခါက ကာသိတိုင်းတွင် **ဓမ္မပါလရွာ**ရှိ၏။ ရွာသား အားလုံးသည် ငါးပါးသီလစောင့်ထိန်းကြ၏။ ငယ်ငယ်ရွယ်ရွယ်ဖြင့် သေသူမရှိဘဲ ကြီးရင့်မှ သေကြ၏။

ဓမ္မပါလရွာသူကြီးသားသည် တက္ကသိုလ်ပြည်သို့ ပညာသင် သွား၏။ ပညာတော်သဖြင့် ဆရာကြီး၏ လက်ထောက်ဖြစ်လာ၏။ တစ်နေ့တွင် ဆရာကြီး၏ သားငယ်သေဆုံးသဖြင့် ဓမ္မပါလ အမျိုးသား က အလွန်အံ့သြ၏။

"သီးကင်းစတွေ တဖုတ်ဖုတ်ကြွေကျနေသလို ငယ်ငယ်ရွယ်ရွယ် နဲ့ သေတာ ဘာဆန်းသလဲ"ဟု အဖော်များကပြောကြ၏။

"တို့ရွာမှာ ငယ်ငယ်ရွယ်ရွယ်နှင့် သေရရိုး ထုံးစံမရှိပါ"ဟု ဓမ္မပါလ အမျိုးသားက ဆို၏။

တက္ကသိုလ်ဆရာကြီးက ကြားသဖြင့် စုံစမ်းလို၍ ဓမ္မပါလရွာသို့ သွား၏။ ရွာသူကြီးကို ဆိတ်ရိုးများပြ၍ "သင့်သား ဓမ္မပါလ ကွယ်လွန်သွားပြီ။ မီးသင်္ဂြိုဟ်ပြီး အရိုးများ ယူလာခဲ့သည်"ဟု ဆို၏။

သူကြီးနှင့် ဆွေမျိုးများက ရယ်မောပြီး "ဤအရိုးသည် ငါ့သား အရိုး မဖြစ်နိုင်ပါ၊ အခြားအရိုးသာ ဖြစ်ပါလိမ့်မည်"ဟု ဆို၏။

"အရွယ်မရွေး သေမျိုးဖြစ်လျက် သင်တို့အမျိုးမှာ အဘယ်ကြောင့် ငယ်ငယ်ရွယ်ရွယ်နှင့် မသေကြသနည်း"ဟု ဆရာကြီးက မေး၏။

"ကျွန်ုပ်တို့ ဓမ္မပါလရွာသားများသည် အမြဲမပြတ် အလှူပေး ကြ၏၊ သီလကိုစောင့်ထိန်းကြ၏၊ လူကြီးသူမစကားကို လူငယ်များက

www.burmeseclassic.com



လိုက်နာကြ၏၊ ရပ်ရွာအေးချမ်းသာယာမှုအတွက်လည်း ဝိုင်းဝန်း လုပ်ဆောင်ကြ၏။ ထို့ကြောင့် ဤရွာသားများသည် ငယ်ငယ်ရွယ်ရွယ် နှင့် မသေကြရပါ”ဟု သူကြီးက ရှင်းပြ၏။

တက္ကသိုလ်ဆရာကြီးသည် ဓမ္မပါလ ရွာသူကြီးကို ကန်တော့ပြီး–

“သင့်သား ဓမ္မပါလ မသေပါ၊ ငယ်ရွယ်သူများ မသေကြဟု သင့်သားပြောသောစကားကို စုံစမ်းလို၍ လာခြင်းဖြစ်ပါသည်”ဟု ပြော၏။ ထို့နောက် ဓမ္မပါလရွာသားတို့ စောင့်ထိန်းသော ကျင့်ဝတ် သီလတို့ကို မေးမြန်းမှတ်သားပြီး တက္ကသိုလ်ပြည်သို့ ပြန်၏။

## ကမ္ဘာကသိပါစေ ဝင့်ကြွားကြလေ

**ကဗျာ။** ။လူ့အခြေခံကျင့်ဝတ်တရားတို့၊ ပျက်ပြားနေကြ ကမ္ဘာမြေ။ ဟိုတိုင်းဒီပြည် ရန်စစ်ခင်းလို့၊ လူနဲ့လူချင်း သတ်ခါနေ။ ငြိမ်းချမ်းပါစေ အာသီသနဲ့၊ စွမ်းနိုင်ရာက ကူညီသလေ။ ကျင့်ဝတ်တရား၊ သီလငါး၊ မှတ်သားကျင့်သုံးစေ။ အဖိုးတန်တဲ့၊ ဗုဒ္ဓဝါဒ၊ ကမ္ဘာကသိပါစေ။

(ဒဂုန်ဦးထွန်းမြင့်၏ငါးပါးသီလကဗျာများမှ ဆင့်ပွားနွယ်သစ်)

## ငါးပါးသီလအဓိဋ္ဌာန်

၁။ သူ့အသက်လဲ၊ မသတ်ဘဲ၊ အမြဲရှောင်ကြဉ်မည်။
၂။ သူ့ဥစ္စာလဲ၊ မခိုးဘဲ၊ အမြဲရှောင်ကြဉ်မည်။
၃။ ကာမဂုဏ်လဲ၊ မမှားဘဲ၊ အမြဲရှောင်ကြဉ်မည်။
၄။ လိမ်ညာ၍လဲ၊ မပြောဘဲ၊ အမြဲရှောင်ကြဉ်မည်။
၅။ သေအရက်လဲ၊ မသောက်ဘဲ၊ အမြဲရှောင်ကြဉ်မည်။
မူးယစ်ဆေးလဲ၊ မသုံးစွဲ၊ အမြဲရှောင်ကြဉ်မည်။

www.burmeseclassic.com

www.burmeseclassic.com



## သီလ ၂-မျိုး

ငါးပါးသီလကို စောင့်ထိန်း၍ ဒုစရိုက်များကို ရှောင်ကြဉ်ခြင်းသည် **ဝါရိတ္တသီလ** မည်၏။

သားသမီးကျင့်ဝတ်၊ မိဘကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ ဆရာကျင့်ဝတ်စသည့် တာဝန်ဝတ္တရားများကို မပျက်မကွက်အောင် စောင့်ထိန်းခြင်းသည် **စာရိတ္တသီလ**မည်၏။

ဝါရိတ္တသီလနှင့် စာရိတ္တသီလ၂-မျိုးလုံးကို စောင့်ထိန်းပါမှ သီလပြည့်စုံသူဖြစ်ပါသည်။

## သားသမီးကျင့်ဝတ် ၅-ပါး

* ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ။

၁။ မိဘတို့ကို လုပ်ကျွေးခြင်း၊

၂။ မိဘတို့၏ အမှုကိစ္စများကို ဆောင်ရွက်ခြင်း၊

၃။ မိဘစကားကို နားထောင်၍ မိဘအမွေကို ခံထိုက်အောင်နေခြင်း၊

မိဘစကား၊ နားမထောင်ပြား၊ အမွေစားမဖြစ်ထိုက်ပါ။

၄။ မိဘတို့ ကွယ်လွန်သောအခါ မိဘတို့အတွက် ရည်စူး၍ ကုသိုလ်ပြုလုပ်ပြီး အမျှပေးဝေခြင်း၊

၅။ မိဘတို့၏ အမျိုးအနွယ်၊ လူမျိုး, ဘာသာ, သာသနာကို စောင့်ရှောက် ထိန်းသိမ်းခြင်း။

## မိဘကျင့်ဝတ် ၅-ပါး

* မကောင်းမြစ်တား ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်ဖခင်မယ်တို့တာ။

www.burmeseclassic.com

www.burmeseclassic.com



၁။ မကောင်းမှုများကို သားသမီးတို့ မပြုရန် တားမြစ်ခြင်း၊
၂။ ကောင်းသောအကြံ၊ မှန်သောစကား၊ အကျိုးများသော အလုပ်ကို ကြံစည်, ပြောဆို, လုပ်ကိုင်တတ်ရန် ညွှန်ပြခြင်း၊
၃။ အတတ်ပညာ သင်ကြားပေးခြင်း၊
၄။ ရင်းနှီးလုပ်ကိုင်နိုင်ရန် ငွေပေးဝေခြင်း၊
၅။ အရွယ်ရောက်လျှင် လက်ထပ်ထိမ်းမြားပေးခြင်း။

## တပည့်ကျင့်ဝတ် ၅-ပါး

* ညီညာထကြွ၊ ဆုံးမနာယူ၊ လာမှုကြိုဆီး၊ ထံနီး, လုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ်၊ မလွတ် ငါးခုသာ။

၁။ ဆရာသင်ကြားဆုံးမသမျှကို လေးစားစွာ နာယူ မှတ်သားခြင်း၊
၂။ ဆရာလာသောအခါ ညီညီညာညာ မတ်တပ်ရပ်၍ ခရီးဦး ကြိုဆိုခြင်း၊
၃။ ဆရာ့ထံပါး ဆည်းကပ်ခစားရခြင်း (ထံနီး)၊
၄။ ဆရာ၏ ပြုဖွယ်ကိစ္စများကို ပြုလုပ်ပေးခြင်း (လုပ်ကျွေး)၊
၅။ ဆရာသင်ပြပြီးသော သင်ခန်းစာများကို ကြံစည်, တွေးတော, သင်အံ, လေ့ကျက် နှုတ်တက်ရအောင် ရွတ်ဆိုခြင်း။

## ဆရာ့ကျင့်ဝတ် ၅-ပါး

* အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ ဝတ်ငါးဖြာ။

၁။ အသိပညာ အတတ်ပညာများကို သင်ကြားပြသပေးခြင်း၊
၂။ လိမ္မာယဉ်ကျေးအောင် ပြုပြင်, ဆုံးမ,တည့်မတ်ပေးခြင်း၊
၃။ မိမိတတ်သိသမျှကို အကြွင်းမရှိ သင်ပြပေးခြင်း၊
၄။ တပည့်များ ဘေးရန်ကင်းရှင်းအောင် ကြိုတင် တားဆီးကာကွယ် ပေးခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



၅။ မိမိထက် ပို၍ သင်ပြပေးနိုင်မည့် ဆရာကျောင်းထံ အပ်နှံပေးခြင်း၊ ပညာတတ်ပြီးသူများကို သင့်ရာအလုပ်ဌာန၌ ဆက်သွယ်အပ်နှံပေးခြင်း၊

## လင်ကျင့်ဝတ် ၅-ပါး

* မထိမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင်လင်ကျင့်ရာ။

၁။ မိမိဇနီးအား မထိလေးစားမပြုခြင်း၊

၂။ မိမိရှာဖွေရသမျှ ဥစ္စာများကို ပေးအပ်ခြင်း၊

၃။ အခြားမိန်းမများနှင့် ဖောက်ပြားကျူးလွန်မှု မရှိခြင်း၊

၄။ အဝတ်အစားများကို ဝယ်ခြမ်းဆင်ယင်ပေးခြင်း၊

၅။ မြတ်နိုးကြင်နာခြင်း။

## မယားကျင့်ဝတ် ၅-ပါး

* အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူ ကျင့်အပ်စွာ။

၁။ အိမ်တွင်း အမှုလုပ်ငန်းများကို လုပ်ကိုင်စီမံခြင်း၊

၂။ ခင်ပွန်းအပ်နှင်းသော ဥစ္စာပစ္စည်းများကို စနစ်တကျ သေသေချာချာ သိမ်းဆည်းထားခြင်း၊

၃။ မိမိလင်မှတစ်ပါး အခြား ယောကျ်ားများနှင့် မဖောက်ပြန်မမှားယွင်းခြင်း၊

၄။ မိမိဘက်ဆွေမျိုး၊ လင်ဘက်ဆွေမျိုးများကို မျှမျှတတ ဝေငှပေးကမ်းခြင်း၊

၅။ လုပ်ငန်းကိစ္စများ ဆောင်ရွက်ရန် မပျင်းရိဘဲ လုံ့လဝီရိယရှိခြင်း။

www.burmeseclassic.com

www.burmeseclassic.com



## မိတ်ဆွေကျင့်ဝတ် ၅-ပါး

* ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေ မိတ်သဟာ။

၁။ မိမိတတ်နိုင်သလောက် ပေးကမ်းထောက်ပံ့ခြင်း၊

၂။ ကိုယ်နှင့် တန်းတူထား၍ ဆက်ဆံခြင်း၊

၃။ နှစ်ဦးနှစ်ဝ အကျိုးရှိရန် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း၊

၄။ စိတ်ကောင်းထား၍ ချိုသာပြေပြစ်စွာ ပြောဆိုခြင်း၊

၅။ ကတိသစ္စာ, တည်ကြည်စွာဖြင့် ဆက်ဆံလုပ်ကိုင်ခြင်း။

## အလုပ်ရှင်ကျင့်ဝတ် ၅-ပါး

* ဝစွာကျွေးမွေး၊ ပြုရေးစီရင်၊ နာလျှင် ကုစေ၊ ၄ဝေရသာ၊ အခါကိုလွှတ်၊ အရှင်ဝတ်၊ မချွတ်ငါးခုသာ။

၁။ မိမိ၏ အလုပ်သမားကို ဝလင်စွာ ကျွေးမွေးခြင်း၊

၂။ လုပ်အားနှင့် လုပ်ငန်းသင့်လျော်အောင် စီစဉ်၍ သင့်လျော်သော အချိန်၌ လုပ်ကိုင်စေခြင်း၊

၃။ ဖျားနာလျှင် ဆေးကုသပေးခြင်း၊

၄။ ကောင်းမွန်သော အစားအစာကို ဝေငှပေးခြင်း၊

၅။ နေ့ကြီး, ရက်ကြီး, အခါကြီးများ၌ မခိုင်းစေဘဲ အနားပေးခြင်း။

## အလုပ်သမား ကျင့်ဝတ် ၅-ပါး

* အိပ်သော်နောက်ကျ၊ ထသော်ကား ရှေ့၊ ပေးမှယူအပ်၊ စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြွက်၊ ငါးချက် ကျွန်ကျင့်ရာ။

၁။ အလုပ်ရှင်ထက် နောက်ကျ၍ အိပ်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



၂။ အလုပ်ရှင်ထက် စော၍ ထခြင်း၊
၃။ အလုပ်ရှင်ပေးကမ်းမှ ယူခြင်း၊
၄။ မခိုမကပ်ဘဲ စေတနာထား၍ စေ့စေ့စပ်စပ် ဆောင်ရွက်ခြင်း၊
၅။ အလုပ်ရှင်၏ ဂုဏ်ကျေးဇူးကို ပြောဆိုခြင်း။

## နာယကကျင့်ဝတ် ၆-ပါး

* ထကြွ, နိုးကြား၊ သနား,သည်းခံ၊ ဝေဖန်,ကြည့်ရှု၊ ဉာဏ်ခြောက်ခု၊ ကြီးသူ့ကျင့်အပ်စွာ။

၁။ ငယ်သားများထက် ပို၍ လုံ့လ-ဝီရိယရှိခြင်း၊
၂။ ရှေ့ဆောင်ရှေ့ရွက်ပြုလုပ်နိုင်ရန် နိုးနိုးကြားကြား တက်တက်ကြွကြွ ရှိခြင်း၊
၃။ လက်အောက်ငယ်သားများကို သနားကြင်နာခြင်း၊
၄။ ငယ်သားများ မှားယွင်းလျှင် သည်းခံခွင့်လွှတ်ခြင်း၊
၅။ အရာရာကို ဝေဖန်ချင့်ချိန်၍ ဆောင်ရွက်ခြင်း၊
၆။ အရာရာကို ဉာဏ်ပညာဖြင့် ကြည့်ရှုဆင်ခြင်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)
# ဒါနခန်း

## ဒါနကောင်းမှု နေ့စဉ်ပြု

မိမိ၏ ပစ္စည်းဥစ္စာ စွန့်ကြဲပေးကမ်းခြင်းကို ဒါနဟု ခေါ်၏။ ဒါနသည် ရှိသူက မရှိသူသို့ ပစ္စည်းဖြန့်ဝေခြင်းဖြစ်၍ အကောင်းဆုံး လူမှုရေးရာ တရားတစ်မျိုးဖြစ်၏။

ဒါနသည် မေတ္တာ၏ ရုပ်သွင်ဖြစ်သည်။ မေတ္တာရှိမှ ပေးကမ်းနိုင်သည်၊ သူတစ်ပါးအား ချမ်းသာကောင်းစားစေလို၍ ပေးလှူခြင်းဖြစ်သည်။ ဒါနသည် ခင်မင်ချစ်ကြည်မှုကို ရှင်သန်ကြီးထွားစေသည်။ ပေးသူနှင့် ယူသူနှစ်ဦးလုံးအား ရွှင်လန်းချမ်းမြေ့စေသည်။

ဒါန၏ လျှို့ဝှက်ချက်မှာ ဒါနသည် လောဘနှင့် မစ္ဆရိယတို့ကို တွန်းလှန်ဖယ်ရှားနိုင်ခြင်းဖြစ်၏။ ရလေလိုလေ အိုတဏှာဟု ဆိုရအောင် မည်သည့်အခါမျှ မရောင့်ရဲ မတင်းတိမ်ဘဲ အမြဲရယူလိုချင်နေသော သဘောသည် လောဘဖြစ်၏။ ရရှိပြီးသော ပစ္စည်းဥစ္စာကို ဖက်တွယ် ယုယနေပြီး မစွန့်လွှတ် မပေးကမ်းလိုသောသဘောသည်လည်း လောဘပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မစ္ဆရိယမှာ မလှူနိုင် မတန်းနိုင်အောင် နှမြောတွန့်တို ကပ်စေးနှဲနေသော သဘောဖြစ်၏။ မိမိ၏ ပစ္စည်းဥစ္စာများကို သူများနှင့် မဆက်ဆံစေလိုသော သဘော၊ မိမိကဲ့သို့ သူများကောင်းစားလာမည်ကို မရှုစိမ့်သော သဘောဖြစ်၏။

လောဘနှင့် မစ္ဆရိယတို့သည် အပါယ်ချမည့် တရားများဖြစ်ကြ၏။ ယခုဘဝ နောင်ဘဝများတွင် ဆင်းရဲနွမ်းပါးစေမည့် တရားများဖြစ်ကြ၏။ ၎င်းတို့ကို အနိုင်ယူပြီး ပေးကမ်းလှူဒါန်းခြင်းသည် အများကောင်းကျိုးကို သည်ပိုးဆောင်ရွက်ခြင်းဖြစ်၍ ကုသိုလ်ကောင်းမှုဖြစ်၏။ ကုသိုလ်ကံသည် တူသောအကျိုးကို ပေးသဖြင့် ယခုဘဝတွင်ရော နောင်ဘဝတွင်ပါ ကြီးပွားချမ်းသာစေ၏။

ထို့ကြောင့် မပေးလျှင်မရ၊ မလှူလျှင် မချမ်းသာ၊ ပေးမှရသည်၊ လှူမှချမ်းသာသည်။ လှူနိုင်လျှင် နောင်ဘဝများ၌ မီးလုံ့နာ၊ ဘီလုံ့နာ သူဌေးများ အလွယ်တကူဖြစ်နိုင်သည်။ မလှူဒါန်းလျှင် သေလွန်သည့်အခါ ဒွန်းစဏ္ဍား, သူတောင်းစားနှင့် ခွေးများဖြစ်နိုင်သည်ဟူသော ထူးဆန်းသည့် ဖြစ်ရပ်များကို မြင်တွေ့ကြရသည်။ (တောဒေယျပုဏ္ဏားသည် ကုဋေ၄၀-ကျော် ချမ်းသာပါသော်လည်း တစ်ကျပ်တစ်ပြားမျှ မလှူဒါန်းခဲ့သဖြင့် သေလွန်သောအခါ မိမိအိမ်၌ ခွေးဖြစ်ရ၏။)

"ဒါန၏ အကျိုးကို ဘုရားရှင်တို့သာ အကုန်အစင် သိမြင်နိုင်၏၊ ဒါနကောင်းမှုသည် မျက်မှောက်ချမ်းသာ၊ တမလွန်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတို့၏ အကြောင်းဖြစ်၏၊ လောက၌ သတ္တဝါတို့ ရရှိထားကြသော စည်းစိမ်ဥစ္စာဟူသမျှနှင့် ထိုစည်းစိမ်ဥစ္စာတို့ကို သုံးစွဲ၍ ဖြစ်သော ချမ်းသာဟူသမျှသည် ဒါန၏ အကျိုးတရားများဖြစ်ကြ၏"ဟု မြတ်စွာဘုရား ဟောကြားတော်မူ၏။ (ဣတိဝုတ်၊ ဒါနသုတ်)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"မြတ်စွာဘုရားအား တန်ဖိုးမကြီးလှသော ပန်းတစ်ပွင့်ဖြင့်သော်လည်းကောင်း၊ ရေတစ်ခွက်ဖြင့်သော်လည်းကောင်း၊ တစ်ကြိမ်မျှ လှူဒါန်းပူဇော်သူသည် ဘဝပေါင်းမြောက်များစွာ ချမ်းသာကောင်းကျိုးကိုရ၏"ဟု ရွှေတိဂုံရင်ပြင်တော်၊ တန်ဆောင်းပေါ်၌ စာတန်းထိုးထား၏။

* နမြောတွန့်တို လှူမိုက်ဆိုလျှင် ဒါနစကား နားဝင်ခါး၏။
* သဒ္ဓါရွှန်းစို ပညာပိုက ဒါနကထာ ချိုဆိမ့်စွာ၏။
* မရှိဆင်းရဲ မလှူရဲက ဆင်းရဲတစ်ဖန် ကြုံရပြန်၏။
* သဒ္ဓါထူးကဲ လှူရက်ရဲက ထူးကဲချမ်းသာ ရမည်သာတည်း။

BURMESE CLASSIC .com

## ဆွမ်းတော်ကပ်လှူခြင်း

ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော လူနတ်ဗြဟ္မာတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားအား-

(အဆင်း၊ အနံ့၊ အရသာတို့နှင့်ပြည့်စုံသည့် ဤဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ ချိုချဉ်ရသာ၊ အဖြာဖြာကို ရိုသေစွာ ဆက်ကပ်လှူဒါန်းပါ၏ အရှင်ဘုရား။)

ဤကောင်းမှုသည် အာသဝေါတရားလေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ မြတ်နိဗ္ဗာန်ကို ဧကန်ရောက်အောင် ရွက်ဆောင်နိုင်ပါစေသတည်း။

**မှတ်ချက်။** ။ထမင်း၊ ဆန်နှင့်လုပ်သောမုန့်၊ ဂျုံ(ပဲ)နှင့် လုပ်သောမုန့်၊ ငါး၊ အသား၊ ဤ ၅-မျိုးကို ဘောဇဉ်ဟု ခေါ်၏။

ဘောဇဉ်မှအပဖြစ်သော သစ်သီး၊ လက်ဖက်သုတ်၊ ချင်းသုတ်၊ ချိုချဉ်သကြားလုံးစသည်တို့ကို ခဲဖွယ်ဟု ခေါ်၏။

www.burmeseclassic.com

www.burmeseclassic.com



## ဆွမ်းလှူရခြင်း၏ အကျိုး ၅ပါး

သက်ရှည်ဆင်းလှ၊ ချမ်းသာရ၊ ဗလဉာဏ်ပညာ၊
ဆွမ်းလှူအကျိုး၊ ဤငါးမျိုး၊ တန်ခိုးကြီးလှစွာ။

၁။ အာယု = အသက်ရှည်ခြင်း၊
၂။ ဝဏ္ဏ = အဆင်းလှခြင်း၊
၃။ သုခ = ချမ်းသာများခြင်း၊
၄။ ဗလ = ခွန်အားကြီးခြင်း၊
၅။ ပဋိဘာန = ဉာဏ်ပညာကြီးခြင်း။

## ရေချမ်းကပ်လှူခြင်း

ဘုန်းတော်အနန္တ, ဂုဏ်တော်အနန္တ, ဉာဏ်တော်အနန္တ နှင့် ပြည့်စုံတော်မူသော လူနတ်ဗြဟ္မာတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားအား–

(သန့်ရှင်း, အေးမြ, ကြည်လင်လှသော ဤသောက်တော်ရေ သုံးဆောင်တော်ရေကို ရိုသေစွာ ဆက်ကပ်လှူဒါန်းပါ၏ အရှင်ဘုရား။)

ဤကောင်းမှုသည် အာသဝေါတရားလေးပါးတို့၏ ကုန်ရာ ကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်, မြတ်နိဗ္ဗာန်ကို ကေန် ရောက်အောင် ရွက်ဆောင်နိုင်ပါစေသတည်း။

## ရေလှူရခြင်း၏အကျိုး ၁၀ ပါး

သက်ရှည်,ဆင်းလှ၊ ချမ်းသာရ၊ ဗလ, ဉာဏ်ပညာ။
စင်ကြယ်သန့်ရှင်း၊ ကျော်စောခြင်း၊ ခပင်းခြွေရံကာ၊
ရေမငတ်ပြား၊ လျင်မြန်သွား၊ ဆယ်ပါးရေကျိုးလာ။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## ပန်းနံ့သာကပ်လှူခြင်း

ဘုန်းတော်အနန္တ, ဂုဏ်တော်အနန္တ, ဉာဏ်တော် အနန္တ နှင့် ပြည့်စုံတော်မူသော လူနတ်ဗြဟ္မာတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားအား–

(အဆင်းအနံ့ သင်းပျံ့မွှေးကြိုင် ရနံ့လှိုင်သော ဤပန်းနံ့သာကို ရိုသေစွာ ဆက်ကပ်လှူဒါန်းပါ၏ အရှင်ဘုရား။)

ဤကောင်းမှုသည် အာသဝေါတရား လေးပါးတို့၏ ကုန်ရာ ကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်, မြတ်နိဗ္ဗာန်ကို ကေန် ရောက်အောင် ရွက်ဆောင်နိုင်ပါစေသတည်း။

## ပန်းလှူရခြင်း၏အကျိုး ၃–ပါး

ပန်းလိုလှပ၊ ဘဝရပ်ရည်၊
ခန္ဓာကိုယ်တွင်း၊ သန့်ရှင်းပေသည်၊
နံ့စော်ကင်းလို့၊ ခံတွင်းမွှေးကြည်၊
ပန်းလှူကျိုး၊ သုံးမျိုးရနိုင်သည်။

## ဆီမီး(လျှပ်စစ်)တော် ကပ်လှူခြင်း

(အမှောင်ကိုခွင်း အလင်းကိုဆောင် အရောင်ထိန်ညီး ဤဆီမီး [လျှပ်စစ်မီး]ကို ရိုသေစွာ ဆက်ကပ်လှူဒါန်းပါ၏ အရှင်ဘုရား။)

အထက်ကအတိုင်းဆိုပါ။

## မီးလှူရခြင်း၏အကျိုး ၂–ပါး

ဘုရားရှင်အား၊ စိတ်ထားကြည်ဖြူ၊
ဆီမီးလျှပ်ပန်း၊ လှူဒါန်းသောသူ၊
စက္ခုမံသ၊ ဉာဏနှစ်ဆူ၊

www.burmeseclassic.com

www.burmeseclassic.com



ကြည်လင်၏၊ ဖြစ်ဘိဉာဏ်ကြီးသူ။
မံသစက္ခု = ပကတိမျက်လုံးကြည်လင်အားကောင်းခြင်း၊
ဉာဏစက္ခု= အသိဉာဏ်မျက်လုံး အားကောင်းခြင်း။

## တံမြက်လှည်းခြင်း၏အကျိုး ၅-ပါး

ကိုယ့်စိတ်သူ့စိတ်၊ ယိုဖိတ်ကြည်လင်၊
နတ်တို့လေးစား၊ လွန်ပွားချစ်ခင်၊
ကြည်ညိုဖွယ်ကောင်း၊ ဂုဏ်ပေါင်းမျက်ရှင်၊
နတ်ပြည်ရောက်၊ ထွန်းတောက်ကျိုးငါးအင်။

## ပိဏ္ဍပါတ်ဆွမ်းလောင်းခြင်း

မြတ်စွာဘုရား၏ မိထွေးတော်ဖြစ်သော **မဟာပဇာပတိဂေါတမီ**သည် မိမိကိုယ်တိုင်ရက်လုပ်ထားသော သင်္ကန်းလျာကို မြတ်စွာဘုရားအားလှူဒါန်း၏။ မြတ်စွာဘုရားက လက်မခံဘဲ သံဃာတော်အား လှူဒါန်းရန် ညွှန်ကြား၏။

"ဂေါတမီ၊ သံဃာအားပေးလှူလော့၊ သင်သည် သံဃာကို ပေးလှူသည်ရှိသော် ငါ့ကိုလည်း ပူဇော်ပြီး ဖြစ်လတ္တံ့၊ သံဃာကိုလည်း ပူဇော်ပြီးဖြစ်လတ္တံ့"

ထို့ကြောင့် သံဃာတော်ကို လှူဒါန်းရခြင်းသည် မြတ်စွာဘုရားအားလှူဒါန်းရသကဲ့သို့ပင် အကျိုးကြီး၏။ မြန်မာနိုင်ငံတော်၌ သံဃာတော် ၄-သိန်းမျှရှိရာ မြို့တိုင်း ရွာတိုင်း၌ သံဃာကို လှူဒါန်းခွင့်ရှိ၏။

နံနက်ချိန်တွင် သံဃာတော်သည် ပိဏ္ဍပါတ်ဆွမ်းခံထွက်လေ့ရှိ၏။ နေ့စဉ်မပြတ် နိစ္စဘတ် ဆွမ်းလောင်းနိုင်လျှင် အလွန်အကျိုးကြီးမား၏။ ဤအခွင့်ထူးကို ကြိုးစား ယူသင့်ကြပေ၏။

www.burmeseclassic.com

www.burmeseclassic.com



## မရှိသည်ကို မသိရသောအလှူအကျိုး

ကပိလဝတ်ပြည်၌ သာကီဝင်မင်းများဖြစ်ကြသော ဘဒ္ဒိယ၊ အနုရုဒ္ဓါ၊ အာနန္ဒာ၊ ဘဂု၊ ကိမိလနှင့် ဒေဝဒတ္တတို့သည် "ရှုံးသူ မုန့်ကျွေးစတမ်း"ဟု ကတိထားပြီး ခုံညင်းကစားကြ၏။ ကစားတိုင်း အနုရုဒ္ဓကရှုံးသဖြင့် မင်းစေအား မိခင်ထံသို့လာက်၍ မုန့်ယူစေ၏။ သုံးကြိမ်မုန့်ပေးပြီးနောက် စတုတ္ထအကြိမ်တွင် မိခင်သည် "မုန့်မရှိ တော့ပါ"ဟု စကားပြန်လိုက်၏။

**အနုရုဒ္ဓါ** မင်းသားသည် "မရှိ"ဟူသောစကားကို မကြားခဲ့ဖူး၍ အဓိပ္ပာယ်မသိချေ။ ထို့ကြောင့် မင်းစေအား "မရှိမုန့်"ကို ယူခိုင်းလိုက်၏။ မိခင်ကလည်း "မရှိ"ဟူသည့် သဘောကို သားနားလည်ရန် ရွှေခွက်လွတ်တစ်ခုကို အခြားရွှေခွက်တစ်ခုနှင့် ဖုံးအုပ်၍ သားထံ ပို့စေ၏။

ထိုအခါ မြို့စောင့်နတ်တို့က အနုရုဒ္ဓါမင်းသား၏ ရေးကောင်းမှု ကြောင့် ထိုရွှေခွက်အလွတ်ကို နတ်မုန့်တို့နှင့် ဖြည့်ထည့်ပေးကြ၏။ မင်းသားတို့က ရွှေခွက်ကို ဖွင့်လိုက်သောအခါ မွှေးကြိုင်သည့် မုန့်ရနံ့သည် တစ်မြို့လုံး ကြိုင်လှိုင်သွား၏။ မုန့်၏ အရသာသည်လည်း နှိုင်းစရာမရှိအောင် ကောင်းမွန်လှ၏။ အနုရုဒ္ဓါမင်းသားသည် ထိုနေ့မှ စ၍ "မရှိမုန့်"ကိုသာ သူ့အားပေးရန် မယ်တော်အား ပြောကြား၏။ မယ်တော်ကလည်း သားကမုန့်တောင်းလျှင် ရွှေခွက်လွတ်ကိုသာ ဖုံးအုပ်၍ ပေးလိုက်၏။ နတ်တို့က နတ်မုန့်များကို ဖြည့်ထည့် ပေးကြသည်သာဖြစ်၏။

ဤသို့ အနုရုဒ္ဓါမင်းသားက မရှိသည်ကို မသိရခြင်းမှာ အတိတ်က ဆွမ်းလှူပြီး ဆုတောင်းခဲ့သောကြောင့်ဖြစ်၏။ ထိုဘဝတွင် ည့်သော ကုသိုလ်ကံတစ်ခုက အကျိုးပေးသည့်အတွက် ဗာရာဏသီပြည် ၌ **အန္နဘာရ** အမည်ရှိသည့် ဆင်းရဲသားဖြစ်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓမာဒနတောင်၌ သီတင်းသုံးသော ဥပရိဋ္ဌအမည်ရှိ ပစ္စေကဗုဒ္ဓါသည် နိရောဓသမာပတ်မှထ၍ ကောင်းကင်ခရီးဖြင့် ကြွလာပြီးလျှင် အန္နဘာရအိမ်ရှေ့၌ ရပ်၏။ အန္နဘာရသည် တော၌ထင်းခွေရာမှ ပြန်ရောက်လာစဖြစ်၏။ မိမိအတွက် ထမင်းကိုမစားတော့ဘဲ အရှင်မြတ်အား လှူဒါန်း၏၊ ဇနီးကလည်း သုဝေစုထမင်းကို လောင်းလှူ၏။

"အရှင်ဘုရား၊ အကျွန်ုပ်တို့ပြုရသော ဤကောင်းမှုကြောင့် နိဗ္ဗာန်မရသေးသည့် ဘဝခပ်သိမ်း၌ ဆင်းရဲဒုက္ခကို မတွေ့မမြင်ရ၊ မရှိသည်ကို မသိရ၊ ထမင်းဖြစ်ရာဌာနကိုမျှ မသိရသည်ဖြစ်ပါစေသော" ဟု ဆုတောင်း၏။

ဤအလှူဒါနကြောင့် အန္နဘာရနှင့် ဇနီးတို့သည် ထိုဘဝ၌ပင် သူဌေးကြီးများ ဖြစ်လာကြ၏။ အနုရုဒ္ဓါ မင်းသားဘဝ၌ 'မရှိ'သည်ကို မသိရခြင်းဖြစ်၏။

## ရေအလှူကြောင့် ချမ်းသာကြ

ကမ္ဘာမြေကြီး၏ ၁၀-ပုံ ၇-ပုံကို ရေဖုံးလွှမ်းထား၏။ ထို့ကြောင့် ရေသည် အပေါများဆုံး ပစ္စည်းတစ်မျိုးဖြစ်၏။ သက်ရှိ သတ္တဝါတို့၏ ခန္ဓာကိုယ်ကို ဖွဲ့စည်းထားသည့် အဓိက ပစ္စည်းမှာလည်း ရေပင် ဖြစ်၏။ ထို့ကြောင့် ရေသည် အလိုအပ်ဆုံးသောအရာ ဖြစ်၏။ **"ရေအသက် တစ်မနက်"** ဟု ဆိုရိုးရှိ၏။

သို့အတွက် ရေလှူခြင်းသည် အလွန် ကျေးဇူးများ၏။ ရေအလှူ၏ အကျိုး၁၀-ပါးကို ဖော်ပြခဲ့ပြီး ဖြစ်သည်။ ရေလှူခြင်းကြောင့် နတ်ပြည်ရောက်ကြရသော ပုဂ္ဂိုလ်များမှာ မရေတွက်နိုင်အောင် ရှိပေ၏။

မြန်မာ့ သာသနာတွင် စံပြရေအလှူရှင်တစ်ဦးမှာ **လယ်တီ**

www.burmeseclassic.com

www.burmeseclassic.com



**ဆရာတော်ဘုရား** (၁၂၀၈–၁၂၈၅)ဖြစ်၏။ ဆရာတော်သည် ကျမ်းဂန်အတတ်ဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်၏။ ဒီပနီစသည့်ကျမ်းစာအုပ်ပေါင်း ၁၀၁အုပ်ရေးသားခဲ့၏။ ကျမ်းဂန်အကိုးအကားများမကြည့်ဘဲ လွယ်လွယ်ရှင်းရှင်းရေး၏။ မနားတမ်း ညဥ့်လုံးပေါက် စာရေးလေ့ရှိသဖြင့် ခဲတန်များ အချောင်း ၂၀၀လောက် နေ့စဉ် ချွန်ထားပေးရ၏။

လယ်တီဆရာတော်အား ၁၂၇၃ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတဘွဲ့"ကိုလည်းကောင်း၊ ၁၂၈၃ခုနှစ်တွင် "ဒီလစ်ပိဋကတ္တယပါရဂူဘွဲ့"ကိုလည်းကောင်း အင်္ဂလိပ်အစိုးရက ချီးမြှင့်ခဲ့သည်။

ဆရာတော်သည် လယ်တီကျောင်းတိုက်ကို တည်ထောင်၍ သံဃာ ၁၀၀ကျော် ၂၀၀ ခန့်တို့အား စာချပေး၏။ ပဋိပတ်အကျင့်ကို ကိုယ်တိုင်ကျင့်သုံးပြီး အများကျင့်သုံးနိုင်အောင်လည်း နည်းညွှန်ပြပေး၏။

ဆရာတော် ဆွမ်းခံကြွလျှင် တံမြက်စည်း၊ ရေအိုးနှင့် သပိတ်ကို နေ့စဉ် သယ်ဆောင်သွား၏၊ စေတီပရဝုဏ်ကို တံမြက်လှည်း၏၊ သောက်ရေအိုးများနှင့် သောက်တော်ရေခွက်များကို ရေဖြည့်ထည့်၏။ လယ်တီကျောင်းတိုက်ရှိ ကုဋီအိမ်နှင့်တကွ ရေအိုး၊ ရေချိုးကန်များကို နံနက် ၄နာရီမထိုးမီ ရေတွင်းမှ ရေငင်၍ ရေဖြည့်ထည့်ပြီး ဖြစ်သည်။

သံဃာတော်များသိသွားကြသောအခါ မသောက်၊ မချိုး၊ မဆေးရဲ ဖြစ်ကြ၏။

"သုံးသာသုံးကြ၊ ငါ့ကို သံဃာတော်အတွက် ရေအလှူဝတ်ပြုခွင့်ပေးကြပါ"ဟု ဆရာတော် ပြောကြား၏။

လယ်တီကျောင်းတိုက်တွင်းရှိ သံဃာများအတွက်သာမက မုံရွာမြို့တွင်းရှိ သံဃာမထေရ်ကြီးများ သီတင်းသုံးရာ ကျောင်းတိုက်များ၌လည်း ထိုနည်းတူ ကုဋီရေဖြည့်၏၊ ကနုတံဆေး၏၊ ရေချိုးကန်၊ ရေအိုးများကို ရေခပ်ဖြည့်၏၊ တံမြက်လှည်း၏၊ ပြီးမှ ဆွမ်းခံကြွ၏။

www.burmeseclassic.com

www.burmeseclassic.com



အချို့ဘုန်းတော်ကြီးများက အားနာလှသဖြင့် "လယ်တီဘုန်းကြီး ဒီလိုမလုပ်ပါနဲ့၊ တော်လောက်ပါပြီ"ဟု တားမြစ်ကြ၏။

"တပည့်တော်ကို သနားရင် ခွင့်ပြုပါ၊ တစ်သံသရာလုံးမှာ တပည့်တော်ရဲ့ လက်တွေ ခြေတွေဟာ သားကျွန်, မယားကျွန် ဖြစ်ခဲ့ရပါတယ်၊ ဒီဘဝရောက်မှပဲ သံဃကျွန်, သာသနာ့ကျွန်အမှု ပြုခွင့်ရပါတယ်၊ ဆက်ပြုခွင့်ပေးကြပါ"

လယ်တီဆရာတော်၏ စေတီယင်္ဂဏဝတ်၊ သံဃဝတ် ပြုလုပ်ပုံမှာ စံထားထိုက်ပါသည်။ သောက်ရေအိုးနှင့် သုံးရေကန်များတွင် ရေခပ်ထည့်ခြင်းသည် ရေပေးလှူခြင်းပင်ဖြစ်သည်။ သံဃာအများအား ရေလှူရကျိုးသည် အလွန်ကြီး၏၊ စေတီတော်များကို သန့်ရှင်းအောင် ပြုခြင်း၊ သောက်တော်ရေများ ကပ်လှူခြင်းသည်လည်း အလွန်မြတ်သော အလှူများပင် ဖြစ်ကြ၏။

လယ်တီဆရာတော်က ရေအလှူဝတ်ကြီးကို စွဲမြဲစွာ နှစ် ၂၀ ကျော် ဖြည့်ကျင့်ပြီးသည့်အခါ ၁၂၆၈–ခုနှစ်တွင် ဟင်္သာတနယ်၌ မိုးခေါင်၏၊ နောက်မိုးမသိမ်း၍ လယ်ကေများစွာ ပျက်စီးရမည့်ကပ်ကြီး ဆိုက်နေ၏။ ထိုအခါ လယ်တီဆရာတော်က ပြည်မြို့ ဝိပဿနာကုန်းတောရ၌ ဝါဆိုနေတော်မူ၏။

အင်္ဂလိပ်လူမျိုး ရာဇဝတ်မင်းကြီး "မက်ကဆွဲ"က ဆရာတော်ကို ပင့်၍ တရားပွဲကျင်းပရန် အမိန့်ချ၏။ ဆရာတော်ကို သင်္ဘောဖြင့် ပင့်ဆောင်လာ၏။ ဆရာတော်သည် ရေအလှူဝတ်ကြီးကို ဆင်ခြင်၍ သစ္စာဆို၏၊ မိုးနတ်သား၊ လေနတ်သားတို့ကိုလည်း မေတ္တာပို့၏၊ ဟင်္သာတမြို့သူမြို့သားများက ကမ်းလုံးညွတ်မျှ ကြိုဆိုကြ၏။

သင်္ဘောဆိုက်ကပ်မည်ရှိစဉ် ရုတ်တရက် မိုးဆင်၍ ရွာသွန်းချရာ တစ်နာရီခန့်ကြာ၏။ လူတိုင်း အံ့သြ၍မဆုံး၊ ဝမ်းသာ၍မဆုံး၊ စပါးပင်များလည်း လန်းရွှင်ကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှစ၍ မိုးခေါင်ဒေသများအတွက် "မိုးပရိတ်၊ မိုးကမ္မဝါ၊ မိုးအမိန့်တော် ပြန်တမ်းများ" ရေးသားကာ မိမိ၏ သီလ၊ သမာဓိ၊ မေတ္တာ၊ သစ္စာတို့၏ စွမ်းအားဖြင့် မိုးရွာအောင် ဆောင်ကျဉ်းပေးခဲ့၏၊ သတ္တဝါမြောက်များစွာကို ချမ်းသာစေခဲ့၏။

* သီလက မပေးနိုင်သော ပစ္စည်းဥစ္စာဟူသည် မရှိ။
* ခန္တီ–မေတ္တာက မတွန်းလှန်နိုင်သော ဘေးရန်ဟူသည် မရှိ။
* သစ္စာတရားက မပြုလုပ်မစွမ်းဆောင်ပေးနိုင်သော အရာဟူသည်လည်း မရှိ။

## ပန်းအလှဗိမာန်ရှင်များ

တောသူမတစ်ဦးသည် အိမ်ရှိ ခဝဲစင်မှ ခဝဲပန်းများ ပွင့်နေစဉ် ပန်းပွင့်များကိုဆွတ်ခူး၍ ရွာဦးစေတီ၌ ကပ်လှူရန်သွား၏။ လမ်းခုလတ်တွင် နွားဝှေ့၍ ကွယ်လွန်၏။ ချက်ချင်းပင်လျှင် တာဝတိံသာ နတ်ပြည်၌ ခဝဲပန်းများနှင့် တန်ဆာဆင်သော ဗိမာန်ရှင်မဖြစ်ရ၏။ **ခဝဲပန်းနတ်သမီး**ဟု အမည်တွင်၏။

ရာဇဂြိုလ်ပြည်အနီး လယ်သမားကြီးရွာ၌ လယ်စောင့်ရသော သူဆင်းရဲမတစ်ဦးသည် စားသုံးရန်အတွက် သလေးစပါးများကို ပေါက်ပေါက်ဖောက်နေ၏။ နိရောဓ သမာပတ်မှ ထတော်မူသည့် အရှင်မဟာကဿပမထေရ်သည် လယ်သူမကလေးကို ချီးမြှောက်လို၍ ဆွမ်းခံကြွလာ၏။ လယ်သူမသည် မိမိ၌ရှိသော ပေါက်ပေါက်များကို သဒ္ဓါထက်သန်စွာ လှူဒါန်းလိုက်၏။ လယ်သူမ သေလွန်သည့်အခါ ရွှေပေါက်ပေါက်ပန်းများနှင့် အလှဆင်ထားသော ရွှေဗိမာန်ရှင်မ ဖြစ်ရ၏။ **လာဇာဒေဝီ** (ပေါက်ပေါက်ပန်းနတ်သမီး)ဟု အမည်တွင်၏။ (ဓမ္မပဒ)။

www.burmeseclassic.com

www.burmeseclassic.com



## ဆီမီးအလှူရှင်များ

ပဒုမုတ္တရာဘုရားရှင်လက်ထက်တွင် အမျိုးသားတစ်ယောက်သည် ဖောခိပင်ကို ဝိုင်း၍ ဆီမီးငါးပွင့်ဖြင့် ပူဇော်၏။ ထိုအမျိုးသား ကွယ်လွန်သော် ဆီမီးလှူသည့်ကောင်းမှုကြောင့် လူ့ပြည် နတ်ပြည်တို့၌ ကျင်လည်ရ၏၊ ဖြစ်လေရာဘဝတိုင်းတွင် အကာအကွယ် အတား အဆီးတို့ကို ဖောက်ထွင်းလျက် ယူဇနာ ၁၀၀-အထိမြင်နိုင်သော မျက်စိအမြင်ကို ရ၏။ ထိုအမျိုးသားသည် ဂေါတမမြတ်စွာဘုရား လက်ထက်၌ **ပဉ္စဒီပကမထေရ်**အမည်ဖြင့် ထင်ရှားသော ရဟန္တာတစ်ပါး ဖြစ်လာ၏။

**အရှင်အနုရုဒ္ဓါ**အလောင်းသည် ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော်၌ အပါကဋအမည်ရှိသော သူကြွယ်ဖြစ်ခဲ့၏။ ထိုသူကြွယ်သည် ဘုရားရှင်နှင့် သံဃာတော်ကို ၇-ရက်တိုင်တိုင် ဆွမ်းလုပ်ကျွေး၏။ နောက်ဆုံးနေ့၌ သင်္ကန်း ပရိက္ခရာတို့ကို သံဃာစေ့ လှူဒါန်း၏။

"ဤကောင်းမှုကြောင့် နောင်ဘုရားတစ်ဆူဆူ၏ သာသနာတွင် ဒိဗ္ဗစက္ခုအဘိညာဉ်အရာဝယ် ဧတဒဂ်ရသော ရဟန္တာဖြစ်ရပါလို၏"ဟု ဆုတောင်း၏။ ဒိဗ္ဗစက္ခုဆိုသည်မှာ နတ်မျက်စိကဲ့သို့ အပိတ်အပင်မရှိ မြင်နိုင်သည့် ဉာဏ်မျက်လုံးဖြစ်၏။

အပါကဋသူကြွယ်သည် မိမိ၏ ဆုတောင်းပြည့်စုံရေးအတွက် သရဏဂုံနှင့်တကွ ငါးပါးသီလကို ဆောက်တည်၍ ဆီမီးဝတ်မပြတ် တည်၏။ ပဒုမုတ္တရမြတ်စွာဘုရား ပရိနိဗ္ဗာန်စံ၍ သရီရဓာတ်တော် အပေါင်းကို ရွှေစေတီကြီး တည်ထားသောအခါ သူကြွယ်သည် ဆီမီးတိုင်တစ်ထောင်ဖြင့် နေ့စဉ်ဝတ်ပြု၏။

သူကြွယ်ကွယ်လွန်သောအခါ တာဝတိံသာနတ်ပြည်၌ သိကြားမင်း အကြိမ် ၁၀၀၀ ဖြစ်၏၊ သိကြားမင်း ဖြစ်မာန်သည်

www.burmeseclassic.com

www.burmeseclassic.com



မီးအရောင်ကဲ့သို့ တပြောင်ပြောင်တသီးသီး ထွန်းတောက်နေ၏၊ သိကြားမင်း၏ ကိုယ်အရောင်သည် ထက်ဝန်းကျင်တစ်ယူဇနာပုံ့နှံ့၍ တောက်ပ၏။ လူ့ပြည်၌လည်း စကြဝတေးမင်း အကြိမ် ၁၀၀၊ ပဒေသရာဇ်, ဧကရာဇ်မင်းအဖြစ်ကား အကြိမ်မရေမတွက်နိုင်အောင် ဖြစ်ရ၏။

သုမေဓာဘုရားလက်ထက်တွင် တစ်ဖန် သူကြွယ်ဖြစ်၍ ဆီမီးနှစ်ထောင်ပူဇော်ပြန်၏။ ဤကောင်းမှုကြောင့် သိကြားမင်း အကြိမ် ၃၀၊ စကြာမင်းအဖြစ် ၂၂-ကြိမ်ဖြစ်ရပြန်၏။

နောက်ဆုံးတွင် ဂေါတမမြတ်စွာဘုရားလက်ထက်တော်၌ အနုရုဒ္ဓါမင်းသားဖြစ်လာ၏၊ ရဟန်းဝတ်ပြီး တရားအားထုတ်ရာ ဒိဗ္ဗစက္ခုအဘိညာဉ်အရာတွင် အသာလွန်ဆုံးဖြစ်သော ရဟန္တာ မထေရ်မြတ် ဖြစ်လာ၏။

ထို့ကြောင့် ကုသိုလ်ကောင်းမှုကို နည်းသည်ဟူ၍ မအောက်မေ့နှင့်။ အလွန်ကြီးကျယ်သောအကျိုးထူးများကို ပေးနိုင်သည်။ ဤလောက၌ ဘုန်းတန်ခိုးကြီးသူများ၊ ချမ်းသာသူများသည် အတိတ်က သီလကုသိုလ်ရှင်များ၊ ဒါနကုသိုလ်ရှင်များ ဖြစ်ခဲ့ကြသည်ကို သတိမူ၍ အတုယူသင့်သည်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄)

# ဘာဝနာခန်း

## မေတ္တာပွားများ ပို့သခြင်း

မေတ္တာပွားပို့နေခြင်းသည် အမြတ်ဆုံးနေနည်းတစ်မျိုး ဖြစ်၏၊ အချမ်းသာဆုံးနေနည်းတစ်မျိုးလည်း ဖြစ်၏။

"တစ်နေ့သုံးခါ၊ အိုးတစ်ရာဖြင့်၊ ချက်ကာထမင်း၊ ပေးလှူခြင်းထက်၊ မယွင်းစင်စစ်၊ နို့တစ်ညှစ်စာ၊ မေတ္တာပွားများ၊ ကျိုးကြီးမားသည်၊ ဘုရားမြတ်စွာ မိန့်ခွန်းတည်း"

(မဟာစည်ဆရာတော်)

## အရပ် ၁၀ မျက်နှာ မေတ္တာပွားပို့နည်း

၁။ အရှေ့အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့
ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
ဒေါသခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၂။ အနောက်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့
ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊

www.burmeseclassic.com

www.burmeseclassic.com



ဒေါသခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၃။ မြောက်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့
ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
ဒေါသခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၄။ တောင်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့
ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
ဒေါသခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၅။ အရှေ့တောင်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့
ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
ဒေါသခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၆။ အနောက်မြောက်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့
ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
ဒေါသခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၇။ အရှေ့မြောက်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့
ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊

www.burmeseclassic.com

www.burmeseclassic.com



ဒေါသခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၈။ အနောက်တောင်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့

ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
ဒေါသခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၉။ အောက်အရပ်၌ရှိသော ထက်ဝန်းကျင် အနန္တစကြဝဠာ အပါယ်ဘုံသား အနန္တသတ္တဝါတို့

ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
ဒေါသခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၁၀။ အထက်အရပ်၌ရှိသော ထက်ဝန်းကျင် အနန္တစကြဝဠာ အနန္တ နတ်ဗြဟ္မာတို့

ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
ဒေါသခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

ဤကား အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်းဆရာတော်ကြီး ဟောကြားတော်မူသော ပဋိသမ္ဘိဒါမဂ်ပါဠိတော်လာ "ဒိသာဖရဏ မေတ္တာ"ခေါ် အရပ် ၁၀-မျက်နှာ မေတ္တာဖြန့်ဝေပွားပုံနည်း ဖြစ်သည်။ မျက်စိမှိတ်၍ အရပ် ၁၀-မျက်နှာကို အာရုံပြုလျက် မေတ္တာပွားပုံပါ။

www.burmeseclassic.com

www.burmeseclassic.com



## မေတ္တာသုတ်တော်လာ မေတ္တာပွားပို့နည်း

၁။ လုံးစုံများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ၊
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၂။ ကြောက်တတ်,မကြောက်တတ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ၊
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၃။ မြင်အပ်, မမြင်အပ် နှစ်ရပ်များစွာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ်မြဲပါစေ၊
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၄။ ဝေးနေ,နီးနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ၊
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၅။ ဘဝဇာတ်ဆုံး၊ မဆုံးများစွာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ်မြဲပါစေ၊
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၆။ ရှည်,တို,အလယ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ၊
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၇။ ကြီး,ငယ်,အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ၊
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၈။ ဆူ, ကြုံ, အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ၊
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၉။ လူအချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ။

၁၀။ အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com



၁၁။ ဆင်းရဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ...။

ဤကား အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်းဆရာတော်ကြီး ဟောကြားတော်မူသော မေတ္တာသုတ်တော်လာ မေတ္တာပွားပို့နည်း ၁၁–နည်း ဖြစ်သည်။ မျက်စိမှိတ်၍ သတ္တဝါများအပေါ် အာရုံပြုလျက် မေတ္တာပွားပို့ပါ။

## မေတ္တာပွားပို့မှု၏ အကျိုး ၁၁–ပါး

မေတ္တာပွားပို့ခြင်းသည် ဘာဝနာကုသိုလ်ဖြစ်သည်၊ ဒါနကုသိုလ်, သီလကုသိုလ်တို့ထက် ပို၍ အကျိုးကြီးသည်။ အာရုံစူးစိုက်၍ ပွားပို့လျှင် သမာဓိတည်လာသည်။

သမာဓိကောင်းလေလေ မေတ္တာ၏ အာနိသင်ထက်မြက်လေလေ ဖြစ်သည်။ ရန်သူကိုပင် အာရုံစူးစိုက်၍ မေတ္တာပို့နိုင်လျှင် ရန်ပြေငြိမ်း၍ ချစ်ကြည်လာလိမ့်မည်။ မေတ္တာသည် နတ်လူအများ ချစ်ခင်စေသော အကောင်းဆုံး ပီယဆေး ဖြစ်၏။

မေတ္တာပွားများခြင်း၏ အကျိုး ၁၁–ပါးမှာ

၁။ ချမ်းသာစွာအိပ်ရခြင်း၊
၂။ ချမ်းသာစွာနိုးရခြင်း၊
၃။ မကောင်းသော အိပ်မက်များကို မမြင်မက်ရခြင်း၊
၄။ လူတို့ချစ်ခင်နှစ်သက်ခြင်း၊
၅။ နတ်တို့ ချစ်ခင်နှစ်သက်ခြင်း၊
၆။ နတ်တို့ စောင့်ရှောက်ခြင်း၊
၇။ မီး, အဆိပ်, လက်နက်မသင့်နိုင်ခြင်း၊
၈။ စိတ်လျင်မြန်စွာ တည်ကြည်ခြင်း၊
၉။ မျက်နှာရုပ်အဆင်းကြည်လင်ရွှင်ပျခြင်း၊
၁၀။ မတွေမဝေဘဲ သေရခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



၁၁။ သေသောအခါ ဗြဟ္မာ့ပြည်သို့ လားရခြင်းတို့ ဖြစ်သည်။

**ဆောင်ပုဒ်။** ။ အိပ်နိုး ချမ်းသာ၊ ကောင်းစွာအိပ်မက်၊ ချစ်လျက်လူနတ်၊ စောင့်လတ်နတ်များ၊ မီး, ဆိပ်, ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊ လျင်စွာစိတ်တည်၊ ကြည်ရွှင်မျက်နှာ၊ သေခါမတွေ၊ လားလေဗြဟ္မာ၊ ဆယ့်တစ်ဖြာသည်၊ မေတ္တာပွားမှု အကျိုးတည်း။

## ရတနာမြတ်သုံးပါးကို ကျင့်ဝတ်ဖြင့် ပူဇော်ခြင်း

၁။ ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံပူဇေမိ၊

၂။ ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဓမ္မံပူဇေမိ၊

၃။ ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ သံဃံပူဇေမိ။

၁။ ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ၊ ဤလောကုတ္တရာ တရားကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ပူဇေမိ၊ ပူဇော်ပါ၏အရှင်ဘုရား။

၂။ ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ၊ ဤလောကုတ္တရာ တရားကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်။ ဓမ္မံ၊ တရားတော်မြတ်ကို။ ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။

၃။ ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ၊ ဤလောကုတ္တရာ တရားကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်။ သံဃံ၊ သံဃာတော်မြတ်ကို။ ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။

လောကုတ္တရာတရား ၉ပါး= မဂ် ၄-ပါး၊ ဖိုလ်-၄ပါး၊ နိဗ္ဗာန်တရား။
ကျင့်ဝတ်ပဋိပတ် = ဒါနမှု၊ သီလမှု၊ ဘာဝနာမှု။

## ဆုတောင်းခြင်း

၁။ အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇာတိ ဇရာ ဗျာဓိ မရဏမှ ပရိမုစ္စိဿာမိ။

www.burmeseclassic.com

www.burmeseclassic.com



၂။ ဣဒံ မေ ပုညံ အာသဝက္ခယာ ဝဟံ ဟောတု။
၃။ ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။
၁။ဣမာယ ပဋိပတ္တိယာ၊ ဤကျင့်ဝတ်ပဋိပတ်ဖြင့်။ ဇာတိ ဇရာ ဗျာဓိ မရဏမှာ၊ ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်းဟူသော ဆင်းရဲအပေါင်းမှ။ အဒ္ဓါ၊ မချွတ်။ ပရိမုစ္စိဿာမိ၊ ကင်းလွတ်ရပါလို၏ အရှင်ဘုရား။
၂။ မေ၊ အကျွန်ုပ်၏။ ဣဒံပုညံ၊ ဤကောင်းမှုသည်။ အာသဝက္ခယာဝဟံ၊ အာသဝေါတရားလေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်, မြတ်နိဗ္ဗာန်ကို ကေန် ရအောင် ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။
၃။ မေ၊ အကျွန်ုပ်၏။ ဣဒံပုညံ၊ ဤကောင်းမှုသည်။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏၊ ဝါ၊ နိဗ္ဗာန်သို့။ ပစ္စယော၊ ရောက်ရာရောက်ကြောင်း အထောက်အပံ့ကောင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

## အမျှဝေခြင်း

ဤသို့ပြုရ၊ မြတ်ပုညကို၊ ကြီးထမြင့်ခေါင်၊ မြင်းမိုရ်တောင်ဦး၊ မကကျူးသား၊ ကျေးဇူးအရှင်၊ မွေးမိခင်နှင့် ဖခင်တို့အား၊ ရကြားပါစေ၊ အမျှဝေ၏။

မသွေနိစ္စ၊ ဤကာယကို၊ စောင့်ထပေတတ်၊ ကိုယ်စောင့်နတ်လည်း၊ မလပ်စေရ၊ ပေးဝေငှ၏။

မိတ္တဆွေဉာ၊ ဆရာသမား၊ ဘိုးဘွားကစ၊ ယမရာဇာ၊ ဒေဝါ ယက္ခ၊ ဣန္ဒဘုမ္မာ၊ အာကာသနတ်၊ အထူးမှတ်၍၊ အမြတ်ပုည၊ ကုသလကို၊ ရကြပါစေ၊ အမျှဝေ၏။

သဗ္ဗေသတ္တာ သတ္တဝါဟု၊ နာနာလောက၊ အနန္တတွင်၊ မပြတ်စဉ်ကာ၊ သတ္တဝါသ၊ ဘုံကိုးဝနှင့်၊ ဝိညာဏဋ္ဌိတိ၊ တည်ရှိကြပါး၊

www.burmeseclassic.com

www.burmeseclassic.com



များစွာလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျအား၊ အမျှကုသိုလ်၊ ပေးဝေလို၏။

ထိုကုသလ၊ မြတ်ပုညကို၊ အမျှရကြသည် ဖြစ်စေသော...။

ဝသုန္ဒရေ၊ ဤမြေပံသု၊ သိလာထုလည်း၊ သက်သေအမှု တည်စေသော...။

အမျှ...အမျှ...အမျှ...ယူတော်မူကြပါကုန်လော့။
သာဓု...သာဓု...သာဓု...။
အမျှ...အမျှ...အမျှ...ယူတော်မူကြပါကုန်လော့။
သာဓု...သာဓု...သာဓု...။
အမျှ...အမျှ...အမျှ...ယူတော်မူကြပါကုန်လော့။
သာဓု...သာဓု...သာဓု...။

## ဗြဟ္မစိုရ်တရားနှင့်အညီ ဆက်ဆံရေး

၁။ တန်းတူတွေ့ရင်၊ **မေတ္တာ**ဝင်၊ မဝင်နိုင်က ပြိုင်တတ်တယ်။
ပြိုင်မည့်အစား၊ မေတ္တာပွား၊ စိတ်ထားပြုပြင် ပြောင်းပါ့မယ်။
၂။ နိမ့်သူတွေ့ရင်၊ **ကရုဏာ**ဝင်၊ မဝင်နိုင်က နိုင်တတ်တယ်။
နိုင်မည့်အစား၊ ကရုဏာပွား၊ စိတ်ထားပြုပြင် ပြောင်းပါ့မယ်။
၃။ မြင့်သူတွေ့ရင် **မုဒိတာ**ဝင်၊ မဝင်နိုင်က ရွဲ့တတ်တယ်။
ရွဲ့မည့်အစား၊ မုဒိတာပွား၊ စိတ်ထားပြုပြင် ပြောင်းပါ့မယ်။
၄။ မိုက်သူတွေ့ရင်၊ **ဥပေက္ခာ**ဝင်၊ မဝင်နိုင်က မဲ့တတ်တယ်။
မဲ့မည့်အစား၊ ဥပေက္ခာပွား၊ စိတ်ထားပြုပြင် ပြောင်းပါ့မယ်။
၅။ စိတ်ကိုလဲပြင်၊ ရုပ်လဲပြင်၊ ပြင်ဆင်တိုင်းရ၊ ပြုတိုင်းလှ။ သုခနိဗ္ဗာန်တိုင်လိမ့်မယ်။

(ပဌာန်းဆရာတော် ဦးဝိသုဒ္ဓ)

www.burmeseclassic.com

www.burmeseclassic.com



## ဗုဒ္ဓဘာသာ တစ်နေ့တာလုပ်ငန်း

ဗုဒ္ဓဘာသာဝင်တစ်ဦးသည် မြတ်စွာဘုရား၏ အဆုံးအမ ဩဝါဒနှင့် အညီ ကျင့်ကြံနေထိုင်ရမည်။ မြတ်စွာဘုရား၏ လိုရင်းအဆုံးအမမှာ . . .

မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား။
ခုလည်းချမ်းသာ၊ နောင်ချမ်းသာ၊ မြတ်စွာဟောမိန့်ကြား။

၁။ မကောင်းမှုဒုစရိုက် ၁၀-ပါးကို ရှောင်ကြဉ်ရမည်။
၂။ ကောင်းမှုသုစရိုက် ၁၀-ပါးနှင့် ပုညကြိယဝတ္ထု ၁၀-ပါးကို ဖြည့်ကျင့်ရမည်။
၃။ စိတ်ကိုဖြူစင်စွာ ထားရမည်။

ဤဩဝါဒသုံးချက်နှင့်အညီ ကျင့်ကြံနေထိုင်ကြလျှင် ခုလည်း ချမ်းသာမည်၊ နောင်လည်း ချမ်းသာမည်၊ တမလွန် ဘဝများ၌လည်း ချမ်းသာမည်။

ထိုသို့ နေထိုင်နိုင်ရန် ဗုဒ္ဓဘာသာဝင်တစ်ဦးသည် နေ့စဉ် အောက်ပါ အတိုင်း ကျင့်ကြံနေထိုင်ရမည်။

၁။ မေတ္တာဖြင့် နိုးထရမည်၊ နိုးလာသည်နှင့် တစ်ပြိုင်နက် သတ္တဝါများ ချမ်းသာပါစေဟု နှလုံးသွင်းပါ။
၂။ အနန္တ ငါးပါးကို ရှိခိုးပူဇော်ပါ။ စိတ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ ရွတ်ဆိုပူဇော်ပါ။
၃။ ရတနာသုံးပါးကို ရှိခိုးကန်တော့ပါ။
မျက်နှာသစ်၊ ရေချိုး၊ အဝတ်အစားလဲပြီးလျှင် ဘုရားဆင်းတုတော် ရှေ့၌ထိုင်၍ ဩကာသ ကန်တော့ချိုးဖြင့် ရှိခိုးကန်တော့ပါ။
၄။ သရဏဂုံနှင့်တကွ ငါးပါးသီလတောင်းခံပါ။
"အဟံဘန္တေ တိသရဏေနသဟ ပဉ္စသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ" ဂါထာကို ၃-ခေါက် ဆိုပါ။

www.burmeseclassic.com

www.burmeseclassic.com



၅။ ဘုရားရှိခိုးပါ။

"နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ"ကို ၃–ကြိမ်ဆိုပါ။

၆။ သရဏဂုံ ခံယူဆောက်တည်ပါ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။ ဒုတိယမ္ပိ...တတိယမ္ပိ...အပြည့်အစုံဆိုပါ။

၇။ ငါးပါးသီလကို ခံယူဆောက်တည်ပါ။

ပါဏာတိပါတာ စသည့် ပါဠိတော်နှင့် မြန်မာလို ၂–မျိုးလုံးဆိုပါ။

၈။ မေတ္တာပွားပို့ပါ။

ဗုဒ္ဓါနုဿတိ စသည့် ဘာဝနာကိုလည်း ရှုပွားနိုင်လျှင် ပို ကောင်း၏။

၉။ ရတနာသုံးပါးကို ကျင့်ဝတ်ဖြင့် ပူဇော်ပါ။

၁၀။ ဆုတောင်းပါ။

ကုသိုလ်ပြုပြီးတိုင်း နိဗ္ဗာန်ဆုကို အဓိကထား၍ မိမိဖြစ်စေလို သည်ကို ဆုတောင်းပါ။ ကုသိုလ်ကံစွမ်းအားက ဖြည့်ဆည်း ပေးလိမ့်မည်။

၁၁။ အမျှဝေပါ၊ သာဓုလည်းခေါ်ပါ၊ ကုသိုလ်တိုးပွားအောင် ပြုလုပ်ရာ ရောက်သည်။ သူတော်ကောင်းများ ပေးဝေသည့်ကုသိုလ်အဖို့ကို အာရုံယူ၍ သာဓုခေါ်ပါ။

၁၂။ ဒါနကောင်းမှုပြုလုပ်ပါ။ ဆွမ်း, ပန်း, ရေချမ်း, ဆီမီးကပ်လှူပါ။ သံဃာတော်ကို ဆွမ်းလောင်းပါ။ ဘုန်းကြီးကျောင်း, စာသင် ကျောင်း, ဆေးရုံ, ပရဟိတလုပ်ငန်းများ၌လည်း တတ်စွမ်းသမျှ လှူပါ။

၁၃။ မြတ်စွာဘုရားအဆုံးအမဩဝါဒနှင့်အညီ စီးပွားရေး လုပ်ငန်းကို လုပ်ပါ။ မိမိအကျိုး သူတစ်ပါးအကျိုးတို့ကို မျှတစွာအလေးထား၍

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်ပါ၊ ကျောင်းသူ ကျောင်းသားများက ပညာထူးချွန်အောင် ကြိုးစားသင်ယူကြရမည်။

၁၄။ လူမှုရေးလုပ်ငန်းများကို တာဝန်ကျေအောင် လုပ်ပါ။ သားသမီးကျင့်ဝတ်၊ မိဘကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ ဆရာကျင့်ဝတ်စသည့်ဆိုင်ရာကျင့်ဝတ်များကို ဖြည့်ကျင့်ပါ။ အမျိုး၊ ဘာသာ၊ သာသနာအတွက် စွမ်းစွမ်းတမံဆောင်ရွက်ပါ။

၁၅။ ညနေချိန်တွင် အထက်ပါအစီအစဉ် ၂-မှ ၁၁ ထိ ဘုရားဝတ်ပြုခြင်းကို မှန်မှန်ဝတ်ထား၍ ပြုစုပါ။ သမထ-ဝိပဿနာဘာဝနာတစ်မျိုးမျိုး ရှုပွားပြီးမှ အိပ်ပါ။

* သင်မှသိ၊ သိမှကျင့်၊ ကျင့်မှရ။
* မြတ်ဗုဒ္ဓ၏ ဩဝါဒ။
* အနန္တ ငါးပါး အဓိဋ္ဌာန်နှင့် ငါးပါးသီလအဓိဋ္ဌာန်တို့ မြဲမြဲတည်တံ့ပါစေ။

## နေ့စဉ်ကျင့်ရန် တို့အဓိဋ္ဌာန်

၁။ ကံကောင်းထောက်မ၊ လူ့ဘဝ၊ ခဏကျင်လည် ရခိုက်ဝယ်။

၂။ မပေါ့မဆ၊ ဖွဲလုံ့လ၊ ဗုဒ္ဓလမ်းစဉ်လိုက်ပါ့မယ်။

၃။ အတတ်ပညာ၊ နည်းဗျူဟာ၊ စုံစွာထူးအောင် ဆည်းပူးမယ်။

၄။ လိမ္မာယဉ်ကျေး၊ ပြည့်ရင်သွေး၊ ဂုဏ်မွေးကြိုင်အောင် နေထိုင်မယ်။

၅။ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကို ထားပါ့မယ်။

၆။ အများအကျိုးဆောင်၊ ပြည်ကျိုးဆောင်၊ ခေါင်းဆောင်နိုင်အောင် ကြိုးစားမယ်။

၇။ မြန်မာ့ခလေ့၊ တို့မမေ့၊ တို့ဓလေ့ကို မြတ်နိုးမယ်။

www.burmeseclassic.com

www.burmeseclassic.com



၈။ အမျိုးဘာသာ၊ သာသနာ၊ ရှည်စွာတည်အောင် ထိန်းသိမ်းမယ်။
၉။ သမိုင်းပေးလာ၊ တို့ဝန်တာ၊ သေချာထမ်းရွက်ထက်စေမယ်။
၁၀။ ယဉ်ကျေးမှုသုဉ်း၊ လူမျိုးသုဉ်း၊ အသုဉ်းမခံတော်လှန်မယ်။
၁၁။ ရေခြားမြေခြား၊ ဘာသာခြား၊ ကပြားခလေ့ မနှစ်မွေ့ဖွယ်။
၁၂။ ကမ္ဘာ့အလယ်၊ တို့မျိုးနွယ်၊ တင့်တယ်လှပဂုဏ်ယူမယ်။
၁၃။ တို့ယဉ်ကျေးမှု၊ ဂုဏ်ပေါင်းစု၊ ယှဉ်တုလာလျှင် ရှုံးလိမ့်မယ်။
၁၄။ စောစောအိပ်ကြ၊ စောစောထ၊ ထွန်းပနန္ဒာလန်းဆန်းတယ်။
၁၅။ အိပ်ရာနိုးထ၊ မေတ္တာဖြန့်၊ ကမ္ဘာ့ငြိမ်းချမ်းသာယာမယ်။
၁၆။ အနန္တငါးဖြာ၊ ဦးညွှတ်ပါ၊ ရွတ်ခါစိတ်မှာ ကြည်နူးတယ်။
၁၇။ မျက်နှာသစ်လျှင်၊ ရေအေးမြင်၊ မြင်စဉ်မေတ္တာပွားပါ့မယ်။
၁၈။ သစ်ရင်းသစ်ရင်း၊ လျှော့ယိုယွင်း၊ ရုပ်ဆင်းသတိထားပါ့မယ်။
၁၉။ မြတ်စိန္တေဝယ်၊ ကန်တော့ကွယ်၊ ငါးသွယ်သီလတည်ကြမယ်။
၂၀။ ကြည့်ဖွယ်မှတ်ရာ၊ သင်ခန်းစာ၊ သေချာအံရွတ် မှတ်စေမယ်။
၂၁။ မှန်မှန်ကျောင်းတက်၊ ပညာထက်၊ အားတက်ရွှင်လန်း ကြိုးပမ်းမယ်။
၂၂။ ပညာတံခွန်၊ လူရည်ချွန်၊ မိုးစွန်တမွတ် အထွတ်တင်မယ်။
၂၃။ ကျောင်းသားဘဝ၊ ခိုင်မာမှ၊ ကြီးကထိပ်တန်း လှမ်းနိုင်မယ်။
၂၄။ မင်္ဂလာလမ်းကောင်း၊ ကြီးပွားကြောင်း၊ နှစ်ထောင်းအားရလိုက် ကြမယ်။
၂၅။ ဗြဟ္မစိုရ်တရား၊ လက်ကိုင်ထား၊ မှသားရှောင်ခါဆက်ဆံမယ်။
၂၆။ တန်းတူတွေ့လျှင်၊ မေတ္တာဝင်၊ မဝင်နိုင်က ပြိုင်တတ်တယ်။
၂၇။ ပြိုင်မည့်အစား၊ မေတ္တာပွား၊ စိတ်ထားပြုပြင်ပြောင်းပါ့မယ်။
၂၈။ နိမ့်သူတွေ့လျှင်၊ ကရုဏာဝင်၊ မဝင်နိုင်က နိုင်တတ်တယ်။
၂၉။ နိုင်မည့်အစား၊ ကရုဏာပွား၊ စိတ်ထားပြုပြင်ပြောင်းပါ့မယ်။
၃၀။ မြင့်သူတွေ့လျှင်၊ မုဒိတာဝင်၊ မဝင်နိုင်က ရွံ့တတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



၃၁။ ရွံ့မည့်အစား၊ မုဒိတာပွား၊ စိတ်ထားပြုပြင်ပြောင်းပါ့မယ်။
၃၂။ မိုက်သူတွေ့လျှင်၊ ဥပေက္ခာယှဉ်၊ မယှဉ်နိုင်ဂ မဲ့တတ်တယ်။
၃၃။ မဲ့မည့်အစား၊ ဥပေက္ခာပွား၊ စိတ်ထားပြုပြင်ပြောင်းပါ့မယ်။
၃၄။ စိတ်ကိုလည်းပြင်၊ ရုပ်လည်းပြင်၊ ပြင်ဆင်တိုင်းရ ပြုတိုင်းလှ၊ သုခနိဗ္ဗာန်တိုင်လိမ့်မယ်။

## သစ္စာလေးပါးမြတ်တရား

၁။ ဒုက္ခသစ္စာ = ဆင်းရဲခြင်း အမှန်တရား။
ရုပ်နာမ်၂-ပါးသည် ခဏမစဲ ဖြစ်ပျက်နေသည့်အတွက် ဆင်းရဲအမှန် ဖြစ်၏။

၂။ သမုဒယသစ္စာ= ဆင်းရဲဖြစ်ကြောင်း အမှန်တရား။
တဏှာလောဘသည် ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန် ဖြစ်၏။

၃။ နိရောဓသစ္စာ= ဆင်းရဲချုပ်ငြိမ်းရာအမှန်တရား။
နိဗ္ဗာန်သည် ဆင်းရဲချုပ်ငြိမ်းရာအမှန် ဖြစ်၏။

၄။ မဂ္ဂသစ္စာ = နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့် လမ်းကောင်းအမှန်တရား။
မဂ္ဂင်ရှစ်ပါး ကျင့်စဉ်သည် နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်လမ်းအမှန် ဖြစ်၏။

ဤအမှန်တရား ၄-ပါးသည် အကြီးကျယ်ဆုံး အမြင့်မြတ်ဆုံး အမှန်တရားများ ဖြစ်ကြ၏၊ ဤအမှန်တရားတို့ကို သေသေချာချာ ထိုးထွင်းမြင်သိလျှင် အရိယာအဖြစ်သို့ ရောက်၏၊ နိဗ္ဗာန်ချမ်းသာကို လက်ငင်းခံစားရပြီး အပါယ်တံခါးပိတ်၏။ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်အတိုင်း ကျင့်ကြံ အားထုတ်လျှင် ဤသစ္စာလေးပါးကို မြင်သိလာမည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## ရုပ်နာမ်နှစ်ပါး ပွားများဆင်ခြင်ရန်

၁။ ဤကိုယ်ကာယ၊ တစ်လံမျှ၌၊ နှစ်ဝနာမ်ရုပ်၊ ဖြစ်၍ချုပ်၏၊ နာမ်ရုပ်နှစ်ပါး၊ အလွတ်ထား၍၊ ဤကား လိပ်ပြာ၊ ဤကားငါနှင့်၊ ဤမှာဇီဝ၊ ဤအတ္တဟု၊ ညွှန်ပြဖွယ်ရာ၊ မရှိပါသည်၊ ခန္ဓာ နာမ်ရုပ်မျှပါတကား။

၂။ နာမ်ရုပ်တရား၊ ဤနှစ်ပါးလည်း၊ ရှည်လျားကာလ၊ မတည်ကြဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၍၊ နှိပ်စက်ခြင်းရာ၊ လိုမပါဘူး၊ သဘာဝအား၊ ဤသုံးပါးကြောင့်၊ ဖြစ်ပွားသမျှ၊ အနိစ္စသည်၊ ဒုက္ခ+အနတ္တပါတကား။

(အဘိဓဇ မဟာရဋ္ဌဂုရု-မင်းကွန်းဆရာတော်)

ကိုယ်ခန္ဓာသည် ရုပ်ကလာပ်များနှင့် ဖွဲ့စည်းထား၏။ စိတ်နှင့် စေတသိက်များကို နာမ်ဟုခေါ်၏။

## လက္ခဏာရေး ၃-ပါး

၁။ **အနိစ္စလက္ခဏာ =** မတည်မြဲခြင်းအမှတ်အသား။

ရုပ်နာမ်တို့သည် ခဏမစဲ ဖြစ်ပြီးပျက်နေကြ၏၊ ထို့ကြောင့် အနိစ္စလက္ခဏာရှိ၏။

၂။ **ဒုက္ခလက္ခဏာ =** ဆင်းရဲခြင်း အမှတ်အသား။

ရုပ်နာမ်တို့သည် ဖြစ်ပြီး ပျက်ပျက်သွားကြသည့်အတွက် ဆင်းရဲခြင်း သဘောဆောင်၏။ ပျက်ပျက်သွားသည့် ဒဏ်ချက်ဖြင့် ခဏမစဲ နှိပ်စက်နေခြင်းသည် ဆင်းရဲအမှန် ဖြစ်၏။

၃။ **အနတ္တလက္ခဏာ**=အစိုးမရခြင်း၊ အနှစ်သာရမရှိခြင်း၊ အတ္တဟူသော"ငါ၊ လိပ်ပြာ၊ အသက်ကောင်" မရှိခြင်း အမှတ်အသား။

ဤခန္ဓာအစု၌ ရုပ်နာမ်၂-ပါးသာ ရှိ၏။ ရုပ်နာမ်တို့သည်

www.burmeseclassic.com

www.burmeseclassic.com



သဘာဝအတိုင်းဖြစ်ပြီး ပျက်နေကြရာ မပျက်ပါနှင့်ဟု တားဆီး၍ မရ၊ ထို့ကြောင့် အစိုးမရ၊ မိမိအလိုသို့ မပါ။ မည်သည့်အခါမျှ မပျက်စီးဘဲ တည်မြဲနေသည်ဟု ယူဆကြသော "အတ္တ, လိပ်ပြာ, ငါ"တို့လည်းမရှိ။ ဖြစ်ပြီး အကုန်ပျက်သွားသည့်အတွက် တည်မြဲသော အနှစ်သာရဟူ၍ မရှိချေ။

လက္ခဏာရေးသုံးပါးကို မပြတ် ဆင်ခြင်ပွားများလျှင် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိစသည့်တရားဆိုးများ မဖြစ်ဘဲ ကုသိုလ်စိတ်များ ဖြစ်သည်၊ လက်ငင်းချမ်းသာသည်။ သမာဓိထူထောင်ပြီး ရုပ်နာမ်များ ဖြစ်ပျက်နေသည်ကို မနောစိတ်နှင့် မြင်အောင်ရှုပြီး လက္ခဏာရေးသုံးပါးကို ဆင်ခြင်နိုင်လျှင် ဝိပဿနာရှုသည်ဟု ခေါ်သည်။

ဝိပဿနာရှုခြင်းဖြင့် မဂ်ဉာဏ်,ဖိုလ်ဉာဏ်, နိဗ္ဗာန်တို့ကို ရနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၅)
# ဗုဒ္ဓဝင်ခန်း

## ဗုဒ္ဓဖြစ်စဉ် ဗုဒ္ဓဝင်အကျဉ်း

၁။ ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် လွန်လေပြီးသော လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ **သုမေဓာ**သူဌေးသားဖြစ်၏၊ အသက် ၁၆နှစ်တွင် စည်းစိမ်ဥစ္စာအလုံးစုံကို စွန့်လွှတ်၍ ရသေ့ဝတ်သည်၊ ဈာန်အဘိညာဉ်ငါးပါးရသည်၊ ဒီပင်္ကရာမြတ်စွာဘုရားထံ အသက်နှင့် ခန္ဓာကိုလှူဒါန်းပြီး ဘုရားဆုပန်သည်။ ဒီပင်္ကရာမြတ်စွာဘုရားက တောင်းသောဆုပြည့်မည်ဟု ဗျာဒိတ်စကား မြွက်ကြားတော်မူသည်။

၂။ ဘုရားအလောင်းတော်သည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီ ၁၀-ပါးအပြား၃၀တို့ကို ဖြည့်ကျင့်တော်မူသည်။

## ပါရမီ ၁၀-ပါးမှာ

(၁) ဒါနပါရမီ = ပစ္စည်းဥစ္စာ၊ ကိုယ်အင်္ဂါနှင့် အသက်ကို စွန့်လှူခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



(၂) သီလပါရမီ = ငါးပါးသီလ၊ ရှစ်ပါးသီလ စသည်တို့ကို စောင့်ထိန်းခြင်း၊

(၃) နေက္ခမ္မပါရမီ = လူ့ဘောင်လောကနှင့် ကာမဂုဏ် အာရုံများကို စွန့်လွှတ်ကာ တောထွက်၍ ရသေ့ရဟန်း ပြုခြင်း၊

(၄) ပညာပါရမီ = လောကီပညာ၊ လောကုတ္တရာ ပညာတို့ကို သင်ယူဆည်းပူး, ကျင့်ကြံခြင်း၊ သူတစ်ပါးတို့အား သင်ပြပေးခြင်း၊

(၅) ဝီရိယပါရမီ = မိမိအကျိုး သတ္တဝါများအကျိုးအတွက် သက်စွန့်ကြိုးပမ်းကာ အစွမ်းကုန် ကြိုးစားအားထုတ်ခြင်း။

(၆) ခန္တီပါရမီ = ဒေါသမထွက်၊ စိတ်ပျက်အားငယ်မှုမရှိ၊ မွန်မြတ်ကြည်အေးစွာ အလျှော့ပေး၍ သည်းခံခြင်း။

(၇) သစ္စာပါရမီ = မုသားမပြော၊ သူတစ်ပါးအား မထိခိုက်စေဘဲ မှန်ကန်ဖြောင့်မတ်စွာ ပြောဆိုလုပ်ကိုင်ခြင်း။

(၈) မေတ္တာပါရမီ = သတ္တဝါများကို မိမိနှင့် ထပ်တူပြု၍ ချစ်ခင်ကာ အများချမ်းသာ ကောင်းစားရန် ဆောင်ရွက်ခြင်း။

(၉) အဓိဋ္ဌာန်ပါရမီ =တစ်စုံတစ်ခုသော ကောင်းမှုကို ပြုလုပ်ရန် စိတ်ဖြင့် ဆုံးဖြတ်ပြီးနောက် ဆုံးဖြတ်သည့် အတိုင်း အောင်မြင်အောင် ပြုလုပ်ခြင်း။

(၁၀) ဥပေက္ခာပါရမီ = သတ္တဝါတို့အား မုန်းလည်း မမုန်း၊ ချစ်လည်း မချစ်၊ ဘက်မလိုက်ဘဲ မျှမျှတတ အလယ်အလတ် တည့်မတ်စွာ စိတ်မတုန်လှုပ်အောင် ထားခြင်း။

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ ပါရမီ၁၀-ပါးကို ဖြည့်ကျင့်ရာတွင်-

(က) သာမန်ပစ္စည်းဥစ္စာကိုစွန့်၍ ဖြည့်ကျင့်လျှင် **ပါရမီ**ဟု ခေါ်၏။

(ခ) ကိုယ်လက်အင်္ဂါကိုစွန့်၍ ဖြည့်ကျင့်လျှင် **ဥပပါရမီ**ဟု ခေါ်၏။

(ဂ) အသက်ကိုစွန့်၍ ဖြည့်ကျင့်လျှင် **ပရမတ္ထပါရမီ**ဟု ခေါ်၏။

ပါရမီ ၁၀-ပါးကို အခြင်းအရာ ၃-ပါးနှင့် မြှောက်ပွားလျှင် ပါရမီအပြား ၃၀-ဖြစ်၏။

၃။ **စရိယာ ၃-ပါး**ခေါ် ရည်မှန်းချက်ကြီး သုံးရပ်ကို ဦးထိပ်ထား၍ ပါရမီတို့ကို ဖြည့်ကျင့်တော်မူ၏။

(၁) လောကတ္ထစရိယာ = လောကလူသား, ကမ္ဘာသူ ကမ္ဘာသား, သတ္တဝါအများ ကောင်းစားချမ်းသာရေး ကျင့်စဉ်။

(၂) ဉာတတ္ထစရိယာ =မိမိအမျိုးအနွယ်နှင့် မိမိလူမျိုး ကောင်းစား ချမ်းသာရေးကျင့်စဉ်။

(၃) ဗုဒ္ဓတ္ထစရိယာ= သတ္တဝါအများကို သံသရာ ဝဋ်ဆင်းရဲမှ ကယ်တင်နိုင်သော 'သဗ္ဗညုဘုရား ဖြစ်ရေး ကျင့်စဉ်။

၄။ **စွန့်ခြင်းကြီး ၅ပါး**ကို ဖြည့်ကျင့်၍လည်း ပါရမီ ဖြည့်ရ၏။

(၁) မင်းစည်းစိမ်၊ သူဌေးစည်းစိမ် စသည်ကိုစွန့်ခြင်း (ဓနပရိစ္စာဂ)

(၂) သားသမီးများကို စွန့်ခြင်း (ပုတ္တပရိစ္စာဂ)

(၃) မယားကို စွန့်ခြင်း (ဘရိယပရိစ္စာဂ)

(၄) ခြေလက်မျက်စိ စသည့် အင်္ဂါကြီးငယ်ကိုစွန့်ခြင်း (အင်္ဂပရိစ္စာဂ)

(၅) အသက်ကိုစွန့်ခြင်း (ဇီဝိတပရိစ္စာဂ)

၅။ ထိုသို့ ပါရမီဖြည့်ကျင့်ခဲ့ပြီးနောက် တုသိတာနတ်ပြည်၌ **သေတကေတုနတ်သား**ဖြစ်သည်။ စကြဝဠာတိုက် တစ်သောင်းမှ နတ်ပြဟ္မာ အပေါင်းက "ဘုရားဖြစ်ချိန်တန်ပါပြီ၊ လူ့ပြည်သို့ဆင်း၍ ဘုရားဖြစ်တော်

www.burmeseclassic.com

www.burmeseclassic.com



မူပါ”ဟု လျှောက်ထားကြသည်။

သေတကေတုနတ်သားသည် **ကြည့်ခြင်းကြီး ငါးပါး**ကို ကြည့်တော်မူ၏။

(၁) ကာလ(အချိန်) = လူ့သက်တမ်း နှစ်၁၀၀မှ ၁၀၀,၀၀၀အတွင်း။

(၂) ဒီပ (ကျွန်း) = ဇမ္ဗူဒီပါ တောင်ကျွန်း။

(၃) ဒေသ (အရပ်) = မဇ္ဈိမဒေသ။

(၄) ကုလ (မျိုးနွယ်) = ခတ္တိယမင်းမျိုး သို့မဟုတ် ပုဏ္ဏားမျိုး။

(၅) မာတုအာယုပရိစ္ဆေဒ = (မယ်တော်၏အသက် အပိုင်းအခြား)= ဘုရားအလောင်း ဖွားမြင်ပြီး ၇–ရက်။

၆။ ထိုသို့ကြည့်ရှုပြီး နတ်အဖြစ်မှ စုတေ၍ မဟာသက္ကရာဇ် ၆၇–ခု၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့၌ ကပိလဝတ်ပြည့်ရှင် သုဒ္ဓေါဒန ဘုရင်၏ တောင်ညာစံမိဖုရားကြီး မယ်တော်မာယာဝမ်း၌ **ပဋိသန္ဓေ** တည်နေ၏။

၇။ မဟာသက္ကရာဇ် ၆၈–ခု၊ ကဆုန်လပြည့်သောကြာနေ့၌ လုမ္ဗိနီအင်ကြင်းတောဝယ် မယ်တော်မာယာဝမ်းမှ မီးရှူးသန့်စင် **ဖွားမြင်တော်**မူ၏။ ထိုလုမ္ဗိနီဥယျာဉ်သည် ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်တို့အကြား (ယခု နီပေါနိုင်ငံ)၌ တည်ရှိ၏။

ဖွားမြင်ပြီးသည်နှင့်တစ်ပြိုင်နက် မြေ၌ ရပ်တည်လျက် မြောက်အရပ်သို့ ၇–လှမ်းကြွလှမ်းတော်မူ၏။ ထို့နောက် အောက်ပါစကား သုံးခွန်းကို မြွက်ဆိုကျူးရင့်၏။

(၁) ငါသည် လောက၌ ပဌမအဦးဆုံးဖြစ်၏။

(၂) ငါသည် လောက၌ အကြီးအကဲဆုံးဖြစ်၏။

(၃) ငါသည် လောက၌ အမြတ်ဆုံးဖြစ်၏။

၈။ ဘုရားအလောင်း **သိဒ္ဓတ္ထမင်းသား**သည် ၁၆–နှစ် အရွယ်တွင် **ယသော်ဓရာမင်းသမီး**နှင့် ထိမ်းမြားလက်ထပ်၍ မင်းအညီးစိမ်ကို

www.burmeseclassic.com

www.burmeseclassic.com



၁၃–နှစ်ခံစား၏။

၉။ အသက်၂၉–နှစ်အရွယ်တွင် သူအို, သူနာ, သူသေ, ရဟန်းဟူသော နိမိတ်ကြီး လေးပါးကို မြင်တော်မူသဖြင့် **တောထွက်၍ ရဟန်းပြု၏။**

၁၀။ ဉရုဝေလတော၌ အလွန်ပြုနိုင်ခဲသော အကျင့် (**ဒုက္ကရစရိယာ အကျင့်**) ကို ရဟန်းအဖြစ်နှင့် ၆–နှစ် ကျင့်တော်မူ၏။ ထိုနောက် ဒုက္ကရစရိယာအကျင့်ကိုစွန့်၍ အလယ်အလတ်လမ်း အကျင့်(**မဇ္ဈိမ ပဋိပဒါအကျင့်**)ကို ကျင့်တော်မူ၏။

၁၁။ မဟာသက္ကရာဇ် ၁၀၃ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် သူဌေးကတော် **သုဇာတာ**လှူဒါန်းသော နို့ဃနာဆွမ်းကို အဇပါလ ညောင်ပင်ရင်း၌ အလှူခံ၏။ နေရဉ္ဇရာမြစ်၌ ရေသုံးသပ်ပြီးနောက် နို့ဃနာဆွမ်းကို ၄၉–လုတ်ဘုဉ်းပေး၏။ အင်ကြင်းတော၌ နေ့သန့် တော်မူ၏။ ညနေချမ်းသောအခါ ဗောဓိညောင်ပင်သို့ ကြွလှမ်း၏။ လမ်းခရီး၌ မြက်ထမ်းသမား သောတ္ထိယလှူသော မြက်ရှစ်ဆုပ်ကို ဗောဓိညောင်ပင်ရင်း၌ ဖြန့်ခင်းလိုက်ရာ **"အပရာဇိတ ရတနာပလ္လင်"** ဖြစ်ပေါ်လာ၏။

၁၂။ ထိုပလ္လင်ပေါ်၌ ထက်ဝယ်ဖွဲ့ခွေထိုင်တော်မူပြီး အဓိဋ္ဌာန်၏–

"အရေ အကြော အရိုးတို့သာ ကြွင်းကျန်၍ အသား အသွေးတို့ ခြောက်ခန်းသွားပါစေ၊ ဘုရားမဖြစ်သမျှ ဤတင်ပျဉ်ခွေကို ငါမဖျက်အံ့"

**မာရ်နတ်**သည် ဂိရိမေခလာဆင်ပြောင်ကြီးကို စီးကာ စစ်သည် အင်အားများစွာဖြင့် လာရောက်တိုက်ခိုက်၏။ အလောင်းတော်သည် မာရ်နတ်ကို ပါရမီတော်စွမ်းအားဖြင့် ခုခံအနိုင်ယူတော်မူ၏။

## ဝိဇ္ဇာဉာဏ် ၃–ပါး

၁၃။ ဘုရားအလောင်းသည် အာနာပါနကမ္မဋ္ဌာန်းဖြင့် စတုတ္ထ ဈာန်ကို ဝင်စား၏။ ထိုဈာန်သမာဓိကို အခြေခံ၍ ဘာဝနာ ရှုပွားရာ

www.burmeseclassic.com

www.burmeseclassic.com



ညဉ့်ဦး‌ယံ၌ပင် မိမိနှင့် သူတစ်ပါးတို့၏ အတိတ်ဘဝများကို မြင်နိုင်စွမ်းသော **"ပုဗ္ဗေနိဝါသာနုဿတိဉာဏ်"**ကို ရတော်မူ၏။

သန်းခေါင်ယံ၌ နီးဝေးမဟူ နတ်မျက်စိပမာ ထိုးဖောက် မြင်နိုင်စွမ်းသော **"ဒိဗ္ဗစက္ခုဉာဏ်"**ကို ရတော်မူ၏။

မိုးသောက်ယံ၌ သစ္စာလေးပါးကို မြင်သိ၍ ကိလေသာ အလုံးစုံတို့၏ ကုန်ခြင်းကို ပြုကတ်သော **"အာသဝက္ခယဉာဏ်"**ကို ရတော်မူ၏။ ဤဉာဏ်ရသည်နှင့် တစ်ပြိုင်နက် **"သဗ္ဗညုတဉာဏ်"**ခေါ် အလုံးစုံကို အကုန်သိမြင်နိုင်သော ဉာဏ်တော်လည်း ဖြစ်ပေါ်လာသဖြင့် အသက် ၃၅နှစ် အရွယ်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူ၏။

၁၄။ ထိုနှစ် ဝါဆိုလပြည့် စနေနေ့တွင် မိဂဒါဝုန်တော၊ ဣသိပတန အရပ်၌ ပဉ္စဝဂ္ဂီ ၅ဦးကို အမှူးထား၍ "ဓမ္မစက္ကပဝတ္တနသုတ္တန်"ခေါ် **ဓမ္မစကြာတရား**ကို ဟောကြားတော်မူ၏။ ဆက်လက်၍ ၄၅-ဝါ (၄၅-နှစ်)ပတ်လုံး တရားဟောကြားကာ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွားကို ရွက်ဆောင်တော်မူခဲ့၏။

၁၅။ မဟာသက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့်, အင်္ဂါနေ့၊ သက်တော် ၈၀ အရွယ်တွင် ကုသိနာရုံပြည် **မလ္လာမင်း**တို့၏ ဥယျာဉ်၌ **ပရိနိဗ္ဗာန်**ဝင်စံတော်မူ၏။

## အနှိုင်းမဲ့ ကျေးဇူးရှင်ကြီး

မြတ်စွာဘုရားသည် ပါရမီတော် ၁၀-ပါး၊ စရိယာ-၃ပါး၊ စွန့်ခြင်းကြီး ၅-ပါးတို့ကို ၄-အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဖြည့်ကျင့်ခဲ့သဖြင့် နောက်ဆုံးဘဝဝယ် မဇ္ဈိမပဋိပဒါအကျင့်လမ်းကို မြင်သိတော်မူခဲ့၏။ ပြည့်ပြည့်စုံစုံကျင့်ကြံအားထုတ်ခဲ့သဖြင့် ထိုက်ထိုက်တန်တန် ဘုရားဖြစ်တော်မူခဲ့သည်။ မကျင့်ကြံဘဲနှင့် နတ်ဗြဟ္မာများမ,၍ ဘုရားဖြစ်ခဲ့သည်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား၏ ဘုန်းတန်ခိုးတော်သည် နတ်ဗြဟ္မာတို့၏ ဘုန်းတန်ခိုးထက် အလွန်သာလွန်၏။ အလုံးစုံသိသော သဗ္ဗညုတဉာဏ်တော်၏ အစွမ်းကိုလည်း မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်ကို ထောက်ရှု၍ ခန့်မှန်းနိုင်သည်။ စိတ်ကို ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားနိုင်သူမှာ မြတ်စွာဘုရားတစ်ဆူသာ ရှိသည်။ ထာဝရ ချမ်းသာဖြစ်သည့် အတုမဲ့နိဗ္ဗာန်သို့ ရောက်နိုင်သည့် အကျင့်လမ်းကို ညွှန်ပြနိုင်သည်မှာလည်း မြတ်စွာဘုရားတစ်ဆူသာ ရှိသည်။

ဘုရားဖြစ်ပြီးနောက် ၄၅–နှစ်တိုင်တိုင် လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့၏ အကျိုးကို မနေမနား ဆောင်ရွက်ခဲ့သဖြင့် ကုဋေပေါင်းများစွာသော သတ္တဝါတို့ အကျွတ်တမ်းဝင်နိုင်ခဲ့ကြသည်။ မြတ်စွာဘုရား၏သာသနာတော်သည် လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့ကို အမှန်တရားကို ညွှန်ပြခြင်းဖြင့် ကျေးဇူးပြုနေလျက်ပင် ရှိသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓသည် သတ္တဝါတို့၏ အကျိုးကို အများဆုံးသည်ပိုးဆောင်ရွက်ခဲ့သူ ဖြစ်တော်မူသည်။ မြတ်စွာဘုရား, တရားတော်နှင့် သံဃာတော်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် အများသတ္တဝါတို့ အမြင့်ဆုံးအကျိုးစီးပွားကို ရရှိရေးအတွက် မှန်စွာ ဖြစ်ပါတကား။

## အကျဉ်းမှတ်ရန် နေ့မြတ်ခုနစ်တန်

မ–သိ–ကြ–လတ်၊ တွေး–ဆ–အပ်၊ နေ့မြတ်ခုနစ်ထွေ။
သန်–ဖွား–တော–ပွင့်၊ စက်–စု–သင့်၊ ရှင်ပင့်သာကီဆွေ။

၁။ မ = ကြာသပတေးနေ့တွင်
သန် = ပဋိသန္ဓေ နေတော်မူသည်။
၂။ သိ = သောကြာနေ့တွင်
ဖွား = ဖွားမြင်တော်မူသည်။
၃။ ကြ = တနင်္လာနေ့တွင်

www.burmeseclassic.com

www.burmeseclassic.com



တော = တောထွက်တော်မူသည်။
၄။ လတ်= ဗုဒ္ဓဟူးနေ့တွင်
ပွင့် = ဘုရားပွင့်တော်မူသည်။
၅။ တွေး = စနေနေ့တွင်
စက် = ဓမ္မစကြာတရားကို ဟောတော်မူသည်။
၆။ ဆ = အင်္ဂါနေ့တွင်
စု = စုတိပရိနိဗ္ဗာန်စံတော်မူသည်။
၇။ အပ် = တနင်္ဂနွေနေ့တွင်
သင့် = တေဇောဓာတ်(မီးသင့်)လောင်တော်မူသည်။

**လယ်တီဆရာတော်၏ ခုနစ်နေ့ဘုရားရှိခိုး**

**၁။ သန္ဓေယူသောနေ့** (ကြာသပတေး)

သုံးလူ့ရှင်ပင်၊ ကျွန်းထိပ်တင်၊ သောင်းခွင်စကြဝဠာ၊ နတ်ဗြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂို၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်၊ နတ်လူငြိမ်းဖို့ကိန်းပါကို။

**၂။ ဖွားမြင်တော်မူသည့်နေ့** (သောကြာ)

သန္ဓေယူခါ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြို၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစီ၊ လုမ္ဗနီဥ်၊ မဟီလှိုက်ဆူ၊ ဖွားတော်မူသည်၊ နတ်လူအောင်မြို့လမ်းပါကို။

**၃။ တောထွက်တော်မူသောနေ့** (တနင်္လာ)

ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်ဥ်၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊ ရွယ်မှုနဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်[illegible] ဟိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊ ဝါဆိုလပြည့်၊ ကျ[illegible]င်း

www.burmeseclassic.com

www.burmeseclassic.com



နေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရိပ်လှုံသည်၊ စုံမြိုင်ပင်ရိပ် ခန်းမှာကို။

**၄။ ဘုရားဖြစ်တော်မူသောနေ့** (ဗုဒ္ဓဟူးနေ့)

တောရိပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်တစ်ဖုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မငြိုးကြည်ဖြူ၊ နေတော်မူလျက်၊ ရန်မြူခပင်း၊ အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ဘွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်၊ သုံးဖော်လူတို့ ငြမ်းပါကို။

**၅။ ဓမ္မစကြာတရား ဟောကြားသည့်နေ့** (စနေနေ့)

ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဖွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတစ်သောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ တရားနတ်စည် ရွှမ်းတယ်ကို။

**၆။ ပရိနိဗ္ဗာန်စံတော်မူသောနေ့** (အင်္ဂါနေ့)

တရားနတ်စည်၊ ဆော်ရွှမ်းလည်က၊ သုံးမည်ဘုံသိုက်၊ တစ်သောင်းတိုက်ဝယ်၊ ကျွတ်ထိုက်တစ်သူ၊ နတ်လူဗြဟ္မာ၊ သတ္တာဝါကို၊ ခေမာသောင်သို့၊ ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ ရာလေးဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊ စံနှိုင်းမယုတ်၊ ကုသိနာ်ရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်၊ ဝှန်းဆူသောင်းလုံးကျော်တယ်ကို။

**၇။ တေဇောဓာတ်လောင်တော်မူသောနေ့**(တနင်္ဂနွေ)

နိဗ္ဗူစံပြီ၊ ရှုမအိသား၊ သင်္ဂီရွှေလှော်၊ အလောင်းတော်ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကြုံ၍၊ ဂဠုန်နေ့ဝယ်၊ ခိုးရှေ့မနော၊

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်တော်ဌာပနာ ရှင်တော်ဘုရား မိဖုရားနှင့် ... 

လှျံတက်ကော်ရော်၊ မီးပူဖော်သည်၊ မွေတော်ရှစ်စိတ်ကွဲဖြင့်တယ်ကို။

## ရှိခိုးဆုတောင်း

ထိုခုနစ်နေ့၊ သာချမ်းမြေ့ကို၊ ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံယူလျက်၊ သုံးလူတို့နတ်၊ မြတ်ထက်မြတ်သား၊ ကိုယ်တော်ဖျားကို၊ သုံးပါးမှန်စွာ၊ ဝန္ဒနာဖြင့်၊ သဒ္ဒါဖြိုးဖြိုး၊ ကျွန်ရှိခိုးသည်၊ ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

## စေတီ ၄-မျိုး

၁။ ဓာတုစေတီ = မြတ်စွာဘုရား၏ ကိုယ်ခန္ဓာဒြပ်မှ ဖြစ်လာသော ဓာတ်တော်များ။

၂။ ဓမ္မစေတီ = ပိဋကတ်သုံးပုံ၊ ဓမ္မက္ခန္ဓာ ၈၄၀၀၀။

၃။ ဥဒ္ဒေသစေတီ = မြတ်စွာဘုရားကို ရည်မှန်း၍ ပြုလုပ်ထားသော ရုပ်ပွားတော်၊ ဆင်းတုတော်၊ စေတီပုထိုး စသည်များ။

၄။ ပရိဘောဂစေတီ =ဗောဓိပင်နှင့်တကွ မြတ်စွာဘုရား သုံးဆောင်ခဲ့သော ပရိက္ခရာများနှင့် ပစ္စည်းများ။

ဤစေတီတစ်မျိုးမျိုးကို ရှိခိုးသည့်အခါ မြတ်စွာဘုရား၏ ဂုဏ်တော်များကို နှလုံးသွင်းနိုင်လျှင် သက်တော်ထင်ရှား မြတ်စွာဘုရားကို ရှိခိုးရသကဲ့သို့ အကျိုးကြီးမား၏။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များအတွက် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသွားပြီဖြစ်ပါသော်လည်း မြတ်စွာဘုရားကို ရှိခိုး ကြည်ညိုနိုင်သေး၏။ ဤသို့ ရှိခိုးကြည်ညိုသည့်အခါ ဖြစ်ပေါ်လာသော ကုသိုလ်စိတ်များနှင့် ကုသိုလ်ကံတို့က အပါယ်မကျအောင် ကယ်တင်၍ သုဂတိဘုံသို့ ပို့ဆောင်ပေးလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၆)
# ကံ၊ ကံ၏အကျိုး

## ကံနှင့်ကံ၏အကျိုး

ကံ၏သဘောမှန်ကို မြတ်စွာဘုရားသာ မဟောကြားခဲ့လျှင် မည်သူမျှ သိနိုင်မည်မဟုတ်။ ကံသည် စိတ်၏ စွမ်းရည်ထူး တစ်ရပ်ဖြစ်၏။ စိတ်ကို ခွဲခြမ်းစိတ်ဖြာ၍ မသိလျှင် ကံ၏ သဘောကို မသိနိုင်။

စိတ်သည် လောကသုံးပါးတွင် စွမ်းအားအကြီးဆုံး, တန်ခိုး အကြီးဆုံးအရာဖြစ်၏။ ကံ၏ သတ္တိမှတစ်ဆင့် စိတ်သည် လူ,နတ်, ဗြဟ္မာ,တိရစ္ဆာန်,ပြိတ္တာ စသည့် သတ္တဝါအားလုံးကို ဖန်ဆင်း၏။ ငရဲဆင်းရဲ၊ လူ့စည်းစိမ်ဥစ္စာ၊ နတ်ဘုံဗိမာန်များ၊ ဗြဟ္မာတန်ခိုးအရှိန်အဝါ စသည် အားလုံးသည် စိတ်ကြောင့်ဖြစ်ပေါ်လာကြကုန်၏။

တောင်တန်းဆရာတော် **ဦးဥတ္တမသာရ**က ဤသို့ လင်္ကာ သီကုံးထား၏။

လူ့ပြည်နတ်ပြည်၊ ဗြဟ္မာ့ပြည်၊ ကျင်လည်စိတ်ကြောင့်သာ။
အပါယ်လေးပါး၊ ကျသူများ၊ မှတ်သားစိတ်ကြောင့်သာ။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းဆိုးယုတ်မြတ်၊ ဖြစ်လာတတ်၊ မှတ်ကြ စိတ်ကြောင့်သာ။
နိဗ္ဗာန်သာခေါင်၊ ဘေးမဲ့သောင်၊ စိတ်ဆောင်ရောက်မည်သာ။

လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝ ရကြသည်မှာ စိတ်ကြောင့်ဖြစ်၏။ အပါယ်လေးဘုံသို့ ကျရောက်ရသည်မှာလည်း မိမိစိတ်ကြောင့်ဖြစ်၏။ ဤဘဝတွင် ကြုံတွေ့နေရသော အကောင်း၊ အဆိုး၊ အယုတ်အမြတ် အားလုံးသည်လည်း မိမိစိတ်ကပင် စီမံဖန်တီးထား၏။ ဘေးရန်၊ ဆင်းရဲတို့ကင်းမဲ့၍ အသာလွန်ဆုံး ချမ်းသာဖြစ်သည့် နိဗ္ဗာန်သို့လည်း စိတ်စွမ်းဆောင်ပေးလျှင် ရောက်နိုင်မည်သာတည်း။

## ကံဆိုတာဘာလဲ

ကံ=ကမ္မ=အလုပ်၊ ပြုလုပ်မှု

ထိုကံဟူသော အလုပ်သည် ၃-မျိုးရှိ၏။

(က) ကာယကံ=ကိုယ်ဖြင့်ပြုလုပ်မှု

(ခ) ဝစီကံ = နှုတ်ဖြင့် ပြောဆိုပြုလုပ်မှု

(ဂ) မနောကံ= စိတ်ဖြင့်ကြံစည်ပြုလုပ်မှု

ကိုယ်နှင့် နှုတ်တို့သည် မိမိတို့ အလိုလို မလှုပ်ရှားတတ်။ စိတ်က စိတ္တဇရုပ်များကို ဖြစ်စေပြီး၊ ကိုယ်နှင့် နှုတ်တို့ကို လှုပ်ရှားစေ၏။ ထို့ကြောင့် ကာယကံနှင့် ဝစီကံတို့သည် စိတ်ကြောင့်ပင် ဖြစ်ပေါ်လာကြ၏။

**စိတ်**သည် အာရုံအမျိုးမျိုးကို သိသိနေသော သဘောဖြစ်၏။ စိတ်တစ်ခုတည်း အလုပ်လုပ်၍မရ။ စိတ်နှင့်အတူ **စေတသိက်** များစွာက စိတ်၌ မှီ၍ ဖြစ်ပေါ်ကြကာ အလုပ်ဖြစ်မြောက်အောင် ဝိုင်းဝန်းဆောင်ရွက်ကြ၏။ ထိုစေတသိက်တို့တွင် **စေတနာ**သည် စေ့ဆော်တိုက်တွန်းသော သဘောဖြစ်၏။ စေတနာက စိတ်စေတသိက်တို့ကို စေ့ဆော်၍ အလုပ်လုပ်စေသောကြောင့် ကာယကံ၊

www.burmeseclassic.com

www.burmeseclassic.com



ဝစီကံ၊ မနောကံတို့ ဖြစ်ပေါ်လာကြ၏။ ထို့ကြောင့် ကံဟူသော အလုပ်ကို စေတနာနှင့် ထပ်တူပြု၍-

(က) စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊
စေတနာကို ကံဟူ၍ ငါဘုရားဆို၏။

(ခ) စေတယိတွာ ကမ္မံကရောတိ ကာယေန ဝါစာယ မနသာ။
(စေတနာဖြင့်)စေ့ဆော်ပြီး၍ ကိုယ်နှုတ်စိတ်တစ်မျိုးမျိုးဖြင့် အလုပ်ကို သရုပ်ဖော်၏။

အဘိဓမ္မာအဋ္ဌကထာ၌ စိတ်သည် လက်ဖျစ်တစ်တွက် လျှပ်တစ်ပြက် မျက်စိတစ်မှိတ် ကာလအတွင်း၌ ကုဋေ ၁သိန်းကျော် ရှေ့ဆင့်နောက်ဆင့် ဖြစ်ပျက်သွားကြ၏။ စိတ်တိုင်းတွင် စေတနာ ပါ၏။ ထို့ကြောင့် စေတနာသည်လည်း လက်ဖျစ်တစ်တွက်တွင် ကုဋေတစ်သိန်းကျော်ပင် ဖြစ်ပျက်သွားကြ၏။

စိတ်နှင့်အတူယှဉ်ဖြစ်သော စေတနာသည် **သဟဇာတကံ**ဟု ခေါ်၏။

စိတ်စေတသိက်တို့ မချုပ်ငြိမ်းမီ မိမိတို့၏ အစွမ်းသတ္တိကို နောက်နောက်စိတ်သို့ လက်ဆင့်ကမ်း၍ မြုပ်နှံခဲ့ကြ၏။ စိတ်အစဉ်၌ လိုက်ပါနေသော စေတနာ၏ အစွမ်းသတ္တိကို **ကမ္မသတ္တိ** သို့မဟုတ် **နာနာက္ခဏိကကံ**ဟုခေါ်၏။

သြောင်သီးမှည့်၊ သရက်သီးမှည့် စသည်တို့ ကြွေကျပျက်စီးသွားကြသည့်အခါ သြောင်စေ့၊ သရက်စေ့များကျန်ရစ်သကဲ့သို့တည်း။

သြောင်စေ့၊ သရက်စေ့တို့မှ မူလအပင်နှင့်တူသောအပင်များ ပေါက်လာနိုင်သကဲ့သို့ ကမ္မသတ္တိ(ဝါ)ကံမျိုးစေ့မှလည်း မူလကံနှင့် သဘောတူသည့် ဘဝသစ်ပေါက်လာနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



## မကောင်းမှု–ဒုစရိုက် ၁၀–ပါး

### (က) ဒုစရိုက်–ကာယကံ ၃–ပါး

၁။ ပါဏာတိပါတ = သူတစ်ပါးအသက်ကိုသတ်ခြင်း၊
၂။ အဒိန္နာဒါန = သူတစ်ပါးဥစ္စာကို ခိုးယူခြင်း၊
၃။ ကာမေသုမိစ္ဆာစာရ= ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်း၊
(သူတစ်ပါး သား မယားကို ပြစ်မှားခြင်း)

### (ခ) ဒုစရိုက်–ဝစီကံ ၄–ပါး

၄။ မုသာဝါဒ= မဟုတ်မမှန်ပြောဆိုခြင်း၊
၅။ ပိသုဏာဝါစာ= ကုန်းတိုက်စကားကို ပြောခြင်း၊
၆။ ဖရုသဝါစာ= ဆဲရေးခြင်း၊ ကြမ်းတမ်းစွာပြောခြင်း၊
၇။ သမ္ဖပ္ပလာပ= အကျိုးမရှိသော စကားကို ပြောခြင်း။

### (ဂ) ဒုစရိုက်–မနောကံ ၃–ပါး

၈။ အဘိဇ္ဈာ = သူတစ်ပါးပစ္စည်းကို မတရား ရယူရန် ကြံစည်ခြင်း၊
၉။ ဗျာပါဒ = သူတစ်ပါးသေကြေပျက်စီးအောင် ကြံစည်ခြင်း၊
၁၀။ မိစ္ဆာဒိဋ္ဌိ = အယူမှားခြင်း။

ဤဒုစရိုက် ၁၀–ပါးသည် အပါယ်သို့ လားရောက်စေတတ်သော လမ်းခရီးဖြစ်သောကြောင့်**"အကုသလကမ္မပထ"**ဟု ခေါ်၏။ မကောင်းသောအမှု၊ မကောင်းသော အကျင့်ယုတ်ဖြစ်၍ ဒုစရိုက်ဟု ခေါ်သည်။

"အကုသိုလ်တရားတို့တွင် မိစ္ဆာဒိဋ္ဌိသည် အပြစ်အကြီးဆုံး ဖြစ်သည်" ဟု မြတ်စွာဘုရားဟောကြားတော်မူ၏။

### ဆောင်ပုဒ်ကဗျာ

၁။ သက်သတ် ခိုးမှု၊ ကာမေသု၊ သုံးခုကာယကံ။
၂။ မုသားဆိုပြော၊ ကုန်းချောရန်တိုက်၊ အမိုက်အမဲ၊ ဆဲရေးခြောက်ခြိမ်း၊

www.burmeseclassic.com

www.burmeseclassic.com



အပြိန်းစကား၊ နေ့စဉ်ပွား၊ လေးပါးဝစီကံ။
၃။ သူ့စည်းစိမ်ကို၊ ငါပိုင်လိုမှု၊ သူ့သက်ဇီဝေ၊ သေစေချင်ဟု၊
အယူမှောက်မှား၊ နေ့စဉ်ပွား၊ သုံးပါးမနောကံ။

## ကောင်းမှု–သုစရိုက် ၁၀–ပါး

### (က) သုစရိုက်–ကာယကံ ၃–ပါး

၁။ ပါဏာတိပါတ ဝိရတိ = သူ့အသက်သတ်မှုမှရှောင်ကြဉ်ခြင်း၊
၂။ အဒိန္နာဒါန ဝိရတိ= သူ့ဥစ္စာကို ခိုးယူမှုမှ ရှောင်ကြဉ်ခြင်း၊
၃။ ကာမေသုမိစ္ဆာစာရ ဝိရတိ = ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်မှုမှ ရှောင်ကြဉ်ခြင်း။

### (ခ) သုစရိုက်–ဝစီကံ ၄–ပါး

၄။ မုသာဝါဒ ဝိရတိ=မဟုတ်မမှန်ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း၊
၅။ ပိသုဏာဝါစာ ဝိရတိ= ကုန်းတိုက်မှုမှ ရှောင်ကြဉ်ခြင်း၊
၆။ ဖရုသဝါစာ ဝိရတိ = ဆဲရေးမှု+ကြမ်းတမ်းစွာပြောမှုတို့မှ ရှောင်ကြဉ်ခြင်း၊
၇။ သမ္ဖပ္ပလာပ ဝိရတိ=အကျိုးမရှိသော စကားပြောမှုမှ ရှောင်ကြဉ်ခြင်း။

### (ဂ) သုစရိုက်–မနောကံ ၃–ပါး

၈။ အနဘိဇ္ဈာ= သူတစ်ပါးပစ္စည်းကို မတရားယူရန် မကြံစည်ခြင်း။
၉။ အဗျာပါဒ=သူတစ်ပါးသေကြေပျက်စီးအောင် မကြံစည်ခြင်း၊
၁၀။ သမ္မာဒိဋ္ဌိ = မှန်သော အယူကို ယူခြင်း။

ဤသုစရိုက် ၁၀–ပါးသည် သုဂတိဘုံသို့လားရောက်စေတတ်သော လမ်းခရီးဖြစ်သောကြောင့် **"ကုသလကမ္မပထ"**ဟု ခေါ်၏။ ကောင်းသောအမှု–ကောင်းသောအကျင့်မြတ်ဖြစ်၍ **"သုစရိုက်"**ဟု ခေါ်၏။

www.burmeseclassic.com

www.burmeseclassic.com



## ဆောင်ပုဒ်ကဗျာ

၁။ သက်သတ်ခိုးမှု၊ ကာမေသု၊ ရှောင်မှုသုံးတန် ကာယကံ။

၂။ မုသားဆိုပြော၊ ကုန်းချောရန်တိုက်၊ အမိုက်အမဲ၊ ဆဲရေး ခြောက်ခြိမ်း၊ အပြိန်းစကား၊ ဤလေးပါး၊ ရှောင်ငြားဝစီကံ။

၃။ သူ့စည်းစိမ်ကို၊ တည်စေလိုမှု၊ သူ့သက်ဇီဝေ၊ ရှည်စေချင်ဟူ၊ အယူဖြောင့်ငြား၊ ဤသုံးပါး၊ မှတ်သား မနောကံ။

## အကုသိုလ်အရင်းအမြစ် ၃-ပါး

၁။ လောဘ = တဏှာ= ရာဂ= လိုချင်တပ်မက်မှုသဘော။

၂။ ဒေါသ=ဗျာပါဒ=ပဋိဃ=ခက်ထန်ဖျက်ဆီးတတ်ခြင်းသဘော။

၃။ မောဟ=အဝိဇ္ဇာ=အမှန်ကိုမသိ၍ တွေဝေခြင်းသဘော။

လောဘကြောင့် ကာမေသုမိစ္ဆာစာရ၊ အဘိဇ္ဈာနှင့် မိစ္ဆာဒိဋ္ဌိတို့ကို လွန်ကျူးသည်။

ဒေါသကြောင့် ပါဏာတိပါတ၊ ဖရုသဝါစာ၊ ဗျာပါဒ တို့ကို လွန်ကျူးသည်။

လောဘနှင့် ဒေါသတို့ကြောင့် အဒိန္နာဒါန၊ မုသာဝါဒ၊ ပိသုဏဝါစာ၊ သမ္ဖပ္ပလာပတို့ကို လွန်ကျူးသည်။

## ကုသိုလ်အရင်းအမြစ် ၃-ပါး

၁။ အလောဘ = မလိုချင်,မတပ်မက်မှုသဘော၊ စွန့်လွှတ် ပေးကမ်းနိုင်ခြင်းသဘော။

၂။ အဒေါသ = မေတ္တာ = မခက်ထန်, မဖျက်ဆီးတတ်ခြင်း၊ သည်းခံခွင့်လွှတ်နိုင်ခြင်း၊ ချစ်ခင်ခြင်း သဘော။

၃။ အမောဟ= ဝိဇ္ဇာ=ပညာ=အမှန်ကို ထိုးထွင်း၍ သိခြင်းသဘော။

အလောဘ-အဒေါသ-အမောဟတို့ အရင်းခံ၍ပြုလုပ်၊ ပြောဆို၊

www.burmeseclassic.com

www.burmeseclassic.com



ကြံစည်လျှင် ကုသိုလ်စိတ်နှင့် ကုသိုလ်ကံများ ဖြစ်ပွားသည်။

လောဘ၊ ဒေါသ၊ မောဟ မဖြစ်အောင် ထိန်းနိုင်လျှင် စိတ်ဖြူစင်၍ ကုသိုလ်စိတ်များ ဖြစ်ပြီဟု မှတ်ယူနိုင်သည်။

ဒုစရိုက် ၁၀-ပါးကို ရှောင်ကြဉ်ခြင်းသည် သုစရိုက် ၁၀-ပါးကိုလည်း ဖြည့်ကျင့်ရာရောက်သည်၊ စိတ်ကို ဖြူစင်အောင် ပြုလုပ်ရာလည်းရောက်သည်။ ထို့ကြောင့် မြတ်စွာဘုရား၏ လိုရင်းအဆုံးအမနှင့် ကိုက်ညီသည်။

**ငါးပါးသီလ** စောင့်ထိန်းခြင်းဖြင့် မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထားရာ ရောက်သည့်အတွက် ငါးပါးသီလသည် အလွန်အကျိုးကြီး၏။ ခါးဝတ် ပုဆိုးကဲ့သို့ မြဲမြဲစွာ စောင့်ထိန်းအပ်သော သီလဖြစ်၍ **နိစ္စသီလ**ဟုလည်း ခေါ်၏။

သူတော်ကောင်းတို့ အလေးဂရုထား၍ ကျင့်သုံးအပ်သောကြောင့် **ဂရုဓမ္မသီလ**ဟုလည်း ခေါ်၏။ အရိယာတို့ နှစ်သက်မြတ်နိုးအပ်သောကြောင့် **အရိယာကန္တသီလ** ဟုလည်းခေါ်၏။

## ဒုစရိုက် ၄၀၊ သုစရိုက် ၄၀

ဒုစရိုက် ၁၀-ပါးကို ထပ်မံ၍ ကိုယ်တိုင်ပြုခြင်း၊ တိုက်တွန်းခြင်း၊ ချီးမွမ်းခြင်း၊ အလိုတူခြင်း၊ ၄-မျိုးနှင့် မြှောက်သော် ဒုစရိုက် ၄၀ ဖြစ်၏။

* ကိုယ်တိုင်, တိုက်တွန်း၊ ချီးမွမ်း, စိတ်တူ၊
ပွားပြန်မူ၊ မှတ်ယူလေးဆယ်ကံ။

## ပုညကြိယဝတ္ထု ၁၀-ပါး

ကောင်းသောအကျိုး၏ တည်ရာဖြစ်၍ ပြုသင့်ပြုထိုက်သော ကောင်းမှုတို့ကို ပုညကြိယဝတ္ထုဟုခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၁။ ဒါန = စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၊
၂။ သီလ = ငါးပါးသီလ, ရှစ်ပါးသီလ စသည်ကို စောင့်ထိန်းခြင်း၊
၃။ ဘာဝနာ = သမထဘာဝနာနှင့် ဝိပဿနာ ဘာဝနာ စီးဖြန်းခြင်း၊
၄။ အပစာယန = အသက်, သိက္ခာ, ဂုဏ်ကြီးမြင့်သော သူတို့အား ရိုသေခြင်း၊
၅။ ဝေယျာဝစ္စ = ရတနာသုံးပါး၊ မိဘဆရာတို့၏ အမှုကိစ္စများနှင့် ကုသိုလ်ရေးကိစ္စများ၌ ပါဝင်ဆောင်ရွက်ခြင်း၊
၆။ ပတ္တိဒါန = မိမိပြုသော ကုသိုလ်အဖို့ကို အမျှပေးဝေခြင်း၊
၇။ ပတ္တာနုမောဒန = သူတစ်ပါးပေးဝေသော ကုသိုလ် အဖို့ကို ဝမ်းမြောက်စွာ သာဓုခေါ်ခြင်း၊
၈။ ဓမ္မဿဝန = သူတော်ကောင်းတရားကို နာကြားခြင်း၊
၉။ ဓမ္မဒေသနာ = သူတော်ကောင်းတရားကို ဟောပြောသင်ပြခြင်း၊
၁၀။ ဒိဋ္ဌိဇုကမ္မ = အယူကို ဖြောင့်မှန်စွာယူခြင်း။

အထက်ပါ ပုညကြိယဝတ္ထု၁၀-ပါးကို သဘောတူရာ ပေါင်းယူလျှင် ဒါန၊ သီလ၊ ဘာဝနာ ၃-ပါးကိုသာ ရ၏။

**ဒါနအုပ်စု** = ဒါန၊ ပတ္တိဒါန၊ ပတ္တာနုမောဒန။

**သီလအုပ်စု** = သီလ၊ အပစာယန၊ ဝေယျာဝစ္စ။

**ဘာဝနာအုပ်စု**=ဘာဝနာ၊ ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ဒိဋ္ဌိဇုကမ္မ။

* ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍၊ ကောင်းကျိုး ကိုယ်၌ တည်စေမင်း။

www.burmeseclassic.com

www.burmeseclassic.com



## သူတော်ကောင်းဥစ္စာ ၇–ပါး

၁။ သဒ္ဓါ = ဘုရား, တရား, သံဃာ, ကံ–ကံအကျိုး တို့ကို ယုံကြည်ခြင်း၊
၂။ သီလ = သီလဖြူစင်ခြင်း၊
၃။ စာဂ = စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၊
၄။ သုတ = အကြားအမြင်များခြင်း၊
၅။ ပညာ = ရုပ်နာမ်အသိပညာနှင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်၊
၆။ ဟိရီ = မကောင်းမှုပြုလုပ်ရန် ရှက်မုန်းခြင်း၊
၇။ ဩတ္တပ္ပ=မကောင်းမှုပြုလုပ်ရန် ကြောက်လန့်ခြင်း။

ဤဥစ္စာ ၇–ပါးသည် ကုသိုလ်ကံမြောက်များစွာကို ဖြစ်ပေါ်စေပြီး ဘဝကုဋေကုဋာ ကောင်းကျိုးချမ်းသာ ပေးနိုင်၏။

## သူတော်ကောင်းတရား ၇–ပါး

၁။ သဒ္ဓါ = ဘုရား, တရား, သံဃာ, ကံ–ကံအကျိုးတို့ကို ယုံကြည်ခြင်း၊
၂။ သတိ = ကုသိုလ်ရေး၌ အောက်မေ့အမှတ်ရခြင်း၊
၃။ ဝီရိယ = ကုသိုလ်ရေး၌ အားထုတ်မှုလုံ့လရှိခြင်း၊
၄။ သုတ = အကြားအမြင်များခြင်း၊
၅။ ပညာ = ရုပ်နာမ်အသိပညာနှင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်၊
၆။ ဟိရီ = မကောင်းမှုပြုလုပ်ရန် ရှက်မုန်းခြင်း။
၇။ ဩတ္တပ္ပ = မကောင်းမှုပြုလုပ်ရန် ကြောက်လန့်ခြင်း။

ဤတရား ၇–ပါးတို့သည် ကုသိုလ်စိတ်များကို ဖြစ်ပွားစေကြသဖြင့် ကုသိုလ်ကံများကို ဆည်းပူးရရှိစေ၏။ သူတော်ကောင်းတရားကို ကျင့်ပြီး သူတော်ကောင်းအဖြစ်ကို ခံယူပါ။

www.burmeseclassic.com

www.burmeseclassic.com



## ကံ၏အကျိုးဆိုတာဘာလဲ

လောကဍ္ဍ ကောင်းသောအလုပ်ကို လုပ်လျှင် ကောင်းကျိုးရ၍ ဆိုးသောအလုပ်ကိုလုပ်လျှင် ဆိုးကျိုးရသည်မှာ ထင်ရှား၏။ ဤကား ပြုလုပ်သော ကံ၏ တိုက်ရိုက်အကျိုးပေတည်း။

လူတို့သည် အလုပ်၏ တိုက်ရိုက်အကျိုးကိုသာ သတိမူ မိတတ်ကြ၏၊ တန်ပြန်အကျိုးရှိသည်ကို သတိထားမိသူ နည်းပါး၏။

ရုပ်လောကဍ္ဍ "သက်ရောက်မှုတိုင်းတွင် တူညီသော တန်ပြန်သက်ရောက်မှုရှိသည်"ဟု **နယူတန်၏တတိယနိယာမ**က ဆို၏။ သေနတ်ပစ်သောအခါ ကျည်ဆံထွက်သွားသောအဟုန်နှင့် တူညီစွာ သေနတ်ဒင်က နောက်သို့ပြန်ကန်၏။ ဤသဘောကို အသုံးချ၍ အသံထက် လျင်မြန်သော ဂျက်လေယာဉ်များ, ဒုံးပျံများ, ဂြိုလ်တုများကို တီထွင်နိုင်ခဲ့ကြပြီ။

ရုပ်လောကဍ္ဍရှိသော တန်ပြန်သက်ရောက်မှုသဘောသည် ကံ၏ တန်ပြန်အကျိုးသဘောနှင့် ဆင်တူ၏။

ကံပြုလုပ်စဉ် ဖြစ်ပေါ်သော အကျိုးသည် သဟဇာတကံ၏ အကျိုးဖြစ်၏။ ကံပြုလုပ်ပြီးနောက်မှ ဖြစ်ပေါ်သောအကျိုးသည် နာနာက္ခဏိကကံ၏ အကျိုးဖြစ်၏။

လူတစ်ယောက်ကို ဓားနှင့် ခုတ်သဖြင့် ထိုလူသေသွားခြင်းသည် သဟဇာတကံ၏ တိုက်ရိုက်အကျိုးဖြစ်၏။ ထို့နောက် တရားဥပဒေအရ သတ်သူကို ဖမ်း၍ သေဒဏ်ချမှတ်ခြင်းသည် ထိုသဟဇာတကံ၏ အကျိုးဆက်ဖြစ်၏။

ထိုသတ်သူ သေဆုံးသောအခါ ငရဲသို့ ကျရောက်ခြင်းသည် နာနာက္ခဏိကကံ၏ အကျိုးဖြစ်၏။ ငရဲမှ လွတ်ပြီး လူဖြစ်လာလျှင် အနာရောဂါများခြင်း, အသက်တိုခြင်း, အသတ်ခံရခြင်းစသည်တို့မှာ ထိုနာနာက္ခဏိကကံ၏ အကျိုးဆက်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဖျစ်တွင် စိတ်ကုဋေတစ်သိန်းကျော် ဖြစ်နေနိုင်သဖြင့် အကုသိုလ်ကံ သို့မဟုတ် ကုသိုလ်ကံတို့သည် လက်တစ်ဖျစ်တွင် ကုဋေပေါင်း မြောက်များစွာ ဖြစ်ပေါ်နေနိုင်ကြ၏။

ကံမြောက်သော အကုသိုလ်ကံတစ်ခုသည် အပါယ်ဘုံ၌ ဘဝသစ်တစ်ခုဖြစ်အောင် အကျိုးပေးနိုင်၏။ ထို့ကြောင့် အကုသိုလ်ကံ ၁-ကုဋေက အကျိုးပေးခွင့်ရလျှင် အပါယ်ဘဝပေါင်း ၁ကုဋေ ဖြစ်ပေါ်လာနိုင်၏။ ဤသို့ **အပြန် ကုဋေကုဋာဆိုးကျိုး**ကို ပေးနိုင်သဖြင့် အကုသိုလ်ကံသည် အလွန်ကြောက်စရာကောင်း၏။

ကုသိုလ်ကံဘက်တွင်လည်း ကောင်းကျိုး အပြန်ကုဋေကုဋာ ရနိုင်သဖြင့် အလွန် အားရစရာကောင်း၏။ ဤအကြောင်းကြောင့် **"သောင်စေ့လောက်လှူလျှင် သောင်ပင်မက အကျိုးရနိုင်သည်"** ဟု ဆိုခြင်းဖြစ်၏။

## အကျိုးပေးရာ ဘုံကိုလိုက်၍ ကံ ၄-မျိုးကွဲပြားပုံ

ကောင်းမှုတစ်ခုကို ပြုလုပ်လျှင်ဖြစ်စေ၊ မကောင်းမှုတစ်ခုကို ပြုလုပ်လျှင် ဖြစ်စေ၊ စိတ်အစဉ်အတန်း (ဝီထိ)ကုဋေပေါင်းများစွာ ဖြစ်ပေါ်ကြ၏။

စိတ်အစဉ်အတန်းတစ်ခုတွင် ဇောစိတ် ၇-ခုပါဝင်၏။ ကုသိုလ်ဇောစိတ်တို့နှင့် ယှဉ်သော စေတနာများကို ကုသိုလ်ကံများဟု ခေါ်၏။ အကုသိုလ်ဇောစိတ်တို့နှင့် ယှဉ်သော စေတနာများကို အကုသိုလ်ကံများဟုခေါ်၏။

ထို့ကြောင့် ကောင်းမှုသို့မဟုတ် မကောင်းမှုတစ်ခုကို ပြုလုပ်သည့်အခါ ကုသိုလ်ကံ သို့မဟုတ် အကုသိုလ်ကံတို့သည် ကုဋေပေါင်း မြောက်များစွာ ဖြစ်ပေါ်ကြ၏။ ဤကံတို့သည် သဟဇာတကံများ ဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



စိတ်စေတသိက်တို့သည် ဖြစ်ပေါ်ပြီးသည်နှင့်တစ်ပြိုင်နက် ချုပ်ငြိမ်းသွားကြ၏၊ သို့သော် မိမိတို့ မချုပ်ငြိမ်းမီ မိမိတို့၏ အစွမ်းသတ္တိများကို နောက်နောက် စိတ်သို့ လက်ဆင့်ကမ်းကာ မြုပ်နှံခဲ့ကြ၏။ ထို့ကြောင့် သဟဇာတကံများ (စေတနာများ) ချုပ်ငြိမ်းသွားကြသော်လည်း ၎င်းတို့၏ အစွမ်းသတ္တိများဖြစ်ကြသော နာနာက္ခဏိကကံများသည် စိတ်အစဉ်တွင် လိုက်ပါကျန်ရစ်ကြ၏။

သို့ဖြစ်၍ သတ္တဝါတစ်ဦးစီ၏ စိတ်အစဉ်၌ လိုက်ပါနေကြသော ကံများသည် မရေမတွက်နိုင်အောင် များပြားလှ၏၊ ဘဝကူးပြောင်းသည့် အခါ၌လည်း ဤကံတို့သည် နောက်နောက်ဘဝ၏ စိတ်အစဉ်သို့ ကူးပြောင်းလိုက်ပါသွားကြပြန်၏။

စိတ်အစဉ်၌ ကံအစွမ်းသတ္တိများ ကျန်ရစ်ခြင်းသည် သစ်စေ့အသီး၌ သစ်ပင်တစ်ပင်စီပေါက်လာရန် မျိုးသတ္တိများ ကျန်ရစ်သည်နှင့် တူ၏။ စိတ်တစ်လုံးမှ စိတ်တစ်လုံးသို့ ကံသတ္တိကူးပြောင်းသွားပုံမှာ ကက်ဆက်ခွေတစ်ခုမှ နောက်ခွေတစ်ခုသို့ အသံကူးပြောင်းသွားပုံနှင့် ဆင်တူ၏။

ကံသတ္တိများသည် မပျောက်ပျက်ဘဲ စိတ်အစဉ်၌ လိုက်ပါနေခြင်းသည် ဝတ္ထုတစ်ခု၌ရှိသော စွမ်းအင်က မပျောက်ပျက်ဘဲ အတည်စွမ်းအင် (potential energy)အဖြစ် ဝတ္ထု၌ အစဉ်လိုက်ပါနေသည်နှင့် တူ၏။ သိပ္ပံတွင် **"စွမ်းအင်ကို ဖျောက်ဖျက်၍မရ၊ အသစ်ဖန်ဆင်း၍လည်းမရ"**ဟူသော **စွမ်းအင်တည်မြဲမှုနိယာမ**ရှိ၏။ စွမ်းအင်ကို သုံးပြီး အလုပ်ပြုလုပ်နိုင်၏။ ထိုအခါ စွမ်းအင်အသွင်မှ အလုပ်အသွင်သို့ ကူးပြောင်းသွား၏။

သစ်စေ့များ၌ပါရှိသော ဗီဇသတ္တိသည် သစ်စေ့တစ်ခုစီမှ သစ်ပင် တစ်ပင်ပေါက်လာစေနိုင်သကဲ့သို့ ကံတစ်ခုစီ၌ပါရှိသည့် ကံအစွမ်း သတ္တိ (ကမ္မသတ္တိ)ကလည်း ကံတစ်ခုစီမှ ဘဝသစ်တစ်ခုကို ပေါက်ပွား

www.burmeseclassic.com

www.burmeseclassic.com



လာစေနိုင်၏။ သစ်စေ့သည် မူလအပင်နှင့် အမျိုးတူသော အပင်ကိုသာ ပေါက်စေသကဲ့သို့ ကံသည်လည်း မူလပြုလုပ်သော စေတနာနှင့် လိုက်လျောညီထွေဖြစ်သော ဘဝသစ်ကို ဖြစ်ပေါ်စေ၏။

(၁) **အကုသိုလ်ကံ**အကျိုးပေးလျှင် အပါယ်ဘုံ၌ ဘဝသစ် ဖြစ်ရ၏။

(၂) **ကာမာဝစရကုသိုလ်ကံ**အကျိုးပေးလျှင် လူ့ဘုံ သို့မဟုတ် နတ်ဘုံ၌ ဘဝသစ်ဖြစ်ရ၏။ ကာမာဝစရကုသိုလ်ကံသည် ဒါန,သီလ,ဘာဝနာပြုလုပ်သည့်အခါ ဖြစ်ပေါ်သော ကံများ ဖြစ်ကြ၏။

(၃) **ရူပါဝစရကုသိုလ်ကံ**သည်ရူပဗြဟ္မာဘုံ၌ဘဝသစ်ဖြစ်ပေါ် စေ၏။

ရူပါဝစရကုသိုလ်ကံသည် ရူပါဈာန်နှင့် ယှဉ်သော စေတနာ ဖြစ်၏။

(၄) **အရူပါဝစရကုသိုလ်ကံ**သည် အရူပဗြဟ္မာဘုံ၌ ဘဝသစ် ဖြစ်ပေါ်စေ၏။

အရူပါဝစရကုသိုလ်ကံသည် အရူပဈာန်နှင့် ယှဉ်သော စေတနာဖြစ်၏။

## အကျိုးပေးချိန်ကိုလိုက်၍ ကံ ၄–မျိုးကွဲပြားပုံ

ဇောစိတ် ၇–ခုတို့၌ ယှဉ်ဖြစ်ကြသော စေတနာ(ကံ)တို့သည် စွမ်းအင်ချင်းမတူကြ။ ပထမဇော, သတ္တမဇောတို့နှင့် ယှဉ်သော စေတနာများသည် စွမ်းအင်ပျော့၏။ အလယ်ဇော ၅ခုတို့နှင့် ယှဉ် သော စေတနာများမှာ စွမ်းအင်ပိုကြီး၏။

(၁) **ပထမဇောစေတနာ**သည် ဤမျက်မှောက်ဘဝ၌ပင် အကျိုးပေး၏။ **ဒိဋ္ဌဓမ္မဝေဒနီယကံ**ဟု ခေါ်၏။

www.burmeseclassic.com

www.burmeseclassic.com



(၂) **သတ္တမဇောစေတနာ**သည် ဒုတိယဘဝ၌ အကျိုးပေး၏။ **ဥပပဇ္ဇဝေဒနီယကံ**ဟု ခေါ်၏။

(၃) **အလယ်ဇောငါးချက်စေတနာ**များသည် ပထမဘဝနှင့် ဒုတိယဘဝတို့၌ အကျိုးမပေးဘဲ တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် အကျိုးပေးကြ၏။ **အပရာပရိယဝေဒနီယကံ**ဟု အမည်ရကြ၏။

(၄) ဆိုင်ရာကာလ၌ အကျိုးပေးခွင့်မရသဖြင့် အချည်းနှီး ဖြစ်သွားကြသော ကံတို့ကို **အဟောသိကံ**များဟု ခေါ်၏။ အပင်ပေါက်ခွင့် မရကြသော သစ်စေ့များနှင့် တူ၏။

## သဘာဝနိယာမ ၅-မျိုး

၁။ မြန်မာနိုင်ငံတွင် ရာသီဥတုသည် နွေ-မိုး-ဆောင်းဟူ၍ မှန်မှန်ပြောင်းလဲနေ၏။ ဤသို့ဖြင့် ရာသီဥတုတို့၏ ဖြစ်မြဲသဘောကို **ဥတုနိယာမ**ဟု ခေါ်၏။

၂။ သစ်စေ့အမျိုးမျိုးမှ ဆိုင်ရာ ဆိုင်ရာ အပင်မျိုးသာ ပေါက်ပွားလာကြ၏၊ သရက်စေ့မှ သရက်ပင်သာပေါက်၏၊ မရမ်းစေ့မှ မရမ်းပင်သာပေါက်၏၊ ဤသို့ မျိုးစေ့တို့၏ ဖြစ်မြဲသဘောကို **ဗီဇနိယာမ**ဟု ခေါ်၏။

၃။ အကုသိုလ်ကံမှ အပါယ်ဘဝပေါက်ပွား၏၊ ကာမာဝစရကုသိုလ်ကံမှ လူ့ဘဝ သို့မဟုတ် နတ်ဘဝပေါက်ပွား၏၊ ရူပါဝစရကုသိုလ်ကံမှ ရူပဗြဟ္မာဘဝပေါက်ပွား၏၊ အရူပါဝစရကုသိုလ်ကံမှ အရူပဗြဟ္မာဘဝ ပေါက်ပွား၏၊ ဤသို့ ကံတို့၏ဖြစ်မြဲသဘောကို **ကမ္မနိယာမ**ဟု ခေါ်၏။

၄။ စိတ်တို့၏ဖြစ်မြဲသဘောကို **စိတ္တနိယာမ**ဟု ခေါ်၏။

၅။ သဘာဝတရားတို့၏ ဖြစ်မြဲသဘောကို**ဓမ္မနိယာမ**ဟုခေါ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဥတုနိယာမနှင့် ဗီဇနိယာမတို့ကို သိပ္ပံပညာက လေ့လာနိုင်၏။

ကမ္မနိယာမ၊ စိတ္တနိယာမနှင့် ဓမ္မနိယာမတို့ကိုမူ မြတ်စွာဘုရားသာ ဟောဖော် ညွှန်ပြနိုင်၏။ ဤနိယာမတို့သည် သိပ္ပံနိယာမထက် ပို၍ တိကျမှန်ကန်ကြသည်ဟု သဘောပေါက်ပါလေ။

## သမ္မာဒိဋ္ဌိအယူမှန်

ကံရှိ၏၊ ကံ၏ အကျိုးသည်လည်းရှိ၏။

လောဘ၊ ဒေါသ၊ မောဟတို့နှင့် ယှဉ်သော စေတနာများကို အကုသိုလ်ကံများဟု ခေါ်၏။

အလောဘ၊ အဒေါသ၊ အမောဟတို့နှင့်ယှဉ်သော စေတနာများကို ကုသိုလ်ကံများဟု ခေါ်၏။

ကုသိုလ်ကံသည် ကောင်းကျိုးပေး၍ အကုသိုလ်ကံသည် မကောင်းကျိုးပေး၏။

ဤကံနှင့် ကံ၏ အကျိုးတို့ရှိသည်ကို သိမြင်သောဉာဏ်သည် **ကမ္မဿကတဉာဏ်**ဖြစ်၏။ ဤဉာဏ်အမြင်ရှိသူသည် **သမ္မာဒိဋ္ဌိအယူမှန်** ရှိသည်မည်၏။

ကံ၊ ကံအကျိုးတို့ကို နားမလည်ဘဲ ကံ–ကံ၏အကျိုးကို မယုံကြည်လျှင် **မိစ္ဆာဒိဋ္ဌိအယူမှား**ရှိသည် မည်၏။

သမ္မာဒိဋ္ဌိအယူမှန်သည် ကောင်းကျိုးချမ်းသာကို လွန်စွာဖြစ်စေနိုင်၏။ မိစ္ဆာဒိဋ္ဌိအယူမှားသည် ဆိုးကျိုးဆင်းရဲကို လွန်စွာဖြစ်စေနိုင်၏။

နာမ်ခန္ဓာလေးပါးတို့သည် စိတ်လျှင်ရှေ့သွားရှိကုန်၏၊ စိတ်လျှင် အကြီးအမှူးရှိကုန်၏၊ စိတ်ဖြင့် ပြီးကုန်၏၊ ပြစ်မှားလိုသောစိတ်ဖြင့် အကယ်၍ ပြုလုပ်လျှင်သော်လည်းကောင်း၊ ပြောဆိုလျှင်သော် လည်းကောင်း၊ ကြံစည်လျှင်သော်လည်းကောင်း၊ ထိုပြုလုပ်ပြောဆို ကြံစည်မှုကြောင့် လှည်းဘီးသည် ဝန်ဆောင်နွား၏ ခြေရာသို့

www.burmeseclassic.com



အစဉ်လိုက်ဘီသကဲ့သို့ ထိုသူသို့ ဆင်းရဲသည် အစဉ်လိုက်လေ၏။
(ဓမ္မပဒ-ဂါထာ-၁)

သန့်ရှင်းကြည်လင်သောစိတ်ဖြင့် အကယ်၍ ပြုလုပ်လျှင်သော်လည်းကောင်း၊ ပြောဆိုလျှင်သော်လည်းကောင်း၊ ကြံစည်လျှင်သော်လည်းကောင်း၊ ထိုပြုလုပ်ပြောဆိုကြံစည်မှုကြောင့် အရိပ်သည် လူကို မစွန့်မူ၍ အစဉ်လိုက်သကဲ့သို့ ထိုသူသို့ ချမ်းသာသည် အစဉ်လိုက်လေ၏။
(ဓမ္မပဒ-ဂါထာ-၂)

မကောင်းမှုပြုလုပ်သူပင်ဖြစ်သော်လည်း မကောင်းမှုအကျိုးမပေးသေးသရွေ့ကာလပတ်လုံး ကောင်းမြတ်သောအာရုံကို တွေ့မြင်နိုင်သေး၏၊ မကောင်းမှုအကျိုးပေးသောအခါ၌မူကား မကောင်းမှုပြုသူသည် မကောင်းကျိုးတို့ကိုသာ တွေ့မြင်ရတော့၏။
(ဓမ္မပဒ-ဂါထာ- ၁၁၉)

ကောင်းမှုပြုလုပ်သောသူပင်ဖြစ်သော်လည်း ကောင်းမှုအကျိုးမပေးသေးသရွေ့ကာလပတ်လုံး မကောင်းသော အာရုံကို တွေ့မြင်နိုင်သေး၏၊ ကောင်းမှုအကျိုးပေးသောအခါ၌မူကား ကောင်းမှုပြုသူသည် ကောင်းကျိုးတို့ကိုသာ တွေ့မြင်ရလေတော့၏။
(ဓမ္မပဒ-ဂါထာ- ၁၂၀)

## မိစ္ဆာဒိဋ္ဌိ-အယူမှား ၄-မျိုး

၁။ လောက၌ ဖန်ဆင်းရှင်ရှိ၏။ မြေကြီး, ဟိမဝန္တာတောင်, စကြဝဠာ, မဟာသမုဒ္ဒရာတို့နှင့် သတ္တဝါအားလုံးတို့ကို ထိုဖန်ဆင်းရှင်က ဖန်ဆင်း၏ဟု မှားယွင်းစွာ ယူဆတတ်ကြ၏။ ယင်းသို့ ယူဆသော အယူဝါဒကို **"ဖန်ဆင်းရှင်**(ဣဿရနိမ္မာန)ဝါဒ"ဟု ခေါ်၏။

၂။ လောက၌ ကုသိုလ်ကံ, အကုသိုလ်ကံဟူ၍ မရှိ။ ကောင်းမှုကို ပြုသော်လည်း ကောင်းမှုကုသိုလ်မမည်။ မကောင်းမှုကိုပြုသော်လည်း

www.burmeseclassic.com



မကောင်းမှု အကုသိုလ်မမည်ဟု ယူဆတတ်ကြ၏။ ယင်းသို့ ယူဆခြင်းသည် အကြောင်းကံကို ပယ်ခြင်းဖြစ်၍ **"အကိရိယဒိဋ္ဌိ"**ဟုခေါ်၏။

၃။ တစ်ဖန် ကုသိုလ်ကံ,အကုသိုလ်ကံတို့၏ အကျိုးတရားဟူ၍ မရှိ။ ကုသိုလ်ကံ, အကုသိုလ်ကံတို့ကို ပြုလုပ်သော်လည်း မည်သည့် ကောင်းကျိုး, မကောင်းကျိုးကိုမျှ မခံစားရဟု ယူဆတတ်ကြ၏။ ယင်းသို့ယူဆခြင်းသည် အကျိုး (ဝိပါက)ကို ပယ်ခြင်းဖြစ်၍ **"နတ္ထိကဒိဋ္ဌိ"**ဟု ခေါ်၏။

၄။ ထို့ပြင် ကုသိုလ်ကံ, အကုသိုလ်ကံဟူ၍လည်း မရှိ၊ ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ အကျိုးဟူ၍လည်း မရှိဟု ယူဆတတ်ကြပြန်၏။ ယင်းသို့ ယူဆခြင်းသည် အကြောင်းအကျိုး နှစ်မျိုးလုံးကို ပယ်ခြင်းဖြစ်၍**"အဟေတုကဒိဋ္ဌိ"**ဟု ခေါ်၏။

မိစ္ဆာဒိဋ္ဌိအယူများ မြောက်များစွာရှိသေး၏။ ဤအယူအဆများ အားလုံးတို့သည် ကံ-ကံ၏ အကျိုးရှိသည်ကို မသိမြင် မယုံကြည်သောကြောင့် ပေါ်ပေါက်လာကြခြင်းဖြစ်သည်။

"ရဟန်းတို့၊ မှားသောမြင်ခြင်း **'မိစ္ဆာဒိဋ္ဌိ'**တရားသည် မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေ၏၊ ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့ကိုလည်း အဖန်ဖန်ပြန့်ပြောစွာ ဖြစ်စေ၏။ ဤအတူ မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေပြီး ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို အဖန်ဖန် ပြန့်ပြောစွာ ဖြစ်စေသော အခြားတစ်ခုသော တရားကိုမျှလည်း ငါမမြင်။ (မိစ္ဆာဒိဋ္ဌိသည် အများဆုံး အကျိုးယုတ်စေသော တရားဖြစ်၏။)

"ရဟန်းတို့၊ မှန်သောမြင်ခြင်း **'သမ္မာဒိဋ္ဌိ'**တရားသည် မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေ၏၊ ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့ကိုလည်း အဖန်ဖန်ပြန့်ပြောစွာဖြစ်စေ၏။ ဤအတူ

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေပြီး ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို အဖန်ဖန် ပြန့်ပြောစွာဖြစ်စေသော အခြားတစ်ခုသော တရားကိုမျှလည်း ငါမမြင်။ (သမ္မာဒိဋ္ဌိသည် အများဆုံး အကျိုးပြုသော တရားဖြစ်၏။)

"ရဟန်းတို့၊ ဤမှားသောမြင်ခြင်း **'မိစ္ဆာဒိဋ္ဌိ'** တရားသည် သတ္တဝါတို့ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော ငရဲသို့ ကျရောက်စေ၏။ ဤအတူ သတ္တဝါတို့ ငရဲသို့ရောက်ကြောင်းဖြစ်သော အခြားတစ်ခုသော တရားကိုမျှလည်း ငါ မမြင်။

"ရဟန်းတို့၊ ဤမှန်သောမြင်ခြင်း **'သမ္မာဒိဋ္ဌိ'** တရားသည် သတ္တဝါတို့ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ကြောင်းဖြစ်၏။ ဤအတူ သတ္တဝါတို့နတ်ပြည်သို့ ရောက်ကြောင်းဖြစ်သော အခြားတစ်ခုသော တရားကိုမျှလည်း ငါမမြင်။"

(အင်္ဂုတ္တိုရ်၊ ဧကဓမ္မပါဠိ-ဒုတိယဝဂ်)

## သမ္မာဒိဋ္ဌိ-အမြင်မှန် ၁၀-ချက်

၁။ အလှူဒါနပြုလျှင် ကောင်းကျိုးကို ခံစားရ၏ဟု ယုံကြည်ခြင်း၊

၂။ ပူဇော်မှု၏ အကျိုးရှိသည်ကို ယုံကြည်ခြင်း၊

၃။ လက်ဆောင်ပေးကမ်းပူဇော်မှု၏ အကျိုးရှိသည်ကို ယုံကြည်ခြင်း၊

၄။ ကုသိုလ်ကံ-အကုသိုလ်ကံတို့၏ ကောင်းကျိုး, ဆိုးကျိုး, အကျိုးရင်း, အကျိုးဆက် ရှိကြောင်းကို ယုံကြည်ခြင်း၊

၅။ မိခင်အားပြုစုလုပ်ကျွေးခြင်း၏ ကောင်းကျိုးနှင့် ပြစ်မှားခြင်း၏ ဆိုးကျိုးတို့ရှိကြောင်းကို ယုံကြည်ခြင်း၊

၆။ ဖခင်အား ပြုစုလုပ်ကျွေးခြင်း၏ ကောင်းကျိုးနှင့် ပြစ်မှားခြင်း၏ ဆိုးကျိုးတို့ ရှိကြောင်းကို ယုံကြည်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



၇။ လူတို့ မမြင်နိုင်သည့် ငရဲ, ပြိတ္တာ, နတ်, သိကြား, ဗြဟ္မာဟူသော ဩပပါတိကသတ္တဝါများရှိကြောင်းကို ယုံကြည်ခြင်း၊

၈။ ဤမျက်မှောက်လောက ရှိကြောင်းကို ယုံကြည်ခြင်း၊

၉။ သေပြီး နောက်ဘဝ တမလွန်လောကရှိကြောင်းကို ယုံကြည်ခြင်း၊

၁၀။ ဤလောက၌ ငြိမ်သက်ကောင်းမွန်စွာ ကျင့်ကြသော သာမဏ, ဗြဟ္မဏတို့ ရှိကြ၏၊ သူတို့က ဤလောက, တမလွန်လောကကို ကိုယ်တိုင်သိမြင်၍ လူအပေါင်းတို့အား ပြန်လည် ဟောပြော ကြ၏ဟု ယုံကြည်ခြင်း။

အထက်ပါအမြင်မှန် ၁၀–ချက်ကို **"ဒသဝတ္ထုက–သမ္မာဒိဋ္ဌိ"**ဟု ခေါ်၏။ ဗုဒ္ဓဘာသာဝင်တစ်ဦးသည် ဤအမြင်မှန် ၁၀–ချက်ကိုလည်း လက်ခံရမည်ဖြစ်၏။

ဤသို့ လက်ခံယုံကြည်ခြင်းသည် အထောက်အထားမရှိဘဲ သူတစ်ပါးပြောလို့ ယုံကြည်လိုက်ရသော မျက်ကန်းယုံကြည်မှုမျိုး မဟုတ်ချေ။ ဗုဒ္ဓတရားတော်သည် သန္ဒိဋ္ဌိကဂုဏ်, ဧဟိပဿိက ဂုဏ်ဆောင်သည်နှင့်အညီ တကယ်မှန်ကန်ကြောင်း လက်တွေ့ပြ နိုင်သောတရားဖြစ်၏။

ငရဲ, ပြိတ္တာ, နတ်, ဗြဟ္မာတို့ရှိကြကြောင်းကို ဒိဗ္ဗစက္ခု ဉာဏ်မျက်စိဖြင့် ကြည့်လျှင် မြင်တွေ့နိုင်၏။ ဥပစာရစျာန် သမာဓိနှင့်ယှဉ်သော မနောစိတ်ဖြင့် ကြည့်တတ်လျှင်လည်း မြင်နိုင်၏။ သမထဘာဝနာပွားများ၍ ဥပစာရသမာဓိသို့ ရောက်လျှင်ပင် အနီးအနား၌ ရှိကြသည့် ဩပပါတိကသတ္တဝါများကို မြင်တွေ့နိုင်၏။ ဤသို့ မြင်နိုင်ကြောင်းကို ကိုယ်တိုင် စမ်းသပ်ကြည့်နိုင်၏။

ကံ–ကံ၏အကျိုးရှိခြင်းကိုလည်း သိပ္ပံနည်းကျ လက်တွေ့ ပြနိုင်၏၊ **ပဋိစ္စသမုပ္ပါဒ်**တရားတော်တွင် ကံ–ကံ၏ အကျိုးပေးခြင်းကို

www.burmeseclassic.com

www.burmeseclassic.com



အခြေခံ၍ သတ္တဝါအပေါင်းတို့ ၃၁-ဘုံ၌ သံသရာကျင်လည်နေကြရပုံကို မြတ်စွာဘုရား ရှင်းရှင်းလင်းလင်းဟောကြားထားတော်မူ၏။ ဟောကြားထားသည့်အတိုင်း ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ဆက်နွယ်ပုံကို မြင်သိနိုင်အောင်လည်း လမ်းညွှန်ထားတော်မူ၏။ သမထ-ဝိပဿနာကို မှန်ကန်စွာ ရှုပွားတတ်လျှင် ဤပဋိစ္စသမုပ္ပါဒ် အကြောင်း အကျိုးဆက်နွယ်မှုများကို ရှုသိနိုင်၏။ မော်လမြိုင်နှင့် မုဒုံမြို့တို့၏အကြားရှိ ဖားအောက်တောရတွင် ကျေကျေနပ်နပ် လက်တွေ့ရှုမြင်နိုင်အောင် တရားညွှန်ပြပေးနေပါသည်။

လူတစ်ယောက်စီ၌ အတိတ်ဘဝ-အနာဂတ်ဘဝရှိခြင်းသည် ကံ-ကံ၏ အကျိုးရှိခြင်းကို အကောင်းဆုံး သက်သေပြနိုင်သော ဖြစ်ရပ်ဖြစ်၏။ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးဆက်နွယ်ပုံကို မြင်သိအောင် ရှုပွားသောအခါ မိမိ၏ အတိတ်ဘဝများနှင့် အနာဂတ်ဘဝများကိုလည်း ရှုမြင်လာမည်ဖြစ်သည်။

စာရေးသူ ဒေါက်တာမင်းတင်မွန်ကလည်း ကမ္ဘာ့နိုင်ငံအရပ်ရပ်၌ စမ်းသပ်လေ့လာတွေ့မြင်ချက်များအပေါ် အခြေခံ၍ **"ရှေးဘဝ နောက်ဘဝ- သိပ္ပံနည်းကျအထောက်အထားများ"** စာအုပ်ကို ရေးသားပြုစုထားပါသည်။ ဖတ်ရှုကြည့်ပါကုန်။

## လူချင်းတူလျက် ဘာကြောင့်အဆင့်အတန်းကွဲပြားရသလဲ

ဤလောက၌ လူချင်းတူပါလျက် အချို့က အသက်တိုပြီး အချို့က အသက်ရှည်ကြသည်၊ အချို့က ရောဂါထူပြောပြီး အချို့က ရောဂါကင်းရှင်းကြသည်၊ အချို့က အကျည်းတန်ပြီး အချို့က ရုပ်လှကြသည်၊ အချို့က မိတ်ဆွေအခြံအရံနည်းပြီး အချို့က မိတ်ဆွေပေါကြသည်၊ အချို့က ဆင်းရဲနွမ်းပါးပြီး အချို့က

www.burmeseclassic.com

www.burmeseclassic.com



ကြွယ်ဝချမ်းသာကြသည်၊ အချို့က အမျိုးယုတ်ပြီး အချို့က အမျိုးမြတ်ကြသည်၊ အချို့က ဉာဏ်ပညာနည်းပြီး အချို့က ဉာဏ်ပညာကြီးကြသည်၊ အဘယ်ကြောင့် ဤသို့ ကွဲပြားရသနည်းဟု **သုဘလုလင်**က မေးမြန်းသဖြင့် ဘုရားရှင်က ဤသို့ ဖြေကြားတော်မူပါသည်။

၁။ သူများအသက်၊ သတ်သည့်တွက်၊ အသက်ကိုယ့်မှာတို၊
၂။ မသတ်ရှောင်ရှား၊ ထိုသူများ၊ ရှည်လျားအသက်ကို။
၃။ နှိပ်စက်ကလူ၊ ညှဉ်းဆဲသူ၊ ပြောထူရောဂါဆို၊
၄။ သနားစိတ်သွင်း၊ မနှိမ်နင်း၊ ကင်းရှင်းရောဂါကို။
၅။ ထန်ပြင်းဒေါသ၊ ကြီးတတ်က၊ အလှပျက်မည်ဆို၊
၆။ ဒေါသကင်းစင်၊ မေတ္တာယှဉ်၊ ကြည်လင်လှသကို။
၇။ မနာလိုပြန်၊ ဣဿာထန်၊ ခြံရံကင်းမည်ဆို၊
၈။ ဣဿာမထား၊ ဝမ်းမြောက်ငြား၊ ပေါများခြွေရံကို။
၉။ မလှူမဒါန်း၊ မပေးကမ်း၊ ခြောက်ခန်းဥစ္စာဆို၊
၁၀။ စွန့်ကြဲလေ့တုံ၊ ပြုပါကုန်၊ ကုံလုံကြွယ်ဝကို။
၁၁။ မာန်မာနကြွယ်၊ ထိုသူဝယ်၊ မျိုးနွယ်ညံ့မည်ဆို၊
၁၂။ ထိုသူရိုကျိုး၊ မာန်ကိုချိုး၊ အမျိုးမြတ်သကို။
၁၃။ သိဖွယ်ဟူသမျှ၊ မမေးက၊ ဖျင်းအပညာဆို၊
၁၄။ ကြားမြင်များအောင်၊ မေးလေ့ဆောင်၊ ခုနှောင်တတ်သိလို။

(အရှင်ဇနကာဘိဝံသ–စူဠကမ္မဝိဘင်္ဂသုတ်)

## ကံစီမံလို့ လူတန်းစားကွဲပြားရသည်

၁။ သူ့ကို သတ်ဖြတ်၊ သက်တိုတတ်၊ မသတ်အသက်ရှည်။
၂။ ညှဉ်းဆဲသူများ၊ အနာများ၊ သနားကျန်းမာမည်။
၃။ ဒေါသမီးလျှံ၊ အကျည်းတန်၊ သည်းခံလှပမည်။
၄။ မနာလိုပြန်၊ ခြွေရံကွာ၊ ကြည်သာခြွေရံစည်။

www.burmeseclassic.com

www.burmeseclassic.com



၅။ မပေးလှူက၊ မွဲပြာကျ၊ လှူမှ ပေါများမည်။
၆။ မရှိမသေ၊ မျိုးယုတ်ခြေ၊ ရှိသေမျိုးမြတ်မည်။
၇။ မမေးမမြန်း၊ ဉာဏ်မြင့်ကန်း၊ စုံစမ်းဉာဏ်ကြီးမည်။
၈။ ဆိုးတာပြုက၊ ဆိုးတာရ၊ ကောင်းမှကောင်းစားမည်။
၉။ ဆိုးကောင်းနှစ်တန်၊ ကံစီမံ၊ ခံစံကြရမည်။

(မဟာစည်ဆရာတော်- စူဠကမ္မဝိဘင်္ဂသုတ်)

## ကံ-ဉာဏ်-ဝီရိယ ကြီးပွားရေးဝါဒ

"ကံဟုမူလ၊ သမ္ဗုဒ္ဓတို့၊ ဟောပြသည့်မှာ၊ အရင်းသာရှင့်။
ဥစ္စာဘောဂ၊ ဇီဝိတနှင့်၊ သုခပွားရန်၊ ဤလူ့ထံ၌၊
ဉာဏ်ဝီရိယ၊ ပယောဂတည့်"

(မန်လည်ဆရာတော်-မဃဒေဝလင်္ကာသစ်)

မွေးဖွားလာကတည်းက လူတစ်ယောက်နှင့် တစ်ယောက်မတူအောင် ကွဲပြားသွားခြင်းသည် အတိတ်ကံ၏ စီမံမှုဖြစ်သည်။ ဤကား အရင်းတည်း။ ဤလူ့ဘဝ၌ ပစ္စည်းဥစ္စာတိုးပွားရန် အသက်ရှည်ရန် ချမ်းချမ်းသာသာနေနိုင်ရန်တို့မှာ ပစ္စုပ္ပန်ကံ-ဉာဏ်-ဝီရိယတို့နှင့် သက်ဆိုင်သည်။ သင့်မသင့်ကို ဉာဏ်ဖြင့် ဆင်ခြင်စဉ်းစား၍ သင့်တင့်ကောင်းမွန်သောအလုပ်(ကံ)ကို ကြိုးစားပြီး ပြုလုပ်နေရမည်။

**မဟာဓန**သူဌေးသားသည် မိမိဘက်က ကုဋေ ၈၀၊ ဇနီးဘက်က ကုဋေ ၈၀ ချမ်းသာကြွယ်ဝပါသော်လည်း ပညာမသင်၊ စာမတတ်၊ လူမိုက်များနှင့် ပေါင်းသင်း၍ သောက်စား ပျော်ပါးသဖြင့် ဆင်းရဲနွမ်းပါးကာ သူတောင်းစားဘဝသို့ ရောက်သွားရသည်။

**အိဘရာဟင်လင်ကွန်း**သည် သစ်တောထဲ၌ သစ်လုံးတဲငယ်တွင် မွေးဖွားလာသော သစ်ခုတ်သမား၏သားဖြစ်၏။ မိမိဘာသာ ပညာဆည်းပူး၍ ကြိုးစားလုပ်ကိုင်သဖြင့် အမေရိကန်ပြည်ထောင်စု၏

www.burmeseclassic.com

www.burmeseclassic.com



သမ္မတဖြစ်လာရသည်။

ထို့ကြောင့် အတိတ်ကံကဖန်တီးပေးထားသည်မှာ အရင်းသာဖြစ်သည်။ ထိုအရင်းမရှုံးအောင် ကြီးပွားတိုးတက်အောင် လုပ်ဆောင်ပေးသူမှာ ပစ္စုပ္ပန်ကံ–ဉာဏ်–ဝီရိယတို့ဖြစ်ကြသည်။

ဗုဒ္ဓဘာသာသည် အတိတ်ကံကိုသာ အားကိုးသောဝါဒမဟုတ်၊ "အတိတ်ကံက စီမံပေးသမျှ ဤဘဝကုန်းခံရမည်၊ အတိတ်ကံ၏ စီမံမှုကိုမတွန်းလှန်နိုင်"ဟု ယုံကြည်သောဝါဒသည် **ပုဗ္ဗေကတဟေတုကဒိဋ္ဌိ** ဖြစ်သည်၊ အယူမှားဖြစ်သည်။ ဖန်ဆင်းရှင်က စီစဉ်ပေးသမျှသာ ခံစားရမည်ဟု ယုံကြည်သောဝါဒနှင့် ဆင်တူသည်။

"ကာလ,ဒေသ၊ ပုဂ္ဂလကို၊ နှိုင်းဆအပ်တုံ၊ ကံကိုယုံ၍၊
ဆူးပုံအတွင်း၊ မဆင်းထိုက်စွာ၊ ကျားရဲရာလည်း၊ ကြမ္မာအကြောင်း၊
မရိုးကောင်းဟု၊ သူဟောင်းရှေးက၊ ဆိုကုန်ကြ၏။
လုံ့လမထူ၊ ဉာဏ်မကူဘဲ၊ အယူတစောင်း၊ ကံတစ်ကြောင်းမျှ၊
မကောင်းလည်းကံ၊ ကောင်းလည်းကံဟု၊ ကံကိုချည်းသာ၊
မရိုးရာဘူး" (မန်လည်ဆရာတော်–မဃဒေဝလင်္ကာသစ်)

အချိန်, နေရာ, ပုဂ္ဂိုလ်, အခြေအနေတို့ကို ဆင်ခြင်ပြီး လုပ်သင့်မှလုပ်ရမည်၊ ကံကိုယုံ၍ ဆူးပုံကို နင်းလျှင် ဆူးစူးလိမ့်မည်၊ ကျားသောင်းကျန်းနေသည့်နေရာသို့သွားလျှင် ကျားကိုက်လိမ့်မည်။ ဉာဏ်ကိုလည်းအသုံးမချ၊ အားထုတ်မှုလုံ့လလည်း မရှိပါဘဲ တစ်ခုခုလုပ်၍ မအောင်မြင်လျှင် "ငါ့ကံမကောင်းလို့ဘဲ"ဟု အတိတ်ကံကိုချည်း မလွှဲချပါနှင့်။ "ပစ္စုပ္ပန်ကံ–ဉာဏ်–ဝီရိယ မကောင်းလို့"ဟု သိပါ။

အတိတ်ကုသိုလ်ကံ–အကုသိုလ်ကံများကလည်း စိတ်အစဉ်ပါ လိုက်ပါနေကြသည်။ ၎င်းတို့ကလည်း အကျိုးပေးခွင့်ရလို အကျိုးပေးကြလိမ့်မည်။ သို့အတွက် အချို့မှာ ကြိုးစားလုပ်ပါသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း အဆင်မပြေ၊ "ကံမကယ် ဉာဏ်ကြွယ်တိုင်းမွဲ" "ကံမခိုင် သံတိုင်အိမ်ဆောက် ကံမှောက်လျှင်ကျိုး" အဖြစ်မျိုးကို ကြုံရတတ်သည်။ ကုသိုလ်ကံထောက်မ၍ နည်းနည်းလုပ်ပြီး များများ ချမ်းသာသူများလည်း ရှိကြသည်။

အတိတ်ကံများကို ကျွန်ုပ်တို့ မသိကြ။ ပစ္စုပ္ပန်ကံ– ဉာဏ်–ဝီရိယကောင်းအောင်သာ ကြိုးစားပါ။ အတိတ်ကုသိုလ်ကံဟူသော ရေလှောင်ကန်များရှိလျှင် ရေလာမြောင်းပေးသွယ်ပေးလိုက်လျှင် ရေတသွင်သွင် စီးဆင်းလာမည် ဖြစ်သည်။

## နေ့ခင်းကြောင်တောင် လူသတ်, ပစ္စည်းလုယက်မှု

၁၉၉၅ ခု၊ မတ်လ ၉–ရက်နေ့တွင် သတင်းစာများ၌ ကျောချမ်းဖွယ်ရာ ရင်နင့်ဖွယ်ရာ သတင်းတစ်ပုဒ်ပါလာသည်။

"မတ်လ ၇–ရက်မွန်းလွဲ ၁၂–နာရီခွဲခန့်က မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက်၊ ယုဇနလမ်းမ၊ အမှတ် ၅၆၆ နေ ဦးလှမြင့်–ဒေါ်စန်းရီတို့၏ သမီး၊ သတ္တဗေဒအဓိကဖြင့် ဒုတိယနှစ် ဂုဏ်ထူးတန်းတက်နေသူ **မခင်သီတာ** (၂၄)နှစ်အား မိဘများအိမ်တွင် မရှိခိုက် အိမ်စောင့်အဖြစ် အိမ်တွင် တစ်ဦးတည်းကျန်နေစဉ် လူသတ်သမားလုယက်သူများက အိမ်နောက်ဖေးပေါက်မှ တိတ်တဆိတ်ဝင်ရောက်ပြီး လူသတ်,ပစ္စည်းလုယက်မှုဖြစ်ပွားသည်။

"အမှုဖြစ်ပွားပုံမှာ အချင်းဖြစ်သည့်နေ့က သေဆုံးသူ မခင်သီတာ၏ မိဘများနှင့် အစ်မများမှာ မနက်ကတည်းက (၂)ရပ်ကွက်ဈေးသို့ ဈေးရောင်းထွက်ကြပြီး မွန်းလွဲ ၁၂–နာရီခွဲခန့်တွင် ဖခင်ဖြစ်သူ ဦးလှမြင့်က ထမင်းချိုင့်ယူရန် အိမ်သို့ ပြန်လာရာ အိမ်အောက်ထပ် ဧည့်ခန်းလှေကားရင်းတွင် သမီးဖြစ်သူ မခင်သီတာမှာ လည်မှာ အဝတ်စတုပ်နှောင်လျက် ဒဏ်ရာများဖြင့် လဲကျသေဆုံးနေပြီး

www.burmeseclassic.com

www.burmeseclassic.com



ရွှေထည်ပစ္စည်း ၁၇–မျိုး အလေးချိန် ၂၀–ကျပ်သား ကာလတန်ဖိုး ၄၇၇၉၀၀–ကျပ်ဖိုး ပျောက်ဆုံးနေကြောင်း တွေ့ရ၍ မြောက်ဥက္ကလာပ ရဲစခန်းသို့ အမှုဖွင့် တိုင်ကြားခဲ့သည်။

"အမှုဖွင့် တိုင်ကြားချက် အရ၊ မြောက်ဥက္ကလာပရဲတပ်ဖွဲ့ မြို့နယ်မှူး ဒု–ရဲမှူးမြင့်မောင်နှင့်အဖွဲ့ ချက်ချင်းရောက်လာပြီး အပူတပြင်း စုံစမ်းဖော်ထုတ်ရာ အချင်းဖြစ်အိမ်နှင့် တစ်အိမ်ကျော်အိမ်သို့ ရံဖန် ရံခါလာရောက်သူ က/၁၆၀ ငုဝါလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်သာယာနေ အဘဦးခင်ဦး၏သား မင်းခိုင် (ခ )ကတုံး(ခ)ပြည်ထွန်းဦး (၁၆နှစ်)နှင့် က/၁၄၈ သပြေလမ်း၊ (၁၉)ရပ်ကွက်၊ လှိုင်သာယာနေ အဘဦးအောင်မြတ်၏သား မျိုးလေး(ခ)အောင်မျိုး(၁၈နှစ်)တို့အား သက်သေခံပစ္စည်းများနှင့်အတူ ယင်းနေ့ ည ၇–နာရီခွဲခန့်တွင် ဖော်ထုတ်ဖမ်းဆီးရမိသည်။

"ယင်းတို့၏ ဖော်ထုတ်ချက်အရ မခင်သီတာအား ထိုးသတ်ရာတွင် အသုံးပြုသော ဆန်ထိုးပိုက်နှင့် သက်သေခံပစ္စည်းများကိုပါ သိမ်းဆည်းရမိသဖြင့် မင်းခိုင်(ခ)ကတုံး(ခ) ပြည်ထွန်းဦးနှင့် မျိုးလေး(ခ) အောင်မျိုးတို့အား မြောက်ဥက္ကလာပရဲစခန်းမှ ပ(၃၁၀)/၉၅၊ ပုဒ်မ ၃၀၂/၃၉၂ အရ အရေးယူထားကြောင်းသိရ၏။"

ဆန်ထိုးပိုက်ကိုသုံး၍ သွေးအေးအေးနှင့် အပြစ်ကင်းမဲ့သော အားနွဲ့သည့် ကျောင်းသူတစ်ယောက်ကို သတ်ရက်သည်မှာ အလွန်အံ့သြစရာပင်။ သူတစ်ပါးပစ္စည်းကို မတရား လုယူမည်ဟု ကြံစည်ခြင်းသည် အဘိဇ္ဈာဖြစ်၏၊ ခုခံလာလျှင် သတ်ပြစ်မည်ဟု လက်နက်ယူဆောင်သွားခြင်းသည် ဗျာပါဒဖြစ်၏၊ ဤသို့ မတရား လုယူပြီး လူသတ်ရန် ကြံစည်ခြင်းသည် မိစ္ဆာဒိဋ္ဌိကြောင့် ဖြစ်၏။ ထို့နောက် လူသတ်မှုကို ကျူးလွန်ခြင်းသည် ပါဏာတိပါတဖြစ်ပြီး ပစ္စည်း လုယူခြင်းသည် အဒိန္နာဒါနဖြစ်၏။ ဤဒုစရိုက်အားလုံး၏

www.burmeseclassic.com



မူလတရားခံမှာ ကံ–ကံ၏အကျိုးကို မသိမြင်မယုံကြည်သော မိစ္ဆာဒိဋ္ဌိဖြစ်၏။

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးသည် ၃–၄–၉၅ ရက်နေ့၌ မျိုးလေး(ခ)အောင်မျိုးအား သေဒဏ်ချမှတ်၍ အသက် ၁၈–နှစ် မပြည့်သေးသော မင်းခိုင်(ခ)ကတုံးကို ထောင်ဒဏ် ၇–နှစ် ချမှတ်သည်။ ဤကား သဟဇာတကံ၏ အကျိုးဆက်တည်း။ နာနာက္ခဏိက ကံ၏အကျိုးကြောင့် သေလွန်သောအခါ ဒုဂ္ဂတိဘဝသို့ရောက်၍ အပြန်ကုဋေကုဋာပိုပြီး ဆင်းရဲစွာ ခံစားကြရမည်ဖြစ်သည်။ ထို့ကြောင့် ဒုစရိုက်မှုများကို ဝေးစွာ ရှောင်ကြဉ်အပ်၏။

## ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ

**အဘိဏှသုတ်လာ** နေ့ညမပြတ် ဆင်ခြင်ရန်–

အဟံ၊ ငါသည် – ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိ၏ (ကမ္မဿကော)
– ကံသာလျှင် အမွေအနှစ်ရှိ၏ (ကမ္မဒါယဒါ)
– ကံသာလျှင် အကြောင်းရင်းရှိ၏ (ကမ္မယောနိ)
– ကံသာလျှင် အဆွေအမျိုးရှိ၏ (ကမ္မဗန္ဓု)
– ကံသာလျှင် ကိုးကွယ်အားထားရာရှိ၏ (ကမ္မပ္ပဋိသရဏော)

ကောင်းမှုကံကိုဖြစ်စေ၊ မကောင်းမှုကံကိုဖြစ်စေ၊ ပြုမိလျှင် ထိုကောင်းမှုကံ မကောင်းမှုကံ၏ ကောင်းမွေဆိုးမွေခံသည် ဧကန်မုချ ဖြစ်ရပေအံ့။

ဘဝကူးပြောင်းသည့်အခါ မည်သည့် ပစ္စည်းဥစ္စာ မည်သည့် ဆွေမျိုးမျှ ပါမသွား၊ မိမိပြုထားသော ကုသိုလ်ကံ အကုသိုလ်ကံတို့သာ လိုက်ပါသွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၇)
# မင်္ဂလာတရားတော်

## မင်္ဂလသုတ် ပါဠိတော်

၁။ ယံမင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတိံသဉ္စ မင်္ဂလံ။
၂။ ဒေသိတံ ဒေဝ ဒေဝေန၊ သဗ္ဗပါပ ဝိနာသနံ၊
သဗ္ဗလောက ဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမဟေ။
၃။ (က) ဧဝံ မေ သုတံ။
(ခ) ဧကံသမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ၊
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။
(ဂ) အထခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ။
အဘိက္ကန္တ ဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ၊
ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ
အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ။
(ဃ) ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ
အဇ္ဈဘာသိ။
၄။ ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလမုတ္တမံ။
၅။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာစ ပူဇ နေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ။
၆။ ပဋိရူပ ဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။

www.burmeseclassic.com

www.burmeseclassic.com



အတ္တသမ္မာပဏိဓိ စ၊ တော် မင်္ဂလမုတ္တမံ။
၇။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာဝါစာ၊ တော် မင်္ဂလမုတ္တမံ။
၈။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာစ ကမ္မန္တာ၊ တော် မင်္ဂလမုတ္တမံ။
၉။ ဒါနဉ္စ ဓမ္မစရိယာစ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ တော် မင်္ဂလမုတ္တမံ။
၁၀။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊ တော် မင်္ဂလမုတ္တမံ။
၁၁။ ဂါရဝေါ စ နိဝါတောစ၊ သန္တုဋ္ဌိ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊ တော် မင်္ဂလမုတ္တမံ။
၁၂။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ တော် မင်္ဂလမုတ္တမံ။
၁၃။ တပေါစ ဗြဟ္မစရိယဉ္စ၊ အရိယ သစ္စာနဒဿနံ။
နိဗ္ဗာန သစ္ဆိကိရိယာစ၊ တော် မင်္ဂလမုတ္တမံ။
၁၄။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ တော် မင်္ဂလမုတ္တမံ။
၁၅။ တောဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမံ။
မင်္ဂလသုတ္တံ နိဋ္ဌိတံ။

## မင်္ဂလသုတ် အဓိပ္ပာယ်

၁။ နတ်နှင့်တကွ လူများစွာတို့သည် ၁၂-နှစ် ကာလပတ်လုံး မင်္ဂလာတရားတော်ကို ကြံစည်ကြကုန်၏။ သို့သော် မင်္ဂလာ တရားတော်ကို မသိနိုင်ကြပေ။

၂။ လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့ထက် မြင့်မြတ်တော်မူသော

www.burmeseclassic.com



မြတ်စွာဘုရားသည် သတ္တဝါအားလုံးတို့၏ အကျိုးစီးပွားအလို့ငှာ မင်္ဂလာတရား ၃၈-ပါးကို ဟောကြားတော်မူ၏။ မကောင်းမှုဟူသမျှကို ပယ်ဖျောက်တတ်ပြီး ကြီးပွားချမ်းသာကြောင်းဖြစ်သော ထို မင်္ဂလာတရားတော်ကို ရွတ်ဖတ်ကြပါကုန်စို့။

၃။ အရှင်မဟာကဿပဘုရား . . . တပည့်တော် အာနန္ဒာမထေရ်သည် မြတ်စွာဘုရားထံမှ မင်္ဂလသုတ်တော်ကို ဤသို့ နာကြားမှတ်သားခဲ့ရပါ၏ -

အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိမြို့အနီး အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းအပ်သော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ အလွန်နှစ်လိုဖွယ်အဆင်းရှိသော နတ်သား တစ်ယောက်သည် ညသန်းခေါင်ယံအခါ၌ ဇေတဝန် တစ်ကျောင်းလုံးကို ကိုယ်ရောင်ကိုယ်ဝါဖြင့် တောက်ပလင်းထိန်စေလျက် မြတ်စွာဘုရား ရှိတော်မူရာသို့ ချဉ်းကပ်လာ၏။ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရားကို ရှိခိုး၏။ ထို့နောက် "ဝေး,နီး,လေညာ၊ မြင့်ရာ,ရှေ့,နောက်၊ ပြစ်ခြောက်ကင်းကွာ" သင့်လျော်ရာ၌ ရပ်လေ၏။ ရပ်ပြီးလတ်သော် ထိုနတ်သားသည် မြတ်စွာဘုရားကို ဤသို့ လျှောက်ထား၏ -

၄။ "မြတ်စွာဘုရား ... လူနတ်ဗြဟ္မာ များစွာတို့ သည် ချမ်းသာကြောင်းဖြစ်သော မင်္ဂလာတရားတော်ကို ကြံစည်ကြပါကုန်၏။ ကြံစည်ကြပါသော်လည်း မသိကြကုန်။ သို့ဖြစ်၍ ကောင်းမြတ်လှသော မင်္ဂလာတရားတော်ကို ဟောကြားတော်မူပါဘုရား"

၅။ ထိုအခါ မြတ်စွာဘုရားသည် အောက်ပါမင်္ဂလာတရား ၃၈-ပါးကို ဟောကြားတော်မူ၏ -

(၁) အသေဝနာ စ ဗာလာနံ= လူမိုက်တို့ကို မှီဝဲ,

www.burmeseclassic.com

www.burmeseclassic.com



မဆည်းကပ်ခြင်း၊

(၂) ပဏ္ဍိတာနဉ္စ သေဝနာ =ပညာရှိလူလိမ္မာတို့ကို မှီဝဲဆည်းကပ်ခြင်း၊

(၃) ပူဇာစပူဇနေယျာနံ = ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်း၊

ဤတရားသုံးပါးသည် မြတ်သော မင်္ဂလာမည်၏။

၆။ (၄) ပဋိရူပ ဒေသဝါသောစ = သင့်တင့် လျောက်ပတ်သော အရပ်၌နေခြင်း၊

(၅) ပုဗ္ဗေ စ ကတ ပုညတာ= ရှေးရှေးဘဝ၌ ပြုခဲ့ဖူးသော ကောင်းမှုရှိခြင်း၊

(၆) အတ္တသမ္မာ ပဏိဓိစ = မိမိကိုယ်စိတ်ကို ကောင်းစွာ ထိန်းသိမ်းခြင်း၊

ဤတရားသုံးပါးသည် မြတ်သော မင်္ဂလာမည်၏။

၇။ (၇) ဗာဟုသစ္စဉ္စ= အကြားအမြင် ဗဟုသုတရှိခြင်း၊

(၈) သိပ္ပဉ္စ = စက်မှုလက်မှုအတတ်ကိုတတ်ခြင်း၊

(၉) ဝိနယောစ သုသိက္ခိတော = ကိုယ်ကျင့် ဝိနည်းပညာများကို သင်ယူလိုက်နာခြင်း၊

(၁၀) သုဘာသိတာ စ ယာဝါစာ= ကောင်းသော စကားကို ပြောဆိုတတ်ခြင်း၊

ဤတရားလေးပါးသည် မြတ်သော မင်္ဂလာမည်၏။

၈။ (၁၁) မာတာပိတု ဉပဋ္ဌာနံ = မိဘတို့ကို ပြုစု လုပ် ကျွေးခြင်း၊

(၁၂) ပုတ္တဒါရဿ သင်္ဂဟော= သားသမီး, ဇနီးတို့ကို ချီးမြှင့် ထောက်ပံ့ခြင်း၊

(၁၃) အနာကုလာ စ ကမ္မန္တာ = လယ်ယာ ကုန်သွယ်စသည့် အနှောင့်အယှက်ကင်းသော အလုပ်ကို လုပ်ကိုင်ခြင်း၊

ဤတရားသုံးပါးသည် မြတ်သော မင်္ဂလာမည်၏။

www.burmeseclassic.com

www.burmeseclassic.com



၉။ (၁၄) ဒါနဉ္စ = လှူဒါန်းပေးကမ်းစွန့်ကြဲခြင်း၊
(၁၅) ဓမ္မစရိယာစ = သုစရိုက်တရား ၁၀-ပါးကို ကျင့်သုံးခြင်း၊
(၁၆) ဉာတကာနဉ္စ သင်္ဂဟော = ဆွေမျိုးတို့ကို ချီးမြှင့်ထောက်ပံ့ခြင်း၊
(၁၇) အနဝဇ္ဇာနိ ကမ္မာနိ= ဥပုသ်စောင့်ခြင်း၊ အများအကျိုးပြုသည့်အလုပ်ကိုလုပ်ခြင်း စသော အပြစ်ကင်းသည့်အလုပ်တို့ကို ပြုလုပ်ခြင်း၊

ဤတရားလေးပါးသည် မြတ်သော မင်္ဂလာ မည်၏။

၁၀။ (၁၈) အာရတိ(ပါပါ) = မကောင်းမှုမပြုရန် ကြိုတင်ဆုံးဖြတ်၍ ရှောင်ကြဉ်ခြင်း၊
(၁၉) ဝိရတီ ပါပါ = မကောင်းမှုကို ကြုံတွေ့လျှင် မပြုမပြောဘဲ ရှောင်ကြဉ်ခြင်း၊
(၂၀) မဇ္ဇပါနာ စ သံယမော = အရက်သေစာ, မူးယစ်ဆေးဝါး သောက်စားခြင်းမှ ကောင်းစွာ ရှောင်ကြဉ်ခြင်း၊
(၂၁) အပ္ပမာဒေါစဓမ္မေသု = ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်း၊

ဤတရားလေးပါးသည် မြတ်သော မင်္ဂလာမည်၏။

၁၁။ (၂၂) ဂါရဝေါစ = ရိုသေထိုက်သူကို ရိုသေခြင်း၊
(၂၃) နိဝါတောစ = မာန်မာနကို နှိမ့်ချခြင်း၊
(၂၄) သန္တုဋ္ဌီ စ = ရသမျှနှင့် ရောင့်ရဲလွယ်ခြင်း၊
(၂၅) ကတညုတာ = သူပြုဖူးသော ကျေးဇူးကို သိခြင်း၊
(၂၆) ကာလေန ဓမ္မဿဝနံ = သင့်လျော်သောအခါ၌ သူတော်ကောင်းတရားကို နာကြားရခြင်း၊

ဤတရားငါးပါးသည် မြတ်သော မင်္ဂလာမည်၏။

၁၂။ (၂၇) ခန္တီ စ = သည်းခံခွင့်လွှတ်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



(၂၈) သောဝစဿတာ= လူကြီးသူမတို့ ဆိုဆုံးမသည့် စကားကို နာယူလွယ်ခြင်း၊

(၂၉) သမဏာနဉ္စ ဒဿနံ= ရဟန်းသူမြတ်တို့ကို ဖူးမြင်ရခြင်း၊

(၃၀) ကာလေန ဓမ္မသာကစ္ဆာ =သင့်လျော်သောအခါ၌ သူတော်ကောင်းတရားကို ဆွေးနွေးမေးမြန်းခြင်း၊

ဤတရားလေးပါးသည် မြတ်သောမင်္ဂလာမည်၏။

၁၃။ (၃၁) တပေါ စ= အကုသိုလ်စိတ်မဖြစ်အောင် ခြိုးခြံစွာ ကျင့်ခြင်း၊

(၃၂) ဗြဟ္မစရိယဉ္စ = မဂ်ဖိုလ်ရအောင် မြတ်သော အကျင့်ကို ကျင့်ခြင်း၊

(၃၃) အရိယသစ္စာန ဒဿနံ = အရိယာ သစ္စာလေးပါးကို သိခြင်း၊

(၃၄) နိဗ္ဗာန သစ္ဆိကိရိယာ စ = နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊

ဤတရားလေးပါးသည် မြတ်သော မင်္ဂလာမည်၏။

၁၄။ (၃၅) ဖုဋ္ဌဿ လောက ဓမ္မေဟိ= လောကဓံနှင့် ကြုံတွေ့လျှင် စိတ္တံ ယဿ နကမ္ပတိ = စိတ်မတုန်လှုပ်ခြင်း၊

(၃၆) အသောကံ = စိုးရိမ်ကြောင့်ကြမှုမရှိခြင်း၊

(၃၇) ဝိရဇံ = ရာဂ၊ ဒေါသစသည့် ကိလေသာမြူမရှိခြင်း၊

(၃၈) ခေမံ = ကြောက်လန့်ဖွယ်ရာ ဘေးရန်မရှိခြင်း၊

ဤတရားလေးပါးသည် မြတ်သော မင်္ဂလာမည်၏။

၁၅။ အိုနတ်သား . . . နတ်နှင့်တကွ လူအပေါင်းတို့သည် ဤမင်္ဂလာတရား ၃၈ပါးတို့ကို သင်ယူလိုက်နာ ကျင့်သုံးသည်ရှိသော် အလုံးစုံသော အရပ်တို့၌ ရန်သူတို့ မအောင်နိုင်ကြသဖြင့် ကြည်လင်အေးမြချမ်းသာခြင်းသို့ ရောက်ကြကုန်၏။

အိုနတ်သား–ဤမင်္ဂလာတရား ၃၈ ပါးတို့သာလျှင် လူနတ်တို့၏ ကြီးပွားချမ်းသာကြောင်းဖြစ်သောမြတ်မင်္ဂလာဖြစ်၏ဟူ၍မှတ်လေသော။

www.burmeseclassic.com

www.burmeseclassic.com



## ၃၈–ဖြာမင်္ဂလာကဗျာများ

### ၁။ ယံမင်္ဂလံ ဂါထာ

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားကို
နတ်လူအများ ကြံစည်ပေ။
ဘယ်သင်းဘယ်ဟာ မင်္ဂလာစစ်ဟု၊
သေချာဇာစ်မြစ်မသိပေ။
ဆယ့်နှစ်နှစ်တိုင်တိုင် နှုတ်ပြိုင်ငြင်းလို့၊
မင်္ဂလာအခင်း မပြီးပေ။
မင်္ဂလာတရား၊ ဝါဒများ၊ ကွဲပြားနတ်လူတွေ။
အဲဒါကြောင့် ကြံကြ စည်ကြ ကမ္ဘာ့မင်္ဂလာတွေ။

### ၂။ ဓဝံ မေ သုတံ ဂါထာ

သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း၌၊
ကိန်းအောင်းပျော်ပိုက် မြတ်စိန္တေ၊
သန်းခေါင်ယံခါ မထင်ရှားသည့်၊
နတ်သားတစ်ယောက် ချဉ်းကပ်လေ၊
လေးမြတ်ရှိသေ မင်္ဂလာသဘောကို၊
ထင်ရှားဟောဖို့ လျှောက်ပန်ရွှေ၊
အသေဝနာတရား၊ အစထား၊ ဟောကြားမိန့်ခဲ့ပေ။
အဲဒါကြောင့် နာရကြားရ ကမ္ဘာ့မင်္ဂလာတွေ။

### ၃။ အသေဝနာစ ဂါထာ

လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့၊
မမှီဝဲနဲ့ ကင်းအောင်နေ၊
ပညာရှိကို အရှည်တွဲလို့၊
မှီဝဲဆည်းကပ် နည်းယူစေ၊
သုံးပါးရတနာ မိဘများနှင့်၊

www.burmeseclassic.com

www.burmeseclassic.com



ဆရာသမားကို ပူဇော်လေ၊
ချမ်းသာကိုပေး ဆက်ဆံရေး၊ မျှော်တွေးသုံးချက်ပေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

**၄။ ပဋိရူပ ဂါထာ**

ကုသိုလ်ပညာ ဥစ္စာရဖို့၊
သင့်ရာဒေသ အမြဲနေ၊
ရှေးကတင်ကြို ပြုခဲ့ဖူးသည့်၊
ကောင်းမှုအထူးရှိပါစေ၊
မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့၊
မတိမ်းစေနဲ့ ဆောက်တည်လေ၊
ဥစ္စာကိုပေး နေထိုင်ရေး၊ မျှော်တွေးသုံးချက်ပေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

**၅။ ဗာဟုသစ္စဥ္စ ဂါထာ**

တတ်ကောင်းတတ်ရာ ဟူသမျှကို၊
ကြားမြင်သုတ ရှိပါစေ၊
အိုးအိမ်တည်ထောင် ဝမ်းစာရေးနဲ့၊
အသက်မွေးဖို့ အတတ်သင်လေ၊
လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို၊
ကောင်းစွာသင်ကြား နားလည်စေ၊
မှန်ကန်ယဉ်ကျေး ချိုသာအေး၊ ဆိုရေးတတ်ပါစေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

**၆။ မာတာပိတု ဂါထာ**

မြင်းမိုရ်ရွှေတောင် မိဘကျေးကို၊
ကောင်းစွာဆပ်ပေး ဝတ်ကျေကျေ၊
ကျွေးသစ်ချကာ သားနှင့်မယား၊

www.burmeseclassic.com

www.burmeseclassic.com



မြှောက်စားချီးမြှင့် ဝတ်ကုန်စေ၊
အလုပ်တာဝန် မလစ်ဟင်းနဲ့၊
အပြစ်ကင်းအောင် လုပ်ပါလေ၊
စည်းစိမ်ကိုပေး ပြုစုရေး၊ မျှော်တွေးသုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

၇။ ဒါနဥ္စ ဂါထာ

သုံးတန်စေတနာ ဖြူစင်လန်းလို့၊
ပေးကမ်းဝေမျှ လှူနိုင်စေ၊
ကိုယ်နှုတ်စိတ်ကြံ မမိုက်မှားနဲ့၊
သုစရိုက်တရားကို ကျင့်ပါလေ၊
ဆွေမျိုးတွေကို ပြင်ပမထားနဲ့၊
သင်္ဂဟတရားနှင့် ချီးမြှောက်လေ။
သန့်စင်ပြစ်မျိုး၊ လူထုကျိုး၊ သယ်ပိုးဆောင်ရွက်စေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

၈။ အာရတိ ဂါထာ

မကောင်းမှုတွေ ဟူသမျှကို၊
မတွေ့ခင်က ရှောင်ကြဉ်လေ၊
တွေ့ကြုံလာလျှင် မလွန်ကြူးနဲ့၊
အထူးသဖြင့် စောင့်စည်းနေ၊
အရက်သေစာ သောက်စားနဲ့၊
မှောက်မှားတတ်တဲ့ အရာပေ၊
လုပ်ကိုင်ပြောကြား သတိထား၊ တရားမမေ့စေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

၉။ ဂါရဝေါစ ဂါထာ

အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက၊

www.burmeseclassic.com

www.burmeseclassic.com



ဆည်းကပ်ခစား ရှိသေသေ၊
မာနတံခွန် ဂုဏ်မကြွနဲ့၊
ကိုယ့်ကိုနှိမ့်ချ အမြဲနေ၊
လောဘအပို အလိုမလိုက်နဲ့၊
ကိုယ်ထိုက်တာနဲ့ ကျေနပ်လေ၊
ကိုယ့်ပေါ်ပြုဖူး သူ့ကျေးဇူး၊ အထူးသိတတ်စေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

**၁၀။ ခန္တီစ ဂါထာ**

ဝတ်စားနေထိုင် ရန်ခပ်သိမ်း၊
စိတ်ကိုချုပ်ထိန်း သည်းခံလေ၊
ကျိုးကြောင်းပြည့်ဝ ဆုံးမစကား၊
ပြောကြားလာက နာလွယ်စေ၊
သူမြတ်ပုဂ္ဂိုလ် ဟူသမျှကို၊
မကြာခဏ တွေ့ဆုံလေ၊
သဘာဝတွေး မှန်ကန်ရေး၊ ဆွေးနွေးမပြတ်ပေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

**၁၁။ တပေါစ ဂါထာ**

လောကီအာရုံ ဖိမ်ယစ်မူးလို့၊
အပျော်မကြူးနဲ့ ခြိုးခြံလေ၊
မေတ္တာဗြဟ္မစိုရ် လက်ကိုင်သုံးလို့၊
သူမြတ်ကျင့်ထုံး ယွင်းမသွေ၊
လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့၊
အမှန်သိအောင် ကြိုးစားလေ၊
ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချဉ်း၊ အလင်းပေါက်ပါစေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

www.burmeseclassic.com

www.burmeseclassic.com



### ၁၂။ ဗုဒ္ဓသ ဂါထာ

ဆင်းရဲချမ်းသာ သဘာဝ၊
တွေ့ကြုံနေကျ လူတိုင်းပေ၊
ကောင်းဆိုးနှစ်တန် အစုံတွဲလို့၊
တလဲစီလှည့် အမြဲနေ၊
လောကဓံကြုံ မဖြုံတမ်းပေါ့၊
မတုန်စမ်းနဲ့ စိတ်ခိုင်စေ၊
သောကကိုထိန်း ရမှက်သိမ်း၊ အေးငြိမ်းချမ်းသာနေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

### ၁၃။ တောဒိသာနိ ဂါထာ

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကုံးကို၊
လိုက်နာကျင့်သုံး ပန်သူတွေ၊
စီးပွားချမ်းသာ ကျက်သရေတိုးလို့၊
ကောင်းကျိုးစည်ပွင့် တဝေဝေ၊
ဘေးကင်းရန်ကွာ ချစ်သူပေါလို့၊
စိတ်ရောကိုယ်ရော ချမ်းသာမလေ
ပြောဆိုကြဲဆ ဆောင်သမျှ၊ အောင်ရမည်ကိန်းသေ၊
အဲဒါကြောင့် ပန်ကြဆင်ကြ မင်္ဂလာပန်းခိုင်တွေ။

## လူမိုက်လက္ခဏာ

၁။ မကောင်းသောအကြံကို ကြံလေ့ရှိ၏။ မနောဒုစရိုက် ၃–ပါးကို မရှောင်။

၂။ မကောင်းသောစကားကို ပြောလေ့ရှိ၏။ ဝစီဒုစရိုက် ၄ပါးကို မရှောင်။

၃။ မကောင်းသောအလုပ်ကို ပြုလေ့ရှိ၏။ ကာယဒုစရိုက်

www.burmeseclassic.com

www.burmeseclassic.com



၃–ပါးကို မရှောင်။

၄။ အကျိုးနှင့်အကြောင်း၊ အဆိုးနှင့် အကောင်းတို့ကို ခွဲခြား၍မသိ၊ အသိဉာဏ်မဲ့၏။

၅။ ပညာရှိကို မှီဝဲဆည်းကပ်ရစေကာမူ သူတော်ကောင်းတရားကို မသိ။ ယောက်မသည် ဟင်း၏ အရသာကို မသိသကဲ့သို့တည်း။

## သူတော်ကောင်းလက္ခဏာ

၁။ ပြောတဲ့အတိုင်းကျင့်၊ ကျင့်တဲ့အတိုင်းပြော၊

၂။ ရိုးရိုးကျင့်၊ မြင့်မြင့်ကြံ၊ မှန်မှန်လုပ်၊ ကုပ်ကုပ်နေ၊

၃။ ကောင်းတာကြံ၊ မှန်တာလုပ်၊ ဟုတ်တာပြော၊
လူရော နတ်ရော ကြည်ညိုတယ်။

## အယုတ်နှင့်အမြတ် ခွဲခြားမှတ်

၁။ သူတော်ကောင်းတွေ ခလေ့တစ်ခုက၊ ဆိုးမှုပြုဖို့ ရှက်ကြောက်တယ်။

၂။ မသူတော်တွေ ခလေ့တစ်ခုက၊ ကောင်းမှုပြုဖို့ ရှက်ကြောက်တယ်။

၃။ ရှက်တာကြောက်တာတူသော်လဲကွယ့်၊ ကွဲလွဲလှပေါ့ အကြောင်းရယ်။

၄။ ရှက်ကြောက်ကြောင်းခံ၊ ဝေဖန်တတ်လို့၊ ယုတ်မြတ်မှတ်ကျောက်တင်ပေါ့ကွယ်။ တင်ကွယ်..တင်ကွယ်..။

## ကမ္ဘာစောင့်တရား ၂–ပါး

၁။ ဟိရီ = မကောင်းမှုဒုစရိုက် ပြုလုပ်ရန် ရှက်ခြင်း၊

၂။ ဩတ္တပ္ပ=မကောင်းမှုဒုစရိုက်ပြုလုပ်ရန် ကြောက်လန့်ခြင်း။
ဤ အရှက်+အကြောက်တရား ၂–ပါး ရှိသူသည် မကောင်းမှု

www.burmeseclassic.com

www.burmeseclassic.com



များကို မပြုလုပ်ဘဲ ရှောင်ကြဉ်၏၊ ထို့ကြောင့် သီလလုံ၏။

ဝက်သည် မစင်ကို မရွံရှာသကဲ့သို့ အရှက်တရားမရှိသူသည် မကောင်းမှုကို မရွံမုန်း၊ ဒုစရိုက်ပြုရန် ဝန်မလေး။

"ပိုးဖလံမျိုး၊ မီးကိုတိုး ကိုယ်ကျိုးနည်းကြသလို" ဩတ္တပ္ပမရှိသူသည် မကောင်းမှုပြုရန် မထိတ်လန့်၊ မတွန့်ဆုတ်ချေ။

## ကိုယ်ပေါင်းစိတ်ခွာ

**ဆရာ** – လူမိုက်ဆိုရင် အဖော်မလုပ်နဲ့၊ မင်္ဂလာသုတ်က ဆုံးမတယ်။

**တပည့်** – မရှောင်သာရင် ဘယ့်နှယ်လုပ်မလဲ၊ စိတ်ရှုပ်စရာ ကောင်းလှတယ်။

**ဆရာ** – ကိုယ်ပေါင်းစိတ်ခွာ၊ အလိုက်သင့်ပဲပေါ့၊ အမိုက်ကျင့် မစွဲအောင် ရှောင်ရမယ်။

**တပည့်** – ရှောင့်ပါ့မယ်၊ ရှောင်ပါ့မယ်။

(သစ်ဆန်းလွင် – အလိမ္မာဝတ်ရွတ်စဉ်)

## အယုံမလွယ်နှင့်

သူစိမ်းပြင်ပြင် တစ်ဘက်သားကို၊ အူယားဖားယား မခင်တွယ်၊
စရိုက်ကျင့်ကြံတကယ်ကောင်းမှ၊ အပေါင်းအသင်းလုပ်သင့်တယ်၊
ကောင်းမကောင်းကို၊ အတူနေပေါင်းကြည့်၊
ကောင်းမကောင်းကို၊ ကြာရှည်ပေါင်းကြည့်၊
ကောင်းမကောင်းဆို၊ သတိယှဉ်ပေါင်းကြည့်၊
ကောင်းမကောင်းဆို၊ ဉာဏ်ယှဉ်ပေါင်းကြည့်၊
အကြောင်းသိလို့၊ ရေလည်မယ်၊
မရေလည်ခင်မယုံလိုက်နဲ့ ၊ အငိုက်မိမှာစိုးလှတယ်၊
သတိကွယ်--- သတိကွယ်---။

(သစ်ဆန်းလွင်–အလိမ္မာဝတ်ရွတ်စဉ်)

www.burmeseclassic.com

www.burmeseclassic.com



## အတ္တသမ္မာ ပဏိဓိစ မင်္ဂလာ

ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာ ထိန်းသိမ်းခြင်းဆိုရာ၌-

(၁) ကိုယ်အပြုအမူ အပြစ်ကင်းအောင် ထိန်းပါ၊

(၂) နှုတ်အပြောအဆို အပြစ်ကင်းအောင် ထိန်းပါ၊

(၃) စိတ်အကြံအစည် အပြစ်ကင်းအောင် ထိန်းပါ။

တစ်နည်းဆိုသော် ဒုစရိုက်များကို ရှောင်ကြဉ်၍ သုစရိုက်များကို လုပ်ဆောင်ရန်ဖြစ်၏။ နောက်တစ်ဆင့်တက်၍ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ဟူသော အာရုံငါးပါးနောက်သို့ တပ်မက်မှု တဏှာဖြင့် မလိုက်ပါဘဲ စိတ်ကို တည်ငြိမ်အောင် ထားရန်ဖြစ်၏။ တည်ငြိမ်သော စိတ်သည် စွမ်းအား ထက်၏။

ရှေးအခါက **ဗာရာဏသီမင်း** တစ်ပါးတွင် သားတစ်ထောင်ရှိ၏။ အငယ်ဆုံးမင်းသားက ပစ္စေကဗုဒ္ဓါထံ အကြံတောင်း၏။ အရှင်မြတ်က အကြံပေး၏။

"အသင်မင်းသား၊ ဤပြည်၌ သင် မင်းမဖြစ်နိုင်၊ ယူဇနာ ၁၂၀-ဝေးသော တက္ကသိုလ်ပြည်သို့ သင်သွားနိုင်လျှင် မင်းဖြစ်လိမ့်မည်။ ခရီးလမ်း၌ တောအုပ်တစ်ခုကို ဖြတ်ရမည်၊ ထိုတောအုပ်၌ ဘီလူးမတို့သည် အာရုံငါးပါးဖြင့် ဖြားယောင်းလိမ့်မည်၊ သင်မင်းသားသည် ထိုအာရုံငါးပါးနောက်သို့ မလိုက်ဘဲ မိမိစိတ်ကို စောင့်ထိန်းနိုင်လျှင် ဘီလူးမတို့၏ ရန်ကို ကျော်လွှန်နိုင်လိမ့်မည်"

မင်းသားသည် အဖော်ငါးဦးနှင့်အတူ တက္ကသိုလ်ပြည်သို့ သွား၏။ အဖော်ငါးဦးတို့က အာရုံငါးပါးအနက် တစ်ပါးစီနောက်သို့ လိုက်ပါသွားကြသဖြင့် ဘီလူးစားခံကြရ၏။ မင်းသားက စိတ်ကိုကြံ့ကြံ့ခိုင်ခိုင် ထိန်းနိုင်သဖြင့် တက္ကသိုလ်ပြည်သို့ရောက်ပြီး မင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## စိတ်ကိုနိုင်အောင်ထိန်း

စိတ်ကိုနိုင်အောင်ထိန်းနိုင်လျှင် ကိုယ်နှင့်နှုတ်ကိုလည်း ထိန်းနိုင်၏၊
စိတ်ကို နိုင်အောင် မစောင့်ထိန်းနိုင်လျှင် ကိုယ်နှင့် နှုတ်ကိုလည်း မစောင့်ထိန်းနိုင်။

* အသီးတစ်ရာ၊ အညှာတစ်ခု၊ ပမာရှု၍၊ စိတ်ဟုမည်ငြား၊ ဤတစ်ပါးမျှ၊ တရားကိုယ်ကြပ်၊ စောင့်စည်းကွပ်က၊ လူ့ရပ်, နတ်ရွာ၊ ဗြဟ္မာ, နိဗ္ဗာန်၊ ရောက်ကြောင်းမှန်၏။

(မဃဒေဝ လင်္ကာသစ်)

## စိတ်ကိုဆုံးမလျှင် ချမ်းသာ၏

စိတ်သည် နှိမ်နင်းရန် ခဲယဉ်း၏၊ အလွန်လျင်မြန်၏၊ အလိုရှိရာအာရုံ၌ ကျရောက်လေ့ရှိ၏၊ ထိုစိတ်ကို ဆုံးမခြင်းသည် ကောင်း၏၊ ဆုံးမပြီး၍ ယဉ်ကျေးသော စိတ်သည် ချမ်းသာကို ရွက်ဆောင်၏။ (ဓမ္မပဒ-ဂါထာ ၃၅)

အလွန့်အလွန်မြင်နိုင်ခဲသော အလွန့်အလွန်သိမ်မွေ့သော အလိုရှိရာ အာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏၊ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ရွက်ဆောင်၏။ (ဓမ္မပဒ-ဂါထာ ၃၆)

လူ့,နတ်,နိဗ္ဗာန်,သုံးတန်သော ချမ်းသာကို အမိအဖသည် မပြုနိုင်၊ တစ်ပါးသော ဆွေမျိုးတို့သည်လည်း မပြုစွမ်းနိုင်။ ထိုလူ့,နတ်,နိဗ္ဗာန်, သုံးတန်သော ချမ်းသာမျိုးကို ကောင်းစွာထားအပ်သော စိတ်သည်သာလျှင် တစ်ဆင့်ထက်တစ်ဆင့် မြင့်မြတ်အောင် ပြုစွမ်းနိုင်၏။

(ဓမ္မပဒ-ဂါထာ ၄၃)

www.burmeseclassic.com

www.burmeseclassic.com



## တကယ်လှချင်လျှင်

နှုတ်ခမ်းနီ, ပါးနီ, ဆံနွယ်သလို၊ မျက်ခုံးအလှ မိတ်ကပ်ခြယ်။
ကိုယ်လုံးလှအောင် ဉာဏ်ဆင်ကြတော့၊ ကိုယ်လုံးကဖြင့် မက်စဖွယ်။
ကိုယ်လုံးမက်တာ တန်ဖိုးလားဟော့၊ စဉ်းစားပါအေ့ လုံမငယ်၊
နှလုံးလှသာ ရှာမှ ရှားကွယ့်၊ ဉာဏ်ကြီးရှင်များ ကြည်ညိုတယ်။
မှတ်ကွယ်... မှတ်ကွယ်...။
(သစ်ဆန်းလွင်–အလိမ္မာဝတ်ရွတ်စဉ်)

## ရုပ်အလှ နာမ်အလှ

ရုပ်ကိုသာပြင် နာမ်မပြင်၊ ရုပ်သွင်မလှ နာမ်မလှ။
ရုပ်ကိုလဲပြင် နာမ်လဲပြင်၊ ရုပ်သွင်လဲလှ နာမ်လဲလှ။

## စက်လေးပါးအမည်ရသည့် မင်္ဂလာများ

၁။ ပုဗ္ဗေစကတပုညတာ မင်္ဂလာ = ရှေး၌ပြုခဲ့သော ကုသိုလ်ကောင်းမှုရှိခြင်း။ (ဤကောင်းမှုရှိသည့်အတွက် ယခုဘဝတွင် ပတိရူပဒေသဝါသ မင်္ဂလာနှင့် ပြည့်စုံရ၏)

၂။ ပတိရူပဒေသဝါသမင်္ဂလာ = သင့်တင့်လျောက်ပတ်သော အရပ်၌ နေထိုင်ရခြင်း။ (သင့်တင့်သောအရပ်၌ နေထိုင်ရသဖြင့် ပညာရှိကို မှီဝဲဆည်းကပ်ရ၏)

၃။ ပဏ္ဍိတာနဉ္စသေဝနာ = ပညာရှိသူတော်ကောင်းနှင့် ပေါင်းသင်းရခြင်း။ (ပညာရှိသူတော်ကောင်းနှင့် ပေါင်းသင်းရသဖြင့် မိမိကိုယ်စိတ်ကို ကောင်းအောင် တည့်မတ်စွာ ထားနိုင်၏)

၄။ အတ္တသမ္မာပဏိဓိစ မင်္ဂလာ = ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာ စောင့်ထိန်းခြင်း။ (ကိုယ်စိတ်နှစ်ပါးကို မမှောက်မှားအောင်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာ စောင့်ထိန်းသူသည် မကောင်းမှုများကို ရှောင်၍ ကုသိုလ်ကောင်းမှုများကို ကြိုးစားပြုလုပ်၏။ ထို့ကြောင့် ကွယ်လွန်သောအခါ သုဂတိဘုံသို့ရောက်၍ ပုဗ္ဗေစကတပုညတာ မင်္ဂလာနှင့် ပြည့်စုံသူဖြစ်ရပြန်၏။)

ဤမင်္ဂလာ၄-ပါးသည် အထက်တန်းကျကျ သံသရာ ကျင်လည်နိုင်အောင် စွမ်းဆောင်ပေးနိုင်သဖြင့် လူတိုင်းအတွက် အရေးကြီး၏။

## ဆောင်ပုဒ်လင်္ကာ

၁။ ရှေးကဆောင်းစု၊ ကိုယ်တိုင်ပြု၊ ကောင်းမှုရှိခဲ့တာ။
၂။ သင့်တင့်လျောက်ပတ်၊ နေရာမြတ်၊ ချဉ်းကပ်နေရပါ။
၃။ စိတ်ထားဖြူစင်၊ ပညာရှင်၊ ခင်မင်ဆုံတွေ့လာ။
သူတော်ကောင်းဓာတ်၊ တရားမြတ်၊ သိမှတ်ရပေရာ။
၄။ ကိုယ်နှုတ်စိတ်ကို၊ ကောင်းအောင်ကို၊ ထားသိုကျင့်ကြံလာ။
ဤစက်လေးပါး၊ လှည့်ပတ်ငြား၊ ကြီးပွားအမှန်ပါ။
ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၊ ကောင်းကျိုးပြည့်ဝမှာ။

## သုတနှင့် ပညာ

လောကီ-လောကုတ္တရာ အကြားအမြင် ဗဟုသုတ များခြင်းသည် **ဗာဟုသစ္စဉ္စမင်္ဂလာ** ဖြစ်သည်။ အကြားအမြင်များခြင်းသည် အသိပညာရှိခြင်းပင် ဖြစ်သည်။ ဤ အသိပညာကို ဝိဇ္ဇာပညာဟူ၍လည်း မှတ်ယူနိုင်၏။

ပြည်သူတို့အား ကောင်းကျိုးချမ်းသာဖြစ်စေသော လက်ရှိ အတတ်ပညာနှင့် စက်မှုအတတ်ပညာများကို တတ်မြောက်ခြင်းသည် **သိပ္ပဉ္စ မင်္ဂလာ** ဖြစ်၏။ ယခုခေတ် သိပ္ပံပညာတတ်မြောက်ခြင်းသည်

www.burmeseclassic.com

www.burmeseclassic.com



သိပ္ပဉ္စမင်္ဂလာပင် ဖြစ်၏။

သို့အတွက် မြတ်စွာဘုရားလက်ထက်တော်ကတည်းကပင် အသိပညာ၊ အတတ်ပညာတို့ကို ဝိဇ္ဇာပညာ၊ သိပ္ပံပညာဟူ၍ ခွဲခြားခဲ့၏။ ဝိဇ္ဇာပညာတွင် ဝိဇ္ဇာဉာဏ် ၃–ပါး၊ ဝိဇ္ဇာဉာဏ် ၈–ပါးတို့လည်းပါဝင်ရာ အမှန်မှာ ဝိဇ္ဇာပညာသည် သိပ္ပံပညာထက် ပို၍ အဆင့်မြင့်သည်ဟု ဆိုရမည် ဖြစ်၏။

## ပညာ၏ တန်ဖိုး

ပညာသည် ဘဝမီးရှူးတန်ဆောင်ဖြစ်၏။

ပညာသည် လောကရှေ့ဆောင်, လောကအလင်းရောင် ဖြစ်၏။

ပညာသည် အထက်မြက်ဆုံးစွမ်းအား၊ ပညာကြီးသူသည် ခွန်အားကြီး၏။

ဥစ္စာဟူသည် မျက်လှည့်မျိုး၊ ပညာဟူသည် မြတ်ရွှေအိုး။

ပညာရွှေအိုး လူမခိုး၊ ပညာရဲရင့် ပွဲလယ်တင့်။

ပညာတံခွန်၊ လူရည်ချွန်က၊ မိုးစွန်တမွတ် ကြယ်ကိုဆွတ်လည်း၊ မလွတ်စတမ်း ရမြဲလမ်းတည့်။

ပညာရှိအမျက် အပြင်မထွက်၊ အမျက်ထွက်လျှင် ပညာရှိ မဟုတ်သေး။

## စည်းကမ်းသည် လူ့တန်ဖိုး

လူများ လိုက်နာရန် ကျင့်ဝတ်စည်းကမ်းများရှိသလို ရဟန်းများတွင်လည်း ဝိနည်း စည်းကမ်းများရှိ၏။ ဤ ကျင့်ဝတ်, ဝိနည်း, စည်းကမ်းများကို သင်ယူလိုက်နာခြင်းသည် **ဝိနယောစ သုသိက္ခိတောမင်္ဂလာ** ဖြစ်၏။

ရဟန်းတော်များသည် မြတ်စွာဘုရား သတ်မှတ် ပေးခဲ့သော ဝိနည်းစည်းကမ်းများနှင့်အညီ ကျင့်ကြံနေထိုင်ကြလျှင် ရှိခိုးပူဇော်

www.burmeseclassic.com

www.burmeseclassic.com



ထိုက်သည့် မြင့်မြတ်သူများအဖြစ်သို့ ရောက်ရှိသွားကြ၏။

ထို့အတူ လူတို့သည်လည်း လူ့ကျင့်ဝတ် စည်းကမ်းများကို လိုက်နာကျင့်သုံးလျှင် တန်ဖိုးရှိသူများဖြစ်လာကြ၏။

စည်းကမ်းဟူသည် လူ့တန်ဖိုး၊ ကျင့်ဝတ်ဟူသည် လူ့တန်ခိုး။

စည်းကမ်းကြီးလေ တန်ဖိုးကြီးလေ၊ ကျင့်ဝတ်ကောင်းလေ တန်ခိုးကြီးလေ။

စည်းကမ်းများလေ တန်ဖိုးများလေ၊ စည်းကမ်း နည်းလေ တန်ဖိုးနည်းလေ။

စည်းကမ်းမရှိ တန်ဖိုးမရှိ၊ ကျင့်ဝတ်မရှိ တန်ခိုးနတ္ထိ။

## ကောင်းသောစကား

၁။ မှန်ကန်သောစကား၊ ၂။ ချိုသာသောစကား၊
၃။ ချစ်ကြည်ရေးစကား၊ ၄။ အကျိုးရှိသောစကား၊

ဤစကား ၄–မျိုးကိုပြောလျှင် ကောင်းသော စကား ဖြစ်သည်။ ကောင်းသောစကားဖြစ်ရန် ဝစီဒုစရိုက် ၄–ပါးကို ရှောင်ကြဉ်ရမည်။ ကောင်းသောစကားကို ပြောဆိုခြင်းသည် **သုဘာသိတာ စ ယာဝါစာ** မင်္ဂလာဖြစ်သည်။

* နှုတ်ချို သျှိုတစ်ပါး၊ မှန်တာပြော သစ္စာ။
* စကားနည်းရန်စဲ၊ ဆိုခဲလေ မြဲစေ။
* စကားစကား ပြောပါများ၊ စကားထဲက ဇာတိပြ။
* ခြေချော်ရင် လဲရုံမျှ၊ နှုတ်ချော်ရင် ငရဲဘုံကျ။
* လက်ကြောင့်ကြေ၊ နှုတ်ကြောင့်သေ။
* ကတိသစ္စာ၊တည်သောခါ၌၊ သြဇာလေးနက်၊ ပေါ်ဆီတက်၍၊ နှယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏။

www.burmeseclassic.com

www.burmeseclassic.com



## ရိုးသားယဉ်ကျေး အောင်လိမ့်မနေး

တက္ကသိုလ်ပြည်၌ ပုဏ္ဏားတစ်ယောက်တွင် နွားလိမ္မာတစ်ကောင်ရှိ၏။ **နန္ဒိဝိသာလ**ဟု အမည်ပေးထား၏။ ပုဏ္ဏားသည် နွားကို သားကဲ့သို့ ကောင်းစွာ ကျွေးမွေးသဖြင့် နွားသည် ဝဖြိုး၍ အားရှိ၏။

ထိုနွားလိမ္မာက ပုဏ္ဏားအား ကျေးဇူးဆပ်လိုသဖြင့် ဂေါဝိတ္တက သူဌေးနှင့် အလောင်းအစားပြုရန် တိုက်တွန်း၏၊ ဝန်အပြည့်တင်ထားသော လှည်းတစ်ရာကို နန္ဒိဝိသာလက ဆွဲမည်။ အသပြာ တစ်ထောင် ကြေး လောင်း၏။ လှည်းအစီး ၁၀၀ကို တစ်စီးနှင့်တစ်စီး တွဲဆက်လျက် ဝန်အပြည့်တင်ထားပြီ။ ပုဏ္ဏားသည် နှင်တံကို ကိုင်မြှောက်လျက် "ဟဲ့– ကောက်ကျစ်တဲ့နွား ဆွဲလော့၊ ဟဲ့– ကောက်ကျစ်တဲ့နွား ဝန်ကိုဆောင်လော့"ဟု မောင်းနှင်၏။

နန္ဒိဝိသာလစိတ်ဆိုး၍ မဆွဲတော့ချေ၊ ပုဏ္ဏားရှုံး၏၊ ပုဏ္ဏားစိတ်မကောင်း၍ အိပ်ရာ၌ လဲလျောင်းနေ၏။ နန္ဒိဝိသာလ ချဉ်းကပ်လာပြီးမေး၏။

"အရှင်၊ အဘယ့်ကြောင့် စိတ်မချမ်းမသာ ဖြစ်ရသနည်း"

"အသပြာတစ်ထောင်ရှုံးတာ ဘယ်စိတ်ချမ်းသာနိုင်ပါ့မလဲ"

"အရှင်ပုဏ္ဏား၊ သင့်အိမ်၌ ငါနေသည်မှာ ကြာလှပြီ၊ စည်းကမ်းမဲ့ ကျင်ကြီးကျင်ငယ် စွန့်ဖူးသလော၊ ငါ့ကြောင့် အိုးတစ်လုံး ကွဲဖူးသလော"

"ချစ်သား၊ မစွန့်ဖူးပါ၊ မကွဲဖူးပါ"

"ထိုသို့ ဖြစ်လျက် အဘယ်ကြောင့် ငါ့ကို ကောက်ကျစ်တဲ့နွားဟု ဆိုဘိသနည်း။ သင်ရှုံးရသည်မှာ ငါ့အပြစ်မဟုတ်၊ သင့်အပြစ်သာ ဖြစ်သည်။ ထို့ကြောင့် သူဌေးနှင့် တစ်ဖန်လောင်းပါဦး၊ အသပြာ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ထောင်လောင်းပါ၊ မချနိုင်စေရမည်”

ပုဏ္ဏားသည် ဂေါဝိတ္တကသူဌေးထံသွား၍ အလောင်းအစား ပြုပြန်၏၊ ဤအကြိမ် နွားမောင်းနှင်သည့်အခါ “ကောင်းတဲ့နွား၊ သွားလော့၊ လိမ္မာတဲ့ငါ့သား ရုန်းပါလော့”ဟု ချိုသာစွာ ပြော၏။

နန္ဒိဝိသာလသည် အားကုန်ရုန်းဆွဲသဖြင့် လှည်းအစီး ၁၀၀ ရွေ့ရှားလာ၏၊ သတ်မှတ်သည့်နေရာအထိ ဆွဲနိုင်သဖြင့် ပုဏ္ဏားနိုင်လေ၏။

## မိဘလုပ်ကျွေး သားယဉ်ကျေး

သားသမီးတို့အား မိဘများက ပြုစုကျွေးမွေးစောင့်ရှောက်ခဲ့သော ကျေးဇူးသည် မြင်းမိုရ်တောင်မကကြီးမား၏။ ထို့ကြောင့် မိကောင်းဖခင်တို့၏ လိမ္မာယဉ်ကျေးသော သားသမီးများသည် မိဘတို့ကို ပြုစုလုပ်ကျွေးကြ၏၊ **မာတာပိတု ဥပဋ္ဌာနံ မင်္ဂလာကို** ရယူကြ၏။ ဤမင်္ဂလာသည် ကြီးပွားချမ်းသာကြောင်း အမှန်ဖြစ်၏။

ရှေးအခါ ဗာရာဏသီပြည်၌ လုလင်ပျိုတစ်ယောက်သည် မိဘတို့ကို အလွန်ချစ်မြတ်နိုး၏၊ နတ်သိကြားကဲ့သို့ အမှတ်ပြု၍ ရိုသေစွာ လုပ်ကျွေး၏၊ ထို့ကြောင့် သူ့ကို **“မာတုပေါသက ပိတုပေါသကလုလင်”**ဟု ခေါ်ကြ၏။

တစ်နေ့တွင် ထိုလုလင်သည် အခကြေးငွေများစွာရရန် သင်္ဘော လိုက်၏၊ သီဟိုဠ်ကျွန်းသို့ သင်္ဘောဆိုက်ကပ်သည့်အခါ သီဟိုဠ်ကျွန်း၌ သမီးအဆက်မပြတ်ရှာနေ၏၊ လူအများ အတိဒုက္ခရောက်ကြ၏။

သီဟိုဠ်မင်းသည် သမားဖြူ, သမားညိုတို့ကို ခေါ်မေး၏။

“အရှင်မင်းကြီး၊ ဤသမီးသည် ထူးခြားစွာ သစ္စာပြုနိုင်မှ ရပ်လိမ့်မည်၊ မိဘနှစ်ပါးကို နတ်သိကြားကဲ့သို့ မှတ်ယူ၍ လုပ်ကျွေး

www.burmeseclassic.com

www.burmeseclassic.com



သောသူက သစ္စာပြုရမည်”

သမားဖြူ သမားညိုတို့ အကြံပေးသည့်အတိုင်း မောင်းကြေးနင်း ခတ်၍ မိဘနှစ်ပါးအား နတ်သိကြားကဲ့သို့ လုပ်ကျွေးသူကို ရှာကြ၏။ တစ်ပြည်လုံးတွင် တစ်ယောက်မျှမရှိ၊ သင်္ဘောပေါ်ရှိ မာတုပေါသက ပိတုပေါသကလုလင်က–

“အိုအချင်းတို့… ငါသည် မိဘတို့ကို နတ်သိကြားကဲ့သို့ မှတ်ယူ၍ ရိုသေစွာ လုပ်ကျွေးသူတည်း”ဟု အော်ပြော၏။

လုလင်ကို ဘုရင့်ထံခေါ်သွားပြီး သစ္စာဆိုစေ၏။

“ငါသည် လူလားမြောက်ကာ သိမြင်လိမ္မာသည်မှစ၍ မိဘတို့၏ ကျေးဇူးကို အောက်မေ့ဆင်ခြင်ခဲ့သည်၊ မိဘတို့ကို အိမ်ဦးနတ်ကဲ့သို့ လည်းကောင်း၊ သိကြားဗြဟ္မာကဲ့သို့လည်းကောင်း၊ အမှတ်ထား၍ ရိုသေစွာ လုပ်ကျွေးမွေးမြူခဲ့ပါသည်။ ဤသစ္စာအတိုင်းမှန်ကန်ပါက ဤသဲမိုးသည် ချက်ချင်းရပ်ပါစေသတည်း၊ ဤသဲမိုးရပ်သဖြင့် ပြည်သူများနှင့် သတ္တဝါများ ချမ်းသာကြပါစေသတည်း”.

ထိုသို့ သစ္စာပြုသော ခဏမှာပင် သဲမိုးရပ်၏၊ အားလုံး ချမ်းသာကြ၏။ မင်းနှင့်ပြည်သူတို့ ဝိုင်းဝန်းပူဇော်ကြသဖြင့် ပစ္စည်း ဥစ္စာများကို သင်္ဘောငါးစင်းဖြင့် တင်ယူခဲ့ရ၏။

## မင်္ဂလာလေ့ကျင့်ခန်း လက်တွေ့စမ်း

အောက်ပါပုဂ္ဂိုလ်အသီးသီးတို့ ရထိုက်သည့် မင်္ဂလာများကို ဖြေစမ်းကြည့်ပါ၊ ဖော်ပြထားသည့် အဖြေမှန်များကို ဖုံးထားပြီးနောက် ဖွင့်၍ တိုက်ကြည့်ပါ။

၁။ မိဘစကားနားထောင်သူ – သောဝစဿတာမင်္ဂလာ

၂။ လူကြီးရှေ့ ကုန်းသွားသူ – ဂါရဝေါစ မင်္ဂလာ

၃။ မုန့်ဖိုးပိုမတောင်းသူ – သန္တုဋ္ဌိစမင်္ဂလာ

၄။ သူများဆဲသည်ကို ပြန်မဆဲသူ– ခန္တီစမင်္ဂလာ

www.burmeseclassic.com

www.burmeseclassic.com



၅။ ဆင်းရဲသားများအား ပေးကမ်းသူ – ဒါနဉ္စမင်္ဂလာ
၆။ ရပ်ကွက်သန့်ရှင်းရေးလုပ်သူ – အနဝဇ္ဇာနိကမ္မာနိ
၇။ ကျောင်းစည်းကမ်းလိုက်နာသူ – သောဝစဿတာ
၈။ ခြင်ကိုမရိုက်သတ်သူ – ဝိရတိပါပါမင်္ဂလာ
၉။ တရားသဖြင့် စီးပွားရှာသူ – အနာကုလာစကမ္မန္တာ
၁၀။ သားသမီးကို လုပ်ကျွေးသူ – ပုတ္တဒါရဿသင်္ဂဟော
၁၁။ ကျောင်းစာကြိုးစားသူ – အတ္တသမ္မာပဏိဓိစ
၁၂။ သချ်ာတွက်သူ – သိပ္ပဉ္စမင်္ဂလာ
၁၃။ သတင်းစာဖတ်သူ – ဗာဟုသစ္စဉ္စမင်္ဂလာ
၁၄။ ဆရာမိဘကို ရိုသေသူ – ဂါရဝေါစ မင်္ဂလာ
၁၅။ မိဘတို့ကို ရှိခိုးပြီးအိပ်သူ – ပူဇာစ ပူဇနေယျာနံ
၁၆။ ကျောင်းတက်မှန်သူ – အတ္တသမ္မာပဏိဓိစမင်္ဂလာ
၁၇။ စာအုပ်ကို လက်နှစ်ဘက်ကိုင်၍ပေးသူ – ဂါရဝေါစ မင်္ဂလာ
၁၈။ ကျောင်းစည်းကမ်းရှိသေသူနှင့်ပေါင်းသူ – ပဏ္ဍိတာနဉ္စသေဝနာ
၁၉။ ကျောင်းပြေးသူနှင့် မပေါင်းသူ – အသေဝနာစဗာလာနံ
၂၀။ မိဘတို့ကို နင်းနှိပ်ပေးသူ – မာတာပိတုဥပဋ္ဌာနံ
၂၁။ အိမ်သင်ခန်းစာများကို မှန်မှန်လုပ်သူ – သောဝစဿတာ
၂၂။ သီလရှင်အား ဆန်လောင်းလှူသူ – ဒါနဉ္စမင်္ဂလာ
၂၃။ ညစဉ်ဘုရားရှိခိုးပြီးမှအိပ်သူ – ပူဇာစပူဇနေယျာနံ
၂၄။ လုပ်အားပေးကျောင်းသူကျောင်းသား – အနဝဇ္ဇာနိကမ္မာနိ
၂၅။ မိတ္တဗလနှင့် ပြည့်စုံသူ – ပဏ္ဍိတာနဉ္စသေဝနာ
၂၆။ ဉာဏဗလနှင့် ပြည့်စုံသူ – ဗာဟုသစ္စဉ္စ+သိပ္ပဉ္စ
၂၇။ ဘောဂဗလနှင့် ပြည့်စုံသူ – ပုဗ္ဗေစကတပုညတာ+
အနာကုလာစကမ္မန္တာ
၂၈။ စာရိတ္တဗလနှင့် ပြည့်စုံသူ – အတ္တသမ္မာပဏိဓိ+ဓမ္မစရိယ

www.burmeseclassic.com

www.burmeseclassic.com



## ပျက်ကွက်သည့်မင်္ဂလာ ဖော်ပြပါ

၁။ ကျောင်းပြေးသူ - အတ္တသမ္မာပဏိဓိ
၂။ စာမကြိုးစားသူ - အတ္တသမ္မာပဏိဓိ
၃။ လိမ်ပြောသူ - ဝိရတိပါပါနှင့် ဓမ္မစရိယာစ
၄။ ကျောင်းစည်းကမ်းမလိုက်နာသူ - သောဝစဿတာ
၅။ ဆေးခြောက်ရှူသူ - မဇ္ဇပါနာစသံယမော
၆။ လမ်းသရဲနှင့်ပေါင်းသူ - အသေဝနာစဗာလာနံ
၇။ စာမေးပွဲ၌ ခိုးချသူ - ဓမ္မစရိယာစနှင့် ဝိရတိပါပါ
၈။ ရန်ဖြစ်တတ်သူ - ခန္တီစမင်္ဂလာ
၉။ လိမ်ညာပြောသူ - ဝိရတိပါပါနှင့် ဓမ္မစရိယာစ
၁၀။ မချေမငံပြောသူ - သုဘာသိတာစယာဝါစာ
၁၁။ ဘုရားမရှိခိုးဘဲအိပ်သူ - ပူဇာစပူဇနေယျာနံ
၁၂။ မိဘကို မကူညီသူ - မာတာပိတုဉပဋ္ဌာနံ
၁၃။ အမြတ်ကြီးစားသူ - အနာကုလာစကမ္မန္တာ
၁၄။ ပြည်သူပိုင်ပစ္စည်းခိုးသူ - ဝိရတိပါပါ/ဓမ္မစရိယ
၁၅။ အရက်သောက်သူ - မဇ္ဇပါနာစ သံယမော
၁၆။ မှောင်ခိုရောင်းဝယ်သူ - ဝိရတိပါပါ/ဓမ္မစရိယ
၁၇။ ခိုက်ရန်ဖြစ်သူ - ခန္တီစမင်္ဂလာ
၁၈။ လာဘ်စားသူ - အနာကုလာစကမ္မန္တာ
၁၉။ တစ်ကိုယ်ကောင်းကြံသူ - အနဝဇ္ဇာနိကမ္မာနိ
၂၀။ လူကြီးတို့ကိုမထေမဲ့မြင်ပြုသူ - ဂါရဝမင်္ဂလာ

www.burmeseclassic.com

www.burmeseclassic.com



## ပညာဆည်းပူးချိန် လိုက်နာထိုက်သော မင်္ဂလာများ

၁။ ဗာဟုသစ္စဉ္စမင်္ဂလာ = ဝိဇ္ဇာပညာကိုဆည်းပူးရမည်။
၂။ သိပ္ပဉ္စမင်္ဂလာ = သိပ္ပံပညာကို ဆည်းပူးရမည်။
၃။ အသေဝနာစဗာလာနံ = လူမိုက်နှင့် မပေါင်းသင်းရ။
၄။ ပဏ္ဍိတာနဉ္စသေဝနာ = ပညာရှိနှင့်ပေါင်းသင်းရမည်။
၅။ အတ္တသမ္မာပဏိဓိစ = စာတော်အောင်ကြိုးစားရမည်။
၆။ ဝိနယောစသုသိက္ခိတော = လူ့ကျင့်ဝတ်စည်းကမ်းများကို လိုက်နာရမည်။
၇။ သုဘာသိတာစယာဝါစာ = ယဉ်ကျေးချိုသာစွာပြောဆိုရမည်။
၈။ ဂါရဝေါစမင်္ဂလာ = ဆရာဆရာမတို့ကို ရိုသေရမည်။
၉။ သောဝစဿတာ = ဆိုဆုံးမလွယ်သူဖြစ်ရမည်။
၁၀။ ဓမ္မစရိယာစမင်္ဂလာ=သုစရိုက်တရားများနှင့်အညီ နေထိုင်ရမည်။
၁၁။ နိဝါတောစ မင်္ဂလာ = မာန်မာနကို နှိမ့်ချထားရမည်။
၁၂။ ခန္တီစမင်္ဂလာ = ခိုက်ရန်မဖြစ်အောင် သည်းခံရမည်။
၁၃။ မဇ္ဇပါနာစသံယမော = အရက်သေစာ၊ မူးယစ်ဆေးဝါးတို့ကို ရှောင်ရမည်။
၁၄။ ပူဇာစပူဇနေယျာနံ = ဆရာသမားတို့ကိုပူဇော်ရမည်။

## ပညာသင်ပြီးသောအခါ လိုက်နာထိုက်သည့်မင်္ဂလာများ

၁။ အနာကုလာစကမ္မန္တာ = အပြစ်ကင်းသော အသက်မွေးမှုကို လုပ်ရမည်။
၂။ အနဝဇ္ဇာနိကမ္မာနိ = ရပ်ကျိုးရွာကျိုး တိုင်းပြည် အကျိုးကို သည်ပိုးရမည်။
၃။ မာတာပိတုဉပဋ္ဌာနံ = မိဘတို့ကို လုပ်ကျွေးပြုစုရမည်။

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၄။ ပုတ္တဒါရဿသင်္ဂဟော | = | သားမယားတို့ကို ကျွေးမွေးထောက်ပံ့ရမည်။ |
| ၅။ ဉာတကာနဉ္စသင်္ဂဟော | = | နှစ်ဘက်ဆွေမျိုးတို့ကို ထောက်ပံ့ချီးမြှင့်ရမည်။ |
| ၆။ အတ္တသမ္မာပဏိဓိစ | = | ကိုယ်စိတ်နှစ်ပါးကို ကောင်းအောင်စောင့်ထိန်းရမည်။ |
| ၇။ အာရတိပါပါ | = | မကောင်းမှုများကို မကျူးလွန်ရန် ကြိုတင်ဆုံးဖြတ်ထားရမည်။ |
| ၈။ ဝိရတိပါပါ | = | ကြုံတွေ့လာသော ဒုစရိုက်မှုများကို ရှောင်ကြဉ်ရမည်။ |
| ၉။ ဓမ္မစရိယမင်္ဂလာ | = | သုစရိုက်တရားတို့နှင့်အညီ ကျင့်ကြံ နေထိုင်ရမည်။ |
| ၁၀။ ဒါနဉ္စမင်္ဂလာ | = | ပေးကမ်းလှူဒါန်းရမည်။ |
| ၁၁။ ကတညုတမင်္ဂလာ | = | မိမိအား ကျေးဇူးပြုထားသည်ကို ကျေးဇူးဆပ်ရမည်။ |
| ၁၂။ ဂါရဝေါစ | = | ရိုသေထိုက်သူတို့ကို ရိုသေရမည်။ |
| ၁၃။ ပူဇာစပူဇနေယျာနံ | = | ပူဇော်ထိုက်သူကို ပူဇော်ရမည်။ |
| ၁၄။ အပ္ပမာဒေါစဓမ္မေသု | = | ကုသိုလ်တရားတို့၌ မမေ့လျော့ရ။ |

## သင်္ဂဟတရား ၄-ပါး

သူတစ်ပါးတို့အား ချီးမြှင့်ခြင်းကို သင်္ဂဟဟု ခေါ်၏။

၁။ ဒါန = ပေးကမ်းစွန့်ကြဲခြင်း၊

၂။ ပိယဝါစာ = နှစ်သက်ဖွယ်ရာ ချိုသာစွာ ပြောဆိုခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၃။ အတ္ထစရိယာ = အကျိုးစီးပွားတိုးတက်အောင် ကူညီ ဆောင်ရွက်ခြင်း။

၄။ သမာနတ္တတာ = ကိုယ်နှင့် တန်းတူထားခြင်း။

## မျက်မှောက်ကြီးပွားကြောင်း သမ္ပဒါ ၄–ပါး

၁။ ဥဋ္ဌာနသမ္ပဒါ = ထကြွလုံ့လဝီရိယနှင့် ပြည့်စုံမှု။

၂။ အာရက္ခသမ္ပဒါ= ရှာဖွေရသည့်ပစ္စည်းဥစ္စာကို ကောင်းစွာ စောင့်ရှောက်မှု။

၃။ ကလျာဏမိတ္တတာ= မိတ်ဆွေကောင်းနှင့် ပြည့်စုံမှု။

၄။ သမဇီဝိတာ = ဝင်ငွေထွက်ငွေ မျှတအောင် အသက်မွေးမှု။

## မျက်မှောက်ပျက်စီးကြောင်းတရား ၄–ပါး

၁။ ဣတ္ထိဓုတ္တ = မိန်းမများနှင့် အပျော်အပါး လိုက်စားမှု၊

၂။ သုရာဓုတ္တ = လွန်ကြူးစွာ သေရည်သောက်စားမှု၊

၃။ အက္ခဓုတ္တ = လွန်ကြူးစွာ လောင်းကစားမှု၊

၄။ ပါပမိတ္တသဟာယ= ယုတ်မာသော မိတ်ဆွေနှင့် ပေါင်းသင်းမှု၊

## တမလွန်ကြီးပွားချမ်းသာကြောင်း တရား ၄–ပါး

၁။ သဒ္ဓါသမ္ပဒါ = ရတနာသုံးပါး၊ ကံတရားတို့ကို ယုံကြည် ခြင်းနှင့် ပြည့်စုံမှု၊

၂။ သီလသမ္ပဒါ = ကိုယ်ကျင့်သီလနှင့် ပြည့်စုံမှု၊

၃။ စာဂသမ္ပဒါ = စွန့်ကြဲလှူဒါန်းခြင်းနှင့် ပြည့်စုံမှု၊

၄။ ပညာသမ္ပဒါ = ဆင်ခြင်တုံအသိပညာနှင့် ပြည့်စုံမှု။

(ဒီဃဇာဏုသုတ်)

www.burmeseclassic.com

www.burmeseclassic.com



## စီးပွားပျက်ကြောင်း တရား ၆-ပါး

၁။ သေရည်သောက်စား၊ ပြုသူများ၊ စီးပွားပျက်မည်မှတ်။
၂။ ညဥ့်ခါပျော်ပါး၊ လှည့်လည်သွား၊ စီးပွားပျက်မည်မှတ်။
၃။ ပွဲလမ်းကြိုက်ငြား၊ အသွားများ၊ စီးပွားပျက်မည်မှတ်။
၄။ ကစားလောင်းစား၊ ပြုသူများ၊ စီးပွားပျက်မည်မှတ်။
၅။ လူမိုက်နှင့်ကား၊ ပေါင်းသင်းငြား၊ စီးပွားပျက်မည်မှတ်။
၆။ ပျင်းရိလေငြား၊ ထိုသူအား၊ စီးပွားပျက်မည်မှတ်။

(ဒီ၊ ၃။ ၁၄၈)

## ကျောင်းသားကောင်း

၁။ အတူကစားရင် ရန်မဖြစ်နဲ့ ချစ်ချစ်ခင်ခင် ကစားကြပါ။
၂။ အနိုင်ကျင့်တာရုက်စရာပဲကွယ့်၊ ဆိုတာဆဲတာရိုင်းလှစွာ။
၃။ ကျောင်းသားပီပီ အကူအညီပေးလို့ ယဉ်ယဉ်ကျေးကျေး ဆက်ဆံပါ။
၄။ ဆရာပြောတာ မြေဝယ်မကျအောင်၊ နားထောင်ပါမှ လူလိမ္မာ။
၅။ စည်းကမ်းကိုသာ ရှိသေကြရင်၊ ပညာမုချ တတ်မြောက်မှာ။
တတ်မှာ... တတ်မှာ... ။

(နှလုံးလှ ဝတ်ရွှတ်စဉ်)

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၈)
# ဂါထာမန္တန်များ

## ဂုဏ်တော်ပါဠိများ

ဘုရားဂုဏ်တော်–၉ပါး၊ တရားဂုဏ်တော် ၆–ပါး၊ သံဃာဂုဏ်တော် ၉–ပါး ပါဠိတော်များကို ရွတ်ဖတ်ပွားများလျှင် ကုသိုလ်အကြီး အကျယ်ရရှိပြီး ကုသိုလ်စွမ်းအား ကြီးမားလာ၏။ ထို့အပြင် ထိုဂုဏ်တော်များနှင့် မိမိ၏ခန္ဓာကိုယ်ကို ထုံမွမ်းပေးရာရောက်သဖြင့် ခန္ဓာကိုယ်သည်လည်း မြင့်မြတ်လာပြီး စေတီအိမ် ထိုက်လာ၏။ ထို့ကြောင့် ဘေးရန်အန္တရာယ်များ ကင်းရှင်းပြီး ကြီးပွားချမ်းသာလိမ့်မည်။

## နမောတဿ ဂါထာ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

| | | |
|---|---|---|
| အရဟတော | = | ကိလေသာ အပူခပ်သိမ်း ကင်းငြိမ်းစင်ဖြူ၍ နတ်လူပြဟ္မာတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊ |
| သမ္မာသမ္ဗုဒ္ဓဿ | = | သိစရာမှန်သမျှကို တစ်စမကျန် မခြွင်းချန်ဘဲ သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင် သိမြင်တော်မူထသော၊ |
| တဿဘဂဝတော | = | ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ ဘုန်းတန်ခိုးကျက်သရေ တင့်ဖြိုးလျှံဝေတော် |



www.burmeseclassic.com

www.burmeseclassic.com



မူထသော ထိုမြတ်စွာဘုရားကို၊
နမော = ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

"နမောတဿ"ဂါထာသည် လွန်ခဲ့သော ၉၂-ကမ္ဘာထက်၌ ပွင့်ထွန်းတော်မူသည့် ဖုဿမြတ်စွာဘုရားလက်ထက်တော်ကပင် ပေါ်ပေါက်ခဲ့သည်။ သိကြားမင်း၊ ကောသလမင်း၊ ဓာဏုသောဏိပုဏ္ဏား၊ ဗြဟ္မာယုပုဏ္ဏား စသောသူတို့သည် မြတ်စွာဘုရားကို ဤဂါထာဖြင့် ရှိခိုးခဲ့ကြသည်။

ဤဂါထာကို ရွတ်ဆိုပွားများလျှင် ကုသိုလ်များစွာရရှိမည့်အပြင် ကိုယ်တွင်းကိုယ်ပ အန္တရာယ်များကို ကာကွယ်နိုင်၏၊ ဆောင်ရွက်နေသောအလုပ်ကိစ္စ ပြီးစီးအောင်မြင်၏၊ အခြား ကောင်းကျိုးချမ်းသာများစွာကိုလည်း ရရှိ၏။

## သဝေထိုးမပါ ကိုးဂါထာ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ...။

တတိယမ္ပိ ...။

ဤဂါထာတို့ကို ကြိမ်ဖန်များစွာ ရွတ်ဖတ်ပူဇော်လျှင် ဘုရား-တရား-သံဃာတည်းဟူသော စွမ်းအားတို့ကို ရရှိသဖြင့် ခွန်အားကြီးလာ၏၊ ဘေးအန္တရာယ်အမျိုးမျိုးနှင့် ကပ်ကြီးသုံးပါးတို့ကို ကျော်လွန်နိုင်၏၊ လာဘ်လာဘပေါများခြင်းအကျိုးကိုလည်း ရရှိ၏။

## ပဋ္ဌာန်း ၂၄-ပစ္စည်းပါဠိတော်

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊

www.burmeseclassic.com

www.burmeseclassic.com



အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။

ဤပဌာန်းပါဠိတော်ကို အမြဲမပြတ် ရွတ်ဖတ်ပူဇော်လျှင် မျက်မှောက်ချက်ချင်း အခါမလင့် ကောင်းကျိုးများကို ရနိုင်၏။

- ရင်ဆိုင်ကြုံတွေ့နေရသည့် ဘေးအန္တရာယ် အသွယ်သွယ်တို့ကို လွန်မြောက်နိုင်၏။
- ကျရောက်လတ္တံ့သော ဘေးအန္တရာယ်တို့မှလည်း ကင်းလွတ်နိုင်၏။
- အပြစ်ကင်း၍ ကောင်းကျိုးများသည့် ဆောင်ရွက်ချက်ကိစ္စအဝဝတို့ကို ပြီးစီးအောင်မြင်နိုင်၏။
- အပြစ်ရှိ၍ မကောင်းကျိုး ဖြစ်စေမည့် ကျူးလွန်ခြင်းတို့မှ ရှောင်လွှဲနိုင်၏။
- အချုပ်အားဖြင့် ဆောင်ရွက်သမျှ ကောင်းမြတ်သည့် ကိစ္စအဝဝတို့ကို ပြီးစီးအောင်မြင်နိုင်၏။
- အဆုံးစွန်သောဘဝ၌ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း စသည့် အကျိုးကျေးဇူးများကို ရ၏။

ဤပဌာန်း ၂၄-ပစ္စည်းကို မိမိ၏ အသက်အိုးအိမ် လုံခြုံရေးအတွက် အရပ် ၁၀မျက်နှာတွင် တစ်မျက်နှာလျှင် တစ်ခေါက်စီ ရွတ်၍ စည်းချနိုင်၏။ အရှေ့မြောက် (တနင်္ဂနွေ)အရပ်မှ စ၍ လက်ယာရစ် လှည့်ပတ်ကာရုံပြီး အရှေ့မြောက်အရပ်၌ ပြန်၍ စည်းကို သတ်ရမည်။ အထက်အရပ် တစ်ခေါက်, အောက်အရပ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါက် ရွတ်ဆို၍ စည်းချပါ။ အလွန်စိတ်ချရပါသည်။

ဆရာတော်ကြီးတစ်ပါးသည် မိမိကျောင်းတိုက်ကို ပဋ္ဌာန်း ၂၄-ပစ္စည်းရွတ်ဆို၍ အမြဲစည်းချကာ အရံအတားပြုလုပ်၏။ တစ်နေ့တွင် ဓားပြများသည် ဆရာတော်အား ပြန်ပေးဆွဲရန်အကြံဖြင့် ထမ်းစင်ပေါ်တင်၍ ပင့်ဆောင်ကြရာ ထွက်ပေါက်ရှာမတွေ့သဖြင့် မိုးစင်စင်လင်းသွား၏၊ ထိုအခါ ဆရာတော်ကို ကန်တော့ တောင်းပန်ကာ ပြန်ကြရ၏။

(ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ ပ၊ ၅၁၅-၅၂၁၊ ၅၅၆-၅၅၇)

## အဋ္ဌာနမေတံ ဗုဒ္ဓမန္တန်တော်

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊
ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ။

**အဓိပ္ပာယ်။** ။ဘိက္ခဝေ၊ ရဟန်းတို့။ ပရူပက္ကမေန၊ သူတစ်ပါး၏ လုံ့လပယောဂဖြင့်။ တထာဂတံ၊ မြတ်စွာဘုရားကို။ ဇီဝိတာ၊ အသက်မှ။ ယံ ဝေါရောပေယျ၊ အကြင်ကြောင့် ချနိုင်ရာ၏။ ဧတံ ဌာနံ၊ ဤသို့ သူတစ်ပါး လုံ့လပယောဂဖြင့် မြတ်စွာဘုရားကို အသက်မှ ချနိုင်ရသော အကြောင်းသည်။ အဋ္ဌာနံ၊ အကြောင်းမဟုတ်။ ဩကာသော၊ ဤသို့ မြတ်စွာဘုရားအား သူတစ်ပါးလုံ့လပယောဂဖြင့် အသက်မှ ချနိုင်ရာသောအခွင့်သည်။ အနဝကာသော၊ အခွင့်မဟုတ်၊ အရာမဟုတ်ပေ။

**အမှာ။** ။အဓိပ္ပာယ်နားလည်မှတ်မိပြီးလျှင် ပါဠိသက်သက်ကိုသာ ရွတ်ဆိုပွားများနိုင်ပါပြီ။ ထိုပါဠိနောက်၌ အောက်ပါစကားကို ဆက်၍ ရွတ်နိုင်ပါသည်။

ဧတေန သစ္စဝဇ္ဇေန အန္တရာယော ဝိနဿတု။
"ဤသစ္စာစကားကြောင့်အန္တရာယ်ဟူသမျှကင်းပါစေသတည်း"

www.burmeseclassic.com

www.burmeseclassic.com



အဋ္ဌာနမေတ် ဗုဒ္ဓမန္တန်သည် အသက်အန္တရာယ်နှင့် ပတ်သက်လာလျှင် အထူးအားကိုးရပါသည်။ အသက်အန္တရာယ်နှင့် နီးစပ်သူများသည် ဤမန္တန်ကို နံနက်(၉)ခေါက်၊ ညနေ (၉)ခေါက် ရွတ်ဆိုသင့်သည်။

(ဗုဒ္ဓဘာသာကောင်းတစ်ယောက်၊ ၁၀၇–၁၀၈)

**သဗ္ဗဇယ မင်္ဂလာဂါထာ**

(အလုံးစုံအောင်မြင်ရေးဂါထာ)

၁။ ဒိဝါ တပတိ အာဒိစ္စော = နေမင်းသူရာ
နေ့မှာသာ၊ ကောင်းစွာ တင့်တယ်တောက်ပသည်။
၂။ ရတ္တိမာ ဘာတိ စန္ဒိမာ = လမင်းစန္ဒာ
ညဉ့်မှာသာ၊ ကောင်းစွာ တင့်တယ်တောက်ပသည်။
၃။ သန္နဒ္ဓေါ ခတ္တိယော တပတိ = မင်းမြောက်တန်ဆာ
ဆင်မှသာ၊ မင်းမှာ တင့်တယ်တောက်ပသည်။
၄။ ဈာယီ တပတိ ဗြာဟ္မဏော = ဈာန်ပွားမှသာ
ရဟန္တာ၊ ကောင်းစွာ တင့်တယ်တောက်ပသည်။
၅။ အထသဗ္ဗ မဟော ရတ္တိံ ဗုဒ္ဓေါ တပတိ တေဇသာ =
တန်ခိုးဖြင့်သာ၊ ဘုရားမှာ၊ မြဲစွာနေ့ညဉ့်၊ တင့်တယ်
တောက်ပသည်။
၆။ တာဒိသံ တေဇသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမိ သာဒရံ = တန်ခိုးပြည့်ငြား၊
မြတ်ဘုရား၊ လေးစားရှိခိုးကန်တော့ပါသည်။
၇။ နမက္ကာရာ နုဘာဝေန၊ သဗ္ဗေပုရေန္တု သင်္ကပ္ပာ။
ရှိခိုးပါရ၊ ကျိုးဖလ၊ လုံးဝအကြံ ပြည့်စေသတည်း။
(ဤဂါထာကို "ဋ္ဌဝင်ဂါထာတော်" ဟုလည်း ခေါ်သည်)

www.burmeseclassic.com

www.burmeseclassic.com



## သိဒ္ဓိမင်္ဂလာ ဂါထာ

(ပထမကျော်, အဂ္ဂမဟာကျော်, အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တနာဂသေနာဘိဝံသမထေရ် ချီးမြှင့်သည်)

၁။ နတ္ထိမေ သရဏံအညံ၊ ဗုဒ္ဓေါ မေ သရဏံ ဝရံ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတုမေ သိဒ္ဓိမင်္ဂလံ။

ငါ့အား ဘုရားမှတစ်ပါး တခြား ကိုးကွယ်ရာမရှိပြီ။ ဘုရားသည် ငါ့အား မြတ်သော ကိုးကွယ်ရာဖြစ်၏။ ဤသို့ ဆိုအပ်သော သစ္စာစကားကြောင့် ငါ့အား ပြီးစီးအောင်မြင်ကြောင်း မင်္ဂလာဖြစ်ပါစေ။

၂။ နတ္ထိမေ သရဏံအညံ၊ ဓမ္မော မေ သရဏံ ဝရံ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတုမေ သိဒ္ဓိမင်္ဂလံ။

ငါ့အား တရားတော်မှတစ်ပါး တခြား ကိုးကွယ်ရာမရှိပြီ။ တရားတော်သည် ငါ့အား မြတ်သော ကိုးကွယ်ရာဖြစ်၏။ ဤသို့ ဆိုအပ်သော သစ္စာစကားကြောင့် ငါ့အား ပြီးစီးအောင်မြင်ကြောင်း မင်္ဂလာဖြစ်ပါစေ။

၃။ နတ္ထိမေ သရဏံအညံ၊ သံဃော မေ သရဏံ ဝရံ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတုမေ သိဒ္ဓိမင်္ဂလံ။

ငါ့အား သံဃာတော်မှတစ်ပါး တခြား ကိုးကွယ်ရာမရှိပြီ။ သံဃာတော်သည် ငါ့အား မြတ်သော ကိုးကွယ်ရာဖြစ်၏။ ဤသို့ ဆိုအပ်သော သစ္စာစကားကြောင့် ငါ့အား ပြီးစီးအောင်မြင်ကြောင်း မင်္ဂလာဖြစ်ပါစေ။

## ဣန္ဒသာသယ ၄-ဂါထာ

(အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနာဂသေနာဘိဝံသမထေရ် ချီးမြှင့်သည်)

၁။ ဣဒ္ဓိ ဗုဒ္ဓေဟိ သရဏံ၊ သဗ္ဗဒေဝါ ပိယံမမ။

တန်ခိုးဂုဏ်တော်နှင့် ပြည့်စုံတော်မူသော ဘုရားရှင်တို့အား

www.burmeseclassic.com

www.burmeseclassic.com



ကိုးကွယ်ခြင်းကို ပြုပါ၏။ လုံးစုံများစွာ နတ်ဒေဝါတို့သည် ငါ့အား ချစ်မြတ်နိုးခြင်းကို ပြုနိုင်ကြပါစေ။

၂။ ဣဒ္ဒိ ဓမ္မေဟိ သရဏံ၊ သဗ္ဗေစတုရာဇာ ပိယံမမ။

တန်ခိုးဂုဏ်တော်နှင့် ပြည့်စုံတော်မူသော တရားတော်တို့အား ကိုးကွယ်ခြင်းကို ပြုပါ၏။ လုံးစုံများစွာ နတ်မင်းကြီးလေးပါး ရာဇာတို့သည် ငါ့အား ချစ်မြတ်နိုးခြင်းကို ပြုနိုင်ကြပါစေ။

၃။ ဣဒ္ဒိ သံဃေဟိ သရဏံ၊ သဗ္ဗေဣတ္ထိပုရိသာ ပိယံမမ။

တန်ခိုးဂုဏ်တော်နှင့် ပြည့်စုံတော်မူသော သံဃာတော်တို့အား ကိုးကွယ်ခြင်းကို ပြုပါ၏။ လုံးစုံများစွာ မိန်းမယောကျ်ားတကာတို့သည် ငါ့အား ချစ်မြတ်နိုးခြင်းကို ပြုနိုင်ကြပါစေ။

၄။ သဗ္ဗေ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

လုံးစုံများစွာ ဘေးရန်အဖြာဖြာတို့သည် အကြွင်းမရှိ ပျောက်ကင်းနိုင်ကြပါစေ။

## သမ္ဗုဒ္ဓေ ကပ်ကျော်မန္တန်တော်ကြီး

၁။ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ၊
ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာမဟံ။

နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့ကိုလည်းကောင်း၊ တစ်သောင်းနှစ်ထောင်ကုန်သော ဘုရားရှင်တို့ကိုလည်းကောင်း၊ ငါးသိန်းကုန်သော ဘုရားရှင်တို့ကိုလည်းကောင်း၊ တပည့်တော်သည် ဦးခေါင်းဖြင့် ရှိခိုးပါ၏။

၂။ အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ၊
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။

ဂင်္ဂါမြစ်တွင်းရှိ သဲတို့သည် နည်းလှပါကုန်၏။ ပရိနိဗ္ဗာန် စံဝင်ပြီးကုန်သော ဘုရားရှင်တို့သည် အပိုင်းအခြားမရှိကုန်၊ ထိုဘုရားရှင်တို့ကိုလည်းကောင်း၊ ထိုဘုရားရှင်တို့၏ တရားတော်

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်းကောင်း၊ သံဃာတော်တို့ကိုလည်းကောင်း၊ တပည့်တော်သည် ရှိသေစွာ ရှိခိုးပါ၏။

၃။ နမက္ကာရာ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

ရှိခိုးရသော ကောင်းမှုအစွမ်းကြောင့် ဘေးရန်အားလုံးတို့ကို ဖယ်ရှား၍ အန္တရာယ်များစွာတို့သည်လည်း အကြွင်းအကျန်မရှိသော အားဖြင့် ကင်းပျောက်ပါစေကုန်သတည်း။

ဤသမ္ဗုဒ္ဓေဂါထာတော်ကြီးသည် အလွန်အစွမ်းထက်၏။ ပွင့်ထွန်းတော်မူပြီးသော ဘုရားရှင်ပေါင်း ၅၁၂၀၂၈–ဆူတို့ကို လည်းကောင်း၊ ဂင်္ဂါဝါဠူ သဲစုမက များပြောင်လှသည့် ဘုရားရှင်တို့ကို လည်းကောင်း၊ ထိုဘုရားရှင်တို့၏ တရားတော်, သံဃာတော်တို့ကို လည်းကောင်း၊ ရှိသေစွာ ရှိခိုး၏။ ရှိခိုးရသည့်ကုသိုလ်အစွမ်းကြောင့် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပပျောက်အောင် ဆုတောင်း၏။

မြောက်များလှစွာသော ဘုရားရှင်တော်၊ တရားတော်၊ သံဃာတော်တို့၏ ဂုဏ်အရှိန်အဝါသည် အလွန် ကြီးမားသောကြောင့် တစ္ဆေသရဲ၊ သားရဲတိရစ္ဆာန်၊ လူဆိုးနတ်ဆိုးတို့လည်း ဘေးရန်မပြုနိုင်၊ နတ်ကောင်းနတ်မြတ်တို့ကလည်း ကူညီစောင့်ရှောက်ကြရ၏။

နတ်ဖမ်းစားသူ၊ စုန်းပြုစားသူ၊ သရဲဝင်ပူးသူ စသည်တို့ကို သမ္ဗုဒ္ဓေဂါထာ ရေမန်းတိုက်ရုံမျှဖြင့် ဘေးရန် ပျောက်ကင်းစေနိုင်၏။ အပ်ချည်ကြိုး၊ ချည်မျှင် စသည်ကို သမ္ဗုဒ္ဓေဂါထာမန်းမှုတ်၍ အရံအတားအဖြစ် အသုံးပြုနိုင်၏။ ဥာဏ်ရှိသလို ချဲ့ထွင်ကာ အသုံးပြုနိုင်၏။

## အနန္တငါးဖြာ ရှိခိုးဝန္ဒနာ

၁။ ဗုဒ္ဓဂုဏံ အပ္ပမာဏံ ဝန္ဒာမိ။
မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ကျွန်ုပ် ရှိခိုးပါ၏။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



၂။ ဓမ္မဂုဏံ အဟံ ဝန္ဒာမိ။
တရားတော်၏ ဂုဏ်ကျေးဇူးကို ကျွန်ုပ် ရှိခိုးပါ၏။
၃။ သံဃဂုဏံ အဟံ ဝန္ဒာမိ။
သံဃာတော်၏ ဂုဏ်ကျေးဇူးကို ကျွန်ုပ် ရှိခိုးပါ၏။
၄။ မာတာပိတုဂုဏံ အဟံ ဝန္ဒာမိ။
မိဘတို့၏ ဂုဏ်ကျေးဇူးကို ကျွန်ုပ် ရှိခိုးပါ၏။
၅။ အာစရိယဂုဏံ အဟံ ဝန္ဒာမိ။
ဆရာသမားတို့၏ ဂုဏ်ကျေးဇူးကို ကျွန်ုပ် ရှိခိုးပါ၏။
အိပ်ရာမှနိုးထသောအခါနှင့် အိပ်ရာဝင်သောအခါတို့တွင် ရှိခိုးပါလေ။

BURMESE CLASSIC .com

## မြတ်ဆုတောင်းနှင့် အမျှဝေ

ဤသည့်ပုည၊ ကုသလကြောင့်၊ လောဘ, ဒေါသ, မောဟကင်းကွာ၊ သံသရာဝယ်၊ ကျင်ပါရဘိ၊ ပညာရှိနှင့်၊ ယှဉ်မိပေါင်းသင်း၊ ဉာဏ်မဲ့ကင်း၍၊ ပြည့်တင်းလျှူဖွယ်၊ လှူစဉ်ဝယ်လည်း၊ သုံးသွယ်စေတနာ၊ ဖြောင့်ညီညာသည်၊ ခေမာအထွတ် တိုင်လိုသော်။

(အကိတ္တိဇာတ်နှင့်အညီ ဆုတောင်းခြင်းဖြစ်သည်)

ဤသို့ပြုရ၊ မြတ်ပုညကြောင့်၊ ချမ်းမြအေးကြည်၊ ဘေးမဲ့မည်သည့်၊ ရွှေပြည်ထုတ်ချောက်၊ လမ်းမကောက်ဘဲ၊ ရောက်ရပါလို၊ တောင်းဆုဆို၏၊ ထိုထိုဘဝ၊ ကျင်လည်ရလည်း၊ ဒုက္ခဘေးဒဏ်၊ ရန်မာန်အပေါင်း၊ မကောင်းဟူသမျှ၊ မတွေ့ရဘဲ၊ သဗ္ဗညုဉာဏ်၊ မင်္ဂလာကို၊ ရွယ်ကာ, တတိုင်း ရစေသော။

ယနေ့ယခု၊ ပြုပြုသမျှ၊ မြတ်ဘာဂကို၊ မိဘဆရာ၊ မျိုးသဟာနှင့်၊ ကိုယ်မှာစောင့်ကြပ်၊ ကိုယ်စောင့်နတ်က၊ အရင်းစ၍၊ ရှိသမျှလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျတို့၊ ရကြပါစေ၊ ဝေငှဝေသည်၊ များထွေ သာဓု ခေါ်စေသော။

* * *

www.burmeseclassic.com

www.burmeseclassic.com

ဤစာအုပ်မှ အနှစ်ထုတ်ယူထားသော **"ယဉ်ကျေးလိမ္မာ ရင်သွေးကမ္ဘာ"** အိတ်ဆောင်စာအုပ်ကို သင်တန်းသားကိုင်အဖြစ် အသုံးပြုနိုင်ပါသည်။ ၎င်းသင်တန်းသားကိုင် စာအုပ်ငယ်သည် ကွန်ပျူတာစာမျက်နှာ ၁၆၀ ရှိပြီး တစ်အုပ် ၁၅-ကျပ်နှုန်းဖြင့် မြန်မာ့ရတနာစာပေမှ မှာယူနိုင်ပါသည်။

www.burmeseclassic.com